www.burmeseclassic.com

မဂ္ဂဇင်း

BURMESE CLASSIC .com

လားရှာ

ငွေ မိုင် ၄ ဖါလုံ

ကြွမှိုင်းဓါး ငွေရှိက်သံ

ဒေါက်..ဒေါက်..ဘယ်သူခေါက်တာလဲ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်မှုခင်းများ လျော့နည်းကျ...င်းရေးသို့

www.burmeseclassic.com

www.burmeseclassic.com



**အယ်ဒီတာအဖွဲ့**

ကိုဒီ၊ ဆိပ်ဖြူလှိုင်၊ စံပြနီ

**မျက်နှာဖုံးခေါင်းစီးစာလုံး**

ပန်းချီတင်ထွန်းကြီး

**ရုပ်လုပ်မှုတာဝန်ခံ**

မိုးမြင့်လှိုင်

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ် ၁၈၉၊ ဒုတိယထပ်၊

၃၄ လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊

ဖုန်း ၀၉ ၄၉၂၈၂၆၂၀၊

၀၉ ၄၂၁၀၆၀၈၀၂

truemegazine@gmail.com

**ပုံနှိပ်မှတ်တမ်း**

ဒီဇင်ဘာလ ၂၀၁၃၊

ပထမအကြိမ်

တန်ဖိုး - ၇၀၀ ၊ အုပ်ရေ - ၁၀၀၀

ဦးကျော်မွေးမင်း (၀၅၉၄၂)

အောင်သိမ်းသန့်ပုံနှိပ်တိုက်

အမှတ် ၄၄(ခ) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

ဦးမိုးကောင်းလှိုင် (၀၄၈၇၀) မှခင်းစာပေ

၃/၂၆၇၊ ခရေပင်လမ်း၊ ဝေဘာဂီ၊

မ/ဥက္ကလာပမြို့နယ်၊

ရန်ကုန်တိုင်းမှ ထုတ်ဝေသည်

နီလေးမောင်

မဂ္ဂဇင်း

အမှတ် (၂၂၇)၊ ဒီဇင်ဘာ၊ ၂၀၁၃ ခုနှစ်

**မြည်းကြည့်ဖို့ဝတ္ထုတို**

- သိန်းနိုင်ဦး(ပဲခူး) ...... ၁၇
  ပြစ်မှုနှင့်ပြစ်ဒဏ်

**ဥပဒေရေးရာ**

- နတ်တလင်းချစ်လွင် ...... ၄၈
  စကားအကုန်ပြောရမည့်တရားရုံးမှာ
  အရှက်ကလေးတော့ဖုံး၍မရပါ
- ထက်အောင်ကျော်(ကညွတ်ကွင်း) ...... ၇၀
  အလုပ်သမားစီရင်ထုံးများ
- မောင်ချိန်ခွင်(ဥပဒေအရာရှိ-ငြိမ်း) ...... ၁၆၀
  လန်းဆန်းပန်း

**ဓာတ်ပုံ/ခြောက်ခြားဖြစ်ရပ်မှန်**

- ခင်မမမျိုး ...... ၂၄
  ဆိုင်ဘာမှုခင်းကွန်ရက်များအား နှိမ်နင်းခြင်း
- ညိုမင်းလွင်(မော်ကျွန်း) ...... ၁၁၂
  ကမ္ဘာ့ရာဇဝင်ပွင့်ရဲ့မှ
  ရင်ခုန်ဖွယ်လွတ်မြောက်သူ

**မှုခင်းဆိုင်ရာ စုံထောက်လုပ်ခြင်း**

- ဦးလှအောင်(စုံထောက်ကျောင်းအုပ်ကြီးဟောင်း) ...... ၆၃
  သေလွန်းသေးကွက်နှင့်
  စုံစမ်းထောက်လှမ်းခြင်း

www.burmeseclassic.com

www.burmeseclassic.com



## ကြုံရဆုံရဆောင်းပါး

= စိုးဝေ ...................................... ၁၃၄
လေးဖက်လေးတန်နံ့ရံထဲက
အခန်းစာရေးမောင်ဘအေး
= ဇေယျမင်းသျှင် ................................ ၂၁၂
လွှားရာ

## မြည်တွန်ဖြစ်ရပ်မှန်

= အောင်ဘုန်းဝေ ................................ ၂၇
ဖာက်ပီးတိုင်း၊ ကျူးပစ်၊ အောင်ကိုလွင်
= သျှင်ရဲထွဋ်(တောင်ခွန်း) ........................ ၃၄
ဒေါက် ::: ဒေါက် ::: ဘယ်သူခေါက်တာလဲ
= ဒေါက်တာအုန်းမောင် .......................... ၄၃
စိတ်ဓွမ်းအင်ဆရာတစ်ဦးနှင့်တွေ့ဆုံခြင်း
= ရဲရင့်ထက်(သံတောက်) ........................ ၅၄
၉၉ မိုင် ၄ ဖာလုံ
= မောင်အေးနှစ်(ပညာရေး) ...................... ၆၂
တံလျှပ်ကိုရေထင်သောအခါ
= မောင်ရှူသစ် ................................... ၇၇
ရုံးဆင်းရုံးတက် ထောင်တစ်ရက်
= မောင်မိုင်းညို(ချောင်းဦး) ...................... ၈၆
လမ်းပေါ်က လမ်းနည်းမျိုးစုံ
= ဇေယျာမင်းဦး ................................. ၉၆
ခံစစ်ကုန်း
= နွှင်းဟေမာန်(တောင်ငူ) .................... ၁၀၇
လွဲမှားခြင်းနှင့်တာဝန်မဲ့ခြင်း
= နှင်းငြိမ်း(ဒုသသန) .......................... ၁၂၁
ခရီးသွားနှင့်လိုင်းကား
= နွယ်ဦးလွင် .................................... ၁၂၉
အရက်ကြောင့်
= ဝင်းသော်(ရမည်းသင်း) ...................... ၁၄၆
ပန်းဝင်သွားသော အုတ်ကောင်များ
= ဝင်းကြည်ရွှေ(မိုးကား) ....................... ၁၆၇
အတို အရှည်ဝယ်မိတယ်
= သူရထွန်း(ပန်းတနော်) ....................... ၁၇၁
ကျော်နီဝါကားမင်းဒင်နှင့်တွဲလက်များ
= မင်းပါန်းခန့်(မူခင်း) .......................... ၁၇၆
သမီးရဲ့ဦး ::: ဦးရဲ့သမီး
= သိတ်းသန်းအောင်(မြင်းခြံ) ................... ၁၈၆
မေကတစ်ပြို့ မောင်ကတစ်ကမ္ဘာ
= စိန်ဝင်းမောင်(လက်ပံတန်း) .................. ၁၉၅
ကြမ္မာရှိုင်း၏ ဝိုရှိုက်သံ
= ရဏအေးဝန်ထမ်းတစ်ဦး ...................... ၂၁၂
ကားချွေကြားမှ ဂီတ်သမားဘဝ

ကာတွန်း
ဟန်၊ နေမျိုးဝင်း၊ သခွတ်၊
ကာတွန်းမြေရှိမ်း၊ ပေါက်ကျိုင်း၊ မောင်းမောင်း

ပန်းချီဒီဇိုင်းသရုပ်ဖော်
ကျော်ဦး၊ ကျော်စိုးညီနို၊
ညီညီလွင်၊ ဇကျူ၊ မောင်ညီညီ

မျက်နှာဖုံးဒီဇိုင်း
သားကြီး (NORTH SIDE)

စာစီစာရိုက်
အနုမောင်အိမ်ဆောင်

CTP
ထွန်းခြိမ့်

www.burmeseclassic.com



# သတိမမူ ဂူမမြင် ရေတိမ်နစ်ကြရလေသည်

နီလေးမောင်

မကြာမီက ဖတ်လိုက်ရတဲ့ နယ်သတင်းတစ်ပုဒ်အကြောင်းပါ။ မထူးဆန်းဘူးဆိုပေမယ့် သင်ခန်းစာ ယူစရာဖြစ်လို့ ညွှန်းဆိုလိုခြင်းပါ။ မထူးဆန်းဘူးဆိုတာက ဒီလိုအကြောင်းအရာတွေ မကြာခဏ ကြားသိ မြင်တွေ့နေရလို့ပါ။ ဒါပေမဲ့ ဒီလိုဖြစ်ရပ်မျိုးတွေပဲ ထပ်ကာ ထပ်ကာ ကြားနေရပြန်တော့ အံ့သြခဲ့ရတယ်။ သတိမမူ ဂူမမြင်ဆိုတဲ့စကားဟာ ခလုတ်ထိမှ အမိကိုတ်တတ်ခဲ့သူတွေကို ညွှန်းဆိုခြင်းပဲ ဖြစ်ဟန်တူပါတယ်။

သတင်းအစက (၇)နှစ်အရွယ် သမီးလေးတစ်ယောက် ကျောင်းဆင်းချိန် အိမ်ပြန်မရောက်တာက စရမှာပါ။ ကျောင်းသွားမေးတော့လည်း မရှိ၊ သူငယ်ချင်းတွေနဲ့ လိုက်သွားလေမလားလို့ အတန်းဖော်တွေဆီ လိုက်ရှာတော့လည်း မတွေ့။ သိလိုက်ရတဲ့သတင်းအစက နေ့လယ်ခင်း မုန့်စားလွှတ်ချိန်လောက်မှာ သူ့အဒေါ်ဆိုတဲ့ မိန်းမကြီးနှစ်ယောက်က မုန့်စားသွားမယ်ဆိုပြီး ခေါ်သွားလိုက်တာ ကျောင်းတောင် ပြန်မတက်တော့ဘူးဆိုတဲ့ စိုးရိမ်စရာ သတင်းဆိုးပါ။

မိဘတွေ သောကရောက်၊ ရင်ဝမှာ မီးတောက်ကြရပြီပေါ့။ ကူကြပါ၊ ကယ်ကြပါ၊ ရှာပေးကြပါ ဆိုတော့ ရပ်ဆွေရပ်မျိုး အိမ်နီးနားချင်းတွေ လူစု၊ မီးတုတ်အလင်းရောင်တွေ အားပြုလို့ ရှာကြတော့ ပျောက်ဆုံးနေတဲ့ သမီးလေးရဲ့အလောင်းကိုသာ တွေ့လိုက်ကြရတယ်။ ရွာပြင်သချိုင်းထဲက ဇရပ်ပျက်တစ်ခုပေါ်မှာ မရှုမလှ သေဆုံးနေရှာတဲ့ သမီးငယ်လေးရဲ့ အလောင်းက ရင်နင့်စရာ မြင်ကွင်းဖြစ်နေပါတယ်။

မိဘတွေခမျာ သမီးငယ်လေးရဲ့ အလောင်းကိုကြည့်ပြီး ရူးမတတ် ပူဆွေးသောက ရောက်ခဲ့ကြပါတယ်။ မိုက်ရိုင်းတဲ့ လူယုတ်မာတွေ။ အပြစ်မဲ့တဲ့ကလေးကို ဘယ်သူသတ်သလဲဆိုတဲ့ ကြိမ်းမောင်းသံတွေနဲ့ ဒေါသမုန်တိုင်း အသံတွေဟာ အခင်းဖြစ်နေရာမှာ ပြင်းပြင်းထန်ထန် ပေါက်ကွဲနေကြပြီလေ။

တာဝန်ရှိသူတွေ လာရောက်စစ်ဆေးတဲ့အချိန်တော့မှ ဘာကြောင့်သတ်တယ်ဆိုတဲ့အဖြေ ပေါ်လာသလို၊ ဘယ်သူသတ်တယ်ဆိုတာကိုလည်း (၂၄) နာရီအတွင်း ဖော်ထုတ်နိုင်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နှမ်းရွှေးသွားလောက်ရှိတဲ့ ရွှေနားကွင်းလေးကြောင့် အဖြစ်မဲ့တဲ့ သမီးငယ်လေး သေဆုံးခဲ့ရတာပါ။ မိဘသားချင်းတွေခမျာ ရခဲလှတဲ့ လူ့ဘဝကို စောစီးစွာစွန့်လွှတ်ခဲ့ရတဲ့ သမီးလေးရဲ့ အဖြစ်ဆိုးကြောင့် ရင်ထဲ့ မတတ် ခံစားကြရပါပြီ။

ဒီဖြစ်ရပ်ကို သာဓကပြု အဖြေထုတ်ကြည့်မယ်ဆိုရင် သမီးလေး သေဆုံးရခြင်းရဲ့ အဓိကတရားခံ ဟာ ကလေးငယ်ကို ရွှေဆင်ပေးခဲ့တဲ့ မိဘတွေကြောင့်ပါ။

လူတွေ မက်မောတဲ့ ရွှေဆိုတဲ့ အဖိုးထိုက်ရတနာရဲ့ နောက်ကွယ်မှာ ကြီးမားစွာ အန္တရာယ်တွေ ရှိ နေပါတယ်။

အချို့မိဘတွေဟာ သားသမီးတို့ ချစ်စနိုးနဲ့ ရွှေဆိုတဲ့ လက်ဝတ်ရတနာကို ဆင်ပေးလေ့ရှိကြပါတယ်။ ဒါဟာ သားသမီးတွေကို ချစ်ရာရောက် နစ်ရာရောက်ကြောင်း သာဓကပေါင်းများစွာ ရှိခဲ့ဖူးသလို ဆက်လက်လို့လည်း ရှိနေဦးမှာပါ။ အရွယ်မရောက်သေးတဲ့ ရင်သွေးငယ်တွေအတွက် ရွှေဆိုတာ သေရွာကို ပို့နိုင်ကြောင်း ဖြစ်ရပ်မှန်မဂ္ဂဇင်းက အလျဉ်းသင့်တိုင်း ဖော်ပြပေးခဲ့ပါတယ်။ မပြောပလောက်တဲ့ ရွှေတို ရွှေစလေးကြောင့် အရွယ်မရောက်သေးတဲ့ ရင်သွေးလေးတွေရဲ့ ရင်နင့်စရာဖြစ်ရပ်ပေါင်းများစွာကို ဖော် ထုတ်တင်ပြလို့ ဖတ်ရှုသူတွေ သင်ခန်းစာရယူနိုင်ရေးအတွက် ကျွန်တော်တို့ ကြိုးပမ်းခဲ့ပါတယ်။

BURMESE CLASSIC .com

"သားသမီးချစ်ရင် ရွှေမဆင်နဲ့" ဆိုတဲ့ ဆောင်ပုဒ်တစ်ရပ်ကို ပြန့်ပွားစေရေး အလေးပေးခဲ့ပါတယ်။

"ရွှေစလေး မပြောပလောက်ပါဘူး။ ကလေးအတွက် ခမဲပေးထားတာပါ" လို့ အကြောင်းပြတဲ့ မိဘတွေလည်း တွေ့ဖူးပါတယ်။ မှန်ပါတယ်။ အဲဒီတစ်ရွေးလောက် ဝတ်ဆင်ပေးလိုက်လို့ လူမမယ် ရင်သွေး ငယ်လေးအတွက် အသိဉာဏ်၊ ပညာဂုဏ်သိက္ခာနဲ့ ရုပ်ဆင်းအင်္ဂါတိုးတက်လာဖို့ မရှိပေမယ့် အဲဒီတစ်ရွေး သားလောက် ရွှေစလေးအတွက် အသက်ပါ ယူဖို့ ဝန်မလေးတဲ့ မောဟကျွန်၊ လောဘစေစား ဒုစရိုက်သမား တွေဟာ မိမိတို့ပတ်ဝန်းကျင်မှာ ရှိနေတာကိုလည်း သတိမလွတ်သင့်ပါဘူး။

ဒုစရိုက်မှုတွေထဲမှာ အသိမကြွယ် အရွယ်မရောက်သေးတဲ့ ရင်သွေးငယ်လေးတွေ ရေတိမ်နစ်ကြ ရတဲ့အဖြစ်ဟာ ဝမ်းနည်းကြေကွဲစရာ အကောင်းဆုံးဖြစ်ပါတယ်။


ဒီလို ရင်နင့်စရာဖြစ်ရပ်တွေ မဖြစ်စေဖို့၊ မကြားရစေဖို့ မိဘ၊ ဆရာ၊ အုပ်ထိန်းသူတွေ ဝိုင်းဝန်း တာဝန်ယူကြရမှာပါ။

နီလေးမောင်

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com











www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# အဝမှု ကာကွယ်နည်းလမ်းညွှန်

❑ အဝလွန်သူများအတွက်မှာ အစာလျှော့စားရသည့်နေ့စဉ်ထဲတွင် ကျန်းမာရေးနှင့်ညီညွတ်ခြင်း ဖြစ်သည့် မည်သူမည်သူမဆို အစီအစဉ်တွင် ဝင်ရှုမဖေသည့် ထမင်းကို ရှောင်မည် မည်သူမည်သူ ဖြစ်စေကြောင်း သိပါစေ ချွဲတည်သည့် မည်သူမည်သိမြင်စေကြောင်း ထင်ထင်ရှားရှားရှိပါစေ။

❑ ဆယ်ကျော်သက်ကလေးငယ်များကို အဝလွန်မှုကာကွယ်နည်းလမ်းညွှန်များ နေ့စဉ်တိုင်း သင်ကြားပေးရမည်။ မိဘကြီးကြီးကွယ်ကဲ့မှ မရှိဘဲ မိမိသမီးမျိုးအား နေ့စဉ်တွင် ယောက်ျားကလေးကလေးများ စည်းမြင်း မပြုစေသင့်။ မှက်နှာစိမ်းလေးများဘာစည်းသည့်မှုများ အိမ်တွင်း၌ အဝင်မရှိ အစေ့ကြီးသည်ကိုသည့်အချက်ကိုလည်း နားလည်သဘောပေါက်အောင် ပြောသင့်သည်။

❑ မိမိသမီးမျိုးသည့် အသက်အရွယ်တွင် ဘယ်သူနှင့်အတူရှိနေမည်ကို သိပါစေ။ အပေါင်းအသင်းမျိုးရှိသော ထမ်းရာဘက်သေး သွားလာနေသင့်သည်။ တက်နိုင်လျှင် ယ်မထွက်ဘဲ အိမ်ပြန်သာနေရန် ထုံးစံသင့်သည်။

❑ ညဉ့်နက်လာလျှင် တစ်ဦးတည်းလမ်းမထွက်ပါနှင့်။ အကယ်၍ လမ်းထွက်ဖြစ်လို့ ထွက်ရလျှင်လည်း အိမ်ထဲခါးတ၌ ချိုးလာ ချုံပုတ်များ ရှိသောအပေါ် ကားများအနီး၌ လမ်းမလျှောက်ပါနှင့်။

❑ အကယ်၍ နောက်မှ လိုက်လာသည်ဟုထင်ပြီး နောက်ကိုလှည့်ကြည့်နေလျှင် နေ့စဉ်တွင် မှန်ကာကွယ်နိုင်စွမ်းလူမရှိလျှင် နေအိမ်သို့ တန်းတန်းမတ်မတ် မပြန်ရ။

❑ အကြောင်းအကူအညီမပေးနိုင်သည့်လူများကို ရှာပါ။ အခွင့်ကောင်းမပြုခြင်း အသ ကုန် စောင့်ရှောက်အကူအညီပေးနိုင်ခြင်းများသည် ထိရောက်သော ကာကွယ်နည်းများဖြစ်သည်။

❑ အကယ်၍ ကိုယ်ထိလက်ရောက် အစော်ကားခံရလျှင် မိမိအား ကျူးလွန်သူ အမျိုးသားနှင့်သူ၏မှက်နှာကို ချွန်ချွန်ထွက်ပြီး မိမိတကိုယ်လုံး ခုခံနိုင်စွမ်းနှင့် မရှိကြောင်း ချိုးဖျိုးထွက်ပြီး လက်နက်ပါသော အမျိုးသားများအား အသက်အန္တရာယ် ခုခံတိုက်ခိုက်ခြင်းမပြုလျှင် အန္တရာယ်အကောင်းဆုံးဟု ဆိုနေကြသည်။ လက်နက် မပါသော မုဒိမ်းကျင့်သူများအား ခုခံတိုက်ခိုက်လျှင် လွတ်နိုင်သည့်အခွင့် အလမ်းသာ ပေးစေနိုင်သည်။ မိမိက ခုခံကာကွယ်သောလက်နက်ဖြင့် မိမိကို ပြန်၍သည့် အန္တရာယ် အကျိုးမှုတ်စေနိုင်မည်ဆိုသည့် အချက်ကိုလည်း သတိပြုပါ။

❑ အကယ်၍ လွတ်လမ်းမရှိ၍ ခုခံနိုင်ရန် မဖြစ်နိုင်လျှင် ဝန်ခံသည့်ဖြစ် ကောင်းစေလို့ခြင်းဖြင့် မိမိအား ကျူးလွန်ခံရမည့်အဖြစ်ကို ရှောင်ရှားနိုင်ပေလိမ့်မည်။

❑ အကယ်၍ မုဒိမ်းကျူးလွန်ခံရလျှင် ဆေးစစ်ခံယူပါ။ သက်သေခံရာတွင် တိုင်ချက်နှင့်၌ တရားဥပဒေအရ အရေးယူစေသင့်ပါသည်။

R/D. Jan: 82

www.burmeseclassic.com

www.burmeseclassic.com





**သိန်းနိုင်ဦး (ပဲခူး) စုစည်းတင်ပြသည်**

ဖြစ်စဉ်မှာ လွန်ခဲ့သော (၁၂.၂.၂၀၁၃) ရက်နေ့ ည (၉) နာရီ အချိန်ခန့်က သနပ်ပင်မြို့နယ်၊ တာဝကျေးရွာ အုပ်စု၊ ကုက္ကိုတန်းကျေးရွာနေ၊ ဦးစိုးမြင့် (၅၅) နှစ်သည် တာဝကျေးရွာ ဘုတာအနီး ဟိန္ဒူမီးနင်းပွဲသို့ သွားရောက်၍ စတိတ်ရှိုး ကြည့်နေစဉ် ဇာတ်ပွဲစင်ရှေ့ရှိ လူငယ်များ ကခုန်ပျော်မြူးနေရာမှ ရုတ်တရက်၊ ရုတ်ရုတ်သဲသဲဖြစ်ပွားသဖြင့် ဆက်လက်မကြည့်တော့ဘဲ နေအိမ်သို့ စက်ပိုင်းလမ်းအတိုင်း ပြန်လာခဲ့သည်။

ထိုသို့ပြန်လာခဲ့ရာ …

စတိတ်ရှိုးဇာတ်စင်၏ အနောက်ဘက် ပေ ၂၀၀ ခန့် သို့ အရောက်တွင် လူတစ်ဦးမှာ ဝမ်းဗိုက်တွင် ဒဏ်ရာရရှိကာ မြေကြီးပေါ်၌ လဲကျနေသည်ကို တွေ့ရှိရဖြင့် ထိုသူအနီးသို့ ချဉ်းကပ်ကြည့်ရှုရာ ၎င်း၏ သားဖြစ်သူ အောင်တင်စိုး ဖြစ်နေသည်ကို တွေ့မြင်ခဲ့ရသည် ဆို၏။

ဦးစိုးမြင့်က သားဖြစ်သူ အောင်တင်စိုးကို မေးမြန်းခဲ့ရာ ၎င်းအား တာဝစက်ပိုင်းနေ မိုးဆွေဆိုသူက ဓားဖြင့်ထိုးသွားကြောင်း ပြောပြခဲ့၏။

ဦးစိုးမြင့်က မင်းရွာနယ်မြေရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သည်။

အဆိုပါတိုင်ကြားချက်အရ မင်းရွာရဲစခန်းမှ ရဲအုပ်

**အပျော်လွန်လူသတ်မှု တရားခံ ထောင် (၂)နှစ်**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၊ တာဝကျေးရွာ ဟိန္ဒူမီးနင်းပွဲ စတိတ်ရှိုး၌ ရွာသားများ ကခုန်ပျော်မြူးရင်း အပျော်လွန်ကာ ရွာသားအချင်းချင်း စကားများ၍ဖြစ်စဉ် ဓားဖြင့်ထိုးသတ်မှု ကျူးလွန်သူအား ပဲခူးခရိုင် ဒုတိယ တရားသူကြီး (၃) ရုံးမှ အလုပ်နှင့်ထောင်ဒဏ် (၂) နှစ် ကျခံစေရန် (၁၃.၇.၂၀၁၃) ရက်နေ့က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com





စိန်ငွေးဝင်းနှင့်အဖွဲ့သည် ရဲစခန်းတောင်ဘက် (၃) မိုင်ခန့် ကွာဝေးသော အချင်းဖြစ်ရာသို့ ချက်ချင်းသွားရောက်စစ်ဆေးမှု ပြုခဲ့သည်။

အောင်တင်စိုး (၂၈) နှစ်မှာ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိပြီး သွေးများအဆမတန်ထွက်၍ လဲကျနေကာ စိုးရိမ်ရသည့် အခြေအနေဖြစ်သဖြင့် ရဲဆေးစာဖြင့် သနပ်ပင် ဆေးရုံသို့ အလျင်အမြန် တင်ပို့ပေးခဲ့သည်။

ထို့နောက် မိုးဆွေ၊ စက်ပိုင်း တာဝကျေးရွာ၊ သနပ်ပင်မြို့နယ်နေသူအား (၁၃.၂. ၂၀၁၃) ရက်နေ့ နံနက် (၁၀) နာရီအချိန်ခန့်တွင် ဖမ်းဆီးစစ်ဆေးခဲ့သည်။

မိုးဆွေက ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရိုးအသွား (၈)လက်မခန့်ရှိ စတီးလ်ဓားတစ်ချောင်းကို ပေးအပ်ခဲ့သည်။

အချင်းဖြစ်သည့် (၁၂.၂.၂၀၁၃) ရက်နေ့ ည (၈) နာရီ အချိန်ခန့်က မိုးဆွေသည် ဟိန္ဒူမီးနင်းပွဲသို့ သွားရောက်ကြည့်ရှု၍ စတိတ်ရှိုး ဇာတ်စင်ရှေ့၌ ကျေးရွာသားများနှင့်အတူ ကခုန်ပျော်မြူးနေစဉ် လူတစ်ဦးနှင့် မတော်တဆ ဝင်တိုက်မိပြီး စကားများရန်ဖြစ်ခဲ့ကြောင်း၊ စကားများရန်ဖြစ်စဉ် ခေါ်သအလျောက် ၎င်းထံတွင် ပါလာသည့် ဓားဖြင့်ထိုးပြီး ထွက်ပြေးလာခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။

သနပ်ပင်မြို့နယ်၊ မင်းရွာရဲစခန်းမှ (ပ) ၈/၂၀၁၃ ပြစ်မှုပုဒ်မ ၃၂၆ အရ အမှုဖွင့်အရေးယူပြီး စစ်ဆေးဆောင်ရွက်နေစဉ် အောင်တင်စိုးမှာ ရရှိထားသော ဒဏ်ရာကြောင့် (၁၃.၂. ၂၀၁၃) ရက်နေ့၊ နံနက် (၆)နာရီ အချိန်ခန့်တွင် သေဆုံးသွားခဲ့သည်။

မင်းရွာ နယ်မြေရဲစခန်းမှ မူလပြစ်မှုပုဒ်မ ၃၂၆ မှ ပြစ်မှုပုဒ်မ ၃၀၂ သို့ ပြောင်းလဲ အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ပြီး အမှုစစ်ဒုရဲအုပ်မြင့်ထွန်းထံမှ အမှုကို စခန်းမှူးရဲအုပ် စိန်ငွေးဝင်းက လွှဲပြောင်းလက်ခံယူပြီး ဆက်လက်စစ်ဆေးခဲ့သည်။

ယင်းအမှုအား စစ်ဆေးတည်ဆောက်၍ သနပ်ပင်မြို့နယ်၊ မင်းရွာရဲစခန်းမှ ရဲစွဲချက် အမှတ် ၁၂/ ၂၀၁၃ ဖြင့် ပဲခူး ခရိုင် ဒုတိယတရားသူကြီး (၃) ရုံးသို့

www.burmeseclassic.com

www.burmeseclassic.com



တရားစွဲဆိုတင်ပို့ခဲ့၏။

အမှုကို တရားရုံးက ရာဇဝတ်ကြီးအမှတ် ၁၅/ ၂၀၁၃ ဖြင့် လက်ခံကြားနာ စစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံ မိုးဆွေ (ခ) မိုးရွှေ (ခ) သန်းနိုင် (၄၁) နှစ်အား ပြစ်မှုပုဒ်မ ၃၀၂ (၂) အရ အလုပ်နှင့်ထောင်ဒဏ် (၂) နှစ်ကျခံစေရန် (၁၃-၇-၂၀၁၃) ရက်နေ့က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။



## မုဒိမ်းကျင့်၊ ရွှေနားကွင်းလုသူ ထောင် ၁၇ နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်ကျေးရွာတွင် အရွယ်မရောက်သေးသော အမျိုးသမီးငယ်တစ်ဦးကို လိမ်ညာခေါ်သွားပြီး သားမယားအဖြစ် ပြုကျင့်ခဲ့သည့်အပြင် ခြိမ်းခြောက်၍ ရွှေနားကွင်းလုယူမှုဖြင့် ပြစ်မှုကျူးလွန်သူအား ပဲခူးခရိုင် ဒုတိယတရားသူကြီး (၁) ရုံးမှ အလုပ်နှင့်ထောင်ဒဏ် (တစ်ဆယ့်ခုနစ်နှစ်) နှစ်ကျခံစေရန် (၆-၉-၂၀၁၃) ရက်နေ့က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော (၂၂-၇-၂၀၁၃) ရက်နေ့ နံနက် (၉) နာရီအချိန်ခန့်က ဒိုက်ဦးမြို့နယ်၊ ကန်ညီနောင်ကျေးရွာနေ ဒေါ်... သည် ၎င်း၏ မြေးဖြစ်သူ အသက် (၉) နှစ်ခန့်ရှိ မ....အား ဆေးလိပ်ဝယ်ယူရန် ကျေးရွာအတွင်း ဈေးဆိုင်သို့ စေခိုင်းခဲ့သည်။

ထိုသို့စေခိုင်းလိုက်ရာ-

နေ့လယ်မွန်းတည့် (၁၂) နာရီအချိန်ခန့်အထိ ပြန်လည်မရောက်လာ၍ လိုက်လံရှာဖွေခဲ့သော်လည်း မတွေ့ရှိခဲ့ဟု ဆို၏။

ထိုနေ့မွန်းလွဲ (၁) နာရီကျော်အချိန်ခန့်တွင် တမံကျေးရွာနေ ဦးရွှေမောင်က မ...... အား စက်ဘီးဖြင့် တင်ခေါ်လာပြီး နေအိမ်သို့လာရောက်ပို့ပေးခဲ့သည် ဆို၏။

အဘွားဖြစ်သူ ဒေါ်...က ဘယ်သွားနေတာလဲဟု မေးမြန်းခဲ့ရာ-

မ....က ၎င်းသည် ဆေးလိပ်ဝယ်ယူပြီး ရွာမှလယ်တဲသို့ လမ်းလျှောက်ပြန်လာရာ မင်းဝံရိုးဘုန်းတော်ကြီးကျောင်း၊ ဇရပ်ရှေ့သို့အရောက်တွင် ကတုတ်ဘုရားကြီး ဘက်စုံစိုက်ကွင်းနေ မျိုးမင်းသူနှင့် ဆုံတွေ့ပြီး မျိုးမင်းသူက တောင်ပေါ်မှာ မှိုတွေရှိတယ်။ မှိုသွားနှုတ်မယ် လိုက်ခဲ့ဟု ခေါ်သဖြင့်လိုက်သွားမိကြောင်း-

ငါးမွေးကန်တာပေါင်ပေါ် ရောက်သောအခါ သားမယားအဖြစ် အဓမ္မပြုကျင့်ခဲ့ကြောင်း၊ ထိုသို့ ပြုကျင့်ပြီးလျှင် မ.....၏ ရွှေနားကွင်းနှစ်ဖက်ကို ချွတ်ခိုင်းခဲ့ကြောင်း၊ ချွတ်မပေးရင် သတ်ပစ်မယ်ဟု ခြိမ်းခြောက်ခဲ့သဖြင့် ကြောက်ရွံ့၍ ချွတ်ပေးခဲ့ကြောင်း။

ထို့နောက် မျိုးမင်းသူ ပက်လက်လှန်အိပ်၍ အနားယူနေစဉ် ရေသွားခပ်ဦးမယ်ဟု

www.burmeseclassic.com

www.burmeseclassic.com





ပြောဆို၍ ထိုနေရာမှ ထွက်ပြေးလာခဲ့ကြောင်းနှင့် လမ်းတွင် စက်ဘီးစီးနင်းလာသူတစ်ဦးနှင့် တွေ့၍ အကူအညီတောင်းခံပြီး လယ်တဲသို့ လိုက်ပို့ခဲ့ကြောင်း ပြန်လည်ပြောပြခဲ့သည်။

ဖြစ်စဉ်ကို သိရလျှင် အဘွားဖြစ်သူက မြေးမအားခေါ်၍ ကတုတ်ဘုရားကြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်တိုင်တန်းခဲ့ပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာဖောင်တော်သီရဲစခန်းသို့ တိုင်ကြားခဲ့သည်။

အဆိုပါအုပ်ထိန်းသူ၏ တိုင်ကြားချက်အရ-

ဒိုက်ဦးမြို့နယ် ဖောင်တော်သီရဲစခန်းမှ (ပ) ၂/ ၂၀၁၃ ပြစ်မှုပုဒ်မ- ၃၇၆/၃၉၂ အရ အမှုဖွင့်အရေးယူပြီး စခန်းမှူး ရဲအုပ်လွင်အောင်နှင့် အဖွဲ့သည် ရဲစခန်းတောင်ဘက် (၅)မိုင်ခန့်ကွာဝေးသော အချင်းဖြစ်ပွားရာသို့ ချက်ချင်းသွားရောက်စစ်ဆေးပြီး မျိုးမင်းသူအား ရှာဖွေရာ (၂၂.၇.၂၀၁၃) ရက်နေ့ ညနေ (၅) နာရီအချိန်ခန့်တွင် မော်လမြိုင်မြို့သို့ ထွက်ပြေးမည့် စဲစဲကားဂိတ်၌ မျိုးမင်းသူအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ မျိုးမင်းသူက ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ပြီး မ····ထံမှ လုယူရရှိခဲ့သည့် ရွှေနားကွင်းနှစ်ဖက်ကို ပြန်လည်ပေးအပ်ခဲ့သည်။

ယင်းအမှုကို စခန်းမှူး ရဲအုပ်လွင်အောင်က စစ်ဆေး အမှုတည်ဆောက်၍ ဖောင်တော်သီရဲစခန်းစွဲချက်အမှတ် ၂၀၄/ ၂၀၁၃ ဖြင့် ပဲခူးခရိုင် ဒုတိယတရားသူကြီး (၁) ရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ အမှုကိုတရားရုံးက ရာဇ၀တ်ကြီးအမှတ်- ၄၄/ ၂၀၁၃ ဖြင့် လက်ခံကြားနာ စစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံမျိုးမင်းသူ (ခ) ကိုသူ (၂၂)နှစ်အား ပြစ်မှု ပုဒ်မ - ၃၇၆ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်နှင့် ပြစ်မှု ပုဒ်မ - ၃၉၂ အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်၊ ပြစ်ဒဏ် နှစ်ရပ်ကို သီးခြားစီကျခံစေရန် (၆.၉.၂၀၁၃) ရက်နေ့က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## လူသတ်အလောင်းဖျောက် တရားခံ ထောင် (၈)နှစ်

ပဲခူးခရိုင်ဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ် ကုန်းမြို့၊ အုန်းနဲ့ပင်ကျေးရွာတွင် အရက်သမားတစ်ဦးကို ဓားဖြင့်ခုတ်သတ်၍ အလောင်းဖျောက်ရာတွင် ပါဝင်သူနှင့် သက်သေခံပစ္စည်းဖျောက်ဖျက်သူ တစ်ဦးတို့အား ပဲခူးခရိုင်၊ ဒုတိယတရားသူကြီး (၁) ရုံးမှ အလုပ်နှင့် ထောင်ဒဏ်များ ကျခံစေရန် (၉.၉.၂၀၁၃) ရက်နေ့က အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သော (၂၇.၁၀.၂၀၁၂) ရက်နေ့ ည (၉) နာရီအချိန်ခန့်က-

ကျောက်တံခါးမြို့ နယ်၊ ပဲနွယ်ကုန်းမြို့ အုန်းနဲ့ပင်ကျေးရွာနေ၊ မနီနီဝင်း (၃၇) နှစ်သည် နေအိမ်၌ ရှိနေစဉ်-

၎င်း၏ခင်ပွန်းဖြစ်သူ ဇော်ဝင်းက ဆန်တစ်ပြည်ယူ၍ အရက်နှင့် လဲသောက်မယ်ဟု ပြောဆိုကာ နေအိမ်မှထွက်သွားခဲ့သည်။

ထိုသို့ ဇော်ဝင်းထွက်သွားပြီးနောက် ခဏအကြာတွင် မနီနီဝင်းတို့၏ ခြံရှေ့နှစ်အိမ်ကျော်လောက်မှ ဆဲဆိုဆူညံသံများ ကြားခဲ့ရသည်ဟု ဆို၏။

ခင်ပွန်းဖြစ်သူ ဇော်ဝင်းမှာ ထိုည (၁၁)နာရီ အချိန်ခန့်အထိ နေအိမ်သို့ ပြန်မရောက်လာသဖြင့် မနီနီဝင်းက စိတ်ပူ၍ ရာအိမ်မှူး ဦးဝင်းနိုင်ထံ သွားရောက်ပြောပြကာ အကူအညီတောင်းခံခဲ့သည်။

ရာအိမ်မှူး ဦးဝင်းနိုင်က ဆယ်အိမ်မှူး ဦးထွန်းမြ၊ ဦးထွန်းရီတို့နှင့်အတူ လိုက်လံရှာဖွေခဲ့သော်လည်း မတွေ့ရှိခဲ့ဟု သိရသည်။

နောက်တစ်နေ့(၂၈.၁၀.၂၀၁၂) ရက်နေ့ နံနက် ၆ နာရီ အချိန်ခန့်တွင် မနီနီဝင်းတို့၏အိမ်နှင့် (၅) အိမ်ကျော်ခန့်အကွာ လယ်ကွင်းအနောက်ဘက်ရှိ ကွင်းချောင်းချောင်းရေစပ်၌ ဇော်ဝင်း သေဆုံးနေကြောင်း ရာအိမ်မှူး ဦးဝင်းနိုင်နှင့်အဖွဲ့က လာရောက်ပြောပြ၍ သိရှိခဲ့ရသည်ဆို၏။

မနီနီဝင်းက ကွင်းချောင်းချောင်းစပ်သို့ သွားရောက်ကြည့်ရှုခဲ့ရာ ၎င်း၏ ခင်ပွန်းဇော်ဝင်းမှာ အင်္ကျီမပါ၊ ပုဆိုးမပါဘဲဦးခေါင်းနှင့် မျက်နှာတို့တွင် ဒဏ်ရာများရရှိပြီး သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာ ပဲနွယ်ကုန်းရဲစခန်းသို့ သွားရောက်အကြောင်းကြား တိုင်တန်းခဲ့သည်။

စခန်းမှူး ရဲအုပ်ဗညားအောင်နှင့်အဖွဲ့က ရဲစခန်းအရှေ့ဘက် (၅)မိုင်ခန့် ကွာဝေးသော လူသတ်မှုဖြစ်ပွားရာ အုန်း နဲ့ပင်ရွာသို့ သွားရောက် စစ်ဆေးခဲ့ရာ-

ဇော်ဝင်း (၄၇) နှစ် မှာ ငယ်ထိပ်တွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ နဖူးတွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ညာဘက် မျက်ခွံတွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ညာဘက် မျက်ခုံးအောက်တွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ နှာခေါင်းရင်းတွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ညာဘက်နားရွက်ရင်းတွင် ပြတ်ရှဒဏ်ရာ တစ်ချက်နှင့် နှာခေါင်းရင်းမှ ဝဲဘက်ပါးပြင်အထိ ပြတ်ရှဒဏ်ရာ တစ်ချက်တို့ရရှိထားပြီး ကိုယ်လုံးတီး မှောက်ခုံအနေအထားဖြင့် ချောင်းရေထဲ၌ သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ပြီးနောက် ရဲဆေးစာဖြင့် အလောင်းကို ပဲနွယ်ကုန်းတိုက်နယ်ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။

ထို့နောက် လူသတ်မှုနှင့် ပတ်သက်၍ ဖြစ်မှုကျူးလွန်သူကို အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးရမိရေးအတွက် မသင်္ကာဖွယ်လူများကို စုံစမ်းရှာဖွေခဲ့ရာ-

www.burmeseclassic.com

www.burmeseclassic.com



မသေဆုံးမီက ဇော်ဝင်း ဆန်နှင့်အရက် လဲလှယ်သောက်ခဲ့သည့် အိမ်ရှင်ဖြစ်သူ အောင်စိန်ကို ခေါ်ယူစစ်ဆေးမှု ပြုလုပ်ခဲ့၏။ ထိုသို့ စစ်ဆေးသဖြင့် အောင်စိန်က ဝန်ခံထွက်ဆိုရာတွင် အခင်းဖြစ်သည့် (၂၇·၁၀·၂၀၀၂) ရက်နေ့ည (၉) နာရီ အချိန်ခန့်က ၄င်း၏နေအိမ်သို့ ဇော်ဝင်း ရောက်ရှိလာပြီး ဆန်တစ်ပြည်နှင့် အရက်လဲသောက်၍ ပြန်ထွက်သွားခဲ့ကြောင်း-

ဇော်ဝင်း ထွက်သွားပြီး မကြာခင် သိန်းအောင်၏ နေအိမ်ဘက်မှ သိန်းအောင်၏ ဆဲဆိုဆူညံသံများ ကြားရပြီး လာခေါ်၍ လိုက်သွားခဲ့ရာ-

သိန်းအောင်၏ နေအိမ်ရှေ့၌ ဇော်ဝင်းသေဆုံးနေသည်ကို မြင်တွေ့ခဲ့ရကြောင်း။

၄င်းကို ဇော်ဝင်းက အရက်မူးပြီး ရန်ရှာခဲ့သဖြင့် ဒေါသအလျောက် ဓားဖြင့်ခုတ်ရာမှ သေဆုံးသွားခြင်းဖြစ်ကြောင်း၊ သိန်းအောင်က ပြောပြခဲ့သည့်အပြင် ဇော်ဝင်း၏ အလောင်းကို ဖျောက်ဖျက်လိုကြောင်းပြော၍ အကူအညီ တောင်းခံခဲ့ကြောင်း။ မကူညီပါက သတ်ပစ်မယ်ဟု ခြိမ်းခြောက်လာသဖြင့် သိန်းအောင်က အလောင်းကို သယ်ဆောင်ထမ်းပူသွားရာ ၄င်း၏နောက်မှ လိုက်သွားမိခဲ့ကြောင်း။

အုန်းနဲ့ပင်သချိုင်းအနီးချောင်းထဲသို့ အလောင်းကို စွန့်ပစ်ထားခဲ့ကြောင်း ထုတ်ဖော်ပြောပြခဲ့၏။

သိန်းအောင်၏ အိမ်နီးနားနေ မျက်မြင်သက်သေ ဒေါ်အေး (၅၀) နှစ်အား စစ်မေးခဲ့ရာ-

အခင်းဖြစ်ပွားခဲ့သည့်ညက ၄င်းသည် သိန်းအောင်၏ နေအိမ်ဘက်မှ ရန်ဖြစ်ဆူညံသံများအား ကြားသိရ၍ နေအိမ်မှ ချောင်းကြည့်ခဲ့ရာ-

သိန်းအောင်၏ နေအိမ်ရှေ့၌ ဇော်ဝင်းမှာ ပက်လက်လန်



www.burmeseclassic.com

www.burmeseclassic.com



လဲနေပြီး ၎င်းအပေါ်မှ သိန်းအောင်က ခွ၍ဓားဖြင့်ထိုးခုတ်နေသည်ကို တွေ့မြင်ခဲ့ရကြောင်း ထွက်ဆိုခဲ့သည်။

မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များအရ ပြစ်မှုကျူးလွန်သူမှာ သိန်းအောင် အုန်းနဲ့ပင်ကျေးရွာ၊ အနန်းတော်ရွာအုပ်စု၊ ပဲခူးယက်ကုန်းမြို့နေသူဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား သွားရောက်ရှာဖွေရာ-

အခင်းဖြစ်ပွားချိန်မှ ထွက်ပြေး တိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိခြင်း မရှိခဲ့ပေ။

အခင်းဖြစ်ပွားရာ နေရာရှိ သွေးကွက်များအား မြေကြီးညှိ ဖျောက်ဖျက်ရာတွင် အသုံးပြုခဲ့သည့် ပေါက်တူးတစ်လက်ကို သိန်းအောင်၏ဇနီးဖြစ်သူ မရွက်ဝါထံမှ ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် သေဆုံးသူ ဇော်ဝင်း၏ သွေးများ စွန်းထင်းပေကျံနေသည့်အဝတ်အစားများကိုလည်း မရွက်ဝါက ဖျောက်ဖျက်ပစ်ခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

သေဆုံးသူ ဇော်ဝင်း၏ ဇနီး မနီနီဝင်းက တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် ကျောက်တံခါးမြို့နယ်၊ ပဲခူးယက်ကုန်းရဲစခန်းမှ (ပ) ၁၄၀/ ၂၀၁၂ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့် အရေးယူပြီး အမှုစစ်စခန်းမှူး ရဲအုပ်ဇညားအောင်က ဆက်လက် စစ်ဆေးခဲ့သည်။

ယင်းအမှုကို စစ်ဆေးအမှုတည်ဆောက်၍ ပဲခူးယက်ကုန်းရဲစခန်းမှ တရားခံပြေး သိန်းအောင်ကို ရဲစွဲချက်အမှတ် ၁၄၄/ ၂၀၁၂ ဖြင့်လည်းကောင်း။

အလောင်းဖျောက်ဖျက်ရာတွင် ပါဝင်ခဲ့သူ အောင်စိန်နှင့် သက်သေခံပစ္စည်း ဖျောက်ဖျက်ခဲ့သူ မရွက်ဝါတို့နှစ်ဦးအား ရဲစွဲချက်အမှတ်- ၁၄၄ (က)/ ၂၀၁၂ ဖြင့်လည်းကောင်း၊ ပဲခူးခရိုင် ဒုတိယတရားသူကြီး (၁) ရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့၏။

တရားရုံးက သိန်းအောင်ကို ရာဇဝတ်အမှတ် ၂၀/၂၀၁၂ ဖြင့်လည်းကောင်း၊ အောင်စိန်နှင့် မရွက်ဝါတို့နှစ်ဦးကို ရာကြီးအမှတ် ၇၀/၂၀၁၂ ဖြင့် လည်းကောင်း လက်ခံစစ်ဆေး ကြားနာခဲ့သည်။ ထိုသို့အမှုကို စစ်ဆေးကြားနာနေစဉ်-

အမှုဖြင့်အလိုရှိနေသူ တရားခံပြေး သိန်းအောင်အား ပဲခူးယက်ကုန်းရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းရှာဖွေမှုကြောင့် (၁၉.၃.၂၀၁၃) ရက်နေ့တွင် ဖမ်းဆီးရမိပြီး ဆက်လက်၍ တရားစွဲဆို တင်ပို့ခဲ့ရာ-

ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့်-

တရားခံ သိန်းအောင် (၃၆) နှစ်အား ပြစ်မှုပုဒ်မ ၃၀၂ အရ အလုပ်နှင့်ထောင်ဒဏ် (၈)နှစ် ကျခံစေရန် တရားခံ အောင်စိန် (၆၄)နှစ်နှင့် မရွက်ဝါ (၃၀) နှစ်တို့နှစ်ဦးအား ပြစ်မှု ပုဒ်မ ၂၀၁ အရ အလုပ်နှင့် ထောင်ဒဏ် (၁)နှစ်စီ ကျခံစေရန် (၉.၉.၂၀၁၃) ရက်နေ့က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရှိရသည်။


**သိန်းနိုင်ဦး-ပဲခူး**



www.burmeseclassic.com

www.burmeseclassic.com






ဆိုက်ဘာမှုခင်း (Cybercrime) ဆိုတာကို ယနေ့ခေတ်ကမ္ဘာ့လူ့ အဖွဲ့အစည်းကို ခြိမ်းခြောက်နေတဲ့ မှုခင်းအဖြစ် သတ်မှတ်ထားကြပါတယ်။ မှုခင်းပညာရှင် 'Kshetri' ဆိုသူက ဆိုက်ဘာမှုခင်းရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုထားရာမှာ ကွန်ပျူတာနှင့် ကွန်ပျူတာကွန်ရက် များကို အဓိက အသုံးပြုပြီး၊ ဥပဒေအား ချိုးဖောက်သော ရာဇဝတ်မှုခင်းအဖြစ် ဖွင့်ဆိုထားပါတယ်။ မှုခင်းပညာရှင် 'Clough' ဆိုသူကလည်း ကျူးလွန်မှုများပေါ်မှာ မူတည်ပြီး၊ အမျိုးအစားနှစ်မျိုး ခွဲခြားဖော်ပြထားပါတယ်။

ပထမအမျိုးအစား မှာတော့ မှုခင်းကျူးလွန်သူများရဲ့ ပစ်မှတ်ဟာ ကွန်ပျူတာနဲ့ ကွန်ပျူတာကွန်ရက်များ ဖြစ်ပါတယ်။ ဥပမာအားဖြင့် hacking, maleware နဲ့ Ddos attacks များ ဖြစ်ပါတယ်။

ဒုတိယအမျိုးအစားမှာတော့ ကွန်ပျူတာကို အသုံးပြုပြီး မှုခင်းကျူးလွန်မှု ဖြစ်ပါတယ်။ ဥပမာအားဖြင့် child pornography၊ အွန်လိုင်းမှနေ၍ အမျိုးသမီးများအား မဖွယ်မရာ ဆက်ဆံခြင်း၊ ကွန်ပျူတာများနဲ့ အင်တာနက်အသုံးပြု၍ လူတစ်ဖက်သား၏ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ဆောင်ရွက်ခြင်း စတာတွေ ပါဝင်ပါတယ်။

ဆိုက်ဘာမှုခင်းများ ကျူးလွန်ရာမှာ လူတစ်ဦးစီသာမကဘဲ လူအများကိုကွန်ရက်ချိတ်ဆက်ပြီး မှုခင်းကျူးလွန်မှုများလည်း ရှိပါတယ်။ ကွန်ပျူတာများ၊ ကွန်ပျူတာကွန်ရက်များကို အသုံးပြုပြီး၊ မှုခင်းများ ကျူးလွန်ရန်အတွက် ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်တဲ့ လူသားတွေနဲ့ နည်းပညာအေးဂျင့် များကို ဆိုက်ဘာမှုခင်းကွန်ရက် (Cybercriminal network) မှာ တွေ့ရှိနိုင်ပါတယ်။ ဒီလို ဆိုက်ဘာမှုခင်း ကွန်ရက်များကို နှိမ်နင်းရာမှာ ကွန်ရက်သီအိုရီသဘောတရားများကို အသုံးပြုဖို့ လိုအပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကွန်ရက်သီအိုမှာ 'ဆက်နွယ်မှု (relational) ရှုထောင့်'၊ 'structural ရှုထောင့်နဲ့ 'topological ရှုထောင့်'ဆိုပြီး ရှုထောင့်သုံးမျိုး ရှိပါတယ်။ ဆက်နွယ်မှုရှုထောင့်မှာ တစ်ဦးနဲ့တစ်ဦး ဆက်နွယ်ထားတဲ့ nodes များကို အဓိကထားပြီး စောင့်ကြည့်ဖို့ လိုအပ်ပါတယ်။ structural ရှုထောင့်အရ အဆိုပါ nodes များအကြားက ဆက်နွယ်မှုများကို လေ့လာဆန်းစစ်ဖို့ လိုအပ်ပါတယ်။ topological ရှုထောင့် အရ ကွန်ရက်များရဲ့ ချိတ်ဆက်မှု ပုံကြမ်းကို ဖော်ထုတ်ဖို့ လိုအပ်ပါတယ်။ ဒါမှလည်း ရှုပ်ထွေးလှတဲ့ ဆိုက်ဘာမှုခင်း ကွန်ရက်များကို ခြေရာခံမိနိုင်မှာ ဖြစ်ပါတယ်။ ဒီကွန်ရက်တွေထဲက nodes တွေမှာ ထိုးဖောက်စိမ့်ဝင်ပြီး၊ ဆက်နွယ်မှုတွေကို လေ့လာရာကတဆင့် ကွန်ရက်ချိတ်ဆက်မှုတွေကို စုံစမ်း လေ့လာနိုင်ပါတယ်။

ဒီလို လေ့လာပြီးတဲ့အခါ ကွန်ရက်လုံခြုံရေးမော်ဒယ်လ် (network security model) ကို အသုံးပြုပြီး၊ နှိမ်နင်းရေးကို ဆက်လက်ပြုလုပ်ဖို့ လိုအပ်ပါတယ်။ ဒီမော်ဒယ်က မှုခင်းပညာရှင် Jeff Cares ရဲ့ on Distributed Network Operations နဲ့ Jerry H. Ratcliffe ရဲ့ Intelligence Led Policing ဆိုင်ရာ အတွေးအခေါ်များကို အခြေခံထားတာ ဖြစ်ပါတယ်။

လုံခြုံရေးအေးဂျင့်များအနေနဲ့ ကွန်ရက်အတွင်းမှာ hubs တွေအနေနဲ့ ဆောင်ရွက်ပြီး ခြိမ်းခြောက်မှုများအား ရှာဖွေထောက်လှမ်းခြင်း၊ လေ့လာစောင့်ကြည့်ခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနဲ့ လိုအပ်လာပါက ဝင်ရောက်စွက်ဖက်ခြင်းများ ပြုလုပ်ဖို့ လိုအပ်ပါတယ်။ ဖြန့်ကျက်ကွန်ရက် သဘောတရားများအတိုင်း လိုက်နာဆောင်ရွက်တဲ့ လုံခြုံရေးအေးဂျင့်များအနေနဲ့ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ပါ တယ်။ လုံခြုံရေးအေးဂျင့်များက. ကိုင်တွယ်တဲ့ hub တစ်ခုမှာ ပစ်မှတ်၊ ဆုံးဖြတ်ချက် ချမှတ် သူများနဲ့ ဝင်ရောက်စွက်ဖက်ရေး အဖွဲ့များ ပါဝင်ဖို့ လိုအပ်ပါတယ်။

မှုခင်းပညာရှင် 'Ratcliffe' ဆိုသူက ထောက်လှမ်းရေးယူနစ်များ (intelligence units) ရဲ့ အခန်းကဏ္ဍကို လေ့လာပြီး Intelligence Led Policing (ILP) ရဲ့ ဖြစ်စဉ်နဲ့ သဏ္ဌာန်များကို ဖော်ထုတ်ပေးခဲ့ပါတယ်။ ထောက်လှမ်းရေးယူနစ်များ အနေနဲ့ မှုခင်းဝန်းကျင်ကို ခြေရာခံမိခဲ့ရင်၊ ဒီထောက်လှမ်းရေး သတင်းအချက်အလက်များကို အသုံးပြုပြီး ဆုံးဖြတ်ချက်ချမှတ်သူများကို လွှမ်းမိုးနိုင်မှု ရှိပါတယ်။ ဒီလို လွှမ်းမိုးရာကတစ်ဆင့် မှုခင်းဝန်းကျင်ထဲမှာ ကျင်လည်နေတဲ့ ပစ်မှတ်ကို နှိမ်နင်းဖို့ သင့်လျော် သော ဝင်ရောက်စွက်ဖက်မှုများကို ပြုလုပ်ရမှာ ဖြစ်ပါတယ်။

ဒီလို ပြုလုပ်ရာမှာ ပစ်မှတ်၊ သတင်းအနံ့ခံသူ၊ ဆန်းစစ်မှုနှင့် ထောက်လှမ်းရေးသတင်း ရရှိ မှု၊ ဆုံးဖြတ်ချက် ချမှတ်သူများနဲ့ ဝင်ရောက်စွက်ဖက်သော ယူနစ်များပါဝင်ဖို့ လိုအပ်ပါတယ်။

သတင်းအနံ့ခံသူက မှုခင်းကွန်ရက်ဝန်းကျင်မှာ ပစ်မှတ်ကို ရှာဖွေပြီး၊ ဆန်းစစ်မှုနဲ့ ထောက်လှမ်းရေး ယူနစ် (analysis and intelligence unit) ကို အမြန်ဆုံး သတင်းပို့ဖို့ လိုအပ်ပါတယ်။ AI-unit က မှုခင်းဝန်းကျင်ထဲမှ ပစ်မှတ်များရဲ့ အသေးစိတ် အချက်အလက်များကို စုံစမ်းဖော်ထုတ်ဖို့ လိုပါတယ်။ လိုအပ်ပါက ခြိမ်းခြောက်မှုများနဲ့ ပြန်လည်တုံ့ပြန်နိုင်သော နည်းလမ်းများကို ဆုံးဖြတ်ချက် ချမှတ်နိုင်သူများထံ သတင်းပို့ဖို့ လိုအပ်ပါတယ်။ ဒီအခါမှာ ဆုံးဖြတ်ချက် ချမှတ်နိုင်သူများက ဝင်ရောက်စွက်ဖက်

www.burmeseclassic.com

www.burmeseclassic.com



သော ယူနစ်များအား အသုံးပြုနိုင်ခြင်း ရှိမရှိကို လေ့လာသုံးသပ်ပြီး ညွှန်ကြားမှုများ ဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ဝင်ရောက်စွက်ဖက်ရေး ယူနစ်များရဲ့ အခြေအနေကို သတင်းအနှံ့ခံသူများက ပြန်လည်ဆန်းစစ်ပြီး ရည်မှန်းချက်ရဲ့ ကျိုက်ညီပါက AI-units များကို သတင်းပို့ဖို့ လိုအပ်ပါတယ်။ ဆုံးဖြတ်ချက်ချမှတ်သူများထံ ဆင့်ကဲသတင်းပို့ပြီး လိုအပ်တဲ့ ညွှန်ကြားမှုများ ဆက်လက်ပြုလုပ်နိုင်အောင် ကြိုးပမ်း ဖို့ လိုအပ်ပါတယ်။ ဆိုက်ဘာမှုခင်း ထွန်ရက်များကို နှိမ်နင်းရာမှာ လုံခြုံရေးလုပ်ငန်းဆောင်တာများမှာ cy-ber crime ရှိတာ ဖြစ်တဲ့အတွက် လိုအပ်သလို ညှိနှိုင်းအရေးယူ ဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါ ကြောင်း ရေးသားတင်ပြအပ်ပါတယ်။

**ခင်မမမျိုး**


နိုင်ငံတော်မြည်းစုံဘို့ မဂဒါဝန် သင်္ကန်းလှူဒါန်းဖို့

**မဂဒါဝန် သင်္ကန်းတိုက်**

သင်္ကန်းအမျိုးမျိုးနှင့် သံဃာအသုံးအဆောင် လှူဖွယ်ပစ္စည်းများ လက်လီလက္ကား ရနိုင်ပါသည်၊
မှော်ဘီ၊ ရေကန်ဖံ၊ ဝါးဆို၊ ကထိန်အလှူမင်္ဂလာပွဲမှာ ခန္ဓာအရှိ ဥာဏ်အသိ နဲ့သတိကပ်ပြီး
လှူဒါန်း မှသာ ကုသိုလ်ရကာ၊ ဘဝ သံသရာမှ လွတ်မြောက်နိုင်မှာ ■

ကိုတိုးဝင်း ၊ မဒေါ်ဒေါ်သိန်း
အမှတ် ၇၆၁ ၊ မြေညီ (B) ၊ မာလာနွယ်လမ်း
မေတ္တာညွန့်ရပ်ကွက် ၊ တာမွေမြို့နယ်
ဖုန်း ၀၁ ၅၅၅၅၆၂


www.burmeseclassic.com

www.burmeseclassic.com

ရှုမဝ ၂၂

# ဟတ်စီးတိုင်း ကျူးဝစ်
# အောင်တိုလွင်

အောင်ဘုန်းဝေ



www.burmeseclassic.com

www.burmeseclassic.com



"လာ...ကိုအောင်ကိုလွင်။ ခင်ဗျားကိုစောင့်နေတာ"

အမှုစစ်ဒုရဲအုပ်ရန်နိုင်ဦး စားပွဲတွင် အောင်ကိုလွင် ဝင်ထိုင်သည်။ ဒုရဲအုပ် ရန်နိုင်ဦး ရှေ့တွင် (ဂ) ၂၂၈/၂၀၁၀ ပြစ်မှုပုဒ်မ ၃၈၀ ဖိုင်တွဲ။

"အရိုးတွေကို ရှင်းပြနေရလို့ နောက်ကျသွားတယ်၊ ဆောရီး ဆရာ"

"ရပါတယ်။ ကျွန်တော်က ခင်ဗျား အိပ်မောကျနေမယ်ထင်တာ"

"အိပ်မောကျဖို့နေနေသာသာ၊ အသက်တောင် ဝ အောင် မရှူနိုင်ပါဘူး ဆရာ"

"ဖြစ်ပြီးသွားပြီပဲဗျာ"

"ဟုတ်ပါတယ်။ ဘယ်သူမပြု ကျွန်တော့်အမှုပါပဲ။ အင်း"

အောင်ကိုလွင့်ကို ဒုရဲအုပ်ရန်နိုင်ဦး လှမ်းကြည့်သည်။ အောင်ကိုလွင်က ဖိုင်တွဲကို ကြည့်နေသည်။

"လက်စွပ်က အဖေ့လက်စွပ် ဆရာရဲ့"

"လက်စွပ်က ဘာလက်စွပ်လဲ" ဘေးမှရဲအုပ်ကို အောင်ကိုလွင် လှည့်ကြည့်သည်။ ဒုရဲအုပ်ရန်နိုင်ဦး စားပွဲတွင် အခြားဒုရဲအုပ် တစ်ဦးလည်းထိုင်နေသည်။ ကိုယ့်အပူနှင့်ကိုယ်မို့ ရဲအုပ်နှင့် ဒုရဲအုပ်တို့ကို အောင်ကိုလွင် သတိမထားမိ။

"မိတ်ဆက်ပေးရဦးမယ်။ သူတို့က အနောက်ပိုင်းခရိုင် အထူးမှုခင်း နှိမ်နင်းရေးအဖွဲ့က ရဲအုပ်မျိုးညွန့်လူနဲ့ ဒုရဲအုပ် လင်းထွဋ်နိုင်၊ ခင်ဗျားအမှုကို ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သိန်းလွင်က ဆရာ့အဖွဲ့ကို တာဝန်ပေးထားတယ်"

"အောင်ကိုလွင်ပါ"

ရဲအုပ်မျိုးညွန့်လူကို အောင်ကိုလွင် လက်ဆွဲနှုတ်ဆက်သည်။ ဒုရဲအုပ်လင်းထွဋ်နိုင်က မှတ်စုစာအုပ် အသင့်ပြင်ထားသည်။

"ဆရာမေးတာလေးတွေ ဖြေပေးလိုက်ပါဦး ကိုအောင်ကိုလွင်"

"မေးပါဆရာ။ ကျွန်တော် ဖြေပါ့မယ်"

ရဲအုပ်မျိုးညွန့်လူ (ပ)၂၂၈/၂၀၁၀ ပြစ်မှုပုဒ်မ ၃၈၀ ဖိုင်တွဲ လှမ်းယူသည်။ ဒုရဲအုပ် လင်းထွဋ်နိုင်က အောင်ကိုလွင့်ကို ကြည့်နေသည်။

"စိန်လက်စွပ်ပါ ဆရာ"

"ဘယ်လောက်တန်လဲ"

"ငါးသိန်း"

"ဘာပစ္စည်းတွေပါသွားတာလဲ"

"စိန်လက်စွပ် တစ်ကွင်း၊ Motorola V9 အမှတ် ဝ၉... အနက်ရောင်ဖုန်းတစ်လုံး၊ ပိုက်ဆံ ၂၇၀၀၀၀ ကျပ်"

"လက်စွပ်ကငါးသိန်း၊ ငွေက ၂၇၀၀၀၀ ဆိုတော့ ၇၇၀၀၀၀ ကျပ်၊ ဖုန်းကရော"

"၁၂ သိန်းခွဲ ဆရာ"

"ခင်ဗျားသိန်း ၂၀ ကျော်ပါသွားတာပေါ့။ လက်စွပ်မှာ စိန်ဘယ်နှစ်လုံးပါလဲ"

"စိန် ၁၁လုံး၊ မြတစ်လုံး အလယ်မှာပါတယ် ဆရာ"

"ဘယ်လိုဖြစ်ပြီး အခိုးခံလိုက်ရတာလဲ"

အောင်ကိုလွင် သက်ပြင်း

"ရှုတ်ခနေရင် ကျွန်တော်တို့ တရားခံ စော်ထုတ်နိုင်မှာ မဟုတ်ဘူး၊ ခင်ဗျားပစ္စည်းတွေလည်း ပြန်ရမှာမဟုတ်ဘူး။ ပစ္စည်းတွေ ပြန်ရချင်ရင် ရှုတ်မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com





ရှိက်သည်။ သူ့အဖြစ်က အရပ်ရပ်နေပြည်တော် ကြားလို့မှ မလျှော်သည့်အဖြစ်။ ဘယ်စကားဝိုင်းမှာမှ ပြန်မပြောရဲသည့်အဖြစ်။ ဇာနည်အောင်တို့၊ နိုင်နိုင်ကျော်တို့ ကြားလျှင် ဟားလို့ပြီးတော့မည် မဟုတ်။

"အမှန်အတိုင်းသာ ပြောပါ ကိုအောင်ကိုလွင်။ ခင်ဗျား ရှက်နေရင် ကျွန်တော်တို့ တရားခံဖော်ထုတ်နိုင်မှာ မဟုတ်ဘူး၊ ခင်ဗျား ပစ္စည်းတွေလည်း ပြန်ရမှာ မဟုတ်ဘူး။ ပစ္စည်းတွေ ပြန်ရချင်ရင် ခင်ဗျား ရှက်မနေနဲ့"

အောင်ကိုလွင် ရင်ခုန်သံ မှုန်။ မျက်နှာက ပူရှိန်းရှိန်း။

"နားနဲ့မနာ ဖဝါးနဲ့နာပါ ဆရာ ဆရာတို့ကို ကျွန်တော် အမှန်အတိုင်းပြောပါ့မယ်။ မနေ့ ညက ကျွန်တော် ကမြင်းကြော သွားထပါတယ်"

ရဲအုပ်မျိုးညွန့်လူတို့ မရယ်။ အောင်ကိုလွင် ရင်ခုန်သံက တဒိတ်ဒိတ်။

"ဘယ်မှာလဲ"

"ဟက်ပီးတိုင်းနိုက်ကလပ်မှာပါ"

"တာမွေကလား"

အောင်ကိုလွင် ခေါင်းညိတ်ပြသည်။ ဒုရဲအုပ်လင်းထွဋ်နိုင်က ဟက်ပီးတိုင်း နိုက်ကလပ်ကို မှတ်စုစာအုပ်တွင် ရေးသည်။

"ခင်ဗျား ကမြင်းကြော ဘယ်လိုထတာလဲ"

"ဟက်ပီးတိုင်းသွားပြီး အရက်သောက်တယ် ဆရာ"

"အရက်သောက်တာက မြင်းကြောထတာမှမဟုတ်တာ။ ကျွန်တော်တို့လည်း တစ်ခါတလေ အရက်သောက်တာပဲ"

"ကျွန်တော်က အရက်သောက်ရုံတင်မဟုတ်ဘူး ဆရာ"

"ခေါင်းခါ ခေါင်းရမ်းပါ ချတာလား"

"ကျွန်တော် ဆေးမချဘူး ဆရာ"

"ခင်ဗျား ဘာကမြင်းကြောထတာလဲ"

"ကလပ်မှာ ကျွန်တော် ဒန့်တယ်"

"ဘယ်လိုဒန့်တာလဲ"

"အိုးတစ်လုံးနဲ့ ဆရာ"

"ဘယ်ကအိုးလဲ"

"ကလပ်မှာတွေ့တာ ဆရာ"

"နာမည်ကရော"

"မသိဘူး"

"ခင်ဗျား ဘယ်လိုခေါ်လဲ"

"ဟိုင်း"

"ဟိုင်း"

"ကျွန်တော်က ဟိုင်းလိုက်တော့ သူကလည်း ပြန်ဟိုင်းတယ် ဆရာ"

"ခင်ဗျားက ဟိုင်း၊ သူက ပြန်ဟိုင်းနဲ့ အိုကေသွားတာပေါ့"

"ဟုတ်တယ်ဆရာ၊ သူနဲ့ ကျွန်တော်အိုကေပြီး ဟက်ပီးတိုင်းမှာ ဒန့်ကြတယ်"

"ဒန့်ရုံနဲ့ ပစ္စည်းတွေက ဘယ်လိုပါသွားတာလဲ။ ခင်ဗျား ကျွန်တော်တို့ကို ချန်ထားတာ ရှိလား ကိုအောင်ကိုလွင်"

"မချန်ထားပါဘူး ဆရာ၊ ပြောပြမှာပါ"

"ပြော"

"သူ့ကို ကျွန်တော်က ငါးသောင်းပေးမယ်လို့ ပြောလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



“ငါးသောင်း”

“သူက အိုကေတဲ့”

“သူက အိုကေတော့”

“ခေါ်သွားတာပေါ့ဆရာ”

“ဘယ်ကိုလဲ”

“ကျူးပစ်”

“ဆရာစံလမ်းက မိုတယ်လား”

“ဟုတ်ပါတယ်”

“မိုတယ်မှာ အခိုးခံရတာလား”

“မိုတယ်မှာ ကျွန်တော်တို့ ဒုတိယထပ် စီ ၁၀၅ အခန်းရတယ်။ နောက်တော့ ကျွန်တော် အိပ်ပျော်သွားတယ်။ အိပ်ရာက နိုးတော့ အိုးလေး မရှိတော့ဘူး”

“ခင်ဗျား ဘယ်အချိန်နိုးတာလဲ”

“ခြောက်နာရီခွဲလောက် ရှိပြီ ဆရာ”

“လက်စွပ်က ချွတ်ထားလို့လား”

“ဝတ်ထားတာ”

“ချွတ်ယူတာတောင် မသိဘူးလား”

“လက်စွပ်က ချွတ်ထားလို့လား”

“ဝတ်ထားတာ”

“ချွတ်ယူတာတောင် မသိဘူးလား”

အောင်ကိုလွင့်မျက်နှာ ရဲသွားသည်။ ပြောရင်း ပြောရင်းနှင့် သူ့အကျင့်တွေပေါ်ကုန်တော့မည်။ ဘယ်လောက်တောင် ကမြင်းကြော ထလိုက်သည်မသိ။ မောမော ပျော်ပျော်နှင့် အိပ်ပျော်သွားသည်မှာ ကုလားသေ ကုလားမော။ လက်စွပ်ချွတ်သည်ကိုပင် မသိလိုက်။

“ကျူးပစ်မှာ လိပ်စာရှိမှာပေါ့”

“မရှိဘူး ဆရာ”

“မိုတယ်မှာနိုင်ငံသားကတ် ပေးရတယ်မို့လား”

“သူ့နိုင်ငံသားကတ် မပါဘူး ဆရာ၊ ကျွန်တော် အာမခံရတာ”

“ခင်ဗျားအိုးက ဂျင်ပဲ၊ ခြေရာလက်ရာ အကုန်ဖျောက်သွားတာပဲ”

အောင်ကိုလွင် မျက်နှာ မဖော်ရဲ။ အပွဲပွဲနွဲ့လာသမျှ သည်ပွဲမှ နှပ်ပစ်ခံလိုက်ရသည်။ လူပါး ပုလင်းထိရသည်။ မူးမူးနှင့် ဘာမှ သတိမထားမိတော့။

“မှတ်မိလား”

အောင်ကိုလွင် ခေါင်းညိတ်သည်။ မမှတ်မိစရာ အကြောင်းလည်းမရှိ။ အသားဝင်းဝင်းလေးက စွဲမက်စရာ။ မြင်မြင်ချင်း လမ်းပေါ်လီဟု အောင်ကိုလွင် မထင်မိ။

“ပြောပြဗျာ”

“ဗျာ…ဘာပြောရမှာလဲ ဆရာ”

“ခင်ဗျားအိုး ပုံစံ”

“ဪ…ဟုတ်၊ ဆံပင်က ရွှေဝါ၊ မျက်နှာက ဝင်းဝင်း၊ နှုတ်ခမ်းက ဖူးဖူး၊ ဘော်ဒီက အဲ ၃၆ ၂၄ ၃၆”

“မျက်နှာ ပုံစံကရော”

“နည်းနည်းဝိုင်းတယ် ဆရာ”

“ဆံပင်က အတိုလား၊ အရှည်လား”

“ပုခုန်းပေါ်လောက်”

“ဘာဝတ်ထားလဲ”

“တီရှပ်နဲ့စကတ်”

ဒုရဲအုပ်လင်းထွဋ်နိုင်ကို ရဲအုပ်မျိုးညွန့်လူ လှမ်းကြည့်သည်။ ဒုရဲအုပ်လင်းထွဋ်နိုင် ခေါင်းညိတ်ပြသည်။

“ခင်ဗျား အားလား ကိုအောင်ကိုလွင်”

“အားပါတယ် ဆရာ”

“အားရင်ခဏစောင့်၊ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



အိုးပုံ ကျွန်တော်တို့ ပန်းချီဆရာနဲ့ ဆွဲမယ်။ခင်ဗျားက တူ,မတူ ကြည့်ဖို့ လိုအပ်တာဖြည့်"

"ကောင်းပါပြီ ဆရာ"

"ငှက်ကလေး မျိုးဇော်ထွန်းကိုခေါ်"

ဒုရဲအုပ်လင်းထွဋ်နိုင် စက်ဖွင့်သည်။ ရဲအုပ်မျိုးညွန့်လူ အမှုတွဲလှန်သည်။

"ကြည့် ...ကိုအောင်ကိုလွင်"

ပန်းချီဆရာ မျိုးဇော်ထွန်း ဆွဲသည့်ပုံကို အောင်ကိုလွင်ကြည့်သည်။ မျိုးဇော်ထွန်း လက်မှ ခဲတံက စာရွက်ဖြူပေါ်တွင် တလှုပ်လှုပ်။

"မျက်နှာက နည်းနည်း ဝိုင်းတယ်နော်"

"မသိမသာလေး ဝိုင်းတာ"

မျိုးဇော်ထွန်းလက် ဆက်လှုပ်ရှားသည်။ စာရွက်ဖြူပေါ်တွင် မျက်နှာတစ်မျက်နှာ ရေးရေးပေါ်လာသည်။

"ဆင်ပြီလား"

မျိုးဇော်ထွန်း လက်ရပ်သွားသည်။ အောင်ကိုလွင် ပုံကိုကြည့်သည်။

"ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲဒီအတိုင်းပဲ"

ရဲအုပ်မျိုးညွန့်လူနှင့် ဒုရဲအုပ်လင်းထွဋ်နိုင်တို့ ပန်းချီဆွဲထားသော ပုံကိုကြည့်ကြသည်။ ဆေးရောင်မပါသော ခဲခြစ်ပုံက ပီပီသသ။

"တူတယ်နော်"

"တူတယ် ဆရာ"

"တူရင် ကျွန်တော်တို့ မိတ္တူပွားပြီး ဖြန့်လိုက်မယ်"

"ဘယ်ကိုဖြန့်မှာလဲ ဆရာ"

"ခင်ဗျား အိုးလေးက ခြေရာလည်းပျောက် ရေလည်းနောက်သွားတော့ ရန်ကုန်တိုင်းအတွင်းက ရဲစခန်းတွေ အားလုံးကို ဖြန့်ရမှာပေါ့။ မိုတယ်တွေ၊ နိုက်ကလပ်တွေမှာ ရှာရမှာပေါ့"

"ဟုတ်"

ရဲအုပ်မျိုးညွန့်လူတို့ မမောပဲ အောင်ကိုလွင် မောနေသည်။ မှူခင်းဂျာနယ်တွေထဲ ဓာတ်ပုံနှင့် ပါလာလျှင်သေပြီ။

"ရပြီ ကိုအောင်ကိုလွင်၊ ည (၈) နာရီစခန်းပြန်လာ"

"ဘာလုပ်ဖို့လဲ ဆရာ"

"ခင်ဗျားနဲ့ ကျွန်တော်တို့ ဟက်ပီးတိုင်းကို သွားမယ်"

"ဗျာ"

အောင်ကိုလွင် မျက်လုံးပြူးသွားသည်။ ရဲအုပ်မျိုးညွန့်လူက ခပ်ပြုံးပြုံး။

"ဒန့်ဖို့မဟုတ်ပါဘူး၊ ခင်ဗျားပျောက်သွားတဲ့အိုးကို သွားရှာမှာပါ၊ ခင်ဗျားအိုးကို ခင်ဗျားပဲမြင်ဖူးတာ၊ ကျွန်တော်တို့က မြင်ဖူးတာ မဟုတ်ဘူး၊ ကျွန်တော့် ဘာသာရှာရင် အိုးမှားချင်မှားနေမှာ၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားပါတော့ မမှားတော့ဘူးပေါ့"

"ကောင်းပါပြီ ဆရာ"

"ခင်ဗျားကား ယူမလာနဲ့၊ ကားမြင်ပြီး အိုးက လစ်ပြေးသွားလိမ့်မယ်။ တက္ကစီနဲ့ သွားမယ်၊ ကျွန်တော်တို့ မာဖီဝတ်လာမယ်၊ ရှစ်နာရီနော်"

× × ×

"သေချာကြည့် ကိုအောင်ကိုလွင်"

ဒစ္စကို မီးရောင်များက တလက်လက်။ ဂစ်တာသံက မြူးမြူးကြွကြွ။

"ရှာနေတာပဲ ဆရာ"

ဖန်ခွက်သံ၊ ဇွန်းသံ၊ ခရင်းသံများက ဟိုကထွက်လာလိုက်။ သည်ကထွက်လာလိုက်နှင့်။

"မတွေ့ဘူးလား"

ဟိုက်ကော်မရှင်နာငုံ ရင်း အောင်ကိုလွင် ခေါင်းခါပြသည်။ မနေ့က သူ့အိုးကို ဟက်ပီးတိုင်း နိုက်ကလပ်တစ်ခုလုံး ဘယ်မှာမှ မတွေ့။ မနေ့ကတွေ့ခဲ့သောနေရာတွင်လည်းမတွေ့။ မြေလျှိုး မိုးပျံ သွားသလား မသိ။

"ဆံပင်က အရောင်ပြောင်းချင်ပြောင်းထားမှာ၊ အဝတ်အစားလည်းပြောင်းဝတ်မှာပဲ ကိုအောင်ကိုလွင်"

"ဘာတွေဘယ်လို ပြောင်းပြောင်း ကျွန်တော်ကောင်းကောင်း မှတ်မိပါတယ်"

"သိမ်းနှစ်ဆယ်ဖိုး အပျောက်ရိုက်ခံရတာတောင် ခင်ဗျား မမေ့နိုင်သေးဘူးလား"

အောင်ကိုလွင် ခေါင်းမညိတ်၊ ခေါင်းမခါ။ ဟိုက်ကော်မရှင်နာ မော့နေသည်။

"ဒီလိုရှာနေလို့တော့ မိုးသာလင်းသွားမယ်၊ တွေ့မှာ မဟုတ်ဘူး။ ခင်ဗျားလှုပ်ရှားမှ ဖြစ်မယ် ကိုအောင်ကိုလွင်"

"ဘယ်လိုလှုပ်ရှား ရမှာလဲ"

"ကလပ်ထဲက အိုးလေးတွေနားကပ်ပြီး ပန်းချီကားပြ မေးပေါ့၊ ဘာလုပ်ဖို့လဲ မေးရင်စွဲနေလို့ပါ၊ နယ်ကလာတာ၊ ဟိုအပါတ်က ဒီမှာတွေ့တယ်၊ အခုမတွေ့လို့၊ သိပ်တွေ့ချင်လို့ မေးတာပါ၊ ဘာညာသာရကာ ခင်ဗျားရှိုးတတ်ပါတယ်"

"အိုကေ"

မိတ္တူပွားထားသော ပုံယူ၍ အောင်ကိုလွင် စားပွဲမှ ထသည်။ ဒုရဲအုပ်လင်းထွဋ်နိုင်က ဖန်ခွက်ထဲ ဟိုက်ကော်မရှင်နာ ငှဲ့သည်။ ရဲအုပ်မိုးညွန့်လူ နိုက်ကလပ်ထဲ မျက်လုံးကစားသည်။

နိုက်ကလပ်ပျော်မလေး တစ်ဦးနှင့် အောင်ကိုလွင် ပြန်ရောက်လာသည်။ မိတ္တူပွားထားသော ပုံကိုစားပွဲပေါ် ချသည်။

"စွဲတာကတော့ တို့တစ်ယောက်တည်း မဟုတ်ဘူး မြနှင်းဆီ"

"သူတို့ပါ ဖူးငုံကိုစွဲနေတာလား"

"သူ့နာမည်က ဖူးငုံတဲ့လား၊ လှလှသလို နာမည်လေးကလည်း ချစ်စရာလေး၊ သူ မလာသေးဘူးလား"

"ဖူးငုံမလာလည်း ဘာဖြစ်လဲ၊ ဒီမှာ မြနှင်းဆီရှိတာပဲ၊ ဖူးငုံနဲ့ မြနှင်းဆီ ဘာမှမကွာပါဘူး၊ အတူတူပါပဲ၊ ယူကလဲ"

အောင်ကိုလွင့်ကို မြနှင်းဆီ

"ခင်ဗျား အိုးလေးက မြေရာလည်းပျောက် ရေလည်းနောက် သွားတော့ ရန်ကုန်တိုင်းအတွင်းက ရဲစခန်းတွေ အားလုံးကို မြန့်ရှာမှပေ့ါ၊ ဓိတယ်တွေ၊ နိုက်ကလပ်တွေမှာ ရှာရမှာပေ့ါ"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စောင်းတိုက်သည်။ မြနှင်းဆီခါးကို အောင်ကိုလွင် အလိုက်သင့် ဖက်လိုက်သည်။

"တို့အတွက်ကတော့ မြနှင်းဆီနဲ့ အိုကေပါတယ်။ ဒီဘော်ဒါနှစ်ယောက်အတွက်က ဖူးငုံရှိမှ ဖြစ်မှာပေါ့။ သူများ အကျိုးဆောင်တာ ကုသိုလ်ရပါတယ် မြနှင်းဆီရဲ့။ ဖူးငုံ ဘယ်မှာနေလဲ ပြောပါ"

ဘောင်းဘီအိတ်ထဲမှ ငါးထောင်တန်ဆယ်ရွက်ထုတ်ပြီး မြနှင်းဆီရေ့ အောင်ကိုလွင် ချပေးလိုက်သည်။ မြနှင်းဆီ မျက်နက်ဝန်းများ တလက်လက် တောက်ပလာသည်။

"ဒါတွေက ဘာအတွက်လဲယူ"

"တို့ဘော်ဒါတွေအတွက် အကျိုးဆောင်ခ"

"ယူ ကရော"

"တို့အတွက်က မြနှင်းဆီရှိတယ်လေ"

"အိုကေ၊ ဖူးငုံနေတာက ချိုင်းရေအိုးစင်ရပ်ကွက်၊ ... လမ်း၊ တိုက်အမှတ် ...၊ စတုတ္ထထပ် ဘယ်ဘက်အခန်းပဲ"

"ကျေးဇူးပဲ မြနှင်းဆီ၊ ကျွန်တော်တို့သွားမယ်"

"သွား ... သွား၊ မြန်မြန်သွားလေ ကောင်းလေပဲ"

"တစ်ခါတည်းလိုက်ခဲ့မယ်"

"ဟေး ... ယူ မြနှင်းဆီနဲ့ ပျော်မယ်ဆို။ ဘဲရီး ဟဲပီး"

"တူမောရိုးနိုက် ပျော်မယ် မြနှင်းဆီ။ ခု ကိစ္စလေးရှိလို့။ ဥတ်နိုက်"

"မပျော်ချင်သွားပေါ့။ ဖူးငုံက ဘာထူးလို့လဲ ...၊ ဟွန်း"

ရဲအုပ်မျိုးညွန့်လူတို့နောက် အောင်ကိုလွင် ပြေးလိုက်ခဲ့သည်။ ဂစ်တာသံ၊ ဒရမ်သံများနောက်တွင် ကျန်ရစ်သည်။

× × ×

"ဒေါက်...ဒေါက်ဒေါက်"

ချိုင်းရေအိုးစင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးလှမြင့်ဦး တံခါးခေါက်သည်။ အခန်းရှေ့မှ မီးလင်းလာသည်။

"ဧည့်စာရင်း စစ်မလို့လား။ ကျွန်မအခန်းမှာ ဧည့်သည်မရှိပါဘူး"

တံခါးဖွင့်ပြီး အမျိုးသမီးမျက်နှာပေါ်လာသည်။ အောင်ကိုလွင် ရှေ့တိုးလာသည်။

"သူပဲ...သူပဲ"

"ဟင် ... ရှင် ရှင်"

"ဟုတ်တယ် ... ငါပဲ"

ဖူးငုံကို ဒုရဲအုပ်လင်းထွဋ်နိုင် လက်ထိပ်ခတ်သည်။ ရဲအုပ် မျိုးညွန့်လူက အိမ်ခန်းတွင် ရှာဖွေသည်။

"ခင်ဗျားဖုန်းလား"

တီဗီပေါ်မှ လက်ကိုင်ဖုန်းတစ်လုံး ရှာတွေ့သည်။ အောင်ကိုလွင် ယူကြည့်သည်။

"ကျွန်တော့်ဖုန်း ဆရာ"

"ကျေးဇူးပဲ ဥက္ကဋ္ဌ"

ဖူးငုံကို အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးခေါ်လာသည်။ လက်ကိုင်ဖုန်းဖြင့် လက်ပူးလက်ကြပ် ဖမ်းဆီးမိသောကြောင့် ဖူးငုံ မငြင်းနိုင်။

"လက်စွပ်ရော"

"ရောင်းလိုက်ပြီ"

"ဘယ်မှာ ရောင်းတာလဲ"

"ကျော်နိုင်ဆီမှာ"

"ပိုက်ဆံကရော"

"ကျင်ရှုံးသွားတယ်"

စိန် ၁၁ ပွင့်၊ မြတစ်ပွင့်ပါ ရွှေရည် ၁၂ ပဲ၊ အလေးချိန် ၆ပဲသားခန့်ရှိ မိုးကုတ်ပုံလက်စွပ်ကို ရွှေဘုံသာလမ်း ရွှေနဝလီဝယ်သူ ကျော်နိုင်ထံမှ ပြန်လည်သိမ်းဆည်းရရှိသည်။ ဖူးငုံကို ဗဟန်းရဲစခန်း လွှဲပြောင်းပေးအပ်လိုက်သည်။

**အောင်ဘုန်းဆိ**

www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်ဒေါက်-ဘယ်
# ခေါက်တာလဲဗျား

## သျှစ်ရဲထွန်း




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုကို တီးခေါက်တဲ့အခါ မြည်တဲ့အသံ (ဥပမာ တံခါးခေါက်သံ) ကို အစွဲပြု၍ ရေးတဲ့အခါ 'ဒေါက်.. ဒေါက်... ဒေါက်' လို့ ရေးကြပါတယ်။ တီးခေါက်ခြင်းသည် အသိပေးနိုးဆော်ခြင်းပင်ဖြစ်သည်။ တီးခေါက်ခြင်းနှင့်ပတ်သက်လို့ မြန်မာလူမျိုးတို့မှာ အယူအစွဲအမျိုးမျိုး ရှိကြပါတယ်။ တချို့က ကောင်းခြင်း၊ ပျော်ရွှင်ခြင်းအတွက်သော်လည်းကောင်း၊ မိမိ၏ ကုသိုလ်ကောင်းမှုကို သတ္တဝါအပေါင်းနှင့် ရည်စူးသူတို့အား ကြားသိစေလို၍လည်းကောင်း တီးခေါက်ကြသည်။

ဥပမာ - ခေါင်းလောင်း၊ ကြေးစည်တီးတာဟာ ကြားသိစေလို၍ဖြစ်ပြီး၊ ဆိုင်းတီးတာဟာ ပျော်ပွဲရွှင်ပွဲအတွက်ဖြစ်သည်။ ဘုန်းကြီးကျောင်းမှ တုံးခေါက်ခြင်းသည်အိပ်ယာမှ ထကြဖို့၊ ကုသိုလ်ကောင်းမှုပြုကြဖို့၊ ဝိပဿနာ၊ သမထတရားများ အားထုတ်ကြဖို့ နိုးဆော်ခြင်း ဖြစ်ပါသည်။

ဈေးသည်တွေက မိုးဆွေဦး ပေါက်ရောင်းရတဲ့ငွေကို ဈေးတောင်းနဲ့ ရောင်းကုန်တွေကို ခေါက်တာ၊ ရောင်းမကောင်းတဲ့ အခါဈေးတောင်းကိုလက်နဲ့ ဒေါက် ဒေါက် ခေါက် တာတွေ ဟာ ဈေးခေါ်ခြင်းပင်ဖြစ်သည်။

တီးခေါက်ခြင်းနဲ့ ပတ်သက်လို့ ကောင်းတာတွေလည်း ရှိသလို မကောင်းခြင်း အကျိုးမဲ့ခြင်းဆိုတဲ့ ယုံကြည်ချက်တွေလည်း ရှိကြပါတယ်။

ဥပမာ- ရဲစခန်း၊ ဆေးရုံတွေမှာစားပွဲခုံ၊ ခုတင်တွေကို ခေါက်ရင်ခက်ခဲပြီး အလုပ်ရှုပ်စေတဲ့ အမှုကြီးများရောက်လာတတ်တယ်၊ အရေးကြီးလူနာများ ရောက်လာတတ်တယ်ဆိုတဲ့ ယုံကြည်မှုနဲ့ ထိုဌာနများမှတာဝန်ရှိသူတွေ ကိုယ်တိုင်ကလက်ခံယုံကြည်ကာ တားမြစ်လေ့ရှိသည်။

ထိုသို့ရွဲလမ်းမှု အယူအဆတွေကိုအချို့က မယုံကြည်ကြ၊ တစ်စုံတစ်ခုဖြစ်ခဲ့ရင်လည်းတိုက်ဆိုင်မှုဟုဆင်ခြေပေးကြသည်။ တားမြစ်သူကိုပင် အပြစ်မြင်ကြသည်။ အထူးသဖြင့် ခေတ်ပညာတတ်များ၊ လူငယ်များက လက်တွေ့စမ်းသပ်ကြည့်ချင်ကြသည်။

တီးခေါက်ခြင်းသည် ကောင်းကျိုးအတွက်လည်းဖြစ်သလို၊ ဆိုးကျိုးကိုလည်း ဖြစ်စေပါသည်။

ကြေးစည်တီးခြင်း၊ ခေါင်းလောင်းတီး (ထိုး) ခြင်း၊ တုံးခေါက်ခြင်းတို့သည် ကောင်း

**ရဲစခန်း၊ဆေးရုံတွေမှာ စားပွဲခုံ၊ ခုတင်တွေကို ခေါက်ရင်ခက်ခဲပြီးအလုပ်ရှုပ်စေတဲ့အမှုကြီးများရောက်လာတတ်တယ်၊ အရေးကြီးလူနာများ ရောက်လာတတ်တယ်။**

www.burmeseclassic.com

www.burmeseclassic.com



ကျိုးအတွက်ဖြစ်သည်။ ရဲစခန်းနှင့် ဆေးရုံများမှာ စားပွဲ၊ ခုတင်တွေကို တီးခေါက်ခြင်းဟာ မကောင်းကျိုး ရလာဒ်များတဲ့အတွက် တားမြစ်ကြခြင်းသာ။

ပဲပြုတ်သည်ကမိမိရဲ့ ဈေးတောင်းကို ခေါက်ခြင်းသည်မည်သူ့ကိုမျှ မထိခိုက်နိုင်။ သူ့အတွက်လည်းအကျိုးမယုတ်။ မီးကင်းသံချောင်းကို အကြောင်းမဲ့ ခေါက်ခြင်းသည် မလိုလားအပ်သော ပြဿနာများဖြစ်တတ်သောကြောင့် အကျိုးမဲ့ဟု ခေါ်နိုင်ပါတယ်။

ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ၊ မတီးခေါက်အပ်သော နေရာဌာနတွေမှာ လက်တွေ့စမ်းသပ်ခြင်းဖြင့် တစ်စုံတရာ အကျိုးမရနိုင်၊ ဆိုးကျိုးသာဖြစ်လိမ့်မည်။ စာရေးသူ ကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ ကိုယ်တွေ့အချို့ကို တင်ပြခြင်းဖြင့် စာဖတ်သူတို့အတွက် အကျိုးရှိသည်၊ မရှိသည်ကို ဆင်ခြင်နိုင်ပါလိမ့်မည်။

× × ×

စာရေးသူ လှုငယ်ဘဝက ရွာမှာတိုက်နယ်ဆေးရုံကို စတင်ဖွင့်လှစ်ပါတယ်။ တောင်စွန်းတိုက်နယ် ဆေးရုံမှာ ပထမဦးဆုံး [illegible]တဲ့ ဆရာဝန်ကတော့ မော်လမြိုင်က ဒေါက်တာထိန်ဝင်းပါ။ ဒေါက်တာထိန်ဝင်းဟာ သဘောကောင်းသည့် ဆရာဝန်ဖြစ်တဲ့အတွက် ငွေကြေးကို အဓိကမထား၊ ကိုယ်ကျိုးမကြည့်ဘဲ ကျေးရွာလူထုကျန်းမာရေးကို ကူညီစောင့်ရှောက်တဲ့အပြင် ကျေးရွာဖွံ့ဖြိုးရေး ကိစ္စများမှာလည်း ရွာခံတွေနဲ့ ပူးပေါင်းပြီး တက်ကြွစွာပါဝင်ဆောင်ရွက်တဲ့အတွက် တစ်ရွာလုံးရဲ့ ချစ်ခင်လေးစားမှုကို ခံရသူလည်း ဖြစ်ပါတယ်။



ရွာအပေါ် သံယောဇဉ်တွယ်မှ ဒေါက်တာထိန်ဝင်း မော်လမြိုင်ဆေးရုံကြီးကို ရာထူးတစ်ဆင့်တိုးနှင့် ပြောင်းရမည်။ နောက်နေ့ သူ့ကိုဂုဏ်ပြုနှုတ်ဆက်တဲ့ အခမ်းအနားလုပ်ကြမှာဖြစ်လို့ ထိုညကဒေါက်တာထိန်ဝင်း၊ ကျေးရွာဥက္ကဋ္ဌဦးမြင့်ဝင်း၊ အတွင်းရေးမှူးဦးထွန်းမြင့်တို့နဲ့အတူ စာရေးသူ အပါအဝင် သူငယ်ချင်းညီမြေး (ယခုရုပ်လက်ဖက်နှင့် အကြော်စုံ သိမ်ကြီးဈေး)၊ မင်းယုတို့ဟာ ဆေးရုံပြင်ပလူနာဆောင်မှာ အခမ်းအနားပြင်ဆင်ဖို့ စီစဉ်ကြပါတယ်။

မင်းယုက လူငယ်ဘင်ခရာအဖွဲ့ရဲ့ နည်းပြဖြစ်တဲ့အတွက် အားအားရှိ ခုံကိုခေါက်တဲ့ အကျင့်ရှိတယ်။ သူ့ခေါက်ဆွဲဆိုင်မှာ ဝက်သားစင်းတဲ့အခါ ဓားနှစ်လက်ကို ဒရမ်တီးသလိုတီးပြီး ဝက်သားစင်းတတ်တဲ့အတွက် ဆေးရုံစားပွဲကို လက်နဲ့ ဒရမ်တီးသလိုတီးပြီး ညီမြေးက ဘေးကနေပြီး စစ်ချီတေးတွေဆိုနေကြပါတယ်။

"ဟောကောင်တွေ မတီးကြနဲ့၊ အာ… ဒီကောင်တွေ ငါ့ကို ပြောင်းကာနီးတောင် ဒုက္ခပေးကြမယ်နဲ့တူတယ်"

ဒေါက်တာထိန်ဝင်းက

www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား တားလိုက်တဲ့အတွက် အတီးရောအဆိုပါ ရပ်သွားသည်။

""ဟာ ဘာဖြစ်လို့လဲ ဆရာ တိုးတိုးလေးပါ"" ဟု ညီဌေးက အထွန့်တတ်သည်။

""တိုးတိုးဖြစ်ဖြစ်၊ ကျယ်ကျယ်ဖြစ်ဖြစ်၊ ဆေးရုံမှာ ခုံမခေါက်ရဘူးကွ ငနာလေးရ၊ အဲဒီလိုခေါက်ရင် အရေးတကြီး လူနာရောက်လာတတ်တယ်။ ငါတို့မှာ ပြဿနာရှုပ်ရော။ ညီဌေး မင်းပါးစပ်အားရင် ဒီမှာလက်ဖက်စား၊ ဟိုကောင် မင်းယုက လက်အားရင် … ရာယ် … ငါလေ""

""ဟီး…ဟီး ဆရာကလည်း မတီးတော့ပါဘူး""

နှစ်ဦးသား လူကြီးတွေ စကားဝိုင်းထဲ ဝင်ထိုင်ပြီး လက်ဖက်သုတ် ဝှင်စားနေတုန်း မိနစ်အနည်းငယ်အကြာမှာ ရဲစခန်းမှ ဒုရဲအုပ်ကျော်မြင့်နဲ့ တပ်ကြပ်ကျော်ဒွန်းတို့ ရောက်လာကြတယ်။

""လာ…ကိုကျော်မြင့် ဘာကိစ္စလဲဗျ"" ဟု ဒေါက်တာထိန်ဝင်းက မေးလိုက်သည်။

""လူစုံတာနဲ့ အတော်ပဲဗျာ။ နဝဒေးရပ်ကွက်မှာ ယောက်ျားမကို သားမက်က လုံနဲ့ထိုးလို့တဲ့ဗျာ။ အဘိုးကြီး ပွဲချင်းပြီး သေ

> ""တပ်သားဝင်းမောင် သမီးလေး၊ သူ့အဖေနဲ့အတူ စခန်းရုံးခန်းထဲလိုက်လာပြီး အငြိမ်မနေတဲ့ ဂျပတံနဲ့စားပွဲတွေကို လိုက်ခေါက်နေလို့ အော်ရသေးတယ်၊ မကြာပါဘူး စခန်းကိုတိုင်ချက်လာဖွင့်ကြတော့တာပဲ""

သွားတယ်။ ဒီမှာ ဆရာရော ဥက္ကဋ္ဌကြီးရော အတွင်းရေးမှူးပါ ရှိတယ်ဆိုလို့ လိုက်လာတာ။ အလောင်းကို စစ်ဆေးဖို့ ခဏလောက် လိုက်ကြည့်ပေးကြပါဦး""

""အမှုကလည်း အချိန်မတော် ညကြီး မင်းကြီးမှ ဖြစ်ရတယ်ဗျာ""

""အဲဒါကို ပြောတာပေါ့ ဆရာ။ ကျွန်တော်လည်း အေးအေးဆေးဆေးစခန်းမှာ ရေဒီယိုနားထောင်နေတုန်း တပ်သားဝင်းမောင် သမီးလေး၊ သူ့အဖေနဲ့အတူ စခန်းရုံးခန်းထဲ လိုက်လာပြီး အငြိမ်မနေဘဲ ပေတံနဲ့စားပွဲတွေကိုလိုက်ခေါက်နေလို့ အော်ရသေးတယ်၊ မကြာပါဘူး စခန်းကိုတိုင်ချက်လာဖွင့်ကြတော့တာပဲ""

""ဒီမှာလည်း ဟိုငနှာနှစ်ကောင် စားပွဲကိုခေါက်နေလို့ ခုပဲပြောနေတုန်း ခင်ဗျားရောက်လာတာပဲ။ ကိုင်း … သွားကြစို့၊ ညီဌေးနဲ့ မင်းယုကိုပါလိုအပ်ရင် အလောင်းကို ဝိုင်းမပေးဖို့ ခေါ်သွားရင်မကောင်းဘူးလား""

ဒေါက်တာထိန်ဝင်းက အတည်ပေါက်နဲ့ ပြောလိုက်သောကြောင့်-

""ဟာ…မလိုက်ရဲဘူး ဆရာ၊ ကျွန်တော်တို့ ဒီမှာ နဖူးစီးစာလုံးကပ် ပေးရဦးမယ်"" ဟု ဆိုကာ အကြောက်အကန် ငြင်းဆန်နေတာကြောင့် အားလုံးပွဲကျကာ ရယ်မောလိုက်ကြလေသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ်က တောင်ဗွန်းတိုက်နယ် ဆေးရုံမှာပင် ဖြစ်သည်။ ဒေါက်တာဝင်းနိုင် ဆေးရုံမှာ တာဝန်ကျကာစက (စာရေးသူ၏ဇနီး သားအငယ်ဆုံး ဖိုးသားကို မွေးဖွားစဉ်က) ဖြစ်ပါသည်။ တစ်နေ့ … စာရေးသူသည် သားအကြီး ရန်နောင်စိုးကို လက်ဆွဲကာ ဆေးရုံသို့ လာခဲ့သည်။ ဆေးရုံတွင် လူနာသိပ်မရှိသည့်အတွက် ရှင်းနေသည်။ စာရေးသူ ဇနီးနှင့် စကားပြောနေစဉ် အလွန်လက်ဆော့တတ်သူ သားကြီးသည် ခုတင်တွေကို တုတ်တစ်ချောင်းနှင့် လိုက်ခေါက်နေသဖြင့် -

"သားကြီး၊ အဲဒီလို မလုပ်ရဘူးကွ၊ ခုတင်တွေ စားပွဲတွေတီးရင် အရေးကြီး လူနာရောက်လာတတ်တယ်။ မင်းကို ဆရာဝန်က ရိုက်လိမ့်မယ်" ဟု ဆိုကာ ဆွဲခေါ်ခဲ့သည်။


ညကိုးနာရီ ထိုးပြီဖြစ်၍ ဆပြွန်ဟန်ပြင်စဉ် ဆေးရုံရှေ့ ဂွန်ဒေါင်းတစ်စီး ဆိုက်လာကာ သွေးသံရဲရဲနှင့် လူနာတစ်ဦးကို ခက်စောင်ဖြင့် ဆေးရုံပေါ် ထမ်းလာသည်။ ဆရာဝန်နှင့် သူနာပြုဆရာများ အလုပ်ရှုပ်ကုန်သည်။ ကြာမီ ရဲများရောက်လာကာ စစ်ဆေးကြသည်။ မေးကြည့်တော့ လူနာသည် ဝင်းအရှာက ဖြစ်ပြီး အချင်းချင်း အရက်မူး၍ စကားများရာက ဓားထိုးခံရခြင်း ဖြစ်သည်။ နောက်တစ်နေ့တွင် ထိုလူနာသေဆုံးသွားသည်။ သားကြီးကို စာရေးသူက

"မင်းလက်ဆော့ပြီး တီးလို့ မစည်ကားသင့်တဲ့ နေရာ စည်ကားရတာနောက်မလုပ်နဲ့" ဟု ဆုံးမခဲ့ပါတယ်။

× × ×

စာရေးသူ ရန်ကုန်ကို ရောက်တိုင်း ဌေးဝင်းက သူ့ကားနဲ့ လိုက်ပို့စမြဲ။ ကားခရယ်လို့ သတ်သတ်မှတ်မှတ် မပေးရပေမယ့် ဆီတော့ထည့်ပေးရသည်။ ဆီထည့်ပေးရတာ ကားအတွက် မဟုတ် သူ့ကိုသာ ဖြစ်သည်။

ဌေးဝင်းအဖေက အရာရှိကြီးတစ်ဦး၊ သူ့အဖေ ဝယ်ထားသော ကားနဲ့တက္ကစီဆွဲစားနေသူ။ ရတဲ့ပိုက်ဆံအိမ်ကို တစ်ပြားမှ အပ်တာမဟုတ်။ ပိုက်ဆံရဖို့ထက် သူငယ်ချင်းတွေနဲ့ ဟေးလားဝါးလား ပျော်ပါးအရက်သောက်ဖို့က အဓိက။ လက်ထဲ အရက်ဖိုးရှိနေရင် တက္ကစီမလိုက်တော့ဘဲ အရက်ဆိုင်ရှေ့မှာကားကို ထိုးကာ၊ နေကုန်အောင်သောက်သည်။ သူ့ကားကိုအလကားစီးရပေမယ့် စာရေးသူ မစီးရဲလို့ ငြင်းဆန်မြဲ။ သူက ကားမောင်းကြမ်း၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**လမ်းဘေးရှိ ခုတင်တစ်လုံးပေါ်တွင် အခေါင်းတိုတင်ထားပြီး ခေါင်းရင်းဘက်ရှိ ဇလုံတစ်လုံးထဲတွင် အုန်းငှက်ပျောတစ်ပွဲ တင်ထားကာ မီးသီးတစ်လုံး ထွန်းညှိထားသည်။**

တစ်နေ့ စာရေးသူရဲ့ အစ်ကို ကိုတင့်ဝေနှင့်အတူ ခွေ့သည်တစ်ဦးတို့ ဒွေးဝင်း၏ ကားနှင့် စာရေးသူအိမ်ကို ရောက်လာသည်။ တစ်ညအိပ်ပြီး မနက်ဖြန် ပြန်ကြမည်ဟုဆိုသည်။ လမ်းမှာကတည်းက သောက်စားထားကြပြီးဖြစ်ပေမယ့် ဒွေးဝင်းရေချိန်ကိုက်သေးဟန် မတူ၊ ဂျီကျနေတဲ့အတွက် အိမ်နဲ့မနီးမဝေးမှာရှိတဲ့ စားသောက်ဆိုင်ကို လိုက်ပို့ပေးခဲ့ရပါတယ်။ အချိန်က ညကိုးနာရီခန့် ရှိပေပြီ။

"ကားတော့ဒီမှာထားခဲ့ရှာ လမ်းတွေကျဉ်းတယ် မင်းမောင်းဖို့ မလွယ်ဘူး"

"ရပါတယ် အစ်ကိုရာ မယုံဘူးလား၊ ဒွေးဝင်းက ရန်ကုန်မှာ မောင်းနေတဲ့ကောင်ပါ။ အစ်ကိုလည်း စီးဖူးသားနဲ့၊ဒီလမ်းလောက်တော့ အေးဆေးပါ"

"စီးဖူးလို့ ပြောရတာပေါ့ ဟကောင့်ရ၊ ကဲပါကွာ ဆိုင်က သိပ်မဝေးပါဘူး။ စကားပြောရင်း လမ်းလျှောက်ကြတာပေါ့။ မင်းမပြန်နိုင်ရင် ငါထမ်းခေါ်ပါ့မယ်ကွာ"

သို့နှင့် စားသောက်ဆိုင်သို့ ကုန်းကြောင်းချီတက်ခဲ့ကြသည်။ ပြန်လာတော့ ညဉ့်ဆယ်တစ်နာရီကျော်ပြီ၊ အားလုံး အိန္ဒြေမပျက် လျှောက်နိုင်ကြပေမယ့် ရေချိန်လွန်နေပြီဖြစ်တဲ့ ဒွေးဝင်းကတော့ ယိုင်တီယိုင်တိုင်နဲ့ လမ်းလုံးပြည့်လျှောက်ရင်း နောက်မှာကျန် ကျန်ခဲ့တဲ့အတွက် သူ့ကိုစောင့်ခေါ်ရသည်။

"ဟေ့ကောင် ဒွေးဝင်း မြန်မြန်လာစမ်းပါကွ၊ ငါထမ်းခေါ်ရမလား"

"ဟား ရပါတယ်၊ သိက္ခာကျတယ်"

အရက်သမားပီပီ ကိုယ့်ဟာကိုယ်သာ မသယ်နိုင်တာ၊ အများအမြင် သိက္ခာကျမှာတော့ အကြောက်သား။ စကားတပြောပြောနဲ့ သူ့ကိုစောင့်ရင်း လျှောက်လာလိုက်တာ၊ လမ်းမှာ အသုဘအိမ်တစ်အိမ်ကို တွေ့သည်။ အိမ်ထဲမှာ အသုဘအစောင့် တချို့သာ ဖဲကစားနေကြသည်။ အိမ်ခြံဝင်းအပြင်ဘက်လမ်းဘေးရှိ ခုတင်တစ်လုံးပေါ်တွင် အခေါင်းကို တင်ထားပြီး ခေါင်းရင်းဘက်ရှိ ဇလုံတစ်လုံးထဲတွင် အုန်းငှက်ပျောတစ်ပွဲ တင်ထားကာ မီးသီးတစ်လုံး ထွန်းညှိထားသည်။

အခေါင်းပေါ်မှာ အမျိုးသမီးအင်္ကျီတစ်ထည်နှင့် ထဘီတစ်ထည် တင်ထားသည်။ ခေါင်းဘေးတွင် သေဆုံးသူ၏ အမည်နှင့် အသက်ကို ရေးထားသည့်အတွက် ဖတ်ကြည့်လိုက်မိသည်။

"မဒွေးဝင်း အသက် (၂၇) နှစ်"တဲ့။

"ဟေ့ကောင် ဒွေးဝင်း ဒီမှာ မင်းတို့အမွှာညီမ မြန်မြန်လာပြီး ကန်တော့လိုက်" ဟု ကိုတင့်ဝေက နောက်လိုက်သည်

www.burmeseclassic.com



အတွက် ဋ္ဌေးဝင်းသည် ခေါင်းနားကို တိုးသွားကာ စာကိုဖတ်ကြည့်ပြီး -

"ဟဲ့…မဋ္ဌေးဝင်း၊ နင်လည်း ဋ္ဌေးဝင်း၊ ငါလည်းဋ္ဌေးဝင်း အသက်လည်း အတူတူပဲ။ ဟဲဟဲ … နာမည်ချင်းထပ်တော့ မြတ်ကယ်တဲ့။ နင်ငါ့ကို ကြိုက်ရင် မနက်ဖြန် ငါနောက်လိုက်ခဲ့" ဟု နောက်ပြောင် ပြောဆိုကာ အခေါင်းကို ခေါက် … ခေါက် … ခေါက်" ဟု အသံမြည်အောင် လက်နှင့်ခေါက်လိုက်သည်။ သူ၏ အပြုအမူမှာ မရှေ့ာ်လင့်ထားသည့် ခိုးကျိုးများကို လက်ယပ်ခေါ်နေတာနဲ့ တူတဲ့အတွက် စာရေးသူ စိုးရိမ်တကြီးဖြစ်ကာ-

"မင်းကွာ … မဟုတ်ကဟုတ်ကတွေ လျှောက်လုပ်နေပြန်ပြီ။ မင်းတော့ ဒုက္ခတွေ့တော့မှာပဲ" ဟုဆိုကာ သူ့ကိုဆွဲခေါ် လာခဲ့သည်။

"အို … လိုက်လာတော့လည်း ခေါ်သွားတာပေါ့။ မဋ္ဌေးဝင်းရေ ငါနောက်လိုက်ခဲ့ပေါ့"

"ဟာ ဒီကောင် အသုဘရှင်တွေကြားရင် မပြုံးပေါက်မှား ဦးတော့မှာပဲ"

ပြောလေကဲလေ မန်းလေ



ပြဲလေဖြစ်နေတဲ့ ဋ္ဌေးဝင်းရဲ့ ပါးစပ်ကို အတင်းပိတ်ကာ ဆွဲခေါ်ခဲ့သည်။ ဋ္ဌေးဝင်းကတော့ အိမ်ပြန်ရောက်တဲ့အထိ မဋ္ဌေးဝင်းကို တသသ ခေါ်နေတုန်း။

× × ×

မနက်မိုးလင်းတော့ စာရေးသူတို့ လက်ဖက်ရည်သောက်ကြတဲ့အချိန်မှာ ဋ္ဌေးဝင်းကတော့ အရက်နဲ့မျက်နှာသစ်လို့ ပြီးသွားပါပြီ။ စားသောက်ပြီး နှုတ်ဆက်ကာ သူတို့ ပြန်သွားကြသည်။ နေ့လည် တစ်နာရီလောက် ကျိုက်ဖုံနဲ့မုပွလင် ကားလမ်းမှာ သူတို့ကားမှောက်တဲ့သတင်းကို ကြားလိုက်ရသောကြောင့် ကျိုက်ထိုဆေးရုံကို လိုက်သွားခဲ့ရသည်။ ဆေးရုံရောက်တော့ ခုတင်ပေါ်မှာ ကိုတင့်ဝေ ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရသည်။ ပွန်းပဲ့ဒဏ်ရာလောက်သာ ဖြစ်၍ စိတ်တဲအေးသွားရပေမယ့် ကျန်တဲ့ နှစ်ယောက်ကို မတွေ့ရတဲ့အတွက် "ဟိုနှစ်ယောက်ကရော ဘယ်မှာလဲ" ဟု သိလိုဇောနဲ့ မေးလိုက်သည်။

"ဋ္ဌေးသည်က ဘာမှ မဖြစ်ပါဘူး။ ဒဏ်ရာတွေကို ဆေးထည့်ပေးနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ဌေးဝင်းရော"

"ဌေးဝင်းကတော့ နေရာမှာတင် ပွဲချင်းပြီး ဆုံးသွားတယ်"

"ဘယ်လိုဖြစ်တာလဲ"

ကျိုက်ထိုရောက်တော့ ဌေးဝင်းက ကားကိုစားသောက်ဆိုင်ရှေ့မှာ ထိုးရပ်လိုက်ပြီး ဆင်းသောက်သည်။ ပြန်ထွက်တော့ အတော်မှူးနေပြီ။ ကားကို အရှိန်ပြင်းစွာ မောင်းသည့်အတွက် အရှိန်လျှော့မောင်းရန် တားသော်လည်းမရဘဲ ရှေ့ကကားတွေကို လိုက်ကျော်တက်သည်။ ဌေးဝင်းသည် ဘီလူးသရဲစီးနေသည့်အလား ကားကို အရှိန်ပြင်းစွာမောင်းရင်း ရှေ့က ကုန်တင်ကားကြီးတစ်စီးကို ကျော်တက်ရန် လမ်းတောင်းသည်။ ရှေ့ကားကလည်း လမ်းမရှင်းသေးဘဲ့ အကြောင်း အချက်ပြသည်ကို ဌေးဝင်းက ဘေးမှယန်းပြီး ကျော်တက်စဉ် ရှေ့မှလာသော ဆယ်ဘီးကားကြီးတစ်စီးနှင့် မျက်နှာချင်းဆိုင်မိတဲ့အတွက် ကားကိုလွတ်အောင်လမ်းဘေးသို့ ထိုးချလိုက်ရသည်။

ကားလေးသည် အရှိန်ကို မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျပြီး တိမ်းမှောက်ကာ သုံးလေးပတ်မျှ လိမ့်သွားသည်။ ဌေးဝင်းမှာကားနှင့် ပိသောကြောင့် ဦးခေါင်းပြား၍ နေရာတင်ပင် ပွဲချင်းပြီး သေဆုံးသွားရရှာလေသည်။

ဌေးဝင်းသည် ညက မဌေးဝင်း၏အခေါင်းကို မူးမူးနှင့် တဒေါက်ဒေါက်ခေါက်ပြီး ခေါ်ခဲ့သည်။ သူရဲ့လုပ်ရပ်ဟာ မမြင်အပ်သည့် ပရလောကကို မထေမဲ့မြင်ပြုကာစိန်ခေါ်ခြင်းသာ ဖြစ်သည်။ ရှေးလူကြီးတွေက ၎င်းတို့၏ အတွေ့အကြုံအရ ဤနေရာတွင် ဤသို့မလုပ်သင့်ဟု တားမြစ်ထားခြင်းသည် တစ်ချိန်က အကြောင်းရှိခဲ့၍ ဖြစ်သည်။ နှောင်းလူတွေ အကျိုးမမဲ့ရအောင် တားမြစ်ထားခြင်းသာဖြစ်သည်။ အကြောင်းမဲ့ ချုပ်ချယ်လို၍တော့ မဖြစ်နိုင်။

ထိုညက ဌေးဝင်း၏ လက်လွတ်စပယ်ပြုလုပ်မှုသည် သူ့အတွက် အကျိုးမဲ့ခြင်းသာ မဟုတ် အသက်ကိုပါ အလျော်အစား ပေးခဲ့ရသည်။ အကျိုးမဲ့လုပ်ရပ်ကို မယုံကြည်၍ လက်တွေ့စမ်းသပ်သော သူသည် လူမိုက်သာလျှင်တည်း။




သျှင်ရဲထွဋ်(တောင်ငူနှမ်း)

www.burmeseclassic.com

www.burmeseclassic.com

# စိတ်စွမ်းအင် ဆရာတာဦးနှင့် တွေ့ဆုံခြင်း

ဒေါက်တာအုန်းမောင်



www.burmeseclassic.com

www.burmeseclassic.com



(၁)

ဖြစ်ရပ်မှန်စာပေတိုက်တွင် … စာရေးဆရာများ၊ ပန်းချီဆရာများနှင့် စည်ကားလျက်ရှိသည်။ ကျွန်တော်သည် မြို့ထဲသို့ ရုပ်ရှင်ကြည့်ရန်ဖြစ်စေ၊အပျင်းဖြေ လည်ပတ်ရန်ဖြစ်စေ ရောက်ရှိသည့်အခါတိုင်း ဖြစ်ရပ်မှန်တိုက်သို့ ခဏတစ်ဖြုတ်ဖြစ်ဖြစ် ဝင်ရောက်လည်ပတ်လေ့ရှိပါသည်။ ယနေ့လည်း ဖြစ်ရပ်မှန်တိုက်သို့ရောက်စဉ် အထက်ပါအတိုင်း စာပေမိတ်ဆွေများနှင့် စည်ကားလျက်ရှိကြောင်း တွေ့ရပါသည်။

ကျွန်တော်က စာရေးဆရာကြီး ဦးစေတနာနှင့် စကားလက်ဆုံကျမိပါသည်။ စကားပြောကြရင်း စိတ်စွမ်းအင်များအကြောင်း ဆွေးနွေးကြပါသည်။

"စိတ်စွမ်းအင်တွေဟာလည်း တော်တော်ဆန်းကြယ်တာပဲဗျာ။ ဒီလိုဆန်းကြယ်တယ်ဆိုတာလည်း လိုက်စားမှ သိတာဆရာရဲ့"

ကျွန်တော်က ကျွန်တော့်ယူဆချက်ကို ပြောပါသည်။

"ဟုတ်တာပေါ့။ စိတ်မှာစွမ်းအင်၊ အများကြီးရှိတာပေါ့။ မြန်မာပြည်မှာလည်း စိတ်စွမ်းအင်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်"

ဦးစေတနာက စိတ်အားထက်သန်စွာ ထောက်ခံပါသည်။

"ကျွန်တော် အခု စိတ်စွမ်းအင်တွေအကြောင်း ရေးနေတယ်။ ဆိုဗီယက်နိုင်ငံက စိတ်စွမ်းအင်ရှင်များအကြောင်း သုတေသနပြုထားတာတွေ ကိုးကားထားပါတယ်"

"ကောင်းပါတယ် … ကျွန်တော်တို့မြန်မာပြည်မှာလည်း စိတ်စွမ်းအင်သုတေသနအဖွဲ့တွေ ရှိသင့်ပါတယ်။ ခုထိတော့ မရှိသေးဘူးထင်ပါရဲ့"

"ရှိပါတယ်ဗျာ။ ဝါသနာပါတဲ့လူတွေစုပြီး ဖွဲ့ထားတဲ့ စိတ်စွမ်းအင်လေ့လာရေးအဖွဲ့ဆိုတာ ရှိပါတယ်"

"ဆရာတို့အဖွဲ့က ဘာတွေလုပ်နေသလဲ"

"ကျွန်တော်တို့က စိတ်စွမ်းအင်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေ တွေ့ရင် လေ့လာနေပါတယ်"

"ဒါဖြင့် ဆရာဦးကကြီးနဲ့ တွေ့မလား"

"ဟာ … တွေ့ချင်တာပေါ့။ သူက အကြားအမြင်ရတယ်လို့ နာမည်ကြီးတာပဲ"

ဆရာဦးကကြီးကား စိတ်စွမ်းအင်နှင့်ပတ်သက်၍ နာမည်ကြီးနေသူဖြစ်သည်။ စီဒီချပ်အလွတ်ကို လက်ဖြင့်ပုတ်ရုံဖြင့် အသံသွင်းပြီးဖြစ်ပုံ၊ တစ်ဦးတစ်ယောက် အိတ်ထဲမှ ပစ္စည်းကို အတိအကျပြောနိုင်ပုံ စသည်တို့ကို ကြားဖူးနေသည်။ ဟုတ်၊မဟုတ်လက်တွေ့လေ့လာချင်နေသည်မှာကြာပြီ။ ယခု တိုက်ဆိုင်ကြုံကြိုက်ပြီ။

"ဒါဖြင့် ခုသွားမလား"

"သွားလေ။ ကျွန်တော်အားပါတယ်"

---

**စီဒီချပ်အလွတ်ကို လက်ဖြင့်ပုတ်ရုံဖြင့် အသံသွင်းပြီးဖြစ်ပုံ၊ တစ်ဦးတစ်ယောက် အိတ်ထဲမှ ပစ္စည်းကို အတိအကျ ပြောနိုင်ပုံ စသည်တို့ကို ကြားဖူးနေသည်။**

---

www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်တော်နှင့် ဦးစေတနာတို့ အကြားအမြင်ဆရာ ဦးကကြီးရှိရာ အင်းစိန်သို့ သွားကြသည်။ လမ်းတွင် ဦးစေတနာကို ထိုအကြားအမြင်ဆရာနှင့် တွေ့ဖူးသလားဟု မေးကြည့်ရာ တွေ့ဖူးကြောင်း၊ ယခုအခါ နာမည်ပြောင်းထားကြောင်း။ ယခု ဆရာနေသည့် အိမ်မှာလည်း သူနှင့် ရင်းနှီးသော မိတ်ဆွေတစ်ဦး၏ အိမ်ဖြစ်ကြောင်း ပြောပြရာ အကြားအမြင်ဆရာ ဦးကကြီးနှင့် အမှန်တကယ် တွေ့ရတော့မည်ဖြစ်၍ ကျွန်တော့်မှာ ဝမ်းသာနေပါ၏။

အင်းစိန်သို့ ရောက်သောအခါ ဆရာတည်းခိုရာ အိမ်သို့ မသွားရသေးဘဲ ဦးစေတနာက အခြားမိတ်ဆွေတစ်ဦးအိမ်သို့ အရင် ခေါ်သွားပါသည်။ အိမ်ရှင်များနှင့် မိတ်ဆက်ပေးပြီးနောက်-

"ကျွန်တော်တို့လာတဲ့ ကိစ္စကတော့ ဆရာဦးကကြီးနဲ့ တွေ့ချင်လို့။ ဟောဒီဆရာက လေ့လာချင်လို့ပါ။ ဒါပေမဲ့ ပညာပြိုင်ဖို့ ပညာစမ်းဖို့တော့ မဟုတ်ပါဘူး"

အိမ်ရှင်အမျိုးသမီးကြီးက ကျွန်တော့်ကို ကြည့်ပြီး ...

"လေ့လာပါ ... လေ့လာပါ။ ရပါတယ်။ ဆရာဦးကကြီးကတော့ ကျွန်မနဲ့ ရင်းနှီးပါတယ်"

အမျိုးသမီးကြီးက သဘောတူသဖြင့် ကျွန်တော် ဝမ်းသာရပြန်ပါသည်။ ထို့နောက် အိမ်ရှင်သည် သူ၏သားငယ်တစ်ဦးကို အကြားအမြင်ဆရာ တည်းခိုရာ အိမ်သို့ ဆရာရှိ၊မရှိ သွားကြည့်ခိုင်းလိုက်ပါသည်။

ဆရာဦးကကြီးနှင့် တွေ့ဆုံရဖို့ကိစ္စသည် မလွယ်ကူချေ။ ဆရာရှိ၊မရှိ စုံစမ်းရသေး၏။ ရှိပြန်ပါကလည်း ဆရာ၏ခွင့်ပြုချက် ယူရပေဦးမည်။ ထို့ကြောင့် မဟုတ်မှလွဲရော ထိုအကြားအမြင်ဆရာသည် တကယ်ပင်အစွမ်းထက်သည်ဟု ကျွန်တော် တွေးနေမိပါသည်။ ဒါပေမဲ့ နဖူးတွေ့ဒူးတွေ့မတွေ့ရသေးသဖြင့် ဘာစွမ်းမှန်း မသိရသေးပါ။

ဆရာ ရှိ၊မရှိ သွားကြည့်သောကလေး တော်တော်နှင့်ပြန်မလာသဖြင့် ဆရာရှိရာသို့ ကျွန်တော်တို့ လိုက်သွားကြသည်။ အကြားအမြင်ဆရာနှင့် တွေ့ရမည်ဖြစ်သဖြင့် အနည်းငယ် စိတ်လှုပ်ရှားမိပါသေး၏။

(၃)

အင်းစိန်မြို့နယ်၏ ချောင်ကျသော အိမ်တစ်အိမ်သို့ ကျွန်တော်တို့ လမ်းလျှောက်သွားကြသည်။ ကားကို တစ်နေရာမှာ ရပ်ထားခဲ့

www.burmeseclassic.com



> "ကျွန်တော်တို့လာတဲ့ ကိစ္စကတော့ ဆရာဦးကကြီးနဲ့ တွေ့ချင်လို့၊ ဟောဒီဆရာက လေ့လာချင်လို့ပါ။ ဒါပေမဲ့ ပညာပြိုင်ဖို့ ပညာစမ်းဖို့တော့ မဟုတ်ပါဘူး"

ရသည်။ လမ်းကျဉ်း၍ ကားနှင့်သွားလို့ မရပါ။

အိမ်သို့ရောက်လျှင် အပေါ်ထပ်သို့တက်ရသည်။ အိမ်မှာ သေးသေးကျဉ်းကျဉ်းဖြစ်၍ ဧည့်ခန်းသည် မကျယ်ဝန်းလှချေ။ ဧည့်ခန်းတွင် ဘုရားစင်တစ်ခုရှိ၍ ဘုရားစင်၏ အောက်တွင် ငှက်ပျောပွဲ၊ အုန်းပွဲများရှိသည်။ ဘုရားဈေးမှ ဝယ်ထားဟန်ရှိသော ရုပ်တုအမျိုးမျိုး တွေ့ရပါသည်။ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် အမွှေးတိုင်များ ကပ်လှူထားပါသည်။ ဘုရားစင်ဘေးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ကောင်းမွန်သော အခင်းများခင်း၍ အသက် (၄၀) ကျော် ပုဂ္ဂိုလ်တစ်ဦးသည် စွပ်ကျယ်အင်္ကျီနှင့် ထိုင်နေလေ၏။ ထိုပုဂ္ဂိုလ်ကား ကျွန်တော်တို့ တွေ့ချင်သော အကြားအမြင်ရသည်ဆိုသော ဆရာပင်တည်း။

ကျွန်တော်တို့ ဧည့်ခန်းတွင် ထိုင်မိလျှင် ထိုပုဂ္ဂိုလ်က ...

"လူတွေဟာ တယ်ခက်တာပဲဗျာ။ ဒီခန္ဓာကိုယ်ကြီးကို ငါကောင်လို့ ထင်နေကြတယ်။ အမှန်က ခန္ဓာကိုယ်ကြီးမှာ ရုပ်နာမ်ပဲရှိတယ်။ ဘာမှမဟုတ်တဲ့ ခန္ဓာကိုယ်ကြီးကို မက်မောမနေကြနဲ့"

ဆရာသည် ပြောပြောဆိုဆို သူ့ပါးစပ်ကို ခပ်ဆဆရိုက်လိုက်သည်။ နာကျင်အောင် မရိုက်ပါ။

"ကျုပ်ကို အထက်ဆရာကြီးတွေက သာသနာပြုဖို့လွှတ်လိုက်တာ။ ကျုပ်ကို လူ (၁၀) ယောက် ဝိုင်းဖမ်းပါ။ မိအောင်ဖမ်းကြ"

ဆရာသည် အံကြိတ်၍ မျက်နှာကို ဘီလူးကဲ့သို့ လုပ်ပြကာ ကျွန်တော်တို့ကို ခြောက်ပြသည်။ ကျွန်တော်မှာ အနည်းငယ် ရှိန်းဖိန်းသွားပါသည်။ ဆရာ၏ စကားသံမှာ ခက်ထန်မာကြောသဖြင့် လန့်ဖျပ်သွားစေပါသည်။ အကြားအမြင်ဆရာသည် ကြမ်းတမ်းလှချေတကား။

"ကျုပ်ကိုမိအောင် မဖမ်းနိုင်လျှင် ဖမ်းတဲ့လူအားလုံး ကတုံးရိတ်ပြီး သင်္ကန်းဝတ်ရမယ်။ ကျုပ်က ဆယ်ကိုယ်လောက် ခွဲထုတ်နိုင်တယ်။ ခေါက်ဆွဲထုပ်ယူပေးတာတို့၊ ခင်ဗျားတို့ ယူလာတဲ့ လက်ဆွဲအိတ်ထဲမှာ ဘာရှိတယ်ဆိုတာတို့ ပြောပြတာဟာ အသေးအဖွဲ့ပါဗျာ"

"ဒါပေမဲ့ ကျွန်မ တစ်ခါမှ မမြင်ဘူးလို့ အခု လုပ်ပြစမ်းပါ ဆရာရယ်"

ကျွန်တော်တို့နှင့် အဖော်လိုက်လာသော အမျိုးသမီးကြီးက ဝင်ပြောသည်။

"ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့လည်း မမြင်ဘူးလို့ လုပ်ပြပါ ဆရာ"

ကျွန်တော်တို့ကပါ တောင်းဆိုလိုက်ပါသည်။

"အခုလုပ်မပြနိုင်ဘူး။ နောက်တစ်နေ့မှပဲလုပ်ပြနိုင်မယ်"

ဆရာ့စကားကြောင့် ကျွန်တော်တို့မှာ စိတ်ပျက်သွားပါသည်။ ထို့နောက် ဆရာက ဆက်၍ တရားဟောခြင်း၊ ကိုယ်ရည်သွေးခြင်းစသည်တို့နှင့် ကျွန်တော်တို့ကိုနှိပ်စက်ရာ ထမင်းစားချိန်လွန်နေပြီဖြစ်၍ ဗိုက်ဆာသည့်ဒဏ်ကိုခံနေရပါသည်။

ထို့ကြောင့် အဆာပြေ ရေနွေးကြမ်းတစ်ခွက် သောက်လိုက်ရပါသည်။

ဦးစေတနာသည် ငွေ ၅၀၀၀ိ/ ကျပ်လှူ၍ လာရင်းကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော အလုပ်နှင့်ပတ်သက်သည်ကို မေးမြန်းပါသည်။ ဆရာက အားလုံးအဆင်ပြေရမည်ဟု ပြန်ပြောပါသည်။ သို့သော် သူ့ထံ မကြာခဏ လာရမည်ဖြစ်ပြီး "လာလျှင် သစ်သီး (၉)မျိုး၊ ဖယောင်းတိုင် တစ်ထုပ်နှင့် အမွှေးတိုင်များ ယူခဲ့ရမည်။ စိပ်ပုတီးရှိလျှင်လည်း ယူခဲ့" ဟုပြောလေ၏။

ဦးစေတနာကို ပြန်ကြရန် မျက်ရိပ်ပြပြီး ထိုင်ရာမှထလိုက်ပါသည်။ ကျွန်တော်သည် ဆရာကို ဘာတစ်ခုမှမမေးသော်လည်း အမှုအရာအမျိုးမျိုးလုပ်၍ ဟောပြောရသော ဆရာ့ကို အားနာသဖြင့် ငွေ ၅၀၀ဝိ/ ကျပ်လှူခဲ့ပါသည်။ ဆရာက "သူ့အစွမ်းကို တစ်နေ့ပြမည်၊ ပြမည့်နေ့ကို အကြောင်းကြားပါမည်" ဟု ကျွန်တော်တို့ကို နောက်ဆုံး နှစ်သိမ့်လိုက်ပါသည်။

(၄)

ထိုဆရာ၏ ပြောပုံဆိုပုံကို အကဲခတ်ရခြင်း၊ မည်သည့်အစွမ်းအစမှ မပြနိုင်ခြင်းတို့ကို ထောက်ရှု၍ ဆရာသည် ကျွန်တော်တို့ ထင်သော ဆရာဦးကကြီးမဟုတ်နိုင်ဟုယူဆမိပါသည်။ ဦးကကြီးအတုပဲ ဖြစ်ချေမည်လား။ ထို့ကြောင့် နောက်နေ့တွင် ဆရာဦးကကြီးအစစ်နှင့် ရင်းနှီးသော စာရေးဆရာဦးမေတ္တာနှင့် သွားရောက်တွေ့ဆုံပါသည်။

အဆင်သင့်ပင်စာရေးဆရာဦးမေတ္တာနှင့် တွေ့ရပါသည်။

ကျွန်တော်က ...

"ဆရာရေ ကျွန်တော် မနေ့က အကြားအမြင်ဆရာ ဦးကကြီးနဲ့ တွေ့ခဲ့ပါတယ်။ ဒါပေမဲ့ ဘာမှ ထူးခြားတာ မတွေ့ခဲ့ရပါဘူး။ ကျွန်တော့်စိတ်ထဲ သံသယရှိတာနဲ့ ဆရာ့ကို လာမေးတာ။ ဆရာသိတဲ့ ဦးကကြီးရဲ့ ပုံသဏ္ဌာန် ပြောပြပါ ဆရာ"

"ဟား ... ဟား ... ခင်ဗျားတို့တော့ အလိမ်ခံခဲ့ရပြီ။ ဆရာဦးကကြီးအတုနဲ့တွေ့ခဲ့ရပြီဗျို့။ အဲဒါ ဦးကကြီးအစစ်မဟုတ်ဘူးဗျ။ ဦးကကြီးရဲ့ ကျော်ကြားမှုအရှိန်ကိုယူပြီး လိမ်စားနေတာပဲ ဖြစ်မယ်"

ထို့နောက် စာရေးဆရာက ဆရာဦးကကြီးအစစ်၏ပုံသဏ္ဌာန်ကို ပြောပြပါသည်။ ကျွန်တော်တို့ တွေ့ခဲ့သောလူနှင့် အနည်းငယ်မျှပင် ဆက်စပ်မှုမရှိချေ။ ကျွန်တော်တို့ အလိမ်ခံခဲ့ရလေပြီ။

"နေစမ်းပါဦးဗျာ။ ဆရာဦးကကြီးအစစ်က တယ်စွမ်းဆိုပါလား။ တစ်ခါလောက် တွေ့ဆုံပြီး လေ့လာစမ်းချင်ပါတယ်"

ကျွန်တော်က စိတ်ထဲမှ စွဲနေသည့်ဆန္ဒကို ဖော်ထုတ်ပြောလိုက်မိသည်။

"ဆရာဦးကကြီးအစစ်ကို တွေ့ဖို့ မလွယ်ပါဘူးဗျာ"

"ဘာကြောင့်လဲ။ တရားဘာဝနာပွားများနေလို့များလား"

"ဘယ်က ဟုတ်ရမှာလဲဗျ။ လိမ်လည်မှုနဲ့ အဖမ်းခံနေရလို့ဗျို့။ ခု ထောင်ထဲရောက်နေလေရဲ့"

(၅)

လူ့ဘဝသည် တိုတောင်းပါသည်။ ထိုတိုတောင်းသော အချိန်အတွင်း တစ်ဝမ်းတစ်ခါးအတွက် လုပ်ကိုင်စားသောက်နေကြရပါသည်။ ထိုသို့လုပ်ကိုင်စားသောက်နေကြရာ၌ သမ္မာအာဇီဝအလုပ်သာ ကောင်းသည်ဟု ဘုရားဟောခဲ့ပါသည်။

ယခုတော့ လူတို့သည် ဖောက်ပြန်ကြသည်။ ဆရာတု၊ သမားတု ပေါများလှပါလေသည်တကား။

ဒေါက်တာအုန်းမောင်

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်တဲ့။ အရှက်ကို သိုသိပ်ဆောင့်ထိန်းသင့်ပါလျက် မိမိဖြစ်အင်ကို ဘေးလူများ မရိပ်မိသေးကြောင်း ဟန်ဆောင်နေသင့်ပါလျက် အချို့က တို့ကတော့ ပွင့်ပွင့်လင်းလင်းပဲ၊ ပြောင်ပဲ၊ ဘွင်းဘွင်းပဲ၊ ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး ဆိုသူ 'ကိုပွင့်လင်း' များကလည်း ဒုနဲ့ဒေး။

တကယ်တော့ အပေါင်းအသင်း အသိုက်အဝန်းနှင့်နေရသော လူ့လောကကြီးမှာ နေရာတကာ ကိုယ့်စိတ်ထင်တိုင်း လုပ်နေကြ၍ ရမည်လား၊ ပတ်ဝန်းကျင်နှင့် အလိုက်သင့်၊ အလျားသင့် ဝင်ဆန့်နေရမည်။




# စကားအကျွန်ခံပြောရမည် တရားရုံးမှာ အရှက်ကလေးတော့ ဖုံးကွယ်ရပါ

နတ်တလင်း၊ ချစ်လှိုင်၊

www.burmeseclassic.com

www.burmeseclassic.com



“လူ့ဥစ္စာကြီးပါကွာ၊ လုပ်လိုက်ရင် သောက်ရမ်းချည်းပဲ။”

အပြောအဆိုခံရတဲ့ လူကတော့ ပိသလေးနဲ့ ဘေးပစ်ခံရတာထက်တောင် နာသေး။

“ကြမ်းပေါက်ကျွံရင် နုတ်လို့ရတယ်၊ စကားကျွံရင်နုတ်လို့ မရဘူး”

ဆိုတဲ့စကားများမသိဘူး လားစသည်ဖြင့် မိမိ၏အကြောင်း၊ အနေအထိုင်၊ အပြုအမူများက လူအများ၏ ကဲ့ရဲ့ပြစ်တင်ခြင်း ခံနေရပြီဆိုလျှင် ကိုယ့်ကိုယ်ကိုပဲ ပြန်လည်သုံးသပ်ပါတော့၊ ငါ လျှောက်နေတဲ့လမ်း မှန်မှမှန်ရဲ့လား။ အရပ်ကတော့ ဩဘာပေးနေပြီဆိုသည်ကို သတိမူသင့်သည်။

အမှန်တရားပဲ၊ မဟုတ်တာ လုပ်တာမှမဟုတ်တာ။ ကလိန်ကကျစ် ဘာမှမလုပ်ဘူး။ ရိုးရိုးသားသားပဲ။ မခံချင်သူတွေ လဲသေကြဆိုကာ နုတ်ချို လျှိုတစ်ပါး၊ နှုတ်ကောင်း ပြည်စိုးစကားတို့ကိုမေ့ထား၊ ပြောချင်သလို ပြော၊လုပ်ချင်သလို လုပ်နေလျှင် အမှတ်တမဲ့မှ အမှတ်တရတွေ ဖြစ်ကုန်ကြမည်။ ဒီတော့မှ

“ငါလည်း ဒေါ်ပွပွနဲ့ လုပ်လိုက်မိတာပဲ ပြောလိုက်မိတာပဲ” ဟု ဆင်ခြေ ဆင်လက် ဆင်နားရွက်တွေက မကယ်တော့။

ရှေးရှေးတုန်းက ရွှေယုန်နဲ့ ရွှေကျား၊ သက်ငယ်ရိတ်သွားတဲ့ ပုံပြင်မဟုတ်ပါ။ တရားစီရင်ထုံးဆိုတော့ ခေတ်အဆက်ဆက် တရားသူကြီးတို့ စာအုပ်တွေ ပြန်ရှာရစမြဲပါ။ ဒါမှ မိမိစီရင်ဆုံးဖြတ်မည့် အမှုအတွက် အကြောင်းချင်းရာ ထပ်တူမပြတ်သည့်တိုင် မယိုးမစွဲဖြစ်နေ၍ စိတ်ချလက်ချကိုးကားဆုံးဖြတ်နိုင်သည်ပေါ့။

(၆-၉-၇၄) နေ့က ဆိုတော့ နှစ် (၄၀) နားကပ်ပြီ။ ထိုစဉ်က ဗဟိုတရားစီရင်ရေးအဖွဲ့ (ယခု တရားလွှတ်တော်ချုပ်) က ချမှတ်ခဲ့တဲ့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၇ (ခ)/ ၇၄ တရားလို ဦးပဏ္ဍိတ္တရွှေနှင့် ပြည်ထောင်စု၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၉၇ မယားခိုးမှုပါ။

လူသတ်မှု၊ လူယက်မှု၊ မုဒိမ်းမှု၊ ဓားပြမှုတို့လို အမှုကြီးမဟုတ်လင့်ကစား ပုဂ္ဂိုလ်ရေးဖြစ်တဲ့ မယားခိုးမှုကို ဗဟိုတရားစီရင်ရေးအဖွဲ့အထိ ရောက်ရှိအောင် သယ်ဆောင်ရခြင်းကလည်း (၂) ဖက်အမှု တရားလို၊ တရားခံ (သို့) တရားပြိုင်တို့က မကျေနပ်ရင် သော်လည်းကောင်း၊ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းဖြစ်တဲ့ ရဲတပ်ဖွဲ့ (သို့) ဌာနတို့ကသော်လည်းကောင်း၊ မူလတရားရုံးက ချမှတ်တဲ့အမိန့်အပေါ် အယူခံမှု၊ ပြင်ဆင်မှု ဝင်ရောက်လိုပါက အထက်ခရိုင်၊ တိုင်း/ ပြည်နယ်၊ ဗဟိုအဆင့်ဆင့် တက်ရောက်ခွင့်ရှိသော အမှုများ ရှိပါတယ်။ ဒါကြောင့် အမှုဖြစ်လာလျှင် ပုရွတ်ဆိတ်ကိုက်တာလည်း မသက်သာ၊ အကုန်အကျစရိတ်များချင် များမယ်။ မြွေကိုက်၊ ကျားကိုက်လို့လည်း မကျေနပ်လို့ကတော့ မိုးမဆုံး မြေမဆုံး ကမ္ဘာကုန်ကျယ်သရွေ့ဝယ်၊ စိန်လားဟော့ မောင်တို့၊ စိန်ခေါ်ရင် တိမ်ပေါ်အထိ လိုက်မယ်လို့ မခံချင်စိတ်လှုံ့ဆော်မှုကြောင့် ပုဂ္ဂိုလ်ရေးအမှုတွေလည်း ဗဟို၊ တိုင်းတို့သို့ ရောက်နေရခြင်းပါပဲဗျာ။

ဟုတ်ကဲ့၊ အမှုအကြောင်းခြင်းရာစပါတော့မယ်။ အမှုက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းရွာမှာ (၁၈) နှစ်ခန့်က အတူတကွပေါင်းသင်းလက်ထပ် နေထိုင်ခဲ့ကြတဲ့ တောင်သူ မောင်စိုးကြီး (အမည်

www.burmeseclassic.com



ပြောင်း)နှင့် ဓနိး ခါး (အညည် ပြောင်း) တို့ ရှိကြတယ်။ သူတို့မှာ သားသမီး (၅) ယောက်ကြီး များကောင်း ထွန်းကားခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်၊ ဧပြီလမှာတော့ လင်မယားချင်း စိတ်ဆိုး၍ မယား မနီအိမ်က ဆင်းသွားပါတယ်။ ဒီအခါမှာ တစ်ရွာတည်းနေ တောင်သူဦးပဏ္ဍိရွှေ (၇၀) နှစ်က မနီကို သူ့အိမ်မှာ လက်ခံထားရှိပြီး သားမယားအဖြစ် ဆက်ဆံပါတယ်။ (အိုးချင်းထား အိုးခင်းထိ ကုန်ထင်ပဲ့) ဒီလိုနဲ့ သူတို့ (၁) လ ခန့် အတူနေထိုင်ကြပြီး မနီသူ့ အသိုက်အမြုံရှိရာ ကိုစိုးကြီးအိမ်ကို ပြန်သွားပါတယ်။ ဒီနေရာမှာ စီရင်ထုံးပါ စကားလုံး အသုံးအနှုန်း အတိုင်းပဲ ဖော်ပြပါရစေ။

(×××× မနီအား စွဲလန်းနေသော ဦးပဏ္ဍိရွှေသည် အရှက်အကြောက်ကင်းမဲ့စွာဖြင့် ကိုစိုးကြီးအိမ်ပေါ်အထိ လိုက်လာ၍ ကိုစိုးကြီး၏ ရှေ့မှောက်၌ မနီအားဆွဲခေါ်သည်။ ခေါ်၍ မရသောအခါ ဦးပဏ္ဍိရွှေပြန်သွားသည်။ ကိုစိုးကြီး မခံမရပ်နိုင်၍ ဦးပဏ္ဍိရွှေအပေါ် မယားခိုးမှု စွဲဆိုသည်××××) ပါတဲ့ဗျာ။

အမှုကို ကျိုက်ထိုမြို့နယ် တရားရုံးက အမှုအမှတ် ၆၃၇/

> စိန့်ခေါ်ရင် တိမ်ပေါ်အထိ လိုက်မယ်လို့ မခံချင်စိတ်လှုံ့ဆော်မှုကြောင့် ပုဂ္ဂိုလ်ရေးအမှုတွေလည်း ဗဟိုတိုင်းတို့ သို့ ရောက်နေရခြင်းပါပဲ

၇၃ ဖြင့် လက်ခံစစ်ဆေးပြီး ပုဒ်မ ၄၉၇ အရ အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် တရားခံကို အပြစ်ပေးလိုက်ပါတယ်။ အယူခံတက်ပေမယ့် ပလပ်ခြင်းခံရလို့ ယခုကဲ့သို့ ဗဟိုသို့ ပြင်ဆင်မှုတက်မှုပါ။

ဗဟိုတရားရုံးက အမှုကို (၂)ဖက်လျှောက်လဲချက် ကြားနာပြီး ဆုံးဖြတ်ရာမှာ...

မယားခိုးမှု မြောက်ရန်မှာ အောက်ပါအင်္ဂါရပ်များနှင့် ပြည့်စုံရမည်။ ယင်းတို့မှာ-

(၁) လင်ရှိမယားဖြစ်ကြောင်း သိခြင်း (သို့) ယုံကြည်ရန် အကြောင်းရှိခြင်း။

(၂) ယင်းကို သိလျက် (သို့) ယုံကြည်ရန်အကြောင်းရှိလျက် ထိုမိန်းမနှင့် ကာမစပ်ယှက်ခြင်း။

(၃) ထိုသို့ကာမစပ်ယှက်သည်ကို လင်ကသဘောမတူခြင်း တို့ဖြစ်သည်။

ယခုအမှုတွင် တစ်ရွာတည်းနေထိုင်သူများဖြစ်သောကြောင့် မနီသည် မောင်စိုးကြီး၏ မယားဖြစ်ကြောင်း၊ မောင်စိုးကြီးနှင့်တရားဝင် ကွာရှင်းခြင်း မရှိသေးကြောင်းကို လျှောက်ထားသူ ဦးပဏ္ဍိရွှေ သိနိုင်လောက်သည် (သို့) ယုံကြည်ရန် အကြောင်းရှိသည်။

လျှောက်ထားသူသည် မနီအား ကာမစပ်ယှက်ကြောင်း မနီကိုယ်တိုင်က ထွက်ဆိုထားသည်။ လျှောက်ထားသူ၏ အမှုအယာအားဖြင့်လည်း ပေါ်လွင်သည်။ ထိုကိစ္စမျိုးတွင် မျက်မြင်သက်သေရရန် ခဲယဉ်းသည်။ လျှောက်ထားသူက ငြင်းကွယ်သော်လည်း ယုံကြည်လောက်အောင် ချေပြနိုင်ခြင်း မပြုနိုင်။

လျှောက်ထားသူသည် သူတစ်ပါး၏ အိမ်ထောင်ရေးကို ကြီးစွာ အနှောင့်အယှက်ပြုခဲ့သူ ဖြစ်

www.burmeseclassic.com



သည်။ ကျူးလွန်သော လူမှုရေး ပြစ်မှုနှင့်စာလျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁) နှစ်သည် သင့်လျော်သည်ဟု သုံးသပ်ကာ ပြင်ဆင်မှုကို ပလပ်၍ (၁) နှစ် ချမှတ်ထားခြင်း အမိန့်အပေါ် ဆက်လက်အတည်ပြုခဲ့ပါသည်။

မိမိလုပ်ရပ်အပေါ် အရှက်တရား၊ အဆင်အခြင်ကင်းမဲ့စွာ အသက်အရွယ်ကိုမှ မထောက်၊ ဆင်ကန်းတောတိုး လုပ်ရပ်ဒဏ်ကို ခံရခြင်း ဖြစ်သည်။ တကယ်တော့ ကာမပိုင်လင်ယောက်ျားနှင့်



တရားဝင် ပြတ်စဲခြင်းမရှိသူကို ကြိုက်မရှက် လုပ်ရပ်ဖြစ်သည်။ သတိမမူ၊ ဂူမမြင်တော့ပါ။ (အထက်တရားရုံး အဆင့်ဆင့်ကို အယူခံ/ ပြင်ဆင်တက်ရောက်ရန် အကြံဉာဏ်ပေးကြသည့်သူများ အလိုတူအလိုပါ အားပေးအားမြှောက်ပြုသူများသည်လည်း ဥပဒေကို ထဲထဲဝင်ဝင် မသိစေကာမူ မြန်မာ့လေ့ထုံးတမ်းဥပဒေ၊ ရိုးရာလူမှုစရိုက် အစဉ်အလာ၊ အများသူငါရှေ့ ချပြရန်မှာ မတင့်တယ်၊ လက်မခံနိုင်သည့်ပြစ်မှုကို ကျူးလွန်သည့် သူကို ယင်းပုဒ်မအရ ခံရမည့်ပြစ်ဒဏ်သည် အလုပ်နှင့် ထောင်ဒဏ်(၇)နှစ်အထိ ရှိသည်။ သို့သော် မူလတရားရုံးက အသက်အရွယ်ကြီးရင့်ခြင်းကို ထောက်ထား၍ (၁)နှစ် သာ သက်ညှာစွာ ချမှတ်ခြင်းဖြစ်ဟန်တူသည်။ ဤသည်ကို ဟန့်တားသင့်သည်။ ဖျောင်းဖျသင့်သည်။ ယခုမူ ကာယကံရှင်ကိုယ်တိုင်က မျက်ကန်း တစ္ဆေမကြောက် လုပ်သလား၊ ပတ်ဝန်းကျင်က အားပေးအားမြှောက် ပြုသလား မသိပါ။ တရားရုံးချုပ်က အမှု (၁) မှု အဖြစ် စီရင်ထုံး ပြုခဲ့ရပါပြီ။

× × ×

(၁၉၆၆)ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ဗဟိုတရားရုံး) စာ - (၅၂၇) ဦးပန်းအေးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမှုကလည်း လိင်မှုကြောင့် တရားရုံးရောက်ကြရာမှာ တရားရုံး၏ 'အလွဲ' ကြောင့် တရားခံ မုဒိမ်းမှုဖြင့် ထောင်ကျရာမှ ဗဟိုတရားရုံးက ရေးလ မှား၍ လွတ်မြောက်ခဲ့ရမှု ဖြစ်သည်။ တကယ်တော့ မုဒိမ်းမှုများတွင် မိန်းမက ခွင့်မပြုခြင်းနှင့် ပြုသော်လည်း အသက်အန္တရာယ်ဘေးကို ကြောက်လန့်ရခြင်း စသည်ဖြင့် မုဒိမ်းမှုမြောက်ရန် မိန်းမ၏အလိုတူ၊ အလိုပါဖြစ်မှု မဖြစ်မှုသည် အဓိကအချက် (၁) ချက်အဖြစ် ပါရှိသည်။ ယေဘူယျသိထားသင့်သော ရိုးစင်းသော အကြောင်းအချက်အပေါ် ဥပဒေနှင့် ငြိ၊ မငြိ ဆုံးဖြတ်ရမှုပါ။ အလိုတူ၊ မတူသည်ကို ကာမဆက်ဆံစဉ် အပြုအမူတို့က အကွင်းသား အရှင်းသား ဖော်ပြနေသည်။ အလိုမတူက ရုန်းကန်မည်၊ ကုတ်ဖဲ့မည်၊ အော်ဟစ်အကူအညီတောင်းမည်၊ ဆဲဆိုရန်ပြုမည်။ သို့မဟုတ်လျှင်တော့ ကာယကံရှင် အလိုတူသည်၊ လက်ခံသည်ပေါ့။ ဘာမျှ အပြစ်ပေးရန် အကြောင်းမရှိပါ။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com





'ဦးပန်းအေး' အမှုတွင်မူ အထက် ဗဟိုတရားရုံးရောက်မှ အလိုတူ၊ မတူသည့် အချက်ကို 'သုံးသပ်' ၍ တရားခံသည် ကာယကံရှင် မိန်းမ၏ သဘောတူခွင့်ပြုချက်ဖြင့် ကာမ ဆက်ဆံခဲ့သည်။ မုဒိမ်းမှု မမြောက်ပါဆိုကာ အမှုမှ ကွင်းလုံးကျွတ် လွတ်ရရှာသည်။ ဗဟို တရားရုံး သုံးသပ်ဆုံးဖြတ်ချက်တွင်-

"ဦးပန်းအေးက မစောတီကို ကာမရာဂစပ်ယှက်နေစဉ် အနီးတွင်အိပ်နေသော ကလေးများ ငိုကြ၍ မစောတီက ဦးပန်းအေးအား တန်ဆာကို ချွတ်ခိုင်းသည်။ ထို့နောက် ကလေးများ အငိုတိတ်ရန် ချော့ပြီး အိပ်စေသည်။ ထို့နောက် ဦးပန်းအေးက မစောတီကို ဆက်လက်မုဒိမ်းကျင့်သည်ဟူသော ပြောဆိုချက်မှာ မစောတီက ဦးပန်းအေး၏ကာမရာဂစပ်ယှက်မှုကို အလိုတူရာ ဖြစ်ကြောင်း ထောက်ပြသည်။

မုဒိမ်းမှုများတွင် မုဒိမ်းကျင့်စဉ်အခါက မုဒိမ်းကျင့်ခံရသော မိန်းမသည် အလိုတူ၊ မတူမှာ သူ၏အပြုအမူကို စဉ်းစားရသည်။ ဤအမှုမှာ မစောတီပြောသည့် (ထွက်ဆိုသည့်) အတိုင်းမှန်ခဲ့လျှင် မစောတီသည် ဦးပန်းအေး၏ ကာမရာဂစပ်ယှက်မှုကို သဘောတူရာရောက်သည်ဟု ယူဆသည်' ဆိုကာ ဦးပန်းအေးကို အမှုမှ အပြီးအပြတ်လွှတ်ခဲ့ပါတယ်။

ဒီတော့ 'မမြင်ဝံ့ ဆေးဆရာ၊ မကြားဝံ့ တရားသူကြီး' ဆိုတာကို တရားသူကြီးများအနေဖြင့် တရားခွင်ရှေ့မှောက်ရောက်လာတဲ့အမှုကို အမှန်ဆုံးဖြတ်နိုင်ရန် (၂) ဖက် အမှုသည်နှင့် သက်သေတို့ ထွက်ချက်ကို ဥပဒေနှင့်အညီ အပြည့်အစုံရေးမှတ်ယူရပါတယ်။ ဒါကြောင့် လိင်ကိစ္စနဲ့ ပတ်သက်တဲ့ အမှုအခင်းဆိုပါက ပို၍လွတ်လပ်ပွင့်လင်းစွာ မချွင်းမချန် မေးမြန်းထွက်ဆိုချက် ရယူရတာကြောင့် တစ်ခါတရံ ကာယကံရှင် (လိင်စော်ကားခံရသူ) ကို တံခါးပိတ် စစ်ဆေးရပါတယ်။ စွပ်စွဲသူဖြစ်စေ၊ စွပ်စွဲခံရသူဖြစ်စေ၊ ရှေ့နေရှေ့ရပ် အပါအဝင် တရားရုံးကပါ ခရေစေ့တွင်းကျကျ ဂဃနဏ မေးမြန်းအစစ်ခံချက် ရယူရတာမို့ ထမင်းအကုန်စားပါ၊ စကားအကုန်မပြောနဲ့ ဆိုတဲ့ စကားကို လျစ်လျူရှု ပစ်ပယ်ရတော့မှာမို့ အရှက်တရားနောက်ထား အစစ်ခံရပါမယ်။ ဒါကြောင့် ကိုယ့်အဖြစ်ကို ကိုယ်သာအသိဆုံးမို့ တရားရုံးကလည်း အမှန်ပေါ်ပေါက်အောင် စစ်ဆေးမေးမြန်းရတာကြောင့် ဖုံးတာ၊ ပုန်းတာတွေ လုပ်နေ၍မဖြစ်ပါ။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိပါ။




**နတ်တလင်းချစ်လွင်**

ကိုးကား

(၁) ဦးဖေကြိုင် -ဗီရင်ထုံးပေါင်းချုပ်။

(၂) တရားစီရင်ထုံးများ (၁၉၇၄) ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



# အယ်ဒီတာ ဖြန့်ကြားလွှာ

(၁) ဖြစ်ရပ်မှန်သည် အနယ်နယ် အရပ်ရပ်မှ စာဖတ်သူတို့၏ ဆန္ဒနှင့်ကိုက်ညီမည့် ကဏ္ဍသစ်နှင့် အစီအစဉ်များကို တိုးချဲ့ဖော်ပြလျက်ရှိပါသည်။

(၂) တိုးချဲ့ကဏ္ဍသစ်အဖြစ် ဖြစ်ရပ်မှန်မဂ္ဂဇင်းတွင် ရေးသားဖော်ပြ လျကြိုက်များခဲ့ဖူးသည့် စာရေးဆရာ ကလောင်ရှင်တို့၏ စာများကို ပြန်လည်ဆန်းသစ်မှုအဖြစ် ရံဖန်ရံခါ ဖော်ပြထားပါသည်။

(၃) ဤသို့ ပြန်လည်ဆန်းသစ်မှုကဏ္ဍတွင် ဖော်ပြထားသော စာများအတွက် ဥာဏ်ပူဇော်ခကို အိမ်တိုင်ရာရောက် ပို့ပေးမည် ဖြစ်သော်လည်း လက်လှမ်းမမီသော ဆရာများအတွက် ဥာဏ်ပူဇော်ခကို ကိုယ်တိုင်သော်လည်းကောင်း သက်ဆိုင်သူမှသော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော် လည်းကောင်း မဂ္ဂဇင်းတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(၄) နယ်မှ စာရေးဆရာ ကလောင်ရှင်များအနေနှင့် ဥာဏ်ပူဇော်ခကို ကိုယ်တိုင်မထုတ်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူစေလိုပါသည်။

(၅) ဖြစ်ရပ်မှန်သို့ စာမူများပို့ပေးနေသော အနယ်နယ် အရပ်ရပ်မှ စာရေးဆရာ ကလောင်ရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ဖြန့်ကြားရင်း ဖြစ်ရပ်မှန်မဂ္ဂဇင်းအတွက် ပို့ထားသော စာမူများကို အခြား တိုက်များသို့ မိတ္တူပွားချို၍မပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာ

www.burmeseclassic.com

www.burmeseclassic.com



# ငွေရှိုင်ငှေဝလှို ရဲဝင့်ကြောက် (ဒ်ဝေကျက်)

DESIGN KYAW GD



www.burmeseclassic.com

www.burmeseclassic.com

## (တစ်)

ပဲခူးတိုင်းဒေသကြီးထဲက ကညွတ်ကွင်းမြို့လေးရဲ့ အနောက်တောင်တည့်တည့် ရိုးမတောင်ခြေမှာ နာမည်ကြီး ကျုတ်ကုန်းမြေ တစ်ခု ရှိတယ်။

ဒေသခံ သစ်တော၊ ဝါးတော တက်သူတွေ၊ တောင်ယာခုတ်သူတွေ အထူးသတိထားရတဲ့ နေရာပေါ့။

အဲဒီ ကျုတ်ကုန်းမြေကို နင်းမိပြီဆိုတာနဲ့ ဆင်ခြင်ပေရော့။

မဆင်မခြင် အလေးမထားဘဲ ပြောမှားဆိုမှား ပြုမိ မှားမိပြီ ဆိုရင်…



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်တဲ့ ဘေးဒုက္ခ တစ်ခုမဟုတ်တစ်ခု ထူးထူးခြားခြား ကြုံရပြီသာမှတ်။ ဒီထက်ပိုပြီး ရှိင်းရှိင်းပြပြ၊ စော်စော်ကားကား လုပ်မိပြီဆိုရင်တော့ အသက်ကိုတောင် နုတ်ယူတဲ့ ကျုတ်ကုန်းမြေပါ။

တစ်ခါတုန်းက…

ဝါးခုတ်သမား တစ်ယောက် ခွင့်မပန်ဘဲ အပေါ့အလေး သွားတယ်။

ခွင့်မတောင်းဘဲ ဝါးခုတ်တယ်။ ချက်ချင်းဆိုသလိုပါပဲ ခုတ်လိုက်တဲ့ဝါးက တိခနဲ ပြတ်ပြီး လျောကျလာတယ်။

ခြေဖမိုးကိုဖောက်ပြီး မြေကြီးထဲထိ ထိုးဝင်သွားတယ်။

တစ်ခါတုန်းကလည်း မီးသွေးဖုတ်အလုပ်သမား တစ်ယောက် အရက်မူးပြီး သောင်းကျန်းနေတာ ဆွဲမနိုင် လွှဲမနိုင်ဘဲ။ ဆဲလိုက်တာလည်း 'ငါ…' ခြင်းကို မိုးမွှန်လို့။

ဘာကြာလဲ အဲဒီကောင် တောဝက်ပက်တာ ခံလိုက်ရတယ်။ ဗိုက်ပွင့်ပြီး အူတွေအပြင်ထွက်ကျလာတယ်။ အချိန်မီ ဆေးရုံရောက်လို့ပေါ့ နို့မို့ဆို ကျုတ်ကုန်းမြေမှာ နာနာဘာဝဖြစ်သွားပြီ။

နောက်တစ်ယောက်က လူပျိုကောင်လေး။

ပုဆိုး၊ အင်္ကျီ အကုန်ချွတ် ကိုယ်ဗလာနဲ့ ချောင်းထဲမှာ ရေကူးတာ။ အတူပါတဲ့ အဖော်တွေက အမျိုးမျိုးတား၊ အမျိုးမျိုးပြောတာမရဘူး။ သူက မဖွယ်မရာတွေ လုပ်ပြတယ်တဲ့။

စမ်းချောင်းထဲကလည်း တက်ရော တဟီးဟီး တဟင်းဟင်း တစ်ကိုယ်လုံးတုန်ပြီး ချမ်းတော့တာပဲ။ တစ်နာရီလောက်နေတော့ ကိုယ်တွေခြစ်ခြစ်တောက် ပူလာတယ်။

အဲဒါနဲ့ ရွာကိုလှည်းနဲ့တင်ပြီး ပြန်လာကြရတယ်။ မိဘတွေက သိတယ်၊ တောထဲမှာ တစ်ခုခုမှားလာပြီပေါ့။

အဖော်တွေမေးကြည့်တော့ ချောင်းထဲမှာ ကိုယ်ဗလာနဲ့ ရေချိုးတဲ့ကိစ္စ ပေါ်လာတယ်။ ချက်ချင်း ကြက်ဖို၊ ကြက်မ၊ အရက်ရှာ၊ ထမင်းဟင်း ချက်ပြုတ်ပြီး တောင်းပန်ခိုင်းလိုက်တယ်။ ဒါပေမယ့် နောက်ကျသွားတယ်။ တောင်းပန်ဖို့ သွားတဲ့သူ ကျုတ်ကုန်းမြေ မရောက်သေးဘူး။ ကောင်လေး ကယောင်ကတမ်းတွေအော်ပြီး အသက်ပါသွားတယ်။

အဲဒီလောက် ကြမ်းတဲ့ ကျုတ်ကုန်းမြေ။

**(နှစ်)**

လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ရန်ကုန်၊ နေပြည်တော်၊ မန္တလေးအမြန်လမ်းမကြီး ဖောက်ဖို့ တိုင်းတာရေးသမားတွေ ရောက်လာကြတယ်။

တိုင်းတာရေးအင်ဂျင်နီယာတွေဟာ လမ်းအူကြောင်း ရှာပြီး မြေပုံရေးဆွဲခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူတို့ရေးဆွဲတဲ့ လမ်းအုကြောင်းမြေပုံဟာ နာမည်ကြီး ကျတ်ကုန်းမြေကို ဖြတ်သွားတယ်ဆိုတာတော့ သူတို့မသိလိုက်ကြဘူး။

**သူတို့ရေးဆွဲတဲ့လမ်းအုကြောင်းမြေပုံဟာနာမည်ကြီးကျတ်ကုန်းမြေကိုဖြတ်သွားတယ်ဆိုတာတော့သူတို့မသိလိုက်ကြဘူး။**

ဒီလိုနဲ့ လအနည်းငယ်အကြာမှာ လမ်းအုကြောင်းဖော်ဖို့ စက်ယန္တယား အဖွဲ့တစ်ဖွဲ့ ရောက်လာပြန်တယ်။

မြေတူး၊ မြေကော်ယန္တယားစက်ကြီးတွေနဲ့ လမ်းအုကြောင်းအတိုင်း သစ်ပင်ခြုံနွယ်တွေကို ထိုးကော်ကြတယ်။ တောင်ကုန်းတွေကို ဖဲ့ဖြိုပြီး ချောက်တွေတွေ့ရင် ဖို့ကြတယ်။

ဒီလိုလမ်းကြောင်းဖော်သွားရင်းနဲ့ ယန္တယားအဖွဲ့တစ်ဖွဲ့ဟာ ကျတ်ကုန်းမြေထဲကို ရောက်လာခဲ့တယ်။

ဒါပေမယ့် အဖွဲ့ခေါင်းဆောင်က အတွေ့အကြုံရှိတယ်။ ယန္တယားတွေ အလုပ်ခွင်မဝင်ခင်မှာ ဘုရားရှိခိုးတယ်။ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို စားဖွယ်သောက်ဖွယ်နဲ့ ပူဇော်တယ်၊ မေတ္တာပို့တယ်။

အလုပ်သမားတွေနဲ့ ယန္တယားကြီးတွေကို စောင့်ရှောက်ပေးဖို့ အပ်တယ်။

အမှားအယွင်း တစ်စုံတစ်ရာရှိခဲ့ရင်လည်း ပိုင်ရာဆိုင်ရာတွေက ခွင့်လွှတ်ပေးဖို့ တောင်းပန်တယ်။

သူ့လက်အောက်က ယန္တယားမောင်းသူတွေနဲ့ အလုပ်သမားတွေကိုလည်း ကိုယ်၊ နှုတ်စောင့်စည်းကြဖို့မှာတယ်။

ဒါကအဖွဲ့ခေါင်းဆောင်လုပ်နေကြအလေ့အထ။

ဘယ်တော ဘယ်တောင်ရောက်ရောက်၊ လုပ်ရိုးလုပ်စဉ်တစ်ခုလို သူလုပ်တယ်။ ဒါကြောင့်လည်း သူ့အဖွဲ့ဟာ ကျတ်ကုန်းမြေမှာ ဘေးအန္တရာယ်တစ်ခုမှ မကြုံခဲ့ရဘူး။

ဒါပေမယ့် အံ့သြစရာကောင်းတဲ့ ထူးထူးခြားခြား အဖြစ်အပျက်တွေကိုတော့ သူတို့ကြုံကြရတယ်။ လမ်းအုကြောင်းတည့်တည့်မှာ သစ်ညိုပင်ကြီးတစ်ပင်ခံနေတယ်။

ယန္တယားမောင်းသူက မြေတူးတဲ့ စက်လက်တံနှင့် အကိုင်းအခက်တွေကို ရိုက်ချတယ်။ သစ်ကိုင်းတွေ ဖြောင်းခနဲ ဖြောင်းခနဲ အပိုင်းပိုင်းပြတ်ကျတယ်။

ပင်စည်လုံးသာကျန်မှ အမြစ်ဆုံပတ်လည် မြေတွေ နှိုက်ထုတ်တယ်။ ပြီးတော့ မြေကော်စက်နဲ့ တွန်းလှဲလိုက်တယ်။ သစ်ညိုပင်က မလဲဘူး။ နောက်တစ်ကြိမ် ခပ်ပြင်းပြင်း တွန်းလှဲလိုက်ပြန်တယ်။

သစ်ပင်ညိုကတော့ တုတ်တုတ်တောင် မလှုပ်ဘူး။

၃-၄ ကြိမ် ထပ်လှဲတယ်။ မရဘူး။ ယန္တယား မောင်းသမားမျက်လုံးပြူးသွားတယ်။

ဒီထက်မကတဲ့ သစ်ပင်ကြီးတွေတောင် နှစ်ခါမလှဲရဘူး။

အမြစ်ဆုံပါလှန်ပြီး လှဲနေကျ။ လုံးပတ်ငါးပေလောက်ရှိတဲ့ ဒီသစ်ညိုပင်လေးကျမှ ဘယ်လိုလှဲလှဲ မရဘူး ဖြစ်နေတယ်။

အဖွဲ့ခေါင်းဆောင်ကိုလည်း သတင်းပို့လိုက်တယ်။ ခေါင်းဆောင်က သည်နေရာကို

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သွားတယ်။

ဒေသခံများလည်းတတ်ကျွမ်းသူခေါ်အေးတယ်။ ရပ်ရွာထုံးစံအတိုင်း ကျွေးမွေးတယ်။ ဓင်းရဲ့အမျိုးနဲ့ လုပ်ရတဲ့အကြောင်း တောင်းပန်တယ်။

အဲဒီတော့မှ သစ်ညှိပင်ကို ဖယ်ရှားလို့ရတယ်။

နောက်တစ်ကြိမ် ကြုံရတာက တောင်ကုန်း။ ယန္တရားသမားက တောင်ကုန်းကိုဖြိုပြီး ခြေညှိတယ်။ နောက်နေ့ ရောက်လင်းတော့ တောင်ကုန်းပြန်ဖြစ်နေတယ်။ အဲဒါ နေ့တိုင်းပဲ။ ဒီနယ်မြေမှာ သူတို့ရှိနေတယ်ဆိုတာ သိအောင် အကြောင်းပြတဲ့ သဘော။

အဲဒီ ကိစ္စရာလည်း တောင်းပန် ကျွေးမွေးလိုက်မှ အဆင်ပြေသွားတယ်။

အမြန်လမ်းကြီး ပြီးအောင် စက်အား၊ လူအားတွေ သုံးပြီး လပေါင်းများစွာ လုပ်ကြရပါတယ်။ အမြန်လမ်းမကြီး ပြီးသွားပြီ။ အနေအထားအချို့ ဖျက်ယွင်းခဲ့ပေမယ့် နာနာဘာဝတွေကတော့ သူတို့ရဲ့ ကျွတ်ကုန်းမြေမှာပဲ နေထိုင်ကြဆဲပါပဲ။

သူတို့ရှိနေသေးတဲ့ အကြောင်းကို သွေးဖျက်စရာ ရေထောခေါင်းလောင်းသံနဲ့ ဒေသခံတွေကို အချက်ပြလိုက်ပါသေးတယ်။

ကျွတ်ကုန်းမြေထဲမှာ တည်ထားတဲ့ ဘိလပ်မြေဖျော်စက်ကြီး ပြိုလဲသွားတယ်။

အလုပ်သမား နှစ်ယောက် ဖျော်စက်ပိပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့ပါတယ်။

အခင်းဖြစ်ပြီး ရက်အနည်းငယ်အကြာမှာ လမ်းလျှောက်လာတဲ့လူတွေရောက်လာတယ်။ အဲဒီနေရာအနီးမှာ မိုင်တိုင်တစ်တိုင် စိုက်ထူသွားတယ်။

မိုင်တိုင်ရဲ့ အမှတ်က 'ဇူဇူမိုင် ၄ ဖာလုံ'

(သုံး)

ပူလိုက်တဲ့ ဆောင်းနှောင်းနေ။ တစ်နေကုန် ခြစ်ခြစ်တောက်လို့။ နေကို မကျေမနပ်နဲ့ အောင်ဝင်း မိုးပေါ်မော့ကြည့်တယ်။

အပြာရောင်ကောင်းကင်ကြီးထဲမှာ တိမ်တစ်မျှင်တောင် မရှိဘူး။

ဒီလို နေပူတော့ အပူခံဆေးကို သူသတိရတယ်။ သတိရလိုက်တာနဲ့ 'လေ' က အော့ခနဲ တက်ရော။ လေတက်တော့ အရက်




ကိုတမ်းတ။ တမ်းတရက်နဲ့ မသောက်ရတော့ ကိုယ်လက်မအီမသာ ဖြစ်လာတယ်။

ဒါနဲ့ပဲ သူ့အလုပ်ကို ရပ်နားလိုက်ရတယ်။ မျက်နှာပေါ်က ချွေးသီးချွေးပေါက်တွေကို အင်္ကျီလက်ပင့်ပြီး သုတ်ပစ်လိုက်တယ်။ အောင်ဝင်းရဲ့ ပဲခင်းက ရိုးမတောင်ခြေမှာ။

ပဲပင်တွေ အပွင့်အသီးဝင်ရုံရှိသေး တောဝက်တွေရောက်လာတယ်။ ပဲခင်းကို ရစရာမရှိအောင် ဖျက်ဆီးတယ်။ ဒါကြောင့် တောဝက်တွေ မဝင်နိုင်အောင် ပဲခင်းလုံအောင် ကာနေတာဖြစ်တယ်။

ခုတော့ အလုပ်ကိုနား

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီ။ ဓားမတို့ ခါးထိုး၊ ပေါက်တူးထမ်းပြီး တဲဆီပြန်ခဲ့တယ်။

အဲဒီအချိန်မှာ သူ့ရှေ့ ခပ်လှမ်းလှမ်းက အလျှင်အမြန် ဖြတ်ပြေးတဲ့အကောင် တစ်ကောင် သူမြင်လိုက်တယ်။

"လင်းမြွေ"

လင်းမြွေကို မြင်တာနဲ့ အောင်ဝင်း အာရုံတွေ နိုးကြားသွားတယ်။

ပခုံးပေါ် ထမ်းထားတဲ့ ပေါက်တူးကို အသင့်အနေအထားပြောင်းကိုင်ပြီး လင်းမြွေနောက်ကိုလိုက်တယ်။

လင်းမြွေကလည်း သူလိုက်လာမှန်းသိတော့ ခေါင်းထောင်ပြီး ပြေးတယ်။

ပြေးရင်း တောင်ပို့ကြီးတစ်ခုထဲ ဝင်ပြေးတယ်။ တောင်ပို့ထဲ လင်းမြွေဝင်သွားတာ အောင်ဝင်းမြင်လိုက်တယ်။ ဒါကြောင့် တောင်ပို့ကို ပေါက်တူးနဲ့ ဖြိုတယ်။

သူဖြိုနေတုန်း လင်းမြွေ တောင်ပို့ထဲကထွက်ပြီး တောထဲ ဝင်ပြေးတယ်။ အောင်ဝင်း ပေါက်တူးဆွဲပြီး ဆက်လိုက်တယ်။

မီလုမီခင်မှာ ဓားမတို့နဲ့ ပစ်လိုက်တယ်။ ခါးမှန်ပြီး လင်းမြွေ မပြေးနိုင်တော့ဘူး။ ဒီတော့မှ ခေါင်းကို ပေါက်တူးနဲ့ ဖြတ်ပြီး ယူခဲ့တယ်။

တကယ်တော့ လင်းမြွေဆိုတာ ကျေးလက်ရဲ့ ဟင်းလျာတစ်မျိုးပါ။ အရသာကောင်းလွန်းလို့ ကြက်သားနဲ့တောင် မလဲဘူးလို့ ပြောလေ့ရှိတယ်။ ဒါကြောင့် လင်းမြွေတွေ့ရင် ကလေး၊ လူကြီး အကုန်လိုက်ပြီး ဖမ်းကြ၊ သတ်ဖြတ်ကြပါတယ်။

ဒါပေမယ့် အောင်ဝင်း မသိလိုက်တဲ့ အချက်တစ်ချက် ရှိတယ်။ အဲဒါကတော့ သူသတ်လိုက်တဲ့ လင်းမြွေဟာ ရိုးရိုးလင်းမြွေမဟုတ်ဘဲ နာနာဘာဝက အသွင်ဆောင်ထားတဲ့ လင်းမြွေ ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။

အဲဒါကြောင့်လည်း အောင်ဝင်းဟာ.....

(၈)

**အမြန်လမ်းမကြီးပြီးသွားပြီ။ အနေအထားအချို့ပျက်ယွင်းခဲ့ပေမယ့် နာနာဘာဝတွေကတော့ သူတို့ရဲ့ကျတ်ကုန်းမြေမှာပဲ နေထိုင်ကြဆဲပါ**

အောင်ဝင်းဟာ လင်းမြွေအသေကို တဲကြမ်းပြင်ပေါ် ပစ်တင်လိုက်တယ်။

လင်းမြွေသားနဲ့ မြည်းလိုက်ရရင်ဆိုတဲ့ အတွေးကြောင့် အရက်ကို ချဉ်ခြင်းတက်လာ ဖြစ်တယ်။

ချက်ချင်းပဲ အရက်ဝယ်ဖို့ စက်ဘီးစီးပြီး ထွက်ခဲ့တယ်။ သူ့တဲနဲ့ မလှမ်းမကမ်းမှာ ကျောက်ထုတ်ကားလမ်းရှိတယ်။ အမြန်လမ်းမကြီး ဖောက်တုန်းက တောင်ခြေမှာ ကျောက်ထုပြီး လမ်းမကြီးဆီသယ်တဲ့ ကျောက်ထုတ်ကားလမ်း။

ကျောက်ထုတ် လမ်းအတိုင်း ဆယ်မိနစ်လောက် နင်းရင် အမြန်လမ်းမကြီးကို ရောက်မယ်။ ခြောက်လမ်းသွား အမြန်လမ်းမကြီးကို ကျော်တာနဲ့ ဥသျှစ်ကုန်းတဲရွာကိုရောက်မယ်။

သူသွားမှာက အဲဒီတဲရွာ တစ်နေရာပဲ နင်းလိုက်ရတယ်။ အမြန်လမ်းမကြီးဆီ ရောက်လာတယ်။ စက်ဘီးနင်းရင်း ဝဲ/ယာ

www.burmeseclassic.com



တောင်ဘက် မြောက်ဘက်ကို ကားလာ၊ မလာ ကြည့်တယ်။

ဘယ်ဘက်ကမှ ကား လာတာမတွေ့လို့ အမြန်လမ်းကို ကန့်လန့်ဖြတ် စက်ဘီးနင်း တက်လိုက်တယ်။ အဲဒီအချိန်မှာပဲ ကြောက်မက်ဖွယ် ကားစက်သံကြီးကို သူကြားလိုက်ရတယ်။

ကြားလိုက်တဲ့ ခဏမှာပဲ အင်အားပြင်း အရှိန်ကြီးတစ်ခု သူ့ကိုဝင်တိုးတာ ခံလိုက်ရတယ်။ အောင်ဝင်းဟာ လေထဲကို အရှိန်ပြင်းပြင်း မြောက်တက်သွားပြီး လမ်းလယ်မြောင်းထဲ ပြုတ်ကျသွားတယ်။

အဲဒီနေရာမှာပဲ အသက်ထွက်သွားတယ်။ သွေးတွေဆိုတာ အိုင်ထွန်းနေတာ မြင်မကောင်းဘူး။

စီးလာတဲ့ စက်ဘီးဆိုတာ ကိုယ်ထည်တစ်ခြား၊ ဘီးတွေတခြား ဟိုနေရာတစ်ခု ဒီနေရာတစ်ခု လိုက်ကောက်ခဲ့ရတယ်။ တိုက်တဲ့ကားက ရပ်တောင်မကြည့်ဘူး။ ဆက်မောင်းသွားတယ်။ ကားလေးတစ်စီးလည်း နောက်ကကပ်လျက် ပါသွားတယ်။

ကားတိုက်ခံရတာကို အနီးမှာရှိတဲ့ အိမ်တစ်အိမ်က မြင်လိုက်တယ်။

သူတို့ရဲ့သတင်းပေးမှုကြောင့် ဝက်တူးကုန်းရဲကင်းက ရဲတွေရောက်လာတယ်။ အနီးအနား တဲတွေက လူတွေရောက်လာပြီး အောင်ဝင်းရဲ့ အလောင်းကို ကြည့်ကြတယ်။

အဲဒီအချိန်မှာပဲ နာနာဘာဝက အမျိုးသမီးတစ်ယောက်ကိုပူးကပ်ပြီးပြောတဲ့ အသံကို ကြားကြ မြင်ကြရတယ်။

"ငါ့ကလေးကို သတ်တယ်။ သတ်ပြီးတော့လည်း ငါ့ကလေးရဲ့ အသားကိုစားမယ်လို့ လုပ်တယ်။ အဲဒါကြောင့် ကားထဲကို ငါတွန်းထည့်လိုက်တာ။ ပြန်စဉ်းစားလိုက်တော့ သူ့မှာ သားယောကျ်ားလေး မပါဘူး။ သူ့မိန်းမဒုက္ခရောက်မှာစိုးလို့ ကားတွေကို ပြန်လှည့်ခိုင်းလိုက်မယ်"

နာနာဘာဝ ပူးကပ်ခံရတဲ့မိန်းမရဲ့အသံက နဂိုပုံမှန် အသံမဟုတ်ဘူး။ ခပ်စူးစူး ခပ်အစ်အစ်နဲ့ အသံတစ်မျိုး ဖြစ်နေတယ်။

အဲဒီလိုပြောပြီး နာနာဘာဝ ပြန်ထွက်သွားတယ်။ ဟိုမိန်းမလည်း အကောင်းပြန်ဖြစ်သွားတယ်။ သိပ်မကြာဘူး အလောင်းကို ရဲတွေစစ်ဆေးနေတုန်းပဲရှိသေးတယ်။

အဆန် လမ်းကြောင်းအတိုင်း ကားလေးနှစ်စီး မောင်းလာတာတွေ့တယ်။ အခင်းဖြစ်နေရာရပ်ပြီး ကားသမားက ရဲဆီ အဖမ်းခံတယ်။

"ကျွန်တော့်ကားက ဒီ



www.burmeseclassic.com



**ငှါကလေးကို သတ်တယ်။ သတ်ပြီးတော့လည်း ငှါကလေးရဲ့ အသားကိုစားမယ်လို့လုပ်တယ်။ အဲဒါကြောင့် ကားထဲကို ငှါ တွန်းထည့်လိုက်တာ**

နေရာအရောက် သူကလည်း စက်ဘီးနဲ့ လမ်းဖြတ်အကူး ဘယ်လိုမှရှောင်ချိန်မရလိုက်ဘူး။ တိုက်မိတော့တာပဲ''

ရုတ်တရက်ဆိုတော့ ကျွန်တော် ကြောက်သွားတယ်။ ဒါ့ကြောင့် ကားကို ဆက်မောင်းသွားမိပါတယ်။

ညောင်လေးပင် လောက်ရောက်မှ ဘာကြောင့်လည်း မသိဘူး။ တိုက်မိတဲ့နေရာကို ပြန်လာချင်တဲ့စိတ်တွေ အရမ်းပေါ်လာတယ်။ ဒါကြောင့် ပြန်လှည့်လာတာပါ။

ကျွန်တော့် ပယောဂကြောင့် ဖြစ်တာမို့ ကိစ္စပြီးတဲ့ အထိ အစစအရာရာ တာဝန်ယူပေးပါ့မယ်'' လို့လည်းပြောတယ်။ ခုနကမှ သေသူရဲ့မိန်းမ ဒုက္ခရောက်မှာစိုးလို့ ကားတွေကို ပြန်လှည့်ခိုင်းလိုက်မယ်လို့ နာနာဘာဝပူးကပ်ပြီး ပြောခဲ့တယ် မဟုတ်လား။

လူတွေမှာ အံ့သြလွန်းလို့ အဲဒီအကြောင်း ခုထိကို ပြောလို့မဆုံးကြဘူး။

**(ငါး)**

၂၀၁၃၊ ဩဂုတ် တတိယပတ်ထဲမှာ စာရေးသူ ကညွတ်ကွင်းမြို့လေးကို ရောက်ခဲ့ပါတယ်။ တောင်ပိုင်းရပ်က မိတ်ဆွေကြီးကိုလှမြင့်အိမ်အရောက်မှာ သူက '၉၉မိုင် ၄ ဖာလုံ' ဆိုတာ ရန်ကုန်၊ မန္တလေး အမြန်လမ်းမကြီးပေါ်က မိုင်တိုင်အမှတ်ဖြစ်ပြီး-

ကိုအောင်ဝင်းကား တိုက်ခံရပြီး တစ်လလောက်အကြာမှာ ဘယ်ကလာမှန်း မသိတဲ့ အမည်မသိလူတစ်ယောက် အဲဒီနေရာ တည့်တည့်မှာပဲ ကားတိုက်ခံရပြန်ပါတယ်။ ပွဲချင်းပြီး သေဆုံးပြီး တိုက်တဲ့ကားကို မတွေ့လိုက်ကြရဘူးလို့ ဆိုပါတယ်။

အဲဒီအခင်းဖြစ်ပွားပြီး နောက်ဆယ့်ငါးရက် အကြာမှာပဲ။ အဲဒီနေရာတည့်တည့်မှာပဲ ကားတိုက်မှု တစ်မှုထပ်ပြီး ဖြစ်ပွားပြန်ပါတယ်။ ကားတိုက်ခံရသူဟာ သစ်ပွဲစားတစ်ဦးလို့ သိရပြီး သူလည်း သေဆုံးသွားပါတယ်။ ဒီလို တစ်နေရာတည်းမှာ လူတွေ တစ်ယောက်ပြီး တစ်ယောက်။ အသေဆိုးနဲ့ သေပွဲဝင်နေတာဟာ ထိတ်လန့်ဖို့ ကောင်းနေပါတယ်။

ဒီလိုဘေးဒုက္ခဆိုးတွေ ဘာကြောင့် ဖြစ်နေရတာလဲ။ မိုင်တိုင်အမှတ် ၉၉မိုင် ၄ ဖာလုံဟာ ဒေသခံတွေ လက်ခံထားသလို၊ နာနာဘာဝတွေ နေထိုင်တဲ့ ကျတ်ကုန်းမြေ ဖြစ်တဲ့အတွက်ကြောင့်လား၊ ဒါမှမဟုတ် အမြန်လမ်းမကြီးပေါ်မှာ မောင်းနှင်တဲ့ ကားတွေရဲ့ အမြန်နှုန်းနဲ့ လမ်းဖြတ်ကူးသူရဲ့ ဖြတ်ကူးချိန်၊ ဒီနှစ်ခု တိုက်ဆိုင်မှုကြောင့်လား။


ဘယ်လိုပဲဖြစ်ဖြစ် ၉၉ မိုင် ၄ ဖာလုံဆိုတဲ့ မရဏဆုံမှတ်မှာ … မတူတဲ့ ဒေသအသီးသီးက သေမိန့်ကျထားသူတွေ အရောက်လာပြီး သေပွဲဝင်နေကြတာကတော့ ထူးဆန်းတဲ့ အကြောင်းအရာ တစ်ခုလို့ပဲ ကျွန်တော် ထင်မြင်မိပါတော့တယ်။

**ရဲရင့်ထက် (သံတောင်)**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(၁)

အချိန်မှာ ညနေ (၅) နာရီခန့် ဖြစ်သည်။

ဆရာဦးသိန်းထက်သည် သောကစိတ်များနှင့် တွေးတောဝေးမောနေသည်။ လက်ကိုင်ဖုန်းမှ အသံမြည်လာသဖြင့် ကောက်ကိုင်ပြီး နားထောင်လိုက်သည်။

"ဟဲလို…ပြောပါ"

"ဆရာကြီး နေကောင်းလား။ သမီးတို့အတွက် စိတ်မပူပါနဲ့"

ဖုန်းကိုချသွားသည်။ ဆရာဦးသိန်းထက်မှာ ဘာမျှပြန်ပြောခွင့်မရလိုက်။ ဖုန်းချသွားသဖြင့် ပေါ်နေသော ဖုန်းနံပါတ်ကို ပြန်ခေါ်သော်လည်း လုံးဝမကိုင်ပါ။ ဆရာဦးသိန်းထက် ဖုန်းကိုချပြီး သက်ပြင်းချလိုက်သည်။

နောက်တစ်နေ့ ညနေ (၅) နာရီခန့်တွင် ဖုန်းလာပြန်သည်။ ယခင်နံပါတ်မဟုတ်။ နောက်နံပါတ်တစ်ခုဖြစ်သည်။ ဦးသိန်းထက် ပြောခွင့်မရလိုက်။ ယခင်အတိုင်း ပင်ပြောပြီး ဖုန်းချသွားသည်။

"ဒီကလေးမတွေ ဘာစာတ်လမ်းထွင်နေကြတာလဲ မသိဘူး။ သမီးတို့အတွက် စိတ်မပူပါနဲ့တဲ့။ ဒီမှာဖြင့် ငါရော၊ မိဘညီအစ်ကိုမောင်နှမတွေရော ရင်တွေပူပြီး ခေါင်းမီးတောက်နေတာ သူတို့ မသိကြဘူး။ ဒီတစ်ခါ ဖုန်းလာရင် ငါက ဦးအောင်ပြောမယ်"

ဆရာဦးသိန်းထက်မှာ မကျေမနပ်နှင့် ဒေါသထွက်ပြီး တစ်ယောက်တည်း ပြောနေသည်။ နောက်တစ်နေ့ညနေတွင် ဖုန်းစောင့်သော်လည်း ဖုန်းကမလာတော့ပါ။ ဆရာဦးသိန်းထက်စိတ်ပျက်သွားသည်။

(၂)

ဆရာဦးသိန်းထက်မှာ ကျောင်းအုပ်ကြီးရာထူးနှင့် သက်ပြည့်ပင်စင်ယူလိုက်ပြီးနောက် စာသင်ကြားသည်ကို ဝါသနာလည်းပါ၊ ဘာအလုပ်မှ မရှိလျှင် ပင်စင်နာရောဂါစွဲမှာလည်းကြောက်၊ စားဝတ်နေရေးအတွက် အိုဇာတာလေးကောင်းရန် အိမ်မှာ ကျူရှင်ဖွင့်ပါသည်။ မိတ်ဆွေများကလည်း ဝိုင်းဝန်းကူညီကြသည်။ (၁၀) တန်း ကျောင်းသား ကျောင်းသူ (၃၀) ခန့် တက်ရောက်ကြသဖြင့် အဆင်လေးပြေနေသည်။ နာမည်လည်း ထွက်စပြုလာသည်။ အချိန်လေးရလာစရှိသေး ကျောင်းသူနှစ်ယောက်က ပြဿနာရှာပါတော့သည်။

ကျောင်းသား ကျောင်းသူများသည် နံနက် (၇) နာရီမှ (၁၂) နာရီအထိ သက်ဆိုင်ရာကျောင်းအသီးသီးမှာ သွားတက်ကြသည်။ ကျောင်းဆင်းသည်နှင့် ကျူရှင်ကို တန်းလာကြရသည်။ မိဘများ လာပို့သည့် ထမင်းချိုင့်များနှင့် ထမင်းစားပြီး နေ့လည် (၁) နာရီမှ ညနေ (၆) နာရီအထိ စာသင်ကြရသည်။

"ကြည်ပြာနဲ့ ထက်ထက် မရောက်ကြသေးဘူးလားဟေ့"

"မရောက်ကြသေးဘူး ဆရာကြီး"

"ဟာ…နေ့လည် (၁) နာရီ တောင်ကျော်နေပြီ။ ဘယ်သွားနေလဲ မသိဘူး။ ခက်တာပဲ"

ကျောင်းသား ကျောင်းသူများမှာ ဘာမျှမပြောဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။

"ဒီမှာ သူတို့အိမ်လိပ်စာတွေ၊ ရဲလင်းထက်နဲ့ပြည့်စုံဝင်း သူတို့အိမ်တွေ သွားအကြောင်းကြားကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

ရဲလင်းထက်နှင့် ပြည့်စုံဝင်း စက်ဘီးကိုယ်စီနှင့် ထွက်သွားကြသည်။ ဆရာဦးသိန်းထက်မှာ စိုးရိမ်ပူပန်စိတ်များနှင့် စာသင်ခန်းရှေ့ဝယ် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ မကြာမီ ရဲလင်းထက်တို့နှင့်အတူ မိဘများပါလာ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

"ဆရာ သမီးလေး ခုထိ ပြန်မရောက်သေးတာ ဘယ်သွားရှာရမလဲ ဆရာ။ ကျွန်မခေါင်းမီးတောက်နေပြီ"

ထက်ထက်အမေက ပြောရင်း ငိုသည်။

"ဆရာရယ် ကျွန်မက ရောဂါသည်ပါ။ ကျွန်မ ဘာလုပ်ရမလဲဆရာ။ သူ့အဖေက လေဖြတ်ထားလို့ အိပ်ရာထဲလဲနေတာ ဟီး ဟီး…ဟီး…"

ကြည်ပြာအမေကလည်း ပြောပြီး ငိုရှာပါသည်။

"ဒီလိုလုပ်ကြ၊ လိုက်ရှာကြည့်၊ သူတို့နဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတွေ အိမ်တွေကိုလည်း သွားမေးကြည့်၊ မတွေ့ဘူးဆိုရင် ရဲစခန်းမှာ လူပျောက်သွားတိုင်ထားကြ၊ ကျွန်တော်က တပည့်အချို့နဲ့ လိုက်ရှာမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

အမျိုးသမီးကြီးနှစ်ယောက်မှာ မျက်ရည်များသုတ်ပြီး ထွက်သွားကြသည်။ ဆရာဦးသိန်းထက်ကလည်း တပည့်အချို့နှင့် ရှာပုံတော်ဖွင့်ရသည်။ တစ်နေ့သာကုန်သွားသည် ဘာသတင်းအစအနမျှ မရပေ။ ဆရာဦးသိန်းထက်က သူ့တောင် အခုလောက်ရင်ပူနေလျှင် မိဘများမှာ ဘယ်လောက်သောက ရောက်နေကြမည်နည်းဟု တွေးပြီး စိတ်အတော်မကောင်း ဖြစ်နေသည်။

နောက်တစ်နေ့တွင် ဆရာဦးသိန်းထက်သည် ကျောင်းသို့သွားပြီး အတန်းပိုင်ဆရာမနှင့် တွေ့သည်။ ဆရာမကလည်း ရင်းနှီးသူဖြစ်သဖြင့် သိသမျှကို ပြောပြသည်။

"သူတို့နှစ်ယောက်က စာကိုသိပ်စိတ်ဝင်စားပုံမရဘူး။ နှစ်ယောက်တွဲပြီး ကြိတ်ကြိတ် ကြိတ်ကြိတ်နဲ့ ဘာတွေပြောနေကြမှန်းမသိလို့ ခဏခဏ ဆူရတယ်"

"ကျောင်းမှာ ရည်းစားတွေဘာတွေရှိတယ်လို့ကော မကြားမိဘူးလား"

"အဲဒါတော့ မကြားမိဘူး။ သေသေချာချာသိရအောင် သူတို့နဲ့ ရင်းနှီးတဲ့ ကလေးမလေးတွေ ခေါ်မေးပေးမယ်"

ဆရာမက ကလေးမလေး သုံးယောက်ကို ခေါ်လိုက်သဖြင့် ရောက်လာကြသည်။

"သမီးတို့က ကြည်ပြာတို့ ထက်ထက်တို့နဲ့ ရင်းနှီးသူတွေဆိုတော့ သူတို့အကြောင်းကို သိသလောက် ဒီက ဆရာကြီးကို ပြောပြလိုက်ပါ"

"ဟုတ်ကဲ့ပါ ဆရာမ။ သူတို့နှစ်ယောက်က ကျောင်းတက်ရတာ မပျော်ဘူး။ အလုပ်ပဲလုပ်ချင်တယ်လို့ ခဏခဏ ပြောတယ်"

ကလေးမလေးတစ်ယောက်က ပြောပြသလို နောက်တစ်ယောက်က …

"မနေ့က မနက် မုန့်စားဆင်းချိန်မှာ အစ်ကိုကြီးတစ်ယောက် ကြည်ပြာနဲ့ အကြာကြီးပဲ စကားလာပြောနေတယ်"

"ဟုတ်လား။ အဲဒီအစ်ကိုကြီးပုံကို သမီးမှတ်မိလား"

"သူတို့နဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတွေ အိမ်တွေကိုလည်း သွားမေးကြည့်၊ မတွေ့ဘူးဆိုရင် ရဲစခန်းမှာ လူပျောက်သွားတိုင်ထားကြ၊ ကျွန်တော်က တပည့်အချို့နဲ့ လိုက် ရှာမယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ သမီးမှတ်မိတယ်။ အသက်က (၂၀) ကျော်လောက် အသားကညိုညို၊ အရပ်ကရှည်ရှည်၊ ဆံပင်ကရှည်ပြီး ကောက်နေတယ်။ ဂျင်းဘောင်းဘီအနက်နဲ့ တီရှပ်အနက်ကို ဝတ်ထားတယ်"

"အေးအေး…အခုလိုပြော ပြလို့ ဆရာမနဲ့ သမီးတို့ကို ကျေးဇူးတင်ပါတယ်ကွယ်။ ဆရာမ ကျွန်တော်ပြန်လိုက်ပါဦးမယ်"

ဆရာဦးသိန်းထက်သည် ဆရာမကို နှုတ်ဆက်ပြီး ပြန်လာသည်။ လမ်းတွင် ဦးနှောက်ကို အလုပ်ပေးလာသည်။ ကျောင်းသူ မလေးများ ပြောပြသော စကားများထဲမှာ သဲလွန်စပါသည်။ ထိုသဲလွန်စကို ဆွဲလှတ်ပြီး အရင်းအမြစ်ကို ရှာရမည်။

(၄) ရက်မျှ ကြာသွားပြီ။ ဖုန်းလည်း မဆက်တော့။ သူဆို့ ဆက်သော ဖုန်းမှာ လမ်းဘေးမှ အများသုံးဖုန်းဖြစ်သည်။ ကုတ်ံပါတ်ကလည်း ရန်ကုန်တိုင်း မဟုတ်။ ပဲခူးတိုင်း ကုတ်နံပါတ်ဖြစ်သည်။ ကလေးမလေးနှစ်ယောက်သည် ပဲခူးမြို့ (သို့) ပဲခူးတိုင်းတွင်း မြို့နယ်တစ်နေရာတွင် ရောက်နေသည်မှာ သေချာနေသည်။ ဘယ်နေရာဆိုသည်ကို ခန့်မှန်းရခက်နေသည်။

(၃)

ဆရာဦးသိန်းထက်သည် ဘာသတင်းမှ စုံစမ်းမရသဖြင့် စိတ်ပျက်ပျက်နှင့် ဧည့်ခန်းတွင် ထိုင်နေသည်။

"ဆရာဦးသိန်းထက်နဲ့ တွေ့ချင်လို့ပါ"

"အေး…လာထိုင်ကြ၊ ဦးသိန်းထက်ဆိုတာ ငါပါ။ ဘာကိစ္စများရှိလို့လဲ"

လူငယ်နှစ်ယောက်က ဦးသိန်းထက်ရှေ့ရှိ ထိုင်ခုံများတွင် ဝင်ထိုင်ကြသည်။

"ဩော်…ဟုတ်ကဲ့ဆရာ ကျွန်တော်က ကြည်ပြာရဲ့အစ်ကို မျိုးခိုင်ပါ။ သူကတော့ ကျွန်တော့် သူငယ်ချင်း စောထူးပါ။ ကျွန်တော့် ညီမလေးနဲ့ ပတ်သက်ပြီး ဘာသတင်းများထူးသေးလဲလို့ သိချင်လို့ပါ"

ဆရာဦးသိန်းထက်က လူငယ်နှစ်ယောက်ကို ကြည့်လိုက်သည်။ စိတ်ထဲမှာလည်း တစ်မျိုးတော့ ဖြစ်သွားသည်။

"အေးကွာ…ငါလည်းစုံစမ်းနေတာပဲ။ ဘာမှတော့ မထူးသေးဘူးကွ"

"ကျွန်တော့်မှာလည်း အဖေလုပ်မောင်ကြီးနဲ့ ပန်းနာသည်မိခင်ကြီးရှိယ်၊ ညီမလေးရဲ့ ကျောင်းစရိတ်



အတွက် ရှာဖွေနေရတာ ညီမလေးက ခုလိုဖြစ်သွားတော့ ဘာလုပ်ရမှန်း မသိပါဘူး ဆရာရယ်"

မျိုးခိုင်မှာ အစ်ကိုကြီး အဖအရာဆိုသလို ညီမအတွက် စိတ်သောကအတော်ရောက်နေပုံရသည်။

"ငါလည်း စိတ်သင်းရဲ မနေပါနဲ့ကွာ။ မကြာခင် အဆင်ပြေသွားမှာပါ။ ဆရာ ဦး ထပ်မျှ ခံစားနေပြီး ကြိုးစားစုံစမ်းနေတာပါ"

ဆရာဦးသိန်းထက်က မျိုးခိုင်ကို နှစ်သိမ့်အားပေးစကားပြောလိုက်သည်။

"ဆရာ့ဆီကို ကလေးမလေးတွေ ဖုန်းဆက်တယ်ဆို"

မေးလိုက်သူမှာ စောထူးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဆရာဦးသိန်းထက်က စောထူးကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"ကလေးမလေးတွေ ဖုန်းဆက်တာ ငါဘယ်သူ့ကိုမှ မပြောဘူး။ မင်းကသိနေတယ်ဆိုတော့ အကြားအမြင်များရနေသလားကွာ။ ရနေရင်လည်း မင်းသူငယ်ချင်းကို ကူညီလိုက်ပါ။ သူ့ညီမဘယ်မှာရှိတယ်ဆိုတာ ပြောပြလိုက်ပေါ့"

"ဟာ...ဆရာကလည်း ကျွန်တော်က ဒီလိုမဟုတ်ပါဘူး"

ဆရာဦးသိန်းထက်က စောထူးကို ပြောင်သလိုလို ပြောပြီး အကဲခတ်လိုက်ရာ စောထူး မျက်နှာ ကွက်ခနဲပျက်သွားသည်ကို ရိပ်ခနဲ တွေ့လိုက်သည်။ ကျောင်းသူမလေးများ ပြောပြသောပုံရိပ်ကိုလည်း ထင်းခနဲမြင်လိုက်သည်။ ဦးသိန်းထက် ရင်ထဲမှာ ကျေနပ်သွားသည်။

"ဆရာ ကျွန်တော်တို့ ပြန်ဦးမယ်။ သတင်းထူးရင် အကြောင်းကြားပါနော်"

"အေးပါ မောင်မျိုးခိုင်၊ စိတ်ချပါ"

မောင်မျိုးခိုင်တို့နှစ်ယောက် ပြန်သွား၍ အိမ်ခြံဝအရောက်တွင် မောင်မျိုးခိုင်ကို လှမ်းခေါ်လိုက်သဖြင့် မျိုးခိုင်တစ်ယောက်တည်း ပြန်ဝင်လာသည်။

**ကျောင်းသူမလေးများ ပြောပြသော စကားများထဲမှာ သဲလွန်စပါသည်၊ ထိုသဲလွန်စကို ဆွဲထုတ်ပြီး အရင်း အမြစ်ကို ရှာရမည်**

"ဒီမှာ မောင်မျိုးခိုင် ငါပြောတာကို သေသေချာချာနားထောင်။ ငါသဲလွန်စရထားတယ်။ စောထူးဟာ မင်းကိုကျောပိုးပြီး ခေါနဲ့ထိုးနေတဲ့ကောင်ကွ။ သူ့ကို မျက်ခြေမပြတ်ကြည့်နေနော်။ ကျန်တဲ့ကိစ္စ ငါလှုပ်ရှားမယ်။ သူ မရိပ်မိစေနဲ့နော်။ ကဲ...သွားတော့"

ဦးသိန်းထက်က မျိုးခိုင်ကို နှစ်ကိုယ်ကြားလေး ပြောလိုက်သည်။

"ဟုတ်ကဲ့ပါဆရာ စိတ်ချပါ"

မျိုးခိုင်တို့ နှစ်ယောက်ပြန်သွားသည်။ ဦးသိန်းထက်မှာ သူရထားသော သဲလွန်စကို အကောင်အထည်ဖော်ရန် လမ်းပေါ်လာသလို ဖြစ်ရပ်မှန်ဇာတ်လမ်းကောင်းတစ်ပုဒ်ရတော့မည်ဖြစ်သဖြင့် ကျေနပ်နေသည်။ ရဲစခန်းသို့သွား၍ ဒုရဲအုပ် စိုးထွန်းကို အကြောင်းစုံ ပြောပြသည်။ ဒုရဲအုပ် စိုးထွန်းကလည်း အမှုလိုက်ရာ၌ အတော်နာမည်ကြီးသည်။ သဲလွန်စတစ်ခုရလျှင် ကွင်းဆက်များတွေးပြီး ကောက်ချလိုက်လျှင် ကွက်တိ။ ယခုလည်း ဦးသိန်းထက်ပြောပြသည်များကို ဆက်စပ်ပြီး ကောက်ချက်ဆွဲကာ အကောင်အထည်ဖော်တော့သည်။

မြို့နယ်ပြည်သူ့ရဲတပ်မှူး၏ ရုံးခန်းတွင်ဖြစ်သည်။

"မင်း လိမ်ညာမယ်တော့ မကြံနဲ့နော်။ မင်းအကြောင်းကို ငါ အကုန်သိပြီးပြီ။ မေးတာကို မှန်မှန်ဖြေပါ"

ဒုရဲအုပ်စိုးထွန်းက စူးရှသော မျက်လုံးအစုံနှင့် စောထူးကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ စောထူးက ရင်မဆိုင်ရဲ။ ခေါင်းငုံ့လျက်ဖြေသည်။

"ကျွန်တော်အမှန်အတိုင်း ပြောပါမယ်။ ကြည်ပြာဟာ ကျွန်တော့်ချစ်သူပါ။ ကျောင်းဆက်မတက်ချင်ဘဲ နိုင်ငံခြားမှာ အလုပ်သွားလုပ်ချင်တယ်ဆိုလို့ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



အမအိမ်ခေါ်သွားပြီး နောက်မှ မြဝတီက ကျွန်တော့်ဦးလေး အဆက်အသွယ်နဲ့ ထိုင်းမှာ အလုပ်အတူတူသွားလုပ်ဖို့ စီစဉ်တာပါ"

"ဒါဖြင့် ဟိုတစ်ယောက် ကျတော့ကောကွာ"

"သူကလည်း အလုပ်လိုက်လုပ်ချင်တယ်ဆိုလို့ ကြည်ပြာကို ခေါ်ခိုင်းခဲ့တာပါ"


"အေး…မင်းပြောတာတွေဟာ နားထောင်လို့တော့ ကောင်းတယ်။ ယုံဖို့တော့ ခက်နေတယ်။ မင်းတစ်ကွက်ချန်ထားတယ်။ အဲဒီချန်တဲ့ တစ်ကွက်ကို ငါသိနေတယ်။ အေးလေ…အမှန်တရားဆိုတာ အမှန်ကို တရားသဖြင့် ထုတ်ဖော်ပြတာပဲကွာ။ တစ်နေ့တော့ အမှန်တရားဟာ ဘွားခနဲ ပေါ်လာမှာပေါ့။ ခုတော့ မင်း အချုပ်ခန်းထဲ ပြန်ဝင်နေလိုက်ဦး"

စောထူးကို ရဲဘော်နှစ်ယောက်က အချုပ်ခန်းထဲ ပြန်သွင်းထားလိုက်သည်။ ဒုရဲအုပ် စိုးထွန်းက ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းများကို စဉ်းစားပြီး ရေးဆွဲနေသည်။

(၄)

မိုးနံနက်ခင်းဖြစ်သည်။ မိုးက ရွာသော်လည်း ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းဖြစ်နေသည်။ အလင်းဖျော့ဖျော့ရှိနေသော နေခြည်အောက်ဝယ် ဟိုင်းလပ်စ်ကားကလေးသည် ပဲခူးတိုင်း ညောင်လေးပင်မြို့ဆီသို့ ဦးတည်ပြေးလွှားနေသည်။ ကားခေါင်းခန်းတွင် ဆရာဦးသိန်းထက်နှင့် ဒုရဲအုပ်စိုးထွန်းတို့ထိုင်ပြီး ကားနောက်တွင် တရားခံစောထူးနှင့် ရဲဘော်နှစ်ယောက်၊ ရဲမေတစ်ယောက်အပြင် ကြည်ပြာ၏အစ်ကို မျိုးခိုင်နှင့် ထက်ထက်၏အမေ ဒေါ်ခင်ခင်တို့ ပါလာကြသည်။

"အဲဒီလမ်းအတိုင်းမောင်းပြီး ညာဘက်လမ်းချိုးလေးထဲဝင်လိုက်ပါ"



ဒုရဲအုပ်စိုးထွန်းက စောထူး ပြောပြထားသည့်အတိုင်း ယာဉ်မောင်းကို ပြောပြနေသည်။

"အဲဒီ လမ်းချိုးလေးထဲက အိမ်ငါးလုံးမြောက်ရှေ့မှာ ရပ်လိုက်ပါ"

ယာဉ်မောင်းက ဒုရဲအုပ် ညွှန်ကြားသည့်အတိုင်း ခြံဝင်းတံခါး ပိတ်ထားသည့် အိမ်တစ်လုံးရှေ့တွင်ရပ်လိုက်သည်။ ကားရပ်သံကြားသဖြင့် ကလေးမလေးနှစ်ယောက်နှင့် အမျိုးသမီးကြီး တစ်ယောက် ခြံဝင်းတံခါးဖွင့်ပြီး ထွက်လာကြသည်။ ကလေးမလေးနှစ်ယောက်က ဆရာဦးသိန်းထက်ကို မြင်သွားသဖြင့်…

"ဟင်…ဆရာကြီး" ဟု ဆိုပြီး ပြေးလာကြသည်။

"ကားနောက်မှာ သမီးတို့အစ်ကိုနဲ့အမေပါတယ်။ သွားတွေ့လိုက်ကြ"

ဆရာဦးသိန်းထက်က ပြောလိုက်သဖြင့် ကြည်ပြာနှင့်ထက်ထက်သည် ကားနောက်သို့ ပြေးသွားကြသည်။ အမျိုးသမီးကြီးကတော့ ဒုရဲအုပ်စိုးထွန်းကို မြင်သဖြင့် အိမ်ထဲသို့ ပြန်လှည့်ဝင်ရန် ဟန်ပြင်လိုက်သည်။

"ခင်ဗျား ဘယ်မှမသွားနဲ့ ရပ်နေပါ။ ဟော့ရဲမေ…ဒီအမျိုးသမီး

ကို လက်ထိပ်လာခတ်လိုက်"

ဒုရဲအုပ်စိုးထွန်းက စကားကို တစ်ဆက်တည်းပြောလိုက်သည်။ ရဲမေက အလျှင်အမြန်ရောက်လာပြီး အမျိုးသမီးကြီးကို လက်ထိပ်ခတ်လိုက်သည်။

"ကဲအားလုံးကားပေါ်တက်ကြ၊ ဒီကကိစ္စပြီးပြီ၊ ပြန်မယ်"

ကားပေါ်သို့ အားလုံးရောက်သည်နှင့် ကားကလေးမှာ ရဲကုန်သစ်သို့ ဦးတည်ကာ ပြန်မောင်းလာသည်။ လမ်းတစ်ဝက်လောက် အရောက်တွင် မြဝတီရဲစခန်းက ဒုရဲအုပ်စိုးထွန်းထံ ဖုန်းနှင့် သတင်းပို့သည်။ "မြဝတီမြို့ ---လမ်းနေ ဦးအောင်ဒင်ကို ကလေးမလေး (၃) ယောက်နှင့်အတူ ဖမ်းထားကြောင်း" သတင်းပို့လိုက်ခြင်းဖြစ်သည်။

စခန်းသို့ပြန်ရောက်သည်နှင့် ဒုရဲအုပ်စိုးထွန်းက သိလိုသော အကြောင်းများကို မေးသည်။

"သမီးကြည်ပြာ စောထူးဟာ မင်းရဲ့ချစ်သူဆိုတာ ဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်"

ကြည်ပြာက ရှက်ပြီးခေါင်းငုံ့ဖြေသည်။

"ဘယ်လိုဖြစ်ပြီး ညောင်လေးပင်ရောက်သွားတာလဲ"

"သမီးက နိုင်ငံခြားမှာ အလုပ်သွားလုပ်ချင်တယ်ပြောတော့ သူက ညောင်လေးပင်က သူ့အစ်မအိမ်မှာ ခဏသွားနေမယ်။ ပြီးမှ မြဝတီက သူ့ဦးလေးနဲ့ ဆက်သွယ်ပြီး ထိုင်းမှာ အလုပ်သွားလုပ်မယ်။ ထိုင်းရောက်မှ လက်ထပ်ပြီး အတူနေမယ်ဆိုလို့ လိုက်သွားတာပါ"

"ဟုတ်ပြီ သမီးထက်ထက်ကကော ဘယ်လိုဖြစ်ပြီး ပါသွားတာလဲ"

"သမီးက မိခင်မုဆိုးမကြီးနဲ့ စီးပွားရေးအဆင်မပြေလို့ အလုပ်လုပ်ချင်တော့ ကိုစောထူးက ကြည်ပြာနဲ့ အတူလိုက်ခဲ့ဖို့ခေါ်တာနဲ့ လိုက်လာမိတာပါ"

"ဒီနေ့ မြဝတီသွားဖို့ လာခေါ်မယ်ဆိုပြီး စောထူးက မင်းတို့ကို ဖုန်းဆက်ထားတယ် မဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်ရှင်"

ကြည်ပြာနှင့် ထက်ထက်က ဖြိုင်တူဖြေကြသည်။

"အေး တကယ်တော့ စောထူးဟာ မင်းတို့ကို လိမ်နေတာ။ မမီးဆိုတာ သူ့အစ်မ မဟုတ်သလို မြဝတီက ဦးအောင်ဒင်ဟာလည်း သူ့ဦးလေး မဟုတ်ဘူး။ သူတို့ဟာ လူကုန်ကူးနေတဲ့အဖွဲ့ကွ။ အခုဆို သူတို့အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်ကို ကလေးမလေးသုံးယောက်နဲ့အတူ ဖမ်းထားကြောင်း မြဝတီရဲစခန်းက ငါ့ဆီဖုန်း သတင်းပို့လိုက်တယ်"

"ကျေးဇူးတင်လိုက်တာ ဆရာရယ်။ ကျွန်မသမီးလေး နရတိမ်းနစ်တော့မလို့။ ဆရာတို့ ကယ်လို့သာပေါ့"

ထက်ထက်အမေက ကျေးဇူးတင်စကားကို အသံတုန်တုန်ယင်ယင်နှင့် ပြောရှာသည်။ သမီးလေးကို ပြန်တွေ့ရသဖြင့် အလွန်ဝမ်းသာနေပုံရသည်။ ဒု-ရဲအုပ် စိုးထွန်းက စကားကို ဆက်ပြောပြန်သည်။

"စောထူးဆိုတဲ့ကောင်က လူရှာပေးရတယ်။ မိန်းကလေးတွေကို ချဉ်းကပ်၊ ရည်းစားဖြစ်အောင်ကြိုးစား၊ ဖြစ်တယ်ဆို ခိုးယူပေါင်းသင်း၊ ပြီးတော့ ရောင်းစား၊



www.burmeseclassic.com



**မင်းပြောတာတွေဟာ နားထောင်လို့တော့ ကောင်းတယ်။ ယုံဖို့တော့ ခက်နေတယ်။ မင်းတစ်ကွက်ချန်ထား တယ်။ အဲဒီ ချန်ထားတဲ့ တစ်ကွက်ကို ပြောပြဖို့ ရှာယ်**

နီးစပ်ရာ မိန်းကလေးတွေကိုပါ ဖျားယောင်းသွေးဆောင်ခေါ်သွား သေးတယ်။ အခုလည်း မင်းတို့ကို အဲဒီနည်းဗျူဟာသုံးပြီး ရောင်းစား ဖို့လုပ်တာ။ ပူးပေါင်းကြံသူကတော့ မမိုးပဲ။ သူတို့နှစ်ယောက်က လူရ တယ်ဆို ဦးအောင်ဒင်ဆီသွားပို့ တယ်။ တန်ရာတန်ကြေးကို ဦး အောင်ဒင်ဆီကရတယ်။ ဦးအောင် ဒင်က ထိုင်းဘက်သွားပြီး ပြန် ရောင်းစားတယ်။ ဟုတ်တယ် မဟုတ်လား မမိုး…"

"ဟုတ်…ဟုတ်ပါတယ် ဆရာ"

ဒုရဲအုပ်စိုးထွန်း၏ ပြည့်ပြည့် စုံစုံရှင်းပြသော စကားကို ကြားရ သောအခါ ကလေးမလေးနှစ် ယောက်မှာ အတော်ကြောက်ရွံ့ တုန်လှုပ်နေကြသည်။ မျိုးခိုင်က တော့ စောထူးကို မကျေမနပ် ကြည့်နေသည်။

"ဆရာ့ကို ကျေးဇူးတင်လွန်း လို့ ကန်တော့ပါရစေ"

ကြည်ပြာနှင့် ထက်ထက်က ဒုရဲအုပ်စိုးထွန်းကို ကန်တော့စဉ် အလှုပ်တွင် ဒုရဲအုပ်စိုးထွန်းက–

"ငါ့ တစ်ခါတည်းကို မကန်တော့နဲ့။ မင်းတို့ဆရာကြီး ဦးသိန်းထက်ကိုပါ ကျေးဇူးတင်ပြီး ကန်တော့ရမယ်။ မင်းတို့ဆရာကြီး က ဝါရင့်ကျောင်းဆရာကြီးလည်း ဖြစ်၊ မှုခင်းစာရေးဆရာကြီးလည်း ဖြစ်ဆိုတော့ အတွေးအခေါ်အလွန် တော်တာ။ အခုကိစ္စမှာ သူ့ရဲ့ အတွေး၊ သူ့ရဲ့ စုံစမ်းမှု၊ သူ့ရဲ့ ကောက်ချက်ချမှုတွေ အများဆုံးပါ တယ်ကွ"

"ဟုတ်ကဲ့ပါဆရာ။ သမီး တို့ ကန်တော့ပါတယ်"

ကြည်ပြာနှင့် ထက်ထက်က ကန်တော့ကြသည်။

"အေး…မင်းတို့ကို သတိ ပေးစကားပြောလိုက်မယ်။ မင်းတို့ ရဲ့လောကထဲမှာ ကာမသိုက်၊ ဓန သိုက်တူးနေတဲ့ လူယုတ်မာသိုက် သမားတွေဟာ နည်းဗျူဟာအမျိုး မျိုးသုံးပြီး သိုက်တူးနေကြတယ်။ အဲဒါသတိထားရှောင်ကြပါ"

"ဟုတ်ကဲ့ပါဆရာ"

ဆရာဦးသိန်းထက်ကလည်း သူ့တပည့်များကို ဆုံးမစကားပြော သည်။

"သမီးတို့ လောကမှာ ဖြစ် ချင်တာဆက်ဖို့ ဖြစ်သင့်တာကို အကောင်းဆုံးဖြစ်အောင် ကြိုးစား လုပ်ပါ။ အခု သမီးတို့ရဲ့ အတွေ့ အကြုံကရတဲ့ အသိနဲ့ အရေးနာကို သတိထားပါ။ နောင်တရမှ ပြီ ဆိုတဲ့ အဖြစ်မျိုး မရောက်အောင် အစစ ဆင်ခြင်ပါ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

စောထူးနှင့် မမိုးကို အချုပ် ခန်းထဲသို့ သွင်းလိုက်သည်။ အားလုံးလည်း ဝမ်းမြောက်ဝမ်းသာ စွာ ပြန်သွားကြသည်။ ဒုရဲအုပ် စိုးထွန်းက ရုံးခန်းဝမှာ ရပ်ကြည့် ကျန်ရင်း ရင်ထဲက ရေရွတ်လိုက် သည့် စကားစုလေးကတော့ "မင်းတို့လေးတွေဟာ တံလျှပ်ကို ရေထင်တဲ့ ရွှေသမင်မလေးတွေပဲ" ဟူ၍…။ ။

(ကိုယ်တွေ့ကြုံဖြစ်ရပ်ကို ခံစား တင်ပြထားပါသည်)

**မောင်အေးနှစ် (ပညာရေး)**

www.burmeseclassic.com

www.burmeseclassic.com






# အရှုပ်ပြဿနာ ဒိုရ်ဝိုမ်များ

ယက်ဒေအောင်ကျော်

(ကျွန်းကြွင်း)

www.burmeseclassic.com

www.burmeseclassic.com



## သူဌေးတွက်ခြေကိုက် အလုပ်သမား မျက်ဖြူဆိုက်

မြန်မာနိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ တစ်ဖွဲ့ဖွဲ့လာပြီး လေ့လာနေကြတယ်၊ အခြေအနေကောင်းရင် ဝင်လာကြမယ်။ စက်ရုံကြီးတွေဆောက်၊ လုပ်ငန်းကြီးတွေလုပ်ကြ။ သူတို့လည်း တွက်ခြေကိုက်၊ နိုင်ငံတော်လည်း တွက်ခြေကိုက်။ လုပ်သားတွေလည်း အလုပ်အကိုင် အခွင့်အလမ်းတွေရ၊ ခေတ်စနစ်အသစ်နှင့်အတူ ပေါ်ထွန်းလာတဲ့ အရမ်းကောင်းတဲ့ ဆောင်ရွက်ချက်တွေပါ။

ဒါပေမယ့်...ဒါပေမယ့် ပေါ့လေ။ မြန်မာပြည်လာပြီး လုပ်ငန်းကြီးလုပ်နေတဲ့ နိုင်ငံခြားသူဌေးက-

မြန်မာပြည်ရဲ့ ဥပဒေကို ဘယ်ကြားမှမညှပ်ပဲ ရှူးချင်ယောင်ဆောင်တတ်ကြပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံသူတွေနဲ့ တွေ့ရင်တော့ ဘယ်သူတွေ တွက်ခြေကိုက်ကိုက်၊ အလုပ်သမားတွေကတော့ မျက်ဖြူဆိုက်ကြရမှာ အမှန်ပါ။

## ဆုံးရှုံးနေတဲ့ အလုပ်သမား အခွင့်အရေးများ

စာရေးသူရဲ့ ကိုယ်တွေ့ပါ။ စာရေးသူဟာ ရွှေပြည်သာမြို့နယ်ထဲက စက်မှုဇုန်တစ်ခုမှာ အလုပ်လုပ်ခဲ့ဖူးပါတယ်။ တရုတ်လူမျိုးပိုင် စက်ရုံတစ်ခုမှာပါ။ တစ်နေ့ အလုပ်ချိန် (၉) နာရီခိုင်းတယ်။ အချိန်ပိုကြေးကို ပေးချင်သလို ပေးတယ်။ ရေသုံးခါသောက်ရင် အလုပ်ထုတ်တယ်။ စာရေးမနဲ့ စကားပြောမိရင် အလုပ်ထုတ်တယ်။ စက်ရုံရဲ့အမိန့်က အလုပ်မရှိတဲ့အခါ ပန်းရုံဆိုက်မှာ ကျောက်လောင်းရတယ်။ မြေပေါက်ရတယ်၊ မြက်ရှင်းရတယ်။ သန့်ရှင်းရေးလုပ်ရတယ်။

အကျီ၊ ဘောင်းဘီ ပေးပေမယ့် လုပ်ငန်းဝင်ဖိနပ်ကို စက်ရုံက ဝယ်စီးရတယ်။ လုပ်ငန်းခွင်အန္တရာယ်ကင်းစေဖို့ လိုအပ်တဲ့ ပစ္စည်းကိရိယာ မပေးဘူး။ ကြိုတင်ကာကွယ်ရေး စီမံထားမှု မရှိဘူး။

လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရင်လည်း သူနဲ့မဆိုင်သလို မျက်နှာလွှဲနေတယ်။

ထိခိုက်ဒဏ်ရာရတဲ့အတွက် နစ်နာကြေးမပြောနဲ့ ဆေးရုံတက်နေတာတောင် လုပ်အားခဖြတ်တယ်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တော်လှန်ရေးနေ့၊ အာဇာနည်နေ့၊ မေဒေးနေ့ လာမပြောနဲ့ နားမလည်ဘူး။

ကဆုန်လပြည့်၊ ဝါဆိုလပြည့်၊ သီတင်းကျွတ်၊ တန်ဆောင်တိုင် ရှူးချင်ယောင်ဆောင်နေတယ်။

သကြန်တောင် အလုပ်သမားက ဘယ်လောက်ပေးပေး မဆင်းလို့။ တနင်္ဂနွေကစ အလုပ်ဆင်းခိုင်းတဲ့ တရုတ်သူဌေးပါ။

"အလုပ်သမား အခွင့်အရေးအပြည့်အဝရမယ်" လို့ ဆိုင်းဘုတ်ချိတ် အာမခံတဲ့ စက်ရုံ မြန်မာပြည်မှာ မရှိပါဘူး။ နိုင်ငံတော်အစိုးရက အလုပ်သမားအဖွဲ့အစည်း ဥပဒေ/ နည်းဥပဒေများ (၂၀၁၁) နဲ့ နည်းဥပဒေများ (၂၀၁၂) ကို ထုတ်ပြန်ခဲ့ပေမယ့် အလုပ်သမားအများစုကြီးက အခွင့်အရေးတွေ နစ်နာဆုံးရှုံးနေကြဆဲပါ။

ဒါကြောင့် အလုပ်သမားတွေနဲ့ သက်ဆိုင်တဲ့ တရားစီရင်ထုံး တချို့ကို လက်လှမ်းမှီတဲ့ အထဲက ရှာဖွေတင်ပြလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကြံကြိတ်ဖိုအလုပ်သမား ပြဿနာ

ဦးညို ပါ (၂) သည် ကြံကြိတ်ဖိုပိုင်ရှင်များဖြစ်ပြီး ဦးအောင်ပုသည် ယင်းကြံကြိတ်ဖိုမှ နေ့စားအလုပ်သမားဖြစ်သည်။

(၁၃-၁၂-၁၉၇၂) ညက ဦးအောင်ပု ကြံဖတ်များသယ်၍ မီးထိုးလုပ်ကိုင်နေစဉ် ကြံဖတ်စ ထိုးမိ၍ မျက်စိကွယ်သွားသည်။

ဦးအောင်ပုက လျော်ကြေးရလိုကြောင်း တောင်းဆိုရာ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက ဦးအောင်ပုအား ၁၅၇၂၊ ၄၀ ပြားကို ပိုင်ရှင်များက ပေးရန် အမိန့်ချမှတ်ခဲ့သည်။

ယင်းအမိန့်ကို မကျေနပ်၍ ပိုင်ရှင်ဦးညို ပါ (၂) က အယူခံဝင်သည်။ ထိုအယူခံကို ဗဟိုတရားစီရင်ရေးအဖွဲ့က စစ်ဆေးကြားနာခဲ့သည်။

ဦးညို ပါ (၂) က ဦးအောင်ပုသည် ၎င်းတို့၏ အလုပ်သမားတစ်ဦးဖြစ်ကြောင်း ဝန်ခံသည်။ သို့သော် အလုပ်ခွင်တွင် ကြံဖတ်အစ ထိခိုက်မိ၍ညာဘက်မျက်စိဒဏ်ရာရပြီး ယင်းဒဏ်ရာကြောင့်၊ မျက်စိကွယ်ခဲ့သည်ကို ငြင်းသည်။ ဦးအောင်ပု၏ ညာဘက်မျက်စိသည် မူလကတည်းက တိမ်စွဲကပ်၍နေပြီး ကြံဖိုတွင် ထင်းမီးဖိုရာက မီးအရှိန်နှင့်တိမ်ကြွလာခြင်းဖြစ်ကြောင်း ဝန်ခံသည်။



ဦးညိုသည် ဦးအောင်ပုတွင် တိမ်စွဲကပ်နေကြောင်း သိလျက်နှင့် ကြံကြိတ်ဖို၌ အလုပ်လုပ်ခိုင်းသည်။ ထိုသို့ အလုပ်လုပ်စေခြင်းကြောင့် တိမ်ရောဂါကြွလာသည်။

ဤသည်ပင် အလုပ်ခွင်တွင် ရရှိသောဒဏ်ရာဖြစ်သဖြင့် ယင်းဒဏ်ရာအတွက် အလုပ်ရှင်တွင် တာဝန်ရှိသည်။

ထို့ကြောင့်အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၏ အမိန့်ကို အတည်ပြု၍ ဦးညို ပါ (၂)၏ အယူခံလွှာကို ပလပ်လိုက်သည်လို့ ဖော်ပြထားပါတယ်။ ဒီစီရင်ထုံးက-

၁၉၇၄ ခုနှစ် တရားစီရင်ထုံး၊ ဦးညို ပါ (၂) နှင့်..

(၁) ပျဉ်းမနားမြို့နယ် ဦးစီးဌာနမှူး အလုပ်သမား လျော်ကြေးအရာရှိရုံး၊ ပျဉ်းမနားမြို့။

(၂) ဦးအောင်ပု၊ ကြံကြိတ်လုပ်သား၊ သရက်တောကျွန်းရောင်းဒိုင်။ ပျဉ်းမနားမြို့ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အလုပ်သမား
# [illegible]များ
# ယက်ခအောင်ကျော်
([illegible])

**ဆန်စက်အလုပ်သမား သေဆုံးမှု ပြဿနာ**

မောင်သန်းမြိုင်၏ဇနီး မကျင်သိန်းမြင့်သည် မအူပင်မြို့ ဇောတိကဆန်စက်တွင် ဆန်အိတ်များ ထမ်းရင်း (၂၀.၂.၁၉၇၃) နေ့က လဲကျသေဆုံးခဲ့သည်။

ထို့ကြောင့် မောင်သန်းမြိုင်က ဇောတိကဆန်စက်ပိုင်ရှင်၏ကိုယ်စားလှယ် ဦးသန်းအောင်ထံမှ အလုပ်သမား လျော်ကြေး တောင်းဆိုခဲ့သည်။

မအူပင်မြို့နယ် အလုပ်သမား လျော်ကြေး စီစစ်ရေး ကော်မတီက အမှုစစ်ဆေးပြီး ဦးသန်းအောင်က အလုပ်သမား လျော်ကြေးငွေ ကျပ် ၂၈၀၀ မောင်သန်းမြိုင်အားပေးရန် အမိန့်ချမှတ်ခဲ့သည်။

အမိန့်ကို မကျေနပ်၍ ဦးသန်းအောင်က အယူခံဝင်ခြင်းဖြစ်ပြီး အမှုကို ဗဟိုတရားစီရင်ရေးအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

မကျင်သိန်းမြင့်သည် သူ၏အလုပ်သမား မဟုတ်၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ် (၁) ၏ အလုပ်သမားတစ်ဦးသာ ဖြစ်သည်ဟု အယူခံတရားလိုက တင်ပြသည်။ အလုပ်သမား လျော်ကြေး စီစစ်ရေးကော်မတီရှေ့တွင် စစ်ဆေးစဉ်က ထိုကဲ့သို့ အဆို မပြုခဲ့ချေ။ သက်သေအားလုံးကလည်း မကျင်သိန်းမြင့်သည် အယူခံတရားလို၏ အလုပ်သမားမဟုတ်ဟု တစ်ဦးကမှ မပြောခဲ့။

သက်သေမောင်သန်းမြင့်က အလုပ်သမားများကို အလုပ်သမားမှူး ဦးကျော်ဒိုးက ငွေရှင်းပေးသည်။ ဦးကျော်ဒိုးက ပိုင်ရှင်ကိုယ်စားလှယ် ဦးသန်းအောင်ထံက လုပ်ခများ ရှင်းယူကြောင်း ထွက်ဆိုသည်။ အယူခံတရားလိုသည် မကျင်သိန်းမြင့်၏ အသုဘအတွက် ငွေကျပ် ၅၀ ကူခဲ့သည့်အပြင် သေဆုံးမှုအတွက် ရပ်ကွက်လူကြီးများနှင့် ညှိနှိုင်း၍ မောင်သန်းမြိုင်ကို ငွေကျပ်သုံးရာ ပေးခဲ့သည်။ မောင်သန်းမြိုင်က ငွေကျပ်သုံးရာကိုလက်မခံကြောင်း သိရသည်။

မိမိအလုပ်သမား မဟုတ်လျှင် ဤသို့ပြုမူဆောင်ရွက်ရန် လိုမည်မဟုတ်ဟု ယူဆသည်။

ထို့ပြင် အလုပ်သမား လျော်ကြေး စီစစ်ရေး ကော်မတီသည် သေဆုံးမှုစစ်ဆေးချက် ထောက်ခံစာထုတ်ပေးသော မအူပင်မြို့၊ မြို့နယ်ဆရာဝန်ကြီးကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ ဆုံးဖြတ်ချက်ချခြင်းမှာ မှားယွင်းသည်ဟုလည်း အယူခံတရားလိုက တင်ပြသည်။

မြို့နယ်ဆရာဝန်၏ သေဆုံးမှုဆိုင်ရာ ဆေးစစ်ချက် ထောက်ခံစာတွင် မကျင်သိန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



သည် ရုတ်တရက် အမောဆို့၍ နှလုံးရပ်ပြီး သေဆုံးကြောင်း ဖော်ပြထားသည်။

အလုပ်ခွင်တွင် အလုပ်လုပ်နေရင်း အမောဆို့ပြီး သေဆုံးကြောင်း ထင်ရှားသဖြင့် ဆရာဝန်ကို တရားရုံးမှ ခေါ်ယူစစ်ဆေးရန် မလိုဟု ယူဆသည်။

အကယ်၍ အခြားအကြောင်းကြောင့် (သို့မဟုတ်) အခြားရောဂါဝေဒနာကြောင့် မကျင်သိန်းမြင့် သေဆုံးခဲ့သည်ဟု အယူခံတရားလိုက ဆိုလိုလျှင် ထိုအချက်နှင့် ပတ်သက်ပြီး သက်သေပြရန်မှာ အယူခံတရားလို၏ တာဝန်သာဖြစ်သည်။

ထိုအချက်နှင့် ပတ်သက်၍ အယူခံတရားလိုသည် သက်သေပြခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မအူပင်မြို့နယ် အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီမှ ချမှတ်ခဲ့သည့် အမိန့်မှာ မှန်သည်ဟု ယူဆသဖြင့် ဤအယူခံမှုကို ပလပ်လိုက်တယ်လို့ '၁၉၇၄ ခုနှစ်၊ ဦးသန်းအောင်နှင့် မောင်သန်းမြိုင်' တို့ရဲ့ စီရင်ထုံးမှာ ဖော်ပြထားပါတယ်။

**ကားပိုင်ရှင်နဲ့ ဒရိုင်ဘာရဲ့ ပြဿနာ**

ဒေါ်စာမိုမှာ အငှားလိုက်မော်တော်ယာဉ်ရှိတယ်။ အဲဒီယာဉ်ကိုမောင်းတာက သူ့အလုပ်သမား မောင်မြသန်းပါ။

တစ်နေ့မှာ မောင်မြသန်း မော်တော်ယာဉ် မောင်းနေတုန်း ကားမှောက်တယ်။ မောင်မြသန်း ဒဏ်ရာတွေရတယ်။

ဒဏ်ရာတွေရတဲ့အတွက် အလုပ်သမားလျော်ကြေးရဖို့ ရန်ကုန်တိုင်း အလုပ်သမား လျော်ကြေး ကော်မတီကို မောင်မြသန်း လျှောက်ထားခဲ့တယ်။

အလုပ်သမားလျော်ကြေး ကော်မတီက မောင်မြသန်းအား ငွေ ၃၉၃၁ ကျပ် ၂၀ ပြားကို ဒေါ်စောမိုမှပေးရန် အမိန့်ချမှတ်ခဲ့တယ်။

အဲဒီအမိန့်ကို မကျေနပ်လို့ ဒေါ်စောမိုက အယူခံဝင်တယ်။ အယူခံမှုကို ဗဟိုတရားစီရင်ရေးအဖွဲ့က ကြားနာစစ်ဆေးပါတယ်။

မောင်မြသန်းဟာ မိမိ၏ အလုပ်သမားမဟုတ်ကြောင်း၊ ဆွေမျိုးသားချင်းဖြစ်၍ အလုပ်တွင် ကူပေးခြင်းသာဖြစ်ကြောင်း၊ အလုပ်ခွင်၊ အလုပ်ချိန်မှာရတဲ့ ဒဏ်ရာ မဟုတ်ကြောင်း၊ ဒေါ်စောမိုက တင်ပြတယ်။

ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီရဲ့ သက်ဆိုင်ရာ အမှုတွဲက သက်သေထွက်ချက်တွေကို လေ့လာလိုက်တဲ့အခါ မောင်မြသန်းဟာ ဒေါ်စောမိုရဲ့ အလုပ်သမားဖြစ်ကြောင်းနဲ့ ဒဏ်ရာတွေကလည်း အလုပ်ခွင်၊ အလုပ်ချိန်မှာ ရတဲ့ဒဏ်ရာတွေ ဖြစ်ကြောင်း ပေါ်လွင်နေတယ်။

တစ်ခါ မောင်မြသန်းဟာ မည်သူ့ခွင့်ပြုချက်မှ မရဘဲ အလုပ်ချိန်မဟုတ်တဲ့ မနက် (၇) နာရီမှာ ကားကိုယူသွားတယ်။ ဒါကြောင့် အလုပ်ချိန်မဟုတ်တဲ့ မနက် (၉) နာရီခွဲမှာ ကားမှောက်မှုဖြစ်ရပါတယ်လို့ ဒေါ်စောမိုက ဆိုပြန်တယ်။

ကားကြီးတစ်စင်းလုံး မိမိခြံဝင်းအတွင်းက ထုတ်ယူမောင်းနှင်သွားတဲ့ကိစ္စကို မိမိတို့ ခွင့်ပြုချက်မရှိပါ။ မသိပါလို့ ဒေါ်စောမိုက ငြင်းဆိုတယ်။ အဲဒီငြင်းဆိုချက်ကို လက်မခံနိုင်ဘူးလို့ ဗဟိုတရားစီရင်ရေး အဖွဲ့က သုံးသပ်တယ်။

နောက်တစ်ခါ မောင်

www.burmeseclassic.com

www.burmeseclassic.com

မြသန်းမှာ အငှားလိုက်မော်တော်ယာဉ် မောင်းနှင်ခွင့်လိုင်စင်မရှိတဲ့အတွက် မိမိ၏အလုပ်သမား မဟုတ်လို့လည်း ဒေါ်စောမှီက တင်ပြပြန်တယ်။

ဒီအချက်ကို ဗဟိုတရားစီရင်ရေးအဖွဲ့က ဒီလိုသုံးသပ်ခဲ့ပါတယ်။

"ဤတွင် အလုပ်သမားနှင့် အလုပ်ရှင်ဆိုသော စကားရပ်၏အဓိပ္ပာယ်ကို ရှင်းလင်းရန်လိုပေသည်။

'အလုပ်သမားဆိုသည်မှာ မိမိ၏ကာယအား၊ ဉာဏအား အသုံးပြု၍ လုပ်ကိုင်ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကြောင်း ပြုနေရသူကို ဆိုလိုပြီး'

'အလုပ်ရှင်ဆိုသည်မှာ အလုပ်သမားကို လုပ်ခပေးရန် တာဝန်ရှိသူကို ဆိုလိုခြင်း' ဖြစ်သည်။


မောင်မြသန်းတွင် အငှားလိုက်လိုင်စင် ရှိ - မရှိဆိုသည့်အချက်မှာ အလုပ်ရှင် အလုပ်သမားကိစ္စနှင့် မည်သို့မျှ မသက်ဆိုင်ချေ"လို့ သုံးသပ်ထားပါတယ်။

ဒေါ်စောမှီရဲ့ အကျိုးဆောင်က ဆရာဝန်ကို ခေါ်မစစ်ဘဲ ဆေးဆရာဝန်ရဲ့ ထောက်ခံချက်လက်မှတ်ကိုသာ သက်သေအဖြစ် လက်ခံတာမှားတယ်လို့လည်း ထောက်ပြပြန်ပါတယ်။

ဆေးစာကိစ္စနဲ့ ပတ်သက်လို့လည်း ၁၉၆၆ ခုနှစ် မြန်မာပြည်စီရင်ထုံးထဲက ဦးဝင်းဖေနှင့် မောင်တင်သိန်း အမှုကို ထောက်ပြပြီး ဆရာဝန်ကို မစစ်ဆေးဘဲ ယင်း၏ လက်မှတ်ကို သက်သေခံအဖြစ်ဖြင့် လက်ခံနိုင်သည်လို့ သုံးသပ်ခဲ့ပါတယ်။

အထက်ပါ စစ်ဆေးသုံးသပ်ချက်တွေကြောင့် ဒေါ်စောမှီက မောင်မြသန်းအား အလုပ်သမား လျော်ကြေးပေးစေရန်ဆိုတဲ့ ရန်ကုန်တိုင်း အလုပ်သမားလျော်ကြေး စိစစ်ရေး ကော်မတီက ချမှတ်တဲ့အမိန့်ကို ဗဟိုတရားစီရင်ရေးအဖွဲ့က ပြင်ဆင်ချက်နဲ့ အတည်ပြုလိုက်ပါတယ်။

ပြင်ဆင်ချက်က ဒီလိုပါ။ မောင်မြသန်းမှာ လက်မပြတ်သွားတဲ့အတွက် လျော်ကြေးမှာ ၂၅ ရာခိုင်နှုန်းဖြစ်ပြီး လက်သူကြွယ်နှင့် လက်သန်းတို့ အကြောတင်သွားသောကြောင့် ဆုံးရှုံးမှုအတွက် ၅ ရာခိုင်နှုန်းစီသာ ဥပဒေအရ ရထိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်းလျော်ကြေး ၅၀ ရာခိုင်နှုန်းအစား ၃၅ ရာခိုင်နှုန်းသာ ရသင့်စေရမည်။ ထိုနှုန်းအတိုင်းတွက်လျှင် လျော်ကြေးငွေမှာ ကျပ် (၂၇၅၁) ကျပ် (၈၄) ပြားဖြစ်သည်။ ထို့ကြောင့် လျော်ကြေးငွေ ပမာဏကို ကျပ်ငွေ (၂၇၅၁) ကျပ် (၈၄) ပြားဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

ပြင်ဆင်သတ်မှတ်လိုက်တဲ့အတိုင်း ပေးစေရန် အမိန့်ချမှတ်လိုက်တယ်လို့ ဒေါ်စောမှီနှင့် (၁) မောင်မြသန်း (၂) ဥက္ကဋ္ဌ အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီလို့ ရန်ကုန်တိုင်း၊ ၁၉၇၄ ခုနှစ် စီရင်ထုံးမှာ ဖော်ပြထားပါတယ်။

**အမြန်ဆုံးရှိသင့်တဲ့ အလုပ်သမားတရားရုံး**

အထက်က တရားစီရင်ထုံးတွေကို လေ့လာတဲ့အခါမှာ–

"အလုပ်သမားလျော်ကြေးစိစစ်ရေးကော်မတီ" ဆိုတဲ့ အဖွဲ့အစည်းတစ်ခုကို ‹ တွေ့ရမှာပါ။ မြို့နယ်အဆင့်၊ တိုင်းအဆင့် ဖွဲ့စည်းထားတာ လေ့လာတွေ့ရပါတယ်။

အဲဒီအဖွဲ့အစည်းဟာ အလုပ်သမား အခွင့်အရေးတွေကို စစ်ဆေးဆုံးဖြတ်ပါတယ်။ အလုပ်သမားရဲ့ နစ်နာဆုံးရှုံးမှုဟာ တရားဥပဒေနဲ့ ညီညွတ်မှု ရှိ - မရှိ ဆုံးဖြတ်ပေးနိုင်တဲ့ ဒီလိုအဖွဲ့အစည်းမျိုး၊ ဒါမှမဟုတ် အလုပ်သမားတရားရုံး၊ ဒီခေတ်မှာ ရှိသင့်ပါတယ်။ ဒါမှသာ အလုပ်သမားထုကြီးရဲ့ အကျိုးကို လျင်မြန်စွာ ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

စာရေးသူကိုယ်တိုင် စက်ရုံလုပ်ငန်းခွင်ထဲက သံပြားဖြတ်တဲ့ ဓားစက်အောက်မှာ လက်ညှိုးတစ်ဆစ် ပါသွားခဲ့ပါတယ်။

လုပ်ဖော်ကိုင်ဖက် တစ်ယောက်လည်း ကျောက်စက်က ဝဲယာလက်မောင်း လက်ဖျံတွေ တိုက်မိပြီး လက်နှစ်ဖက်စလုံး ပုံမှန်သန်စွမ်းတဲ့ အနေအထား ဆုံးရှုံးခဲ့ရပါတယ်။

နစ်နာကြေးမရတဲ့ အပြင် မသန်စွမ်းတဲ့ လက်ကြောင့် အလုပ်ကပါ ရပ်စဲခံလိုက်ပါတယ်။

ကျွန်တော်တို့အားကိုးစရာ ရှာမတွေ့ခဲ့ဘူး။ ဘယ်သူ့ကို အဖေခေါ်လို့ ခေါ်ရမှန်း မသိဖြစ်ခဲ့ရပါတယ်။

ဒါဟာ ကျွန်တော်တို့တင်မဟုတ်ပါဘူး။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ အလုပ်သမားထုကြီး တစ်ရပ်လုံး ခံစားနေရတဲ့ ကိစ္စပါ။

အလုပ်သမား အခွင့်အရေး မျက်နှာဖုံးစွပ်ထားပေမယ့် အလုပ်သမားတွေရဲ့ တကယ့်ဘဝကို အကျိုးမပြုတဲ့ ဌာနဆိုင်ရာတချို့ထက် ဥပဒေနဲ့ ညီညွတ်ပြီး မျှတမှန်ကန်တဲ့ အလုပ်သမား တရားရုံးကသာ အလုပ်သမားတွေရဲ့ လက်တွေ့ဘဝကို အထောက်အကူပြုနိုင်မယ်လို့ ယူဆမိကြောင်းပါခင်ဗျား။

**ထက်အောင်ကျော်**
**(ကညွတ်ကွင်း)**



www.burmeseclassic.com

# ရိုးသားစွာ ရုံးတက် ထောက်ထားစရာ

မောင်ရှုသစ်



www.burmeseclassic.com



"ရုံးဆင်း ရုံးတက် ထောင်တစ်ရက်" - တဲ့။ စာသားလေးက ရိုးမလိုနဲ့ဆန်းသလို အဖြစ်အပျက်ကလည်း ...

၁၉၉၀ ခုနှစ်ကာလများဆီက နယ်မြို့လေးတစ်မြို့၌ ခပ်ရွှတ်ရွှတ်၊ ခပ်ပေပေနေတတ်သော မဟုတ်မခံစိတ်ရှိသည့် လင်းမောင်ဆိုသော လူငယ်လေးတစ်ယောက်နှင့် မာန်မာနထောင်လွှားသော အရပ်လူကြီး ဦးဘတင်တို့ နှစ်ယောက်သည် မည်သို့မျှ မျက်နှာချင်းဆိုင်လို့ မရလောက်အောင် တစ်ရပ်ကွက်ထဲ အတူနေပြီး မတည့်သူများဖြစ်သည်။ ထိုသို့ ဆန့်ကျင်ဘက်စရိုက်ရှိသူ နှစ်ယောက်၏ အသေးစားတိုက်ပွဲ ခေါ်သံ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

ဦးဘတင့်သည် အရပ်လူကြီးပီပီ ဘယ်နေရာသွားသွား နောက်လိုက်တပည့်များက ဝန်းရံလျက်ရှိသည်။ မျိုးရိုးစဉ်ဆက် ပိုက်ဆံချမ်းသာ သူများဖြစ်သည်။ ဦးဘတင့်၏ အဘိုးကလည်း ထိုအချိန်ကာလ ကတည်းက သူကြီးဖြစ်ပြီး၊ အဖေကလည်း အရပ်လူကြီး ဖြစ်ခဲ့သည်။ ဦးဘတင့်သည် သူ့ကိုဆရာကြီးဟုခေါ်ပြီး သူပြောသမျှ ပုတ်သင်ညိုလုပ်နိုင်သူသာလျှင် အရေးပေးဆက်ဆံ၏။ လင်းမောင်လို ဂျစ်ကန်ကန် လူငယ်များကိုတော့ မတော်တဆ သူ့မြင်ကွင်းထဲ ရောက်လာလျှင်ပင် ဖြတ်သန်းသွားလာခွင့်မရှိသော နယ်မြေထဲဝင်လာသည့် သူများလို အချုပ်ထဲပို့ပစ်ချင်လောက်အောင် သောက်မြင်ကတ်သည်။

ဦးဘတင့်သည် လယ်ဧကများစွာ ပိုင်ဆိုင်ပြီး လယ်ယာကိစ္စများကို ကိုယ်တိုင် မဦးစီးတော့ဘဲ သားဖြစ်သူအား လွှဲပေးထားသဖြင့် ရပ်ရေးရွာရေးအတွက် ပိုမိုအချိန်ပေးပြီး လုပ်ဆောင်နိုင်ခဲ့သည်။ ရပ်ကွက်ရုံးကို ည ၇း၀၀ နာရီတွင်သွား၏။ ည ၉း၀၀ နာရီတွင် ရုံးပိတ်၍ ပြန်လေ့ရှိသည်။ ညနေစောင်းပြီဆိုလျှင် ဦးဘတင့်တစ်ယောက် ကိုယ်လက်လှုပ်ရှားမှုလုပ်၊ ရေချိုးပြီး အရပ်အခေါ် (လူကြီးကတော်) ဇနီးဖြစ်သူ ပြင်ပေးသည့် ထမင်းပွဲကို မြိန်ရည်ယှက်ရည် စား၏။ ရပ်ကွက်ရုံးသွားဖို့အတွက် တပည့်များလာအခေါ်ကို ဒူးယားလက်ကြားညပ်ပြီး ဧည့်ခန်းတွင် ထမင်းလုံးစီကာ စောင့်နေကျဖြစ်သည်။

ရပ်ကွက်ရုံးမှာ လင်းမောင်တို့ လမ်းထဲတွင်ဖြစ်သည်။ ထို့ကြောင့် ဦးဘတင်ခမျာ ရပ်ကွက်ရုံးကို အသွားအပြန် သူသောက်မြင်ကတ်သော လင်းမောင်အိမ်ရှေ့က မလွှဲမရှောင်သာ ဖြတ်သွားဖြတ်လာ လုပ်နေရရှာသည်။

× × ×

ဂစ်တာတီးနေတာ ဘယ်သူ့ကိုမှစော်ကားနေတာမဟုတ်ဘူး။ အိမ်နီးနားချင်းတွေတောင် ဘာမှမပြောဘဲနဲ့ ခင်ဗျားကကြားထဲက ပေါက်စားလာမလုပ်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ထုံးစံအတိုင်း ဦးဘတင့်နှင့် တပည့်များ ရုပ်ကွက်ရုံးပိတ်ပြီး အိမ်အပြန်လမ်းတွင် လင်းမောင်တို့အုပ်စု ဂီတာတီးနေသည်ကို လှမ်းကြည့်လိုက်သောအခါ ဦးဘတင့်စိတ်ထဲတွင် စနိုးစနောင့် ဖြစ်သွားသည်။ လူငယ်များ ရပ်ကွက်ထဲ၌ ဂစ်တာတီးသီချင်းဆိုရုံလောက်နှင့် အပြစ်ဟုဆို၍ မရသောကြောင့် ဦးဘတင့်တပည့်များခြံရံလျက် ဘုရင်ကြီးတိုင်းခန်းလှည့်လည်လာသည့် ပုံစံဖြင့် ဖြတ်လျှောက်အလာ ဂစ်တာဝိုင်း ရှေ့တည့်တည့်သို့ ရောက်သောအခါ ဂစ်တာသံ ရုတ်တရက် ရပ်သွားပြီး–

"တချို့လူကြီးတွေ အရမ်းသနားဖို့ကောင်းတယ်ကွာ။ အသက်ကြီးကာမှ လူဖြစ်ရကျိုးမနပ်တော့ဘူး"

ဂစ်တာဝိုင်းဆီက လင်းမောင် အသံထွက်ပေါ်လာသည်။ ဦးဘတင့်သည် လင်းမောင်ပြောဆိုသံကို နားထောင်၍ ဇဝေဇဝါဖြစ်သွားပြီး ဘာဆက်ပြောမလဲ သိချင်သောကြောင့် ခြေလှမ်းများကို တတ်နိုင်သမျှ နှေးလိုက်၏။ ထိုအချိန်တွင် လင်းမောင်ဘေးတွင် ထိုင်နေသော လှမြင့်က–



"ဘာဖြစ်လို့ လူကြီးဖြစ်မှ လူဖြစ်ရကျိုးမနပ်တာလဲ" ဟု လင်းမောင်စကားကို ထောက်ပြီး ပြန်မေးလိုက်သောအခါ–

"မင်းတို့ပဲ စဉ်းစားကြည့်လေကွာ။ အသက်ကြီးလာတော့ ကျန်းမာရေးချို့တဲ့လာပြီး စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘူး။ တချို့လူကြီးတွေဆို သူငယ်ပြန်သလိုလို သတိမေ့သလိုလိုနဲ့ ကိုယ်နေတဲ့အိမ်ကိုတောင် မပြန်တတ်လို့ သူများကို လိုက်ပို့ခိုင်းနေရတယ်လေ သနားစရာပါကွာ" ဟု လင်းမောင်က အသံမြှင့်ကာ ပြန်ဖြေလိုက်၏။

ထိုအခါ ဦးဘတင့် တစ်ယောက် ငယ်ထိပ်ကို ဒေါသတွေ အလိပ်လိုက် တက်ဆောင့်တော့သည်။ လင်းမောင်တို့လို မလောက်လေး မလောက်စားကောင်တွေ ပြောဆိုခံရလောက်သူများထဲတွင် ဦးဘတင့် လုံးဝမပါ။ ဦးဘတင့် လင်းမောင်တို့ အုပ်စုထဲကို ပုဆိုးမ၍ လျှောက်သွားပြီး–

"ဟေ့ကောင်တွေ မင်းတို့ ဂစ်တာ တစ်ဒေါင်ဒေါင် တစ်ဒင်ဒင်နဲ့ အော်ဟစ်နေတာ ပတ်ဝန်းကျင်ကို မင်းတို့အမေ့လင်တွေများ မှတ်နေလား ဆူဆူညံညံမလုပ်နဲ့။ အချုပ်ထဲ ဓမ်းထည့်လိုက်မယ် ဘာမှတ်နေလဲ" ဟု အသံမာမာဖြင့် ဟောက်လိုက်သောအခါ လင်းမောင် ထိုင်နေရာက ထလာပြီး–

"ဒီမှာ ကျွန်တော်တို့ ဘာသာလူငယ်တွေ ဂစ်တာတီးနေတာ ဘယ်သူ့ကိုမှ စော်ကားနေတာမဟုတ်ဘူး။ အိမ်နီးနားချင်းတွေတောင် ဘာမှမပြောဘဲနဲ့ ခင်ဗျားက ကြားထဲကဟောက်စားလာမလုပ်ပါနဲ့" ဟု ဦးဘတင့်ကို မျက်နှာချင်းဆိုင် ခပ်တည်တည်ဖြင့် ပြန်ပြောလိုက်၏။

ဦးဘတင့် စကားပြန်လှန်ထိုးဖို့အတွက် အကြောင်းရှာမရတော့ဘဲ ခပ်တွေတွေဖြစ်နေပြီးမှ "မင်းတို့ ဂစ်တာတီးတာကို ဘာမှမပြောလိုဘူး။ ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်မှာစိုးလို့ သတိပေးတာပေါ့" လို့ ပြောပြီး လှည့်ထွက်သွားတော့သည်။

× × ×

www.burmeseclassic.com





လင်းမောင်ကလည်း ဆတ်ဆတ်ကြဲ မလွယ်ပေ။ ဦးဘတင့်ကို ကြုံလျှင်ကြုံသလို စောင်းမြောင်းပြောဖို့အတွက်သာ စဉ်းစားနေသည်။ သူ့စိတ်ထဲတွင် ဦးဘတင့်၏ လိုတာထက် ပိုပြီး ခြောက်ကြွခြောက်ကြွဖြစ်နေပုံ၊ နေရာတကာ သူအသိ သူအတတ် ဆရာကြီးဝင်လုပ်တတ်ပုံကိုလုံးဝ ကြည့်မရ။ သူတို့လို လူငယ်များ အပေါ် အထင်သေးအမြင်သေးမှု ကို လုံးဝမကျေနပ်ချေ။ မည်သည့် ကိစ္စမဆို ဆရာကြီးလုပ်ဖို့သာ သိပြီး နောက်ဆုံး၌ သူ့နောက်လိုက် တပည့်များနှင့် ရပ်ကွက်လူငယ် များကပင် စီမံခန့်ခွဲ၍ အစအဆုံး အလုပ်ကို တာဝန်ယူရတာပင် ဖြစ်၏။

ယခုလည်းရပ်ကွက် သန့်ရှင်းရေးအတွက် မြောင်းဖော် ခြင်း၊ မြက်ပင်ရှည်များရိတ်ခြင်း၊ ခြံစည်းရိုးများ ထုံးသုတ်ခြင်းများကို ရပ်ကွက်လူငယ်များက တက်ညီ လက်ညီ လုပ်ကိုင်နေကြသည်ကို ဦးဘတင့်က မြောင်းဖော်နေကြ သော အဖွဲ့ထံသွား၍ ဆရာကြီး လုပ်လိုက်၊ ထုံးသုတ်သောအဖွဲ့ထံ သွားပြီး ဆရာကြီးလုပ်လိုက်ဖြင့် တစ်ယောက်တည်း အလုပ်ရှုပ်နေ တော့၏။ ထိုအချိန်တွင် မြက်ရိတ် သောအဖွဲ့ထဲမှာပါနေသော လင်းမောင်သည် ဦးဘတင့်ကို သူတို့အဖွဲ့ဆီလာမည့် အချိန်ကို ပြုံးစစနှင့် စောင့်နေတော့သည်။

ဦးဘတင့် မြက်ရိတ် သော အဖွဲ့နားကို ရောက်အလာ-

"ငါတို့က တပည့်နဲ့မှ အလုပ်လုပ်တတ်တာကွ၊ ငါကိုယ် တိုင်အဖြစ်မရှိပါဘူးကွာ။ တပည့် ကောင်းလို့ပေါ့" ဟု လင်းမောင် တွေတွေချင်းစတွယ်ပါတော့သည်။ ဦးဘတင့်သည် လင်းမောင်ပြော သော စကားကိုကြားပြီးချက်ချင်း မျက်နှာနီရဲ ဒေါသထွက်သွားကာ-

"ဟေ့ကောင် လင်းမောင် … မင်းဘာစကားပြောတာလဲ" ဟု ဒေါသအသံနှင့် မေးလိုက် သောအခါ လင်းမောင်နှင့်အတူ မြက်ရိတ်နေကြသူများပင် လင်းမောင် ဒီတစ်ခါတော့သွားပြီ

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေး၍မျက်စိမျက်နှာများ ပျက်နေကြတော့သည်။

သို့သော် အားလုံးထင်ထားကြသလို မဟုတ်ဘဲ လင်းမောင်က စပ်ဖြီးဖြီးမျက်နှာဖြင့် လက်ထဲကကိုင်ထားသော ဓားကို ဦးဘတင့်အား ထောင်ပြပြီး-

"ဦးဘတင့်က ဘာပြောတာလဲ၊ ကျွန်တော်က မြက်ရိတ်တဲ့ဓား ပွဲနေလို့ ပြောတာပါ။ ဓားက ပွဲနေပေမယ့် တော်တော်အားကိုးရတယ် တိခနဲ တိခနဲပဲ။ ဓားပွဲပေမယ့် အထင်သေးလို့ မရဘူးဗျ" ဟု ပြောပြီး ဓားကို တယုတယ နမ်းလိုက်၏။ ဦးဘတင့်က မယုံသဖြင့် လင်းမောင်လက်ထဲမှာ ကိုင်ထားသောဓားကို ယူကြည့်ရာ ဓားဦးအနည်းငယ် ဝဲနေသည်ကို တွေ့ရတော့မှ ဘာမှမတတ်နိုင်တော့ဘဲ ...

"မင်းဓားပဲ နေရင် အကောင်းနဲ့ လဲလိုက်ပေါ့ကွာ" ဟုပြောပြီး လှည့်ထွက်သွားသောအခါ လင်းမောင်က-

"ကျွန်တော်က တပည့်ကို သံယောဇဉ်ကြီးလို့ပါ။ ဒီတပည့်နဲ့ပဲ အလုပ်လုပ်နေတာဆို တော့ စွန့်လွှတ်ဖို့ ဝန်လေးနေလို့ဗျ"

ဟု လှမ်းအော်၍ခနဲ့လိုက်သေးသည်။ လင်းမောင်၏ပြောဆိုနေပုံကိုနားထောင်ပြီး အနီးအနားရှိ အပေါင်းအဖော်များကတော့ သက်ပြင်းမောများ ကိုယ်စီချမိနေပါတော့သည်။

နောက်တစ်နေ့တွင် လင်းမောင်အိမ်၌ သူငယ်ချင်းများ ဆုံကြသောအခါ လင်းမောင်ကို ဦးဘတင့်နှင့် ပတ်သက်ပြီး အနေအထိုင် အပြောအဆို ဆင်ခြင်ရန် သူငယ်ချင်းများက ဝိုင်းဝန်းသတိပေးသောအခါ လင်းမောင် မည်သို့မျှ လက်မခံနိုင်။ ဦးဘတင့်နှင့် ပတ်သက်ပြီး လင်းမောင် ဘယ်တော့မှ အလျှော့မပေး သရော်တွေးသာ အမြဲတွေးနေ၏။

× × ×

လင်းမောင်နှင့် လှမြင့်တို့ သူငယ်ချင်း နှစ်ယောက်သည် လမ်းထိပ်က ချစ်စုကြံ့ရည်ဆိုင်တွင် ထိုင်နေကြသည်။ ဆိုင်နာမည်က ချစ်စုအအေးဆိုင်ဖြစ်သလို ဆိုင်ရှင်နာမည်ကလည်း ချစ်စုပင်ဖြစ်သည်။ ဆိုင်ပိုင်ရှင်ချစ်စုသည် ယောက်ျားတစ်ယောက်ဖြစ်ပေမယ့် ခပ်နွဲ့နွဲ့သာနေလေ့ရှိပြီး လင်းမောင်တို့နှင့် သက်တူရွယ်တူဖြစ်သည်။ တစ်ရပ်တည်းနေ ရွယ်တူချင်းမို့ ချစ်စုကို စလိုက်နောက်လိုက်ဖြင့် ပျော်စရာကောင်းသည်။ မည်သို့ပင်နောက်စေကာမူ ချစ်စုက မျက်နှာတစ်ချက်မပျက်၊ စိတ်မဆိုးတတ်သောကြောင့် ချစ်စုအအေးဆိုင်တွင် လူငယ်များ အမြဲလို စည်ကားနေတတ်သည်။

လင်းမောင် ကြံ့ရည်သောက်နေရင်းမှ ချစ်စုကို လှမ်း

**စခန်းမှူးနှင့် သွားရောက်တွေ့ဆုံ၍ လင်းမောင်ဆိုသည်မှာ ရပ်ကွက်အတွင်း၌ လူမိုက်လုပ်ချင်နေသည့် မိုက်မိုက်ကန်းကန်းသူတစ်ယောက်ဖြစ်ကြောင်း . . .**

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး စချင်သောကြောင့်-

"ဟဲ့ချစ်စု နင်ပိုက်ဆံတွေ စုနေတယ်ဆိုတာ ဘာလဲ စင်တောင်းရမယ့်သူ တွေ့နေပြီလား"

လင်းမောင်စကား ကြောင့် ချစ်စုမျက်နှာ ရှက်သွေး ဖြာသွားပြီး …

"အို….ဘာတွေ ပေါက်ကရ ပြောနေတာလဲ။ နား ရှက်စရာကြီး ဒီက မိဘကို တစ်သက်လုံး လုပ်ကျွေးသွားမှာပါ နော်။ အပျိုကြီး အဲ လူပျိုကြီးပဲ လုပ်မှာသိလား"

"ဟား…ဟား ဟား"

ချစ်စု စကား မဆုံးတရိုများကြား ရသောအခါ လင်းမောင်နှင့် လှမြင့် သာမက တစ်ဆိုင်လုံးရှိသူများပါ ရယ်ရလွန်းသောကြောင့် မျက်ရည်များပင် ထွက်လာကြတော့သည်။ ထိုသို့တစ်ဆိုင်လုံး ရယ်မောပျော်ရွှင်နေချိန်တွင် ရပ်ကွက်ထဲမှ အရက်သမား သိန်းဦးရောက်လာပြီး-

"ဟဲ့ချစ်စု ငါ့ကို ပိုက်ဆံ ၅၀ လောက် ခဏပေးစမ်းပါ။ သောက်ဖို့မရှိတော့လို့"

"ဟယ် … နင်ကလည်း ငါလည်းသိပ်ရောင်းကောင်းတာ မဟုတ်ဘူး။ ပြီးတော့ နင်က အရက်သောက်ဖို့အတွက် ပဲဟာ (၅) ကျပ်ယူသွား ပြန်မပေးနဲ့"

"ဘာ"

ပြောပြောဆိုဆိုနှင့်ပင် ချစ်စုတစ်ယောက် သိန်းဦးလက်ဖြင့် တွန်းလိုက်သောကြောင့် လဲသွားသည်။ ထို့နောက် လဲကျနေသော ချစ်စုကိုခါးထောက်၍ သိန်းဦးက ကြည့်ပြီး-

"နင်က ငါ့ကို သူတောင်းစားများ မှတ်နေလား။ နောက်တစ်ခါ ပြောကြည့် ဒီထက်နာမယ်"

ချစ်စုလဲနေရင်းနှင့် မျက်ဝန်းဆီမှ မျက်ရည်စများ စီးကျလာတော့သည်။

ထိုအဖြစ်အပျက်များကို တစ်ဆိုင်လုံးရှိသူများ မခံချင်စိတ်၊ ဒေါသစိတ်များဖြင့် ကြည့်နေကြသော်လည်း အမူးသမား သိန်းဦးနှင့် ဖက်မဖြစ်ချင်သောကြောင့် လဲနေသော ချစ်စုကိုသာတွဲထူ၍ နှစ်သိမ့်နေကြသည်။ ထိုစဉ် လင်းမောင်သည် ထိုင်နေရာက သိန်းဦးဆီကို လျှောက်လာပြီး-

"သိန်းဦး မင်းက ပိုက်ဆံလည်း ချေးသေးတယ်။ ကိုယ့်ထိလက်ရောက်လည်း လုပ်တယ်ဆိုတော့ မလွန်လွန်းဘူးလား"

"လင်းမောင် မင်းက လူမိုက်လား၊ ဘာလဲချစ်စုက မင်းမယားဆိုတော့ နာတယ်ပေါ့"

"ဟာ…ကဲ ကွာ"

ရိုးဆင်း
ရိုးတက်
ထောလာစရိုက်
မောင်မြသစ်

www.burmeseclassic.com

www.burmeseclassic.com



"လင်းမောင် မလုပ်နဲ့ လွှန်မယ်"

"ဒုတ်"

"အား"

လင်းမောင် ရေခဲခွဲသည့် တုတ်ကို လှမ်းယူလိုက်ချိန်တွင် လှမြင့်က လှမ်းဆွဲသော်လည်း မမီတော့ချေ။ လင်းမောင်ရေခဲခွဲသည့်တုတ်နှင့် ရိုက်ချက်ကြောင့် သိန်းဦးခေါင်းက သွေးများစီးကျလာကာ ထွက်ပြေးသွားတော့သည်။

× × ×



ဦးဘတင့် အတွေးနယ်ချဲ့၍ တစ်ယောက်တည်း စဉ်းစားနေ၏။ မလောက်လေး မလောက်စား လင်းမောင် ဒီတစ်ခါတော့ သူ့ရဲ့အကွက်ထဲ ဝင်လာပြီဟု တွေးရင်း ဝမ်းသာနေသည်။ လင်းမောင် ရိုက်မှုနှင့် အချုပ်ထဲရောက်နေချိန်တွင် ဦးဘတင့် စခန်းမှူးအား ဖိအားပေးရန် ကြံစည်နေခြင်းဖြစ်သည်။ ထို့နောက် ဦးဘတင့်သည် စခန်းမှူးနှင့် သွားရောက်တွေ့ဆုံ၍ လင်းမောင်ဆိုသည်မှာ ရပ်ကွက်အတွင်း၌ လူမိုက်လုပ်ချင်နေသည့် မိုက်မိုက်ကန်းကန်း သူတစ်ယောက်ဖြစ်ကြောင်း၊ ယခုတစ်ကြိမ်တော့ မှတ်လောက်အောင်အပြစ်ပေးရမည်ဖြစ်ကြောင်း ပြောဆိုလေသည်။

နောက်တစ်နေ့မနက်တွင်တော့ လင်းမောင်၏ဦးလေးဖြစ်သူ ဦးစိန်ထွန်းက ရဲစခန်း၌ သွားရောက် အာမခံပေးသဖြင့် အပြင်သို့ ပြန်ထွက်လာရသော်လည်း သိန်းဦးကိုရိုက်သော အမှုအတွက် တရားရုံး၌ ဆက်လက်ရင်ဆိုင်ရဦးမည် ဖြစ်သည်။

ဦးစိန်ထွန်းသည် အစိုးရအရာရှိ (ငြိမ်း) ဖြစ်ပြီး လင်းမောင်အမေ၏ အစ်ကိုဝမ်းကွဲ ဖြစ်သည်။ ဦးစိန်ထွန်းက လင်းမောင်အမှုဖြစ်စဉ်ကို လေ့လာကြည့်သောအခါ သူ့တူ မလွန်ကြောင်းကို သိလာရသည်။ တစ်ဖက်သားအနိုင်ကျင့်ခံနေရသည်ကို ဝင်ရောက်ကူညီရင်းဖြင့် လက်လွန်သွား၍ အမှုဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းကို တစ်ရပ်ကွက်လုံး သိထားကြ၏။ သိန်းဦးမိဘများကိုယ်တိုင်က သူတို့သားကိုသာ အပြစ်တင်ကြပြီး လင်းမောင်အမှုကို ကြေအေးပေးချင်သော်လည်း ရပ်ကွက်လူကြီး ဦးဘတင့်၏ ဖိအားပေးမှုကြောင့် နောက်တွန့်နေရခြင်းဖြစ်သည်။

လင်းမောင် အမေက

www.burmeseclassic.com

www.burmeseclassic.com



လည်း အစ်ကိုကြီးဖြစ်သူ ဦးစိန်ထွန်းကို "အစ်ကိုကြီး သားလေးကို ကယ်ပါဦး" ဟုသာ မျက်ရည်စမ်းစမ်းနှင့် ပြောနေရှာ၏၊ ဦးစိန်ထွန်းတစ်ယောက် နှမဖြစ်သူ၏ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေသည်ကို မကြည့်ရက်နိုင်၊ လင်းမောင်အမှုမှာလည်း သာမန်လောက်သာဖြစ်ပြီး ဦးဘတင့် ဝင်ရှုပ်နေခြင်းကြောင့်သာ ကြီးကျယ်နေရသောကြောင့် ဦးစိန်ထွန်း ဒေါသဖြစ်နေရသည်။

× × ×

ယနေ့ဆိုလျှင် တရားရုံးက လင်းမောင်အမှုအတွက် အမိန့်ချမည့် နေ့ဖြစ်သည်။ ဦးစိန်ထွန်းသည် လင်းမောင်အမှုအတွက် သက်ဆိုင်ရာ အရာရောက်သူများနှင့် လိုက်လံတွေ့ဆုံညှိနှိုင်းသည်။ ထို့နောက် မျက်မြင်သက်သေများ ကိုလည်း အမှန်အတိုင်း ထွက်ဆိုကြရန် မည်သူ့ကိုမျှကြောက်နေဖို့ မလိုရန် လိုက်လံအားပေးစကားပြော၍ နောက်ဆုံး လင်းမောင်အမှုကို အမိန့်ချမည့် တရားသူကြီး ဦးစံဆီကို ရုံးချိန်း အချိန်ရောက်ရန် နာရီပိုင်းအလိုမှသာ ရောက်သွားခဲ့၏။

ညနေ ၃း၀၀ နာရီ။

တရားရုံးတွင် အသိသက်သေများ၊ တရားလို တရားခံဘက်မှ ဆွေမျိုးများ သာမက အမှုကို စိတ်ပါဝင်စားကြသော လင်းမောင်တို့ရပ်ကွက်ထဲက လူအများအပြား ရောက်ရှိနေကြသည်။ တရားရုံး၏ အရှေ့ဘက်ထောင့်ခုံများတွင်တော့ ဦးဘတင့်နှင့် တပည့်များက လင်းမောင်အမှုအတွက် မည်သို့ပြစ်ဒဏ်ချမည်ကို နားအရသာခံရန် လာရောက်နားထောင်နေကြသည်။

တရားသူကြီး ဦးစံသည် နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်များ၊ အသိသက်သေများ၏ ထွက်ဆိုချက်များကို နားထောင်ပြီးနောက်–

"ဒုန်း"

"အမိန့်ချမယ်"


ထိုအချိန်တွင် တရားရုံးတစ်ခုလုံး အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေ၏။

"တရားခံ လင်းမောင် (ဘ) ဦးညိုမောင်အား ပြစ်မှုထင်ရှားသဖြင့် ရုံးတော်က ရုံးဆင်း ရုံးတက် ထောင်တစ်ရက် အမိန့်ချမှတ်လိုက်သည်"

လင်းမောင်တစ်ယောက် ယခုအိမ်ပြန်ရုံပင်ဖြစ်၏။ တရားရုံးက "ရုံးဆင်း ရုံးတက် ထောင်တစ်ရက်" ဟု အမိန့်ချမှတ်လိုက်သောကြောင့် ယခုရုံးဆင်းချိန်ရောက်နေပြီဖြစ်သည့်အတွက် ပြစ်ဒဏ်ပြည့်သွားပြီ ဖြစ်သဖြင့် တရားဝင်အမှု ပြီးဆုံးသွားတော့သည်။

အမိန့်ချပြီးပြီးခြင်း ဦးဘတင့်တစ်ယောက် ပုဆိုးမပြီး တရားရုံးအတွင်းမှ မကျေမနပ် ထွက်သွားသည်ကို သူ့တပည့်များ နောက်မှမီအောင် မနည်းလိုက်နေကြရတော့သည်။ ထိုအဖြစ်ကို ကြည့်ပြီး လင်းမောင်မျက်နှာမှာတော့ ပြုံးစိစိဖြင့်သာ....။

**မောင်လူသစ်**



www.burmeseclassic.com

www.burmeseclassic.com



[illegible]

[illegible]

-ဖြစ်မှုဖြစ်ပွားရခြင်း၏ အခြေခံ အကြောင်းအရာချက်များ
-ရာဇဝတ်ကောင်တို့၏ အမူအကျင့်၊ အလေ့အထ၊ လုပ်နည်းကိုင်နည်းများ
-မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ မှုခင်းကျူးလွန်မှုဖော်ထုတ်ရေး ဆောင်ရွက်ချက်များ
-အဲဒီ အချက်တွေကို ကြိုတင်သိထားပါလျှင်
-အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာတွေ့ရတတ်သည် ဟူသော
စကားကို ကျော်လွှားနိုင်မည်ဖြစ်ပါ၏

[illegible]


-လောဘ၊ ဒေါသ၊ မောဟတရားတို့၏ ဆိုးကျိုးကိုမီးမောင်းထိုးပြကာ
-မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့်
-မှုခင်းများလျော့နည်းကျဆင်းရေး ဟူသော
-ဦးတည်ချက်ဖြင့် ထုတ်ဝေနေသော



[illegible]

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တော်သလင်းနေ ပူစွက်သေတဲ့...။ ပြောလည်းပြောလောက်ပါရဲ့။ ပူလိုက်တဲ့နေ့၊ ပဲခူးထောင်ကြီးတစ်ခုလုံးကို အိုးထဲထည့်ပြီး ပြုတ်နေသလား အောက်မေ့ရတယ်။

ကျွန်တော်တို့လို ဝန်ထမ်းတွေတောင် အပူဒဏ်ကို ကျောကော့အောင် ခံနေရတာ။

အခန်းကျဉ်းတစ်ခန်းထဲ လူလေးငါးဆယ် ဖြစ်အောင်နေကြရတဲ့ ထောင်သားတွေဆို ငရဲကျနေသလို ခံစားရမှာပဲ။

တိုင်းတရားရုံးရော၊ မြို့နယ်ရုံးရော၊ စစ်ခုံရုံးရော ရုံးထုတ်မှန်သမျှ ထွက်သွားပြီ။ ထောင်က ထွက်သွားတာ ခုနစ်ရက်ပဲကြာတယ်။ မနေ့က ပြန်ဝင်လာတဲ့ ငတိုးနှစ်ကောင်။ ပုဆိုးတစ်မမနဲ့ ဂနိုပါလာလို့ ကူးစက်ရောဂါဌာနကိုလည်း သွားပြပြီးပြီ။

ခြစ်ခြစ်တောက် နေလုံးကြီးလည်း ခေါင်းပေါ်ရောက်တော့မယ်။ ဒီအချိန်ကျမှ နားရတော့တယ်။

နားလည်း ခဏပါပဲ။ နောက်နှစ်နာရီ၊ သုံးနာရီလောက်ဆို ရုံးထုတ်အဖွဲ့တွေ တစ်သုတ် ပြီး တစ်သုတ် ပြန်ရောက်လာကြမယ်။

ချုပ်မိန့်တွေနဲ့ တစ်ယောက်ချင်းစစ်ရမယ်။ မှောင်တဲ့အထိ မနားရတော့ဘူး။ ခဏတဖြုတ်နားရမယ့် အချိန်လေးပေမယ့် ကျွန်တော်မနားနိုင်ဘူး။

ထမင်းအမြန်စား၊ လက်အမြန်သုတ်၊ ပြီးတာနဲ့ သီးသန့်ဆောင်ဘက်လာခဲ့တယ်။ သီးသန့်ဆောင် (၄) မှာ ကျွန်တော့်ဓာတ်လိုက်ရှိတယ်လေ။

သူ့နာမည်က စောဖေ။ နာမည်ကျော် ဖိုးတွမ်တီး စောဖေပါ။

× × ×

"ကိုစောဖေရေ ခင်ဗျားပြောပြတဲ့ နောက်ဆုံးပေါ် လိမ်နည်းတွေလည်း တော်တော် များနေပြီ။ ဒီနေ့တော့ သိချင်တာလေးတွေ မေးချင်တယ်ဗျို့"

စောဖေက ကြယ်နီဆေးလိပ်ကို အရသာခံဖွာရင်း-

"ကြိုက်တာသာမေး ဆရာ၊ ကျွန်တော်ကတော့ ဖြေဖို့အဆင့်သင့်ပဲ"

"လိမ်တာကို ဘယ်အရွယ်ကတည်းက တတ်လာတာလဲ"

"လူမှန်းသိတတ်စကတည်းက ကျွန်တော်လိမ်တတ်တာတဲ့ဆရာ။ ဒီအရွယ်လေးနဲ့

"သူခိုးကြီးတောက်ပြားက တောရနက္ခတ်နဲ့ ယှဉ်ပြီး မွေးသလို ကျွန်တော်ကလည်း လိမ်တဲ့နက္ခတ်နဲ့ ယှဉ်ပြီးမွေးလာတာလို့ ပြောရမှာပဲ ဆရာ။ အဲဒီလိုကို လိမ်တာတတ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com





လိမ်တတ်တာ သူ့ဘိုးအေဝင်စားတာပဲဖြစ်မယ်လို့ ပြောကြတယ်တဲ့။ ဒါနဲ့ ကျွန်တော့်ဘိုးအေက ဘယ်သူတုန်းလို့ မေးကြည့်တော့-

"မင့်ဘိုးအေက ဦးနေမလေ" တဲ့။ အင်္ဂလိပ်လက်ထက်က နိုင်ငံကျော် အလိမ်ဝိဇ္ဇာကြီးတဲ့။ သူ့ကိုယ်သူ မင်းလောင်းတို့ စကြာမင်းလေးတို့ ဆိုပြီး ပြောလိမ်လို့ အင်္ဂလိပ်ဘုရင်ခံတောင် ခေါင်းခဲ်ရတယ်တဲ့။

အင်္ဂလိပ်အရေးပိုင်တွေ၊ ဝန်ထောက်တွေဆိုတာ ခဏခဏ အလိမ်ခံရတယ်လို့ အဖေပြောဖူးတယ်"

"ကိုစောဖေမှာ လိမ်နည်းတွေသင်ပေးတဲ့ဆရာရှိလား"

ကျွန်တော် ဆယ်နှစ်သားကတည်းက စီးပွားဖြစ်လိမ်တတ်နေပြီ။ ပဲခူးမှာနေတုန်းကလည်း ဈေးထဲ၊ လမ်းထဲမှာ ကြိုးလိမ်ထိုးတာ၊ ကြွေစေ့လေးတွေနဲ့ စုံ၊ မ ကစားတာ ဖဲသုံးချပ်လိမ်တာနဲ့ပဲ စားစရိတ် ရှာခဲ့တာ"

"အသေးစိတ်ရှင်းပြပါလား ကိုစောဖေ"

"ကြိုးလိမ်ထိုးတာက ဆရာရယ်၊ တစ်ကိုက်လောက်ရှည်တဲ့ ကြိုးတစ်ချောင်းကို အစွန်းနှစ်ဖက်ချည်ပြီး ကြိုးကွင်းလုပ်ထားတယ်။ အဲဒီကြိုးကွင်းကို မြွေခွေသလို ခွေထားတယ်။

အလောင်းအစားလုပ်တဲ့သူက အဲဒီကြိုးကွင်းထဲကို လက်ညှိုးလေးနဲ့ ထောက်လိုက်။ ကြိုးကွင်းကို ကျွန်တော်က ဆွဲယူလိုက်မယ်။ လက်ညှိုးကြိုးကွင်းထဲမိနေရင် သူတို့နိုင်တယ်။ လွတ်သွားရင်ကျွန်တော်နိုင်တယ်"

"အနိုင်ရှိသလို အရှုံးလည်း ရှိမှာပေါ့"

"လက်လှည့်နည်းနဲ့ လိမ်တာဆရာရဲ့၊ ကျွန်တော် ချည်းပဲနိုင်တာပေါ့။ တစ်လှည့် တစ်လေတော့လည်း သူတို့ကို အနိုင်ပေးလိုက်ရတာပေါ့"

"ကြွေစေ့ စုံ မနဲ့ ဖဲသုံးချပ် ဆိုတာကရော"

"အဲဒါတွေလည်း လိမ်တာပါပဲဆရာ။ ကြွေစေ့လေးတစ်စေ့ လက်ချောင်းတွေကြားမှာ တစ်ဖက်လူမမြင်အောင် ဝှက်ထားပြီး စုံမကို ကိုယ်လိုချင်သလို ကစားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



**လိမ်တဲ့သူက အဝတ်အစား ခပ်နွမ်းနွမ်း၊ မျက်နှာက ပူဆွေးသောကရောက်နေတဲ့ မျက်နှာနဲ့ စတီးလ်အိုး ဝမ်းဆက်ကိုင်ပြီး ရပ်ကွက်ထဲသွား။ ဝယ်နိုင်မယောက် မယ်၊ အိမ်ကိုဝင် ....**

ဖဲသုံးချပ်ကစားနည်းကို ဒီဘက်ခေတ်မှာ လုံးဝမတွေ့ရတော့ဘူး။ ဖဲသုံးချပ်နဲ့ လိမ်နည်းတူတဲ့ အစိမ်း၊ အနီ ကစားတာတွေတော့ မြို့တိုင်း နယ်တိုင်းလိုလို တွေ့နေရတယ်"

"ရွှေတုချလိမ်တာရော ကိုစောဖေလုပ်ဖူးသလား"

"လုပ်ဖူးပြီပေါ့ ဆရာရယ်၊ ဟိုတုန်းက လူတွေက ရိုးတယ်၊ အတယ်၊ လူတိုင်းကိုလည်း ရိုးသားတယ်ပဲ ထင်တယ်၊ ဒီတော့ လိမ်ရတာ လွယ်တယ်....

လက်ဝတ်လက်စားဝတ်ထားတဲ့ အမျိုးသမီးရှေ့ကနေ ရွှေတုချထား၊ နှစ်ယောက် ပြိုင်တူကောက်၊ အတူတူတွေ့တာ ခွဲယူမယ်ဆိုပြီး သူ့ဆီက လက်ဝတ်လက်စားတစ်ခုခု တောင်းလိုက်တာပဲ၊ ဟိုတုန်းက ဒီလောက်နဲ့ရတယ်...

ခုကျတော့ အရင်လို မအ ကြတော့ဘူး။ ဒါကြောင့် ယုံအောင် လိမ်ရတာ...

ဥပမာ ရွှေဘီးအတုကို ချမယ်ဆိုပါစို့။ ရွှေဝယ်ဘောက်ချာအတုပါ ထည့်ပေးရတယ်။ ပြီးတော့ သူ့လူကိုယ့်ဘက်သား တစ်ယောက်၊ နှစ်ယောက်လည်း အချိန်နဲ့ တွန်းပို့ဖို့ အသင့်ထားရတယ်။ ဒီလိုယုတ္တိရှိရှိ သဘာဝကျကျလိမ်မှရတော့တယ်"

"ရွှေတုချလိမ်နည်းက လူတွေအားလုံး သိနေကြပြီမို့ အလုပ်မဖြစ်နိုင်တော့ဘူးဗျနော်"

"မထင်နဲ့ဆရာ အလုပ်ဖြစ်တုန်းပဲ။ လူတွေက လောဘစိတ်ပေါ်လာရင် ဘာကိုမှ မမြင်ကြတော့ဘူးလေ။ ဒီခေတ်မှာလည်း လူတွေအလိမ်ခံရနေ တုန်းပါ ဆရာ"

"ကိုစောဖေ တီထွင်ခဲ့တဲ့ လမ်းပေါ်က လိမ်နည်းတွေထဲက တစ်ခုလောက် ပြောပြပါဦး"

"လမ်းပေါ်မှာ လိမ်စားနေကြတဲ့ နည်းတွေကတော့ ပြောမကုန်အောင် ရှိတယ် ဆရာ...

အဲဒီအထဲက စတီးလ်အိုးဝမ်းဆက်နဲ့ လိမ်တဲ့နည်းက ငွေရနည်းပေမယ့် နေ့တွက် သိပ်ကိုက်တဲ့လိမ်နည်းပဲဆရာ...

ဒီနည်းကို မြန်မာပြည် ဘယ်အရပ်ဒေသမှာမဆို သုံးလို့ရတယ်..

မြန်မာလူမျိုးက တစ်ဖက်သားကို အင်မတန် သနားတတ်ကြတာလေ။ ပြီးတော့ မှန်တယ် မှားတယ် မစဉ်းစားဘူး။ ယုံလွယ်တယ်။ အဲဒါ အားနည်းချက်ပဲ...

အဲဒီအားနည်းချက်ကို အသုံးချထားတဲ့ လိမ်နည်းပါ။

စတီးလ်အိုးလေးတွေ ကြီးစဉ်ငယ်လိုက် (၇) လုံး လောက်ထိပါတဲ့ ဝမ်းဆက်တစ်ခု ဝယ်မယ်။ ချိုင်းနှာခံ့တ် တစ်သောင်းတန်လောက်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဝယ်တဲ့ဆိုင်က ဆိုင်နာမည်ပါတဲ့ ပြေစာတစ်ရွက်တောင်းမယ်။ ချိုင်းနား တံဆိပ်ခွာ၊ ကိုရီးယား၊ ဂျပန် ပြောင်းတပ်မယ်။ ပြေစာပေါ်မှာ တန်ဖိုးနှစ်သောင်းခွဲလို့ ရေးခိုင်းမယ်။

"နေပါဦး ကိုစောဖေရဲ့၊ ဝယ်တဲ့ဆိုင်က ဈေးနှုန်းပို ရေးတာ၊ တံဆိပ်ပြောင်းတပ် တာတွေ လုပ်ပေးပါ့မလား"

"လုပ်ပေးတာပေါ့ ဆရာရယ်။ သူ့ဆိုင်က တန်ရာတန်ကြေးနဲ့ ပစ္စည်းရောင်းရဖို့က အဓိကပဲလေ။ မလုပ်ပေးရင် မဝယ်ဘူး။ ကြုံက်တဲ့လမ်း ရွေးပေါ့။ လိမ်တဲ့သူက အဝတ်အစား ခပ်နွမ်းနွမ်း၊ မျက်နှာက ပူဆွေးသောကရောက်နေတဲ့ မျက်နှာနဲ့ စတီးလ်အိုးဝမ်းဆက်ကိုင်ပြီး ရပ်ကွက်ထဲသွား၊ ဝယ်နိုင်လောက်မယ့်အိမ်ကိုဝင်၊ ကျွန်တော့်သမီးလေး (ဒါမှမဟုတ်) ကျွန်မသမီးလေး၊ သားလေး ဆေးရုံတက်နေရလို့ပါ၊ ခွဲစိတ်ရမှာမို့ပါ။ ဆေးဖိုး လိုနေလို့ပါ။ ဒီစတီးလ်အိုးတွေကို ဈေးလျှော့ပေါ့ရောင်းပါ့မယ်၊ ဝယ်ပါလို့သနားအောင် ပြော...

ပြီးတော့မှ ဆိုင်ကြီးက ဝယ်ထားတာပါ။ ဘောက်ချာ



လည်း ပါပါတယ်။ လျှော့ပေးပါမယ်လို့ပြော...

လျှော့ပေးပါမယ်ဆိုတာနဲ့ တစ်ဖက်လူက စတီးလ်အိုးတွေကို အကဲခတ်ပြီ။

ဆိုင်နာမည်ကလည်း အမှန်အကန်။ ပစ္စည်းအမျိုးအစားကလည်း အကောင်းစား ဝယ်ဈေးထက် ငါးထောင်လောက် လျှော့ပေးလိုက်တာနဲ့ ဝယ်လိုက်ကြတော့တာပဲ။

ဒီမှာတင် တစ်သောင်းမြတ်သွားပြီ။ တချို့ဆို လိမ်တဲ့သူက အငိုကောင်း၊ အပြောကောင်းတော့ ဘောက်ချာထဲက အတိုင်းပဲ နှစ်သောင်းခွဲ အပြည့်ပေးတယ်။

ထပ်ပြီးတော့လည်း ဆေးဖိုးလှူတာဆိုပြီး ငါးထောင်၊ တစ်သောင်း ပေးသေးတယ်။

အဲဒီလိုမျိုး တစ်နေ့ လေး၊ ငါးစုံရောင်းရရင်ပဲ သူ့ဝင်ငွေက တစ်လ ဆယ်သိန်းကျော်ပဲ ဆရာ"

"ဟုတ်တယ်နော် ကိုစောဖေ ကျုပ်တောင် ဝန်ထမ်းက ထွက်ပြီး လိမ်စားချင်စိတ်ပေါက်လာပြီ"

"လွယ်တယ်လို့တော့ မထင်နဲ့နော်၊ ဆရာတို့ အလုပ်

www.burmeseclassic.com

www.burmeseclassic.com





ငွေကြ ဘွဲ့ရရင် ဆယ်တန်း အောင်ရင်ရတယ်။ ကျွန်တော့်ကို့အလုပ်က ဆယ်တန်းအောင် လည်း မရဘူး။ ဘွဲ့ရလည်း မရဘူး။ ပါရမီပါမှ ရတဲ့အလုပ် ဆရာရဲ့"

"ဟုတ်ပါပြီ ကိုစောဖေ ရယ်၊ ဒါထက် တစ်နေ့ကထောင် ဝင်စာလာတွေ့တဲ့ အဒေါ်ကြီးက ကိုစောဖေနဲ့ ဘာတော်လဲ၊ အမေ လား၊ အဒေါ်လား"

"အဲဒီအဒေါ်ကြီးနာမည် က ဒေါ်စိန်တဲ့ဆရာ။ ကျွန်တော့် တပည့်မပါ။ ခွင်မိလာလို့တဲ့၊ ကျွန်တော့်ဖို့ ဝယ်လာတာတွေ မနည်းဘူး"

"ထုံးစံအတိုင်းလိမ်နည်း၊ ညာနည်းတစ်ခုခုနဲ့ ရိုက်စား၊ ကောက်ထည့် ခွင်ပဲလား"

"ဒါပေါ့ဆရာရယ် ဘဝ ပေးကံကြောင့် ကျားဖြစ်နေမှတော့ ဝမ်းရေးအတွက် သူ့အသက်သတ် ရတာပဲပေါ့"

"ဒေါ်စိန့်ခွင်ရိုက်လာတဲ့ လိမ်နည်းကိုရေး ဖော်ကောင်လုပ် လို့ရမလား ကိုစောဖေ"

"ဆရာသိချင်ရင်တော့ ပြောပြရမှာပေါ့ ဆရာ"

စကားကောင်းနေတုန်းမှာ ပဲ ထောင်ကြီး ဗဟိုကင်းဆီက-

"ရုံးထုတ်ပြန်လာပြီဟေ့"

ဆိုတဲ့ အော်သံကို ကြားလိုက် ရတယ်။ နာရီကြည့်လိုက်တော့ ညနေ လေးနာရီထိုးတော့မယ်။

"ကဲ ကိုစောဖေရေ ရုံး ပြန်တွေ ရောက်လာပြီမို့ နောက် နေ့မှပဲ စကားပြန်ဆက်ရအောင်"

ကိုစောဖေကို နှုတ်ဆက် ပြီး တာဝန်မှူးရုံးခန်းဆီ ကျွန်တော် ပြန်လာခဲ့တယ်။ ဘာပဲဖြစ်ဖြစ် လမ်းပေါ်က လိမ်နည်းမျိုးစုံဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီနေ့ည စာရေးလို့ရပြီ။ ရေးမယ်သာ ရေးရမှာ။ စိတ်ထဲ ကတော့ ခပ်လန့်လန့်ပဲ။ ပါးစပ်ထဲ တွေ့ကရာတွေကို လိမ်နည်းဆိုပြီး လိမ်ပြောနေတာများ ဖြစ်နေလား လို့။ ယုံတာပေါင် ရဲရဲယုံလို့ မရတဲ့လူ။ ဘာကြောင့်လဲဆိုတော့ သူက စောဖေ ... နိုင်ငံကျော် အလိမ်ဝိဇ္ဇာ ဖိုးစွမ်တီးစောဖေမို့ လေ....။

**မောင်မိုးညို (ချောင်းဦး)**



www.burmeseclassic.com

www.burmeseclassic.com



# သွေးစွန်းသွေးကွက်နှင့် ဝိုင်စမ်းသောက်လွှမ်းခြင်း



ဦးလှအောင်
ရုံးတော်ကျောင်းအုပ်ကြီးဟောင်း

သွေးစွန်းသွေးစတို့မှာ အသွေးအရောင်အားဖြင့် ငှက်ပျောစေး၊ သရက်စေး စသော သစ်ပင် သစ်ရွက်စေးတို့နှင့် အလွန်ပင် တူပါသည်။ ၎င်းတို့တည်ရှိနေသော ဝတ္ထုပစ္စည်း၏ အရောင်အသွေးနှင့်ဟပ်၍ နီညိုမည်းဟူ၍ ရှိတတ်သည်။ သွေးများများထွက်၍ သွေးအိုင်၊ သွေးကွက်ကြီးများ တွေ့ရှိနေပါက သွေးဟုတ်၊မဟုတ်ကို [illegible]ာမဖြစ်နိုင်သော်လည်း အဝတ်အထည်နှင့် လူ၏ကိုယ်ကာယတွင် အနည်းငယ် စွန်းထင်းနေက စွန်းထင်းသာအရာသည် သွေးဟုတ်ပါသည်ဟု သိနားလည်သူ ပါရဂူများက ထင်မြင်ချက် ထွက်ချက်တင်ပြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့သော အစွန်းအထင်းအနည်းငယ်ကို သွေးဖြစ်နိုင်၊ မဖြစ်နိုင်ကို ပဏာမသဘောဖြင့် သိလိုပါက ဘင်ဇစ်ဒင်းဆေးနှင့်စမ်းနည်း (Benzidine Test)၊ ဂွိုင်ကမ်ဆေးနှင့်စမ်းနည်း (Guaicum Test) စသည့် စမ်းနည်းမျိုးနှင့် စမ်းသပ်ကြည့်လျှင်ပင် အပြာရောင်ထွက်ပေါ်လာက သွေးဖြစ်နိုင်ကြောင်း အကြမ်းဖျင်းအားဖြင့် ယူဆနိုင်သောအချက်ကို အနည်းငယ် လေ့လာဖူးသူတို့ သိကြပါလိမ့်မည်။ သို့သော် ရုံးတော်ရှေ့တွင် ထိုအမှုစစ်အရာရှိတို့၏ ထင်မြင်ယူဆချက်မှာ ပါရဂူတို့၏ထွက်ဆိုချက်လောက် လေးနက်မည် မဟုတ်သဖြင့် အချိန်ကုန်ပစ္စည်းလျော့နည်းမှု မဖြစ်စေသင့်ပါ။

ထို့ကြောင့် မသင်္ကာသောအစွန်းအထင်းမှာ သွေးစွန်းသွေးစဖြစ်ကြောင်း ရုံးတော်ရှေ့တွင် တင်ပြရန် အကြောင်းဆိုက်လာခဲ့သော်၊ အစွန်းအထင်းများကို ဓာတုဗေဒဝန်ထံသို့ ဥပဒေစည်းမျဉ်းနှင့် လျော်ညီစွာ တင်ပို့၍ ထင်မြင်ယူဆချက်ကို အချိန်သင့် အခါသင့်ယူရမည်ဟူသော ညွှန်ကြားချက်ကို အမြဲတစေ သတိရှိရန်လိုပေသည်။ သွေးများ၏ အရည်/အခဲအနေအထား အနည်းအများကိုလိုက်၍ ခြောက်သွေ့သွားသောအချိန်လည်း ပိုမိုကြာလာတတ်သော်လည်း သွေးထွက်သည့်အချိန်ကို ခြောက်သွေ့ခြင်းကြောင့်သော်လည်းကောင်း၊ အရောင်ပြောင်းမှုကြောင့်သော်လည်းကောင်း မှန်းဆနိုင်သည်။

### သွေးစက်မှသဲလွန်စ


သွေးစွန်းသွေးစတို့မှာ ဓာတုဗေဒဆိုင်ရာပညာရှင်၏ ယူဆချက်ကြောင့် လူသွေးအမှန်သိနိုင်စေသော အစွမ်းသတ္တိမျှ မကသေးပါ။ သွေးတို့၏အနေအထား၊ အရောင်အဆင်းအားဖြင့်လည်း ပြစ်မှုစုံစမ်းထောက်လှမ်းရာတွင် တရားခံအား ချည်မိတုတ်မိဖြစ်နိုင်သော အရည်အချင်းတို့ကိုလည်း အောက်ပါ အချက်အလက်တို့ကို ထောက်ရှုခြင်းအားဖြင့် ရရှိနိုင်သည်။ သာဓကတင်ပြရသော် သွေးသည် လူကိုယ်မှ ထွက်လျှင်ထွက်ခြင်း နီမြန်းသောအဆင်းရှိသော်လည်း အပြင်လေကြောင့်သော်လည်းကောင်း၊ အပူရှိန်ကြောင့်သော်လည်းကောင်း၊ ခြောက်သွေ့သွားပါက နီမြန်းသောအရောင်မှ ညိုသောအရောင်သို့ ပြောင်းသွားပါသည်။

ထို့ပြင် သွေးစက်သွေးစ၏ ပုံသဏ္ဌာန်ကို လေ့လာပြန်သော် သွေးထွက်သော သွေးရှင်၊ သို့မဟုတ် ပြစ်မှုကျူးလွန်သည့် အနေအထားကိုလည်း မှန်းဆနိုင်ပါသည်။ သွေးစက်ကလေးများသည် ဝိုင်းစက်စက်ကလေးများတွေ့ရပါက ရပ်နေသူက ထွက်သောသွေးဟု ယူဆနိုင်၍ ရှည်မျောမျော တွေ့ရပြန်ကလည်း လှုပ်ရှားသွားလာသူ၏ သွေးပင်ဖြစ်ရပေမည်။ သွေးထွက်ပြီးကျလာသော အမြင့်မှာ တစ်ပေလောက်ထက် မမြင့်ပါက သွေးစက်ကလေးများမှာ ဝိုင်းစက်စက်ဖြစ်၍ ပတ်ဝန်းကျင်တွင် အခြားဖွာထွက်သော သွေးအစွန်း အစက်ငယ်များ ကင်းရှင်းတတ်၍ တစ်ပေမှ ငါးပေမျှလောက်အမြင့်မှ ယိုစီးကျသော သွေးစက်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



အစက်အကြီးဖြစ်နေပြီး ပတ်လည်တွင် အစက်အစွန်းစ ငယ်ကလေးများ တွေ့တတ်ပါသည်။ ၎င်းအစက်အစွန်း ငယ်ကလေးတို့မှာ သွေးကျသောနေရာက မြင့်လေလေ ပိုမိုထင်ရှားလေလေ ဖြစ်တတ်ကြောင်း သတိရှိရမည်။ ထို့ပြင် လှုပ်ရှားနေသောသူမှကျသော သွေးစက် သို့မဟုတ် လမ်းလျှောက်သွားစဉ်ကျသော သွေးစက်မှာ ဝိုင်းစက်စက် မဟုတ်နိုင်ဘဲ ရှည်မျောမျောမှ မြားသဖွယ် တွေ့ရတတ်ပါသည်။ သွားသောဘက်သို့ မြားဦးကဲ့သို့ အစွန်းထွက်နေတတ်ပါသည်။ သွားလာလှုပ်ရှားမှု မြန်လေလေ သွေးကွက်၏ ပုံသဏ္ဍာန်မှ ပို၍ရှည်လေလေ ဖြစ်တတ်ကြောင်း သတိရှိရန် လိုပါသည်။ ဤမျှလောက်သော အချက်အလက်တို့အားဖြင့် ပြစ်မှုကျူးလွန်သူနှင့် ကျူးလွန်ခံရသူတို့၏ အနေအထား သဘောသဘာဝမှစ၍ သွေးထွက်ချိန်များကို မှန်းဆနိုင်ပါသည်။

ယခုတင်ပြပြီးခဲ့သော အချက်အလက်တို့မှာ ပေါ်ပေါ်လွင်လွင် တွေ့ရှိရတတ်သော သွေးစွန်းသွေးစများနှင့်ပတ်သက်သော အချက်များသာဖြစ်ပါသည်။ သွေးစွန်းပြီးသော အဝတ်မှစ၍ အခြားဝတ္ထုပစ္စည်းများကို ဆေးကြောသုတ်သင် ဖွတ်လျှော်ပစ်ပြီးနောက်မှ သွေးကို တွေ့နိုင် မတွေ့နိုင်ဟူသော ပြဿနာသည်လည်း စိတ်ဝင်စားဖွယ်ရာ ကောင်းပါသည်။ သွေးသည် အတော်ပင်ကြံ့ခိုင်သော သတ္တိရှိသည်ဟု ဆိုရပေမည်။ အဝတ်အထည်များတွင်သော်လည်းကောင်း၊ ဝတ္ထုပစ္စည်းတစ်ခုခုပေါ်တွင်သော်လည်းကောင်း၊ သင်ဖြူး၊ ဝါးဖျာ၊ ကျူဖျာ စသော ပစ္စည်းများပေါ်က သွေးများကိုသော်လည်းကောင်း၊ ဖျောက်ဖျက်လိုသောသဘောဖြင့် ရေလျှော်ခြင်း၊ ရေဆေးခြင်းပြုရာတွင် အထူးဂရုပြု၍အချိန်ယူကာ ဖွတ်လျှော်ဆေးကြောခြင်း မလုပ်သရွေ့ ကာလပတ်လုံး သွေးများသည် စင်ကြယ်သွားပြီဟု မယူဆနိုင်ပါ။ သွေးသည် စေးကပ်သော သတ္တိရှိသည့်အပြင် ကြိုကြို ကြားကြားတို့မှလည်း ယိုစီး၍ဝင်တတ်သော သတ္တိလည်း ရှိပါသည်။ ထို့ကြောင့် အဝတ်အထည်များတွင်လည်း တိုင်ချီနှင့်ဖောက်ချီအကြားသို့ ဝင်မိသောသွေးသည် အလွယ်တကူနှင့် ပျောက်ပျက်သွားခြင်း မရှိပါ။ သင်ဖြူးဖျာ၊ နီးချောဖျာ၊ ကျူဖျာ စသော ဝတ္ထုပစ္စည်းများပေါ်တွင်လည်း နီးများအကြားနှင့် ဝါးကြမ်းသစ်သား ပျဉ်ကြမ်းပေါ်ဖြစ်ကလည်း ကြမ်းကြားများတွင် သွေးစသွေးနများ ကျန်တတ်ကြောင်း သိထားရပေလိမ့်မည်။ လက်ကိုင်ပဝါကို သွေးဆွတ်ပြီး ရေနှင့်လျှော်၍ အထက်ကဖော်ပြထားသည့်အတိုင်း ဗွိုင်ကမ်ဆေးရည်ဖြင့် တို့ကြည့်လျှင် ပင်အပြာရောင်ပေါ်ထွက်လာခြင်းမှာ သွေး၏ကြံ့ခိုင်သောသတ္တိကို ပေါ်လွင်စေပါသည်။ ထိုကြောင့် သွေးနှင့်တူသော အစွန်းအထင်းများ တွေ့ရှိပါက အားတက်ဖွယ်ရာ သဲလွန်စဟု ယူဆထိုက်ပါသည်။ ၎င်းကဲ့သို့သော အစွန်းအထင်းများကို ရှာဖွေရာတွင် ပေါ်လွင်သောနေရာများထက် မရှိတတ်၊ မတွေ့တတ်သောနေရာများကို ပိုမို၍ အာရုံစူးစိုက်သင့်ပါသည်။ ဥပမာ-ဓားမြှောင်၊ မောင်းချဓား စသည်တို့အပေါ် သွေးစွန်း၊ သွေးစ၊ သွေးခဲကလေးများ ရှာဖွေလိုပါက အသွားအပြင် လက်ကိုင်အရိုးများပေါ်တွင် ကြည့်ရှုစစ်ဆေးသည်ထက် အသွားနှင့်အရိုးအဆက်

www.burmeseclassic.com

www.burmeseclassic.com



ကြား၊ မျှော့ကြောင်း စသည့် ကွယ်ထောက်နိုင်သော နေရာနှင့် ဖျာ၊ သင်ဖြူး၊ ပရိဘောဂတို့ပေါ်မှာ ရှာဖွေပြန်လျှင်လည်း နှီးများအကြားနှင့် အဆက်အစပ် အကြားတို့တွင် ပိုမိုဂရုပြု၍ ရှာဖွေရပေမည်။



သွေးစွန်းသွေးစေးတို့နှင့် ပတ်သက်လာလျှင် "အစဉ်မပြတ် သွေးစွန်းဖြစ်နိုင်သည်" ဟူသော ယူဆချက်နှင့် သွေးဟု ထင်ရှားပြန်က လူသွေး၊ တိရစ္ဆာန်သွေး စသည်တို့ကို ထပ်ဆင့်တက်၍ စုံစမ်းရန် အားထုတ်သင့်ပေသည်။

## သေမှုသေခင်း

ဖော်ပြပြီးခဲ့သောအချက်များတွင် သွေးစက်၏ ပုံသဏ္ဌာန်များကို ထောက်ရှု၍ ပြစ်မှုကျူးလွန်သူ၊ ကျူးလွန်ခံရသူ၏အနေအထားတို့ကို ဆုံးဖြတ်နိုင်သကဲ့သို့ သေမှုသေခင်းစစ်ဆေးစုံစမ်းရာတွင်လည်း သေသူ၏ ကိုယ်တွင် စွန်းထင်းနေသော သွေးစွန်းသွေးစတို့ကိုလည်း ဂရုပြု၍ လေ့လာထိုက်လေ၏။

လူတစ်ဦးတစ်ယောက်သည် မိမိကိုယ်ကို မိမိပင် ဓားနှင့်ထိုး၍သေကြောင်းကြံစည်သော် ထိုသူ၏ လက်ခုံ၊ လက်ချောင်းများပေါ်တွင် သွေးများတွေ့ရှိရပြီး ထိုသွေးစွန်းသွေးစတို့မှာ လက်ခုံလက်ချောင်းတို့မှ လက်ကောက်ဝတ်သို့တိုင်အောင် စီးဆင်းတတ်ကြသည့်ပြင် လက်ဝဲသန်သူမှာ လက်ဝဲလက်ခုံလက်ချောင်းတို့တွင် သွေးများပိုများ၍၊ လက်ျာလက်သန်စွမ်းသူမှာ လက်ျာလက်တွင် သွေးများများ ပို၍ တွေ့ရပေလိမ့်မည်။ ထို့ပြင် ပြုကျင့်သော ဓားရာဓားချက်မှ ယိုစီးထွက်သော သွေးများကို လေ့လာခြင်းအားဖြင့်လည်း သေသူ၏ မိမိကိုယ်မိမိ သေစေရန် ကျူးလွန်စဉ် မည်သို့အနေအထားတွင်ရှိကြောင်း ပေါ်လွင်ထင်ရှားစေနိုင်ပါသည်။ ထို့ကြောင့် သေမှုသေခင်းစစ်ဆေးရာတွင်လည်း သွေးစွန်းသွေးစများကို အထင်မသေး ဂရုမပြုဘဲ မထားသင့် မထားထိုက်ကြောင်း သတိပေးအပ်ပါသည်။

## သွေးစွန်းသွေးစများကို စုဆောင်းနည်း

သွေးစွန်းသွေးစများ စုဆောင်းသိမ်းဆည်းသောကိစ္စကို မဆောင်ရွက်မီ သွေးများတွေ့သော နေရာ၊ သွေး၏အခြေအနေတို့ကို ရှေးဦးစွာ လေ့လာသင့်ပါသည်။ သွေးတွေ့သော နေရာ၏ နဂိုအရောင်အသွေးကို အမှီပြု၍ သွေးအရောင်လည်း အမျိုးမျိုး ဖြစ်တတ်ပါသည်။ သွေးများသည် အစကနဦးတွင် ဖော်ပြထားသကဲ့သို့ ထွက်စတွင် နီမြန်းသောအရောင်ရှိသော်လည်း ခြောက်သွေ့သွားသောအခါ အညိုရောင်သို့ပြောင်းသွားတတ်ပါသည်။ အချိန်ကြာမြင့်သဖြင့် ပုတ်သိုး၍ မှိုများတက်လာသောအခါ အစိမ်းရောင်၊ အပြာရောင်၊ အညိုပုတ်ရောင်သို့ တစ်ဖန်ပြောင်းသွားသည်ဟု ထင်ရသည်။ သွေးသည် ၄င်းတို့ တည်ရှိနေသော

www.burmeseclassic.com

www.burmeseclassic.com

အောက်ခံဝတ္ထုပစ္စည်းကိုလည်း အမှီပြုပြန်ပါသည်။ သွေးသည်မာသော ကြမ်းပြင်၊ စားပွဲ၊ ဗီရို စသည်တို့ပေါ်၌ကျရောက်က ခြောက်သွေ့လွယ်၍ ဝါဂွမ်း၊ သိုးမွေး၊ မြေကြီးစသော နေရာများ၌ တည်ရှိပါက လျှင်မြန်စွာ ခြောက်ခဲသည်ဟု သိထားရပါမည်။ သွေးများကို အစိုအတိုင်း စုဆောင်းခြင်းမှာ အန္တရာယ်များလှသဖြင့် မကြိုးစားသင့်ပါ။ သွေးကို ခြောက်သွေ့သွားမှသာလျှင် စုဆောင်းသင့်ပေသည်။

ခြောက်သွေ့စေသောနည်းမှာ မူလနဂိုဓာတ်သဘာဝအရ ခြောက်သွေ့စေခြင်းသာလျှင် မှန်ကန်သောနည်းဟု ဆိုထိုက်ပါသည်။ မီးကင်ခြင်း၊ နေလှန်းခြင်း၊ ပန်ကာလေပေးခြင်း စသည်တို့ကို မပြုထိုက်ပါ။ သွေးများထဲတွင် မည်သည့်ပစ္စည်းများပါဝင်နေသည်ကို ပကတိမျက်စိအားဖြင့် မမြင်နိုင်သော်လည်း မှန်ဘီလူးနှင့်ကြည့်က အခြားဝတ္ထုပစ္စည်းများပါနေကြောင်း အလွယ်နှင့် သိနိုင်ပါသည်။ ဥပမာ - နှာခေါင်းမှထွက်သောသွေးတွင် နှာခေါင်းမှအမွေးအမှင်များနှင့် နှပ် စသည်တို့ကို တွေ့နိုင်ပါသည်။ မုဒိမ်းကျင့်ခြင်းကြောင့် ထွက်သောသွေးတွင် သုတ်ရည်မှစ၍ အင်္ဂါစပ်မှ အမွေးနုများတွေ့တတ်၍ မိန်းမများ မီးယပ်လာသောသွေးတွင် မျိုးစေ့များပါတတ်သဖြင့် သွေး၏မူလကို သိနိုင်စွမ်းရှိသဖြင့် ၎င်းတို့ကို အလိုအလျောက် မဟုတ်ဘဲ တစ်နည်းနည်းဖြင့် မခြောက်စေသင့်ပါ။ မီးပူ၊ နေပူ စသည်တို့အားဖြင့် ခြောက်သွေ့သွားပါက အဆိုပါသွေးနှင့် ရောနှောနေသော ပစ္စည်းများ ပျက်စီးသွားတတ်ပါသည်။ အကယ်၍ ပန်ကာလေဖြင့် ခြောက်သွေ့စေကလေဟုန်ကြောင့် အပြင်ပ ပစ္စည်းအမှုန်အမွှားများ လာရောက်ကပ်ငြိသဖြင့် သွေး၏မူလကို ပျက်ပြားစေတတ်ကြောင်း သိသင့်ပါသည်။

သွေးများစုဆောင်းရာတွင်လည်း ဂရုပြုထိုက်သော အချက်အလက်များမှာ မနည်းလှပေ။ သွေးကို အလွယ်တကူ စုဆောင်းသိမ်းဆည်းနိုင်သော အရာဝတ္ထုပေါ်တွင် တွေ့ရှိက သိမ်းဆည်းရန် လွယ်ကူသလောက် ထုထည်ကြီးမားသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းပရိဘောဂများပေါ်တွင် တွေ့ရှိသော သွေးများကို သိမ်းဆည်းရန် မလွယ်ကူပါ။

သေးငယ်၍ အလွယ်တကူရွှေ့ယူသိမ်းဆည်းနိုင်သော ဓား၊ သေနတ်၊ အင်္ကျီ၊ လုံချည်၊ လက်ကိုင်ပဝါ စသော ပစ္စည်းများပေါ်တွင် သွေးစွန်းသွေးစတွေ့ရှိ၍ သိမ်းဆည်းလိုက အထက်က ဖော်ပြပြီးသကဲ့သို့ သွေးများကို သဘာဝလေအေးအားဖြင့် ခြောက်သွေ့စေပြီးမှ သိမ်းဆည်းရန် ဝတ္ထုပစ္စည်းများကို သင့်တော်သလို အမှတ်အသားပြု၍ သိမ်းဆည်းထုပ်ပိုးရာ၏။ ထိုသို့ထုပ်ပိုးရာတွင်လည်း သွေးစွန်းသွေးစများ မပျက်ပြားစေရန် နူးညံ့သောစက္ကူများခံ၍ သာယာဖြည်းညင်းစွာ ထုပ်ပိုးရပေမည်။



အကယ်၍ သွေးစွန်းသွေးစများသည် ဗီရိုကြီးများ၊ စားပွဲကြီးများ၊ ကော်ဇော၊ ကုလားထိုင်၊ ကန့်လန့်ကာကြီးများပေါ်တွင် တည်ရှိနေက ထိုကဲ့သို့သွေးများကို စုယူရန်မှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း သွေးများ တည်ရှိနေသော အရာဝတ္ထုပေါ်တွင် အမှီပြုပြန့်ပါသည်။ အထက်က ပြဆိုပြီးသည့်အတိုင်း ကြီးမားနေသောအခါ ဓားသန့်သန့်နှင့် သွေးစွန်းခြောက်များကို ခြစ်၍ခွာယူပြီးလျှင် သွေးမှုန့်ကလေးများကို သတိပြု စုဆောင်း၍ သန့်ရှင်းသော စက္ကူဖာကလေးများ၊ ပုလင်းငယ်ကလေးများတွင် ထည့်၍ ဓာတုဗေဒဆိုင်ရာ ပညာရှင်ထံသို့ ပို့ရမည်။ အကယ်၍ လှုပ်ရှားသွားလာနေသော ယာဉ်ရထားများ၊ တိရစ္ဆာန်များ၊ လူသတ္တဝါများပေါ်တွင် စွဲကပ်နေသော သွေးစွန်းများခွာရန်မှာ အတော်ပင် ခဲယဉ်းသော်လည်း ဂရုပြု၍ ကြိုးစားပါက ရနိုင်သောနည်းမှာ လွှ၏ခြေသည်း၊ လက်သည်းကြားမှတွေ့ရှိက ဖြည်းညင်းစွာလက်သည်း ခြေသည်းများကို လှီးထုတ်၍ စုဆောင်းရ၏။ အခြားတစ်နည်းမှာ ယခု သုံးစွဲနေကြသော မင်နှိပ်စက္ကူသန့်သန့်ကို ဆားရည်သွက်သွက်ဖြင့် သင့်တော်ရုံမျှဆွတ်ပြီးလျှင် မင်နှိပ်စက္ကူကို သွေးစွန်းပေါ်တွင် ကပ်ရမည်။ ထိုအခါ သွေးမှာ အနည်းငယ်အရည်ပျော်၍ မင်နှိပ်စက္ကူက သွေးကို စုပ်ယူပေလိမ့်မည်။ ထိုသွေးစုပ်ထားသော မင်နှိပ်စက္ကူကို ဖော်ပြပြီးသည့်နည်းအရ ခြောက်သွေ့စေပြီးလျှင် အထက်ပါနည်းအတိုင်း ဓာတုဗေဒပညာရှင်ထံ ပို့နိုင်ပါသည်။

ဤဖော်ပြပါနည်းများကို ရှေ့ဆောင်ပြု၍ သွေးတွေ့ရသောနေရာအရပ်၊ အချိန်အခါတို့ကို လေ့လာ၍ စုဆောင်းရန် အမျိုးမျိုး ကြံဆထိုက်ကြောင်း တင်ပြအပ်ပါသည်။


(ဆရာကြီးဦးလှဘော် အင်းစိန်စုံထောက်ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဟောပြောပို့ချချက် မှတ်စုများမှ ထုတ်နုတ်တင်ပြပါသည်။)

ဦးလှဘော်(စုံထောက်ကျောင်းအုပ်ကြီးဟောင်း)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဟိုနေ့က ဘယ်ကရလာသည် မသိသော မယ်ဒလင်အိုတစ်လက်နှင့် သန်းလွင်ကြီးကို တွေ့လိုက်သည်။ သီချင်းသံနှင့်အတူ မယ်ဒလင်တီးခတ်သံကိုပါ ကြားလိုက်ရသည့်အတွက် ကျွန်တော် ရင်ထဲမှာ လွမ်းမောမောကြီး ခံစားလိုက်ရသည်။

သြော် သည် မဲလရင်ဆိုင်ကုန်းစခန်းမှာ "ကျွန်တော် ဆေးမှူးအနေဖြင့် ရောက်ခဲ့သည်မှာ သုံးလတောင်ပြည့်တော့မှာပါလား" လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း ညည်းတွားလိုက်မိသည်။ အမှန်တော့ သည်နေရာ သည်ဒေသသာ ငြိမ်းချမ်းခဲ့လျှင် သဘာဝအလှ အပတွေကို ကျွန်တော်ခံစားရမည်မှာ အမှန်။ လက်ရှိ အခြေအနေက ရန်သူစခန်းများနှင့် ရင်ဆိုင်ထားရသည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သည်။ ရှေ့ ရင်ဆိုင်ကုန်းမှာ နေ့ရောညပါ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပစ်ခတ်သံတွေ၊ အတိုင်းသား ကြားနေရသည်။ တခါတလေ ကျွန်တော့်ဆေးခန်းအပေါ်မှာ ရှီခနဲ အသံပေးကာ။ ကျည်ပုံ့တွေ ဖြတ်သန်းသွားလေ့ရှိသည်။ သည်ကျည်ပုံ့တွေက မျက်စိမပါ၊ သွားချင်ရာသွား မှန်ချင်ရာ မှန်တတ်သည်။ ယခင်အပတ်ကကျွန်တော့ ဆေးတပ်ကြပ်စိုးမင်း ဝါးကွပ်ပျစ်လေးပေါ်မှာ လှဲနေစဉ် ကျည်ပုံ့က တင်ပါးကိုလာမှန်၍ နောက်တန်းကို ပြန်ပို့ပြီး၊ ဆေးရုံမှာ ခွဲထုတ်လိုက်ရပါရောလား။

လောလောဆယ်ကျွန်တော်

(၁)

ရော်ရွက်ဝါတွေက လေအဝှေ့မှာ တဖြုတ်ဖြုတ်ကြွေကျနေသည်။ ကောင်းကင်ပြာပြာကို နောက်ခံထား၍ ဒေါနတောင်တန်းကြီးက မြင့်မြင့်မားမား။ တကယ့်နွေဦးပန်းချီကားတစ်ချပ် ပီသနေသည်။

"ဥသြ ဥသြ"


"ကြိုးခွေ ကြိုးခွေ"

သဘာဝပန်းချီကားတစ်ချပ်နှင့် . သဘာဝငှက်ငယ်ကလေးတွန်ကျူးသံ၊ မျောက်တွေ၏ အော်သံက ပနာရနေသည်။

"ရွက်ဝါကြွေ ... နွေဦး"

လက်နက်ကြီးကုန်းဘက်မှသီချင်းသံက စီးမျောလွင့်ပျံ့လာသည်။ ကေန္တ တပ်ကြပ်ကြီးသန်းလွင်၏ သီချင်းသံဖြစ်မည်။

❝ ပြဿနာက အဟာရဓာတ်ချို့တဲ့တာကြောင့် မောကျောင်းတဲ့ ရောဂါဝင်လာတာပါ။ တစ်ကိုယ်လုံး မောရောင်တာရှိ အသက်ရှုကြပ်တာ ခံစားနေကြရတယ်။ ❞



ရင်ဆိုင်နေရသည့် အခက်အခဲက ငှက်ဖျားနှိပ်စက်သည့်ဒဏ်ကြောင့် စစ်သည်တွေ အင်အားနည်းနေကြခြင်းပင်။ ဆန်၊ဆီ ပြဿနာ မရှိ။ စားစရာ ဟင်းမရှိလျှင် တပ်ရင်းမှူးကြီးမှလည်း တတ်နိုင်သ၍ နောက်တန်းမှ ငါးပိ၊ ငါးခြောက်တွေ မှာပေးသည်။ မလုံလောက်၍ စခန်းအပြင်ဘက်ထွက်သည်နှင့် လုံခြုံရေးက စိတ်မချရ။ ဟိုငနဲ တွေကလည်း ဒီဘက်ကထွက် အောင် မျှားသည်။ ဂျီဟောက်သံ အတု၊ မျောက်ကြိုးခွေသံအတုနှင့် အသံပေးသည်။ ထွက်လာလျှင် ပစ်ချပြီး သေနတ်ကောက်မယ် ပေါ့လေ။ဘယ်ရမလဲ ဒီကကောင် တွေကလည်းအချဉ်တွေမဟုတ်။ စောဖေတို့ နောကြေနေသည်။ ဘယ်ထွက်လိမ့်မလဲ။ သူတို့တွေ မျောက်သံ၊ဂျီဟောက်သံ က တကယ့်မျောက်၊တကယ့်ဂျီနဲ့ ခွဲလို့ မလွယ်။ အသံတု ရဲမြင့်လေး တောင် လက်မြှောက်ရလောက် တယ်။ စစ်သည်တွေက ဒီလောက် ငတ်တာလောက်တော့ အပျော့။ စခန်းအပြင်မထွက်ရဆိုရင် ခြေ တစ်လှမ်းမထွက်ဘူး နာခံတယ်။ အထက်ဗိုလ်တွေကလည်း ရဲဘော်တွေလိုပဲ ရှိတာနဲ့ ရောင့်ရဲတယ်။ ပြဿနာက အာဟာရဓာတ် ချို့တဲ့တာကြောင့် ဖောရောင်တဲ့ ရောဂါ ဝင်လာတာပါ။ တစ်ကိုယ်လုံး ဖောရောင်တာမို့ အသက်ရှူကြပ်တာ ခံစားနေကြရတယ်။ ဖြစ်တာက တစ်ယောက် နှစ်ယောက်ကနေ တဖြည်းဖြည်း တအုံတမကြီး ဖြစ်လာတာ။ ကျွန်တော်လည်း ပါလာတဲ့ဆေးဝါးအပြင် နောက်တန်းက အားဆေးတွေမှာတယ်။ သက်သာပြီး မကြာခင်ပြန်ဖြစ်သည်။ ဆေးထိုးကုသခြင်းဟာ ပြဿနာရဲ့အဖြေ မဟုတ်မှန်း ကျွန်တော်သိလာသည်။ စစ်သည်တွေ ကျန်းမာရေး အခြေအနေကို ထောက်လှမ်းရေးအရာရှိမှ တဆင့် တပ်ရင်းမှူးကြီးဆီ အချိန်နဲ့တပြေးညီ တင်ပြနေပါသည်။ တပ်ရင်းမှူးကြီးကလည်း စစ်ဦးစီး တက္ကသိုလ်သို့ သင်တန်းသွားရန် နီးပြီမို့ ပြင်ဆင်နေချိန် သည် ပြဿနာ ဘယ်လိုဖြေရှင်းရမည်နည်း။ စိတ်ရှုပ်ထွေးစွာ လေပူတစ်ချက်ကို ကျွန်တော် မှုတ်ထုတ်မိပြန်သည်။

“ဆရာကြီး တပ်ရင်းမှူးကြီး ခေါ်နေတယ်”

“အေး ငါခုချက်ချင်းလာခဲ့မယ်” ဟုပြောရင်း-

ကျွန်တော်က ယူနီဖောင်း သပ်ရပ်မှုရှိရန် ပြုပြင်လိုက်သည်။

“အင်း … လူနာတွေ ပြဿနာအတွက် ငါ့ကို ခေါ်

www.burmeseclassic.com



ရွေးနွေးနိုင်တယ်။ မေးရင် ဖြေနိုင်အောင် ကြိုပြီးစဉ်းစားထားရမယ်''ဟု တွေးရင်း တပ်ရင်းမှူးရုံးရှိရာ တောင်ကုန်းဘက်သို့ ခပ်သွက်သွက်လေး သွားလိုက်သည်။

× × ×

"ရဲဘော်တွေ ဖောရောင်နေတဲ့ ပြဿနာ တစ်စစ ကြီးထွားလာပြီ။ ဖောရောင်ကျအောင် ဘာလုပ်သင့်လဲ၊ ဘယ်လို အစားစာမျိုးကျွေးရင် သက်သာနိုင်လဲ၊ အကြံပေးပါဦး ဆရာကြီး . . . "

(၂)

''ရဲဘော်တွေ ဖောရောင်နေတဲ့ပြဿနာ တစ်စစ ကြီးထွားလာပြီ။ ဖောရောင်ကျအောင် ဘာလုပ်သင့်သလဲ။ ဘယ်လို အစားစာမျိုး ကျွေးရင်သက်သာနိုင်လဲ။ အကြံပေးပါဦး ဆရာကြီး''

ဟု တပ်ရင်းမှူးကြီးက မေး၍ ကျွန်တော်က ...

''ကျွန်တော်စာထဲမှာ ဖတ်ဖူးတာတော့ ဂျပန်ခေတ်က ဂျပန်ဆရာဝန်တွေဟာ သင်တန်းကျောင်းမှာ ဖောရောင်နေတဲ့ ဂျပန်စစ်သည်တွေကို ပဲပင်ပေါက် ကျွေးခိုင်းတယ်တဲ့။ ပဲပင်ပေါက်ဟာ ဗီတာမင် B1 ကြွယ်ဝတဲ့အတွက် အဖောရောင် သက်သာစေနိုင်တယ်လို့ သိရပါတယ် ခင်ဗျ''

''ဘာပဲဖြစ်ဖြစ် စမ်းကြည့်သင့်တယ်ဗျာ။ ဒီမှာ ရေရှိတာပဲ။ ကျွန်တော်ရဲ့ ဌာနချုပ်မှာ လုပ်တတ်ကိုင်တတ်တဲ့ ကောင်လေးတွေနဲ့လုပ်ရင် ခင်ဗျား ပဲပင်ပေါက် ရပြီပေါ့ဗျာ''

''ကောင်းပြီလေ။ ကျွန်တော့် 10 ကို ခင်ဗျားသွားရင် လွှတ်လိုက်ပါ။ ဆရာကြီး နားလို့ရပါပြီ''

တပ်ရင်းမှူးက ခွင့်ပြု၍ စနစ်တကျ အလေးပြုပြီး ကျွန်တော်ဆေးခန်းသို့ ပြန်ခဲ့သည်။

(၃)

ကျွန်တော်က ဟန့်မှဟန့်ပါ့မလား စိုးရိမ်စိတ်ပေါ်လာပေမယ့် တပ်ရင်းမှူးကြီးက၊ ''မဟုတ်လည်း စားစရာမရှိတဲ့ အချိန်မှာ စားစရာတစ်ခုတော့ ရတာပေါ့ဗျာ'' ဟု နှစ်သိမ့်စကားကြောင့် ကျွန်တော် ပြန်အားတက်သွားပါသည်။

နောက်တန်းမှ ပဲနောက်များ ရောက်လာပြီတဲ့။ မကြာမီ ပဲပင်ပေါက် ဖောက်သည့်လုပ်ငန်းစတော့မည်။ ကျွန်တော်ဆေးခန်းတဲများ ဆောက်ထားသည့် တောင်ကုန်းအခြေမှာ တောင်ကျစမ်းချောင်းကလေး ရှိသည်။ စမ်းချောင်းကလေးဆီ ရောက်ဖို့ (၁၀) မိနစ်လောက် ဆင်းရသည်။ ပဲပင်ပေါက်ဖောက်မည်။ မီးဖိုကြီးမှ ရော်နီဖွတ်ကားနှင့် ပွကြီး (နာမည်ရင်းမဟုတ်) တို့နှစ်ယောက် ဝါးခြင်းတောင်းတွေ ယက်နေကြသည်။ သူတို့တော့ မသိ ကျွန်တော်တော့ ပဲပင်ပေါက်တွေ မြင်ရတော့မှာမို့ ပျော်နေသည်။ နောက်နေ့မှာ ပဲပင်ပေါက် ဖွေးဖွေးကြီးတွေကို မီးဖိုကြီးမှာ ချည်ကြိုးတွေနဲ့ ချည်ထားတာ တွေ့ရသည်။ အစီအစဉ်အရ ရှေ့တန်းတပ် အသီးသီးကို ပဲပင်ပေါက်များ လာရောက်ယူနိုင်သည်ဟု အကြောင်းကြားသည်။ တပ်ခွဲအသီးသီးမှ ပဲပင်ပေါက်တွေ

www.burmeseclassic.com

www.burmeseclassic.com

အလုအယက် လာရောက်ယူကြသည်။ စစ်သည်တွေမှာ ပဲပင်ပေါက်စားရမည်ဆို၍ သိန်းထိကြီးပေါက်သလောက်ဝမ်းသာပျော်မြူးနေပေါက်နေကြသည်။

တစ်မနက်မှာ ပဲပင်ပေါက်ကုန်သွား၍ အချင်းချင်းစကားများပြီးထိုးမည်၊ ကြိတ်မည်တကဲကဲနှင့်မို့ မနည်းဝိုင်းပြီး ဆွဲလိုက်ကြရသေးသည်။ ပဲပင်ပေါက် အစွမ်းကြောင့်ပဲလား၊ စားစရာဟင်းတစ်ခု ရလိုက်၍ပဲလားမသိ။ ကျွန်တော်ဆေးခန်းကိုဖောရောင်လူနာတွေ ခါတိုင်းလောက် ရောက်မလာသောကြောင့် ကျွန်တော်ဘာသာကျွန်တော် ကြိတ်ပြီး ကျေနပ်ဝမ်းသာယူနေသည်။

ပဲပင်ပေါက်သည် ပဲပင်ပေါက်ဖြစ်သောကြောင့် အသားလောက်တော့ မကောင်းနိုင်။ တစ်နေ့ အသားစားရဖို့ အခွင့်အရေးကြုံသည်။ ညီအစ်ကို တပ်တစ်တပ်က တောကျွဲတစ်ကောင်ပစ်၍ရသည်။ တိုက်ပွဲဖြစ်နေဆဲမို့ တောကျွဲကို ချက်ချင်းမဖျက်နိုင်ရေထဲမှာ မျှောထား၍ ကျွန်တော်တို့ ဆေးခန်းရှိ လူနာများအတွက် ခွဲတမ်းအသားလာတော့ အနံ့ကသိပ်မကောင်းချင်တော့ သို့သော်



စားမရအောင်တော့ မဟုတ်သေး။ လူနာတွေ အသားစားရ၍ မျက်နှာလေးတွေ ဝင်းလို့၊ ကျွန်တော်ကဆေးတပ်သားတစ်ယောက်ကိုလွှတ်၍ အရိုးများလိုက်တောင်းစေသည်။ ထို အရိုးများကို ပြုတ်ပြီး လူနာတွေကို တိုက်စေသည်။ အရိုးကိုလုံးဝ အရသာမရှိတော့မှ လွှင့်ပစ်ဟု ခိုင်းရသည်။ အရိုးပြုတ်ရည်သောက်နေတုန်း လူနာတွေထောင်ထောင် ထောင်ထောင်နှင့်၊ အရည်ကုန်သွားသောအခါ ထုံးစံအတိုင်း ပြန်လဲသွားကြပြန်သည်။ အဟာရတန်ဖိုးကား ကြီးမားစွပါတကား။

မနေ့ကစ၍ ကျွန်တော် ပြန်ဖျားသည်။ (၃) လအတွင်း (၅) ကြိမ်မြောက် ဖျားခြင်းဖြစ်သည်။ ဆေးမှူးဖြစ်ပြီး ဖျားရသလား။ ကာကွယ်ဆေး မသောက်ဘူးလား မေးအံ့။ ဆေးမှူးလည်းသွေးနှင့်သားနှင့် သံမဏိကိုယ်ခန္ဓာမဟုတ်၊ ဖျားရင်သူများအထင်မြင်သေးစရာဖြစ်မှာစိုး၍ပင် ကာကွယ်ဆေးကိုနှစ်ကြိမ်သောက်ရသည်။ ၄ ကြိမ်ဖျားကာကွယ်ဆေးကို Daily နေ့တိုင်းကြိုတင်သောက်ပေမယ့် မရပါ။ ရင်ဆိုင်ကုန်းရောက်ပြီး နှစ်ပတ်ပဲခံသည်။ ကျွန်တော် ဖျားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတွေ အရာရှိတွေက ဟို ဆရာကြီးလည်း ဖျားနေပြီပေါ့ ဟု နောက်ပြောင်လျှင် ကျွန်တော်က "မမှားသောတရားရေးဝန်ထမ်း၊ မဖျားသောဆေးမှူး" ဘယ်မှာ ရှိမှာလဲဟု" မပြောသာပြောသာ ပြန်ပြောရသည်။

ဖျားပြီဆို တာနှင့် ကျွန်တော် ထမင်းမစားနိုင် တအန် တည်း အန်နေရသည်။ ငှက်ဖျားကအန်။ သောက်သည့် ဆေးကြောင့် အန်နှင့် လူကို မျောတော့တော့ပဲ ကျန်သည်။

တစ်ပတ်နှစ်ကြိမ် ကာကွယ်ဆေးတိုက်သောအခါ မသောက်ချင်၍ ရှောင်ဖယ်ဖယ် လုပ်နေသော ရဲဘော်များကို ကျွန်တော် ဂရုဏာဒေါသနဲ့ ဆူပူခဲ့သည်။ အတင်းအကြပ် တိုက်ခဲ့သည်။ သည်ဝဋ် ကျွန်တော့်ကို ပြန်လည်သည်နှင့် တူသည်။ ခါးလိုက်တဲ့ ငှက်ဖျားဆေးနယ် ကြက်ဟင်းခါးသီးကို တမာရွက်နှင့်ရောပြီး ချက်စားရင်တောင် ဒီလောက်ခါးပါ့မလား မသိဘူး။ ဒါကြောင့် ရဲဘော်တွေက ကျွန်တော့် ဆေးခန်းရှေ့က ထင်းခွေ ရေခပ်ရင်း အခြားအကြောင်းနဲ့ ဖြတ်သွားလျှင် ဆေးခန်းဘက်သို့ စောင်းမြောင်း၍ သီချင်းဆိုသွားတာကိုး။ ဘာတဲ့ သူတို့ ဖျက်ပြီး ဆိုသွားတဲ့ သီချင်းက...

ဖျားတဲ့အခါ ××× ဆေးလေး တိုက်တယ် ××× နားတွေ ဘာတွေ အူထွက်သွားရအောင် ×××ဟဲ့တိလည်းဟုတ်ပဲနဲ့××× တဲ့လေ။ ဖျားလို့ လျှာကထူနေ၍ အရသာ မရှိရသည့်အထဲ ဟင်းက မယ်မယ်ရရ မရှိ။ ပဲပင်ပေါက်သုပ်၊ ပဲပင်ပေါက်ကြော်တဲ့၊ အမှန် ပဲပင်ပေါက်ကို ကျွန်တော် ဘယ်တုန်းကမှ မကြိုက်ခဲ့။ အိမ်မှာ ကျွန်တော့်ကို ပဲပင်ပေါက်လာ ကျွေးသူကိုပြဿနာရှာပစ်သည်။

ဒီမှာတော့ပဲပင်ပေါက်သည် အကောင်းဆုံး။ ပဲပင်ပေါက်သည် နတ်သုဒ္ဓါ။ ပဲပင်ပေါက်ကို ကျွန်တော်ပဲ ဖန်တီးခဲ့သည်။ ခုတော့ ကိုယ်ဖော်သည့်ဆေး ကိုယ်မစားဝံ့သည့် ကိန်းဆိုက်နေသည်။

BURMESE CLASSIC .com

(၅)

တပည့်ဖြစ်သူတွေက ဆရာ့ မျက်နှာရိပ် မျက်နှာကဲ သိသည်။ "ဆရာကြီး ကျွန်တော် မေ့နေလို့ မနေ့ညက တောင်ပေါ်ကကောင်တွေ မျောက်သားခြောက်တွေ လာပေးသွားတယ်။ အမြန်ဖုတ်လိုက်မယ်လေ" မျောက်သားခြောက် အသံကြားတော့ ကျွန်တော့် ပါးစပ်ထဲမှာ သွားရည်တွေ ပြည့်လာသည်။ အေးလုပ်ကွာလို့ ပြောမလို့ လုပ်ပြီးမှ ရှေ့တန်းတက်ကာစ ကုလားမတောင်ပေါ်မှ ညီအစ်ကို တပ်က လည်စည်းနီနီနှင့် ကွမ်မန်ဒို ရဲဘော်လေး မျက်နှာကို ကွက်ခနဲ မြင်လိုက်ပြီး။ ရဲဘော်လေး ပြောတဲ့ စကားကို ပြန်ကြားယောင်မိသည်။ ထမင်းစားချိန်မှာ တောင်အလယ်ကို ရောက်သွားလို့ ထမင်းဟင်းချိုင့်တွေ ဖွင့်ပြီးစားဖို့

"

**မနေ့ညက တောင်ပေါ်က ကောင်တွေ မျောက်သားခြောက်တွေ လာပေးသွားတယ်။ အမြန်ဖုတ်လိုက်မယ်လေ**

"

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်နေချိန်မှာ ဒီစခန်းက ကွန်မန်ဒိုရဲဘော်တွေ ရိက္ခာမလာသေးလို့ ဆန်ပြုတ်သောက်နေတာ တစ်ပတ်ရှိပြီတဲ့။ ဒါကြောင့် ကျွန်တော်တို့က ထမင်းစားဖို့ အားတက်သရော ဖိတ်ခေါ်တော့ လည်စည်းနီနှင့် ရဲဘော်လေးက နေပါစေ ဆရာကြီး၊ အခု ထမင်းစားလိုက်ရင် နောက်နေ့ကျရင် ထမင်းစားချင်နေလိမ့်မယ်။ အကျင့်ပါမှာစိုးလို့ ဆန်ပြုတ်ပဲ ဆက်သောက်တော့မယ်" ဆိုတဲ့ စကားက ကျွန်တော့် ရင်ထဲမှာ မကောင်းဖြစ်သလို ရဲဘော်လေးရဲ့ စိတ်ဓာတ်ကိုလည်း လေးစားချီးကျူးမိသွားသည်။ BURMESE CLASSIC .com

သူတကာပဲပင်ပေါက်တောင် နပ်မှန်အောင် မစားရတဲ့ အချိန်မှာ ကျွန်တော်က အသားမပါလို့မစားနိုင်တာ မဖြစ်သင့်ဘူး။ ပြီးတော့ ကွန်မန်ဒိုလေးက ပြောသည်။ ခုစားလိုက်ရင် နောက်နေ့လည်း စားချင်နေလိမ့်မယ်။ ရဲဘော်လေးလောက်မှ စိတ်ဓာတ်မခိုင်မာသူအဖြစ် ကျွန်တော် နည်းနည်း ရှက်မိသည်။

"ကဲ ပေါ်သွပ်ရေ ... မင်းမျောက်သားခြောက်ကို ထားလိုက်ပါတော့ကွာ။ ငါ့ပဲပင်ပေါက်နဲ့ငါပဲ ကောင်းပါတယ်လေ" ဟု အမိန့်ပေးရင်း ပဲပင်ပေါက်သုတ်ကို တကယ် နှစ်သက်ယောင်ဆောင်၍ ပါးစပ်ထဲ ထည့်၍ဝါးမိရာ။

"အား... ချိုလိုက်တဲ့ ပဲပင်ပေါက်သုတ်ဟု အသံပင်ထွက်သွား၏. မထင်မှတ်ဘဲ ပဲပင်ပေါက်သုတ်က ကျွန်တော့်ကို လှျာလည် သွားစေပါလား။ ထမင်းတစ်ပန်းကန် လောက် ဝင်သွားသည်နှင့် ပေ (၃၀၀၀) ကျော်မြင့်သော ကုလားမတောင်ကြီးကို ခုန်တက်ချင်စိတ်ပေါက်လောက်အောင် အားတွေရှိလာသည်ဟု ထင်မိသည်။

ဒါကြောင့် ရဲဘော်တွေ ပြောပြောနေတာ ဖြစ်မည်။ "ရှေ့တန်းမှာ ထမင်း 'လူ' အတွက် တစ်ပန်းကန် စားနိုင်လျှင် 'ငှက်' အတွက်ပါ တစ်ပန်းကန် ပိုစားပါ" ဆိုတဲ့ စကားတယ်မှန်ပါလားနော်။

(၆)

ဆေးခန်းအဖြစ် ဆောက်ထားသည့် တဲလေးထဲရှိ လက်ဖြစ်ဝါးကုလားထိုင်ပေါ်မှာ ကျွန်တော် ငူငူကြီးထိုင်နေသည်။ ငှက်ဖျားက ပျောက်ကာစဆိုပေမယ့် ဆေးတွေက Cose ကုန်အောင် သောက်နေရဆဲ။ ကျွန်တော် ရှေ့က မြင်ကွင်းက ရွက်ကြွေတောနှင့် မှိုင်းပျပျ အရှေ့ရိုးမတောင်တန်းကြီး။ တိမ်ဖြူအုပ်တစ်အုပ်က ဦးတည်ရာမဲ့ ပျံသန်းနေသည်။ တိမ်အုပ်တွေလို ကျွန်တော်စိတ်က မတည်ငြိမ်၊ ဟိုရောက်ဒီရောက်နှင့် နောက်တန်းက မိသားစုကို သတိရလိုက်၊ ရှေ့တန်းကို ပြန်ရောက်လာလိုက် ကျွန်တော် ဆေးခန်းမှာ တင်ထားသော လူနာများအတွက် စိတ်ပူလာလိုက်။ အာရုံစိုက်၍မရ။ တပည့်ကျော် ဆေးတပ်ကြပ်ကို သင်ကြားပြသထားသည်မို့ အရေးတကြီး ဆုံးဖြတ်ရမည့်ကိစ္စမှ တစ်ပါး သူတို့ ... ကြည့်လုပ်နေ၍ ကျွန်တော်စိတ် လေလွင့်ချင်တိုင်း လေလွင့်ခွင့်ရနေသည်။

စခန်းရှေ့က ရန်သူစခန်းဖြစ်သလို ကိုယ်စခန်း ပတ်ပတ်လည်မှာလည်း ရန်သူကရှိနေသည်။ တကယ်တော့ ကျွန်တော်တို့ ရင်ဆိုင်နေသည် ... ရန်သူအုပ်စုကြီးသာမက ငှက်ဖျားဒဏ်ကိုလည်း အလူးအလဲရင်ဆိုင်နေရသည်။ အစားအသောက် ရှားပါးမှုဒဏ်လည်း ရင်ဆိုင်ရသည်။ ပြီးတော့ စမ်းချောင်းက စိမ့်ရေက ကြာကြာမခံ၊ တဖြည်းဖြည်း ခမ်းခြောက်နေပြီ။ ရေမရှိ၍ မဖြစ်။ ရေရှိသည် ချောင်းက လုံခြုံမှု မရှိ

www.burmeseclassic.com



ရန်သူအပိုင်ထဲမှာ၊ အသွားမတော်လျှင် ရေတစ်လောင်း အသက်တစ်ချောင်း ဖြစ်သွားနိုင်သည်။

ကျွန်တော့်အတွေးတွေက မိုးမဆုံးမြေမဆုံး။ ဒီကြားထဲ သစ်ရွက်တွေက တစ်ဖြုတ်ဖြုတ် ကြွေနေတာ မြင်ရတော့၊ သစ်ပင်အစား ကျွန်တော်သစ်ရွက်တွေကို နှမြောတသဖြစ်မိသည်။ ထိုအခိုက်မှာ ရုတ်တရက် ကဗျာစပ်ချင်စိတ်ပေါ်လာ၍။ ကျွန်တော် မှတ်စုစာအုပ်ကလေးမှာ ကဗျာတစ်ပုဒ်ရေးချလိုက်ပေမယ့် ကဗျာဖြစ်လာမလား ကျွန်တော်မပြောရဲ။ ခံစားမှုရှိလာလျှင် ကဗျာဖြစ်တယ်ဆိုတဲ့ စကားကို အားကိုးပြီး။ ရေးချမိလိုက်သည်။

**-အစာအိမ်၊ ပိန်ရှုံ့နေတဲ့**
**အချိန်...**
**ကျောက်ခဲသလဲ မကင်း**
**ဆန်နီနီကြမ်းထမင်းနှင့်**
**လူမမာ မျက်ခွက်**
**ကျောက်ဖရုံသီးချက်လည်း**
**လျှာရင်းမျက်ရတယ်။**
**-တစ်စက်သာ သောက်**
**ခွင့်ပေး**
**အသက်စတေး ရပါစေ**
**ရေတွေ့လားဟေ့ ရေ**
**ရေကြည်လား ရေနောက်**
**လား မမေးအားဘူး**
**ရေပဲ.....**
**(စစ်သားတွေအဖို့) တစ်**
**ပီသာပြည့်ရင် သန့်တယ် တစ်**
**ကန်ပဲ ရရ ရေဆိုရင် ငြီးရော**
**နွားခြေရာခွက်ထဲကရေ**
**မှတ်သိတ်တာ ပြေတယ်။**

ကျွန်တော်ကဗျာက အစမရှိ အဆုံးမရှိပေမယ့် ကျွန်တော်ဖန်တီးသည့် ကဗျာတိုးလိုးတွဲလဲလေးကို အခေါက်ခေါက်အခါခါ ဖတ်ရင်း ပီတိဖြစ်နေ၏။ "ဆရာကြီး တစ်ယောက်ထဲ ဘာတွေ သဘောကျနေတာလဲ။ ဆေးသောက်ချိန် ရောက်ပြီဟု တပည့်ကျော် ပေါ်သွပ် အချက်ပေးသံက ကျွန်တော်အတွက် သာယာနာပျော်ဖွယ် မကောင်း။ သူ့လက်ထဲမှာ ကွီနင်းဆေးပြားအချို့နှင့် စစ်သုံးမတ်ခွက်နှင့် ရေအပြည့်ခပ်လာသည်။ ကွီနင်းကြောင့် ငှက်ဖျားပျောက်တာမှန်ပေမယ့် ဒီဆေးသောက်ရမှာကို ကျွန်တော်မုန်းသည်။ ခါးချက်က ဘာနဲ့နှိုင်းရမည် မသိ။ ပြီးတော့ အန်ရော။ အန်ရတာကို စိတ်ကုန်သည်၊ စိတ်ပျက်သည်။ တပည့်တွေကို ကွီနင်း Corse ပြည့်အောင်မသောက်လျှင် ဆီးခဲရောဂါ ဖြစ်တတ်သလေး ဘာလေးနှင့် သင်ပြခဲ့ပြီး ကျွန်တော် ကိုယ်တိုင်က ဆေးပတ်လည်အောင် မသောက်၍မဖြစ်တော့ လျှာနှင့်ဆေးတွေ့လိုက်သည်။ အခါးဓာတ်က ကျွန်တော် တစ်ကိုယ်လုံးကို ကြက်သီးထသွားစေ၍ ရေမတ်ခွက်တစ်လုံးကြီးမော့ချလိုက်ရသည်။

အခါးဓာတ်က ပါးစပ်ခါးရုံမက


အသက်ရှူထုတ်သည့် လေပါခါးသည်။

မျက်လုံးတွေ လည်းခါးသည်။

BURMESE CLASSIC .com

စာစာက ကျွန်တော်ဖန်တီးသည့် ဥမမယ်စာမမြောက် ကဗျာလေးကို စမြုံ့ပြန်ကြည့်ရာ ကဗျာလေးပါ ခါးသွားလေသည်။

**ဗေယျာမင်းဦး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ရေးစရာလေး ပေါ်လာလို့ ရေးလိုက်ပြန်ပြီ ဆရာရေ…။ ဒီစာမရေးခင် ငယ်စဉ်လူပျိုပေါက်အခါက ကျွန်တော် လူပေါင်းမှားခဲ့ဖူးတာ အရင်တင်ပြမှဖြစ်မယ်။ ၁၉၈၉- ၉၀ ဝန်းကျင်လောက်ကပေါ့။ ကျွန်တော် မူးယစ်ဆေးဝါးလိုင်းထဲ ကျင်လည်ခဲ့ဖူးတယ်။ အဲဒီအချိန်က ကျွန်တော် ၈ - ၉ တန်း ရှိမှာပေါ့လေ။ ဒါပေမဲ့လူက အသက်အရွယ်နဲ့ မအပ်စပ်တဲ့ ဆေးခြောက်၊ ဆေးပြားအစရှိတာတွေ သုံးစွဲနေတတ်ပါပြီ။ မိဘက စီးပွားရေး အဆင်ပြေတော့ ကျွန်တော် ငွေအနည်းအကျဉ်းသုံးနိုင်တယ်ပေါ့။ ပြီးတော့ ပေါင်းတဲ့ အပေါင်းအသင်းတွေဆိုတာလည်း ကျွန်တော့်လို ကျောင်းသားတွေ မဟုတ်ပါဘူး။ မိုးလင်း၊ မိုးချုပ် လက်ဖက်ရည်ဆိုင်မှာသာတွေ့ရတဲ့ လူငယ်၊ လူလတ်တွေချည်းပါပဲ။ ပြီးတော့ အားလုံးက မူးယစ်ဆေးဝါးသုံးစွဲသူချည်းပါ။

လက်ဖက်ရည်ဆိုင်ထိုင်တတ်တဲ့အရွယ်ဆိုတော့ ပေါင်းမိတာပေါ့ဆရာ။ အစမှာတော့ သူတို့ကိုဝယ်ပေးရတဲ့ အဆင့်ပေါ့လေ။ ဝယ်ပေးရတယ်ဆိုတာက သူတို့ကိုယ်တိုင်သွားဝယ်ရင် ဖမ်းဆီးခြင်း ခံရနိုင်တယ် မဟုတ်လား။ အဲဒီတော့ သူတို့က အရောင်းအဝယ်လုပ်တဲ့ အိမ်ခေါ်သွားပြီး ကျွန်တော့်ကို မိတ်ဆက်ပေးထားတယ်။ ကျွန်တော်က လူငယ်လည်းဖြစ်တယ်၊ ကျောင်း အင်္ကျီဖြူ၊ စိမ်း၊ လွယ်အိတ်နဲ့ ဘယ်သူမှ သံသယ မရှိနိုင်ဘူးပေါ့လေ။

အဲဒီလိုသွားဝယ်ပေးရသလို ကျွန်တော့်မုန့်ဖိုးပါ စိုက်ထည့်ပေးရတာမျိုးလည်းရှိတယ်။ မြင်ရဖန်များတော့ ကျွန်တော်လည်း တဖြည်းဖြည်းနဲ့ သုံးစွဲတတ်လာတယ်။ အဖေက တစ်နေ့ကုန် သူရုံးနဲ့သူ့အလုပ်၊ ညနေပြန်လာရင် အခန်းထဲ TV ၊ ဒါမှမဟုတ် ရေဒီယိုသတင်းပဲ နားထောင်နေတာ။ ကျွန်တော် အိမ်ပြန်တဲ့အချိန်ဆိုတာ ည ၉ - ၁၀ နာရီလိုမျိုးဆိုတော့ အဖေက အိပ်ရာဝင်နေတာချည်းပဲ။ အမေက တောသူမို့ အစကတည်းက ရိုးတယ်။ ဒါကြောင့် ကျွန်တော်အပြင်မှာ ပျက်ဆီးနေတာကို မရိပ်မိကြပါဘူး။

မူးယစ်ဆေးဝါး သုံးစွဲတော့ ငွေကမလောက်တော့ဘူးပေါ့။ မိဘကို လိမ်ညာတောင်းလို့ မရတော့တဲ့အခါကိုယ့်ရှိတဲ့ပစ္စည်းတွေရောင်းစားတယ်။ အိမ်မှာ လစ်ရင် လစ်သလိုခိုးမိတယ်၊ ရှစ်တန်းအောင်လို့ အဖေဆုချခဲ့တဲ့ မိကျောင်းတံဆိပ် စက်ဘီးကိုတောင် အပေါင်းအသင်းတွေမြှောက်ပေးကောင်းလို့ ရောင်းပစ်လိုက်တယ်။ အဖေတို့ကိုတော့ လက်ဖက်ရည်ဆိုင်ရှေ့ ထိုးထားတုန်း ပျောက်သွားတယ် ပြောရတာပေါ့။ အဖေသတင်းနားထောင်တဲ့ ကက်ဆက်ရေဒီယိုလေး၊ အဖေခုနစ်တန်းကျောင်းသားဘဝက အဘွား (အဖေ့ရဲ့ အမေ) ဝယ်ပေးထားတဲ့ စီကိုဖိုက် လက်ပတ်နာရီလေး စသည်ဖြင့်ပေါ့လေ။ ယူရောင်းပစ်ခဲ့တယ်။ အဝတ်အစား ရောင်းခဲ့တာတွေက ပြောမနေတော့ဘူး။ တစ်ရက်မှာ မိုင်ဒါကွင်းထဲမှာရှိတဲ့ လွှတ်လပ်ရေးကျောက်တိုင်မှာ ဆေးခြောက်ထိုင်ရှူတုန်း ရဲတွေဝင်ဖမ်းတယ် “ကျွန်တော်ကံကောင်းသွားတာက နောက်ထပ် ထပ်ရှူဖို့ ဆေးပေါ့လိပ် သွားဝယ်နေတော့ လွတ်သွားတာပေါ့၊ အဲဒီမရှေးမနှောင်းဘဲ ဆေးခြောက်၊ ဆေးပြားရောင်းတဲ့ လူတွေပါ အဖမ်းခံရတယ်။ ကျွန်တော်လည်း သွေးပျက်လို့ အလိုလို မမှီဝဲဖြစ်တော့ပါဘူး။


လူက အဖမ်းခံရမှာကြောက်ပေမယ့် မှီဝဲချင်တာပေါ့။ ရောင်းဝယ်တဲ့ကိုယ့်ဖောက်သည်တွေလည်း အဖမ်းခံခဲ့ရတော့

www.burmeseclassic.com

www.burmeseclassic.com

တခြားရနိုင်မယ့် နေရာမသိတာကလည်း ပါတာပေါ့လေ။ မသိနားမလည် ရှုးမိုက်တဲ့အရွယ်၊ ဆုံးမမယ့်လူမရှိတဲ့အပြင် မြှောက်ထိုးပင့်ကော် လုပ်တဲ့သူတွေနဲ့သာ တွဲမိတော့လည်း မူးယစ်ဆေးဝါးနဲ့ မကင်းခဲ့ပါဘူး။ အဲဒီတုန်းကသာ ဆက်ပြီးသုံးစွဲနေခဲ့ရင် သေချာပါတယ်၊ ဘိန်းစားဖြစ်မလား၊ သူခိုးဖြစ်မလား မသိဘူး။ အဲဒီထက် သေချာတာကတော့ အခုအချိန်ဆို အသက်နဲ့ကိုယ် အိုးစားကွဲနေလောက်ပါပြီ။

ဘဝနဲ့ရင်းပြီး သိခဲ့ရတဲ့ အသိတရားမို့ အခုခေတ် လူငယ်လေးတွေကို ကျွန်တော့်လို မဖြစ်စေချင်ပါဘူး။ မူးယစ်ဆေးဝါးဆိုတာ မှီဝဲခါစတော့ ဟုတ်မလိုလိုရှိပါရဲ့။ အဲဒီသာယာမှုနောက်ကို လိုက်မိရင်တော့ ဘဝတစ်ခုလုံး အဖတ်ဆယ်ရတော့မှာ မဟုတ်ဘူး။ ယင်းထလာတဲ့အခါ မူးယစ်ဆေးဝါးမမှီဝဲရဘူးဆိုရင် ဘာမဆိုဖြစ်သွားနိုင်ပါတယ်။ မူးယစ်ဆေးဝါး သုံးစွဲရဖို့အတွက် ပစ္စည်းခိုးဖို့၊ လုယက်ဖို့၊ ဖောက်ထွင်းဖို့၊ လူသတ်ဖို့ ဘာဆိုဘာမှ ဝန်မလေးတော့ပါဘူး။ ကိုယ်တိုင်ကြုံတွေ့ခဲ့တာကြောင့် ပြောရတာပါ။



မိဘတွေကလည်း ကိုယ့်သား၊ သမီးတွေကို သတိထားစောင့်ကြည့်ဖို့လိုပါတယ်။ ဆေးပြားတို့ ဆေးခြောက်တို့ဆိုတာ အရက်၊ ဘီယာတို့လို ပါးစပ်က အနံ့ထွက်တာမျိုး မဟုတ်ဘူးလေ။ မျက်လုံးနဲ့ အမူအရာကို အကဲခတ်တတ်မှ သိနိုင်မှာပါ။

ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ယုံလွန်းတာလား၊ ရိုးလွန်းတာလား၊ ဆေးဝါးနဲ့ ပတ်သက်တဲ့ ဗဟုသုတမရှိတာပဲလား မသိဘူး။ တစ်ခါတစ်ခါ ကျွန်တော့်အခန်းထဲမှာပဲ ဆေးခြောက်ခိုးရှူရင်တောင် မသိခဲ့ကြပါဘူး။ အဲဒီတုန်းက အခုလို မှုခင်းပညာပေး စာအုပ်၊ စာစောင်တွေမှာ မပေါသေးပါဘူး။ အခုခေတ် မိဘတွေက ကျွန်တော့် မိဘတွေလို မဟုတ်ကြပါဘူး။ ဒီခေတ်မှာ မူးယစ်ဆေးဝါး ပညာပေးဟောပြောပွဲတွေ၊ စာအုပ်၊ စာစောင်တွေ နေရာတိုင်းမှာ ရှိနေတာပဲလေ။

အခုတချို့ လူငယ်တွေကို မြင်ရတာ ရင်လေးစရာပါပဲ။ အထက်က ပြောခဲ့သလိုပေါ့။ ကျွန်တော်ကိုယ်တိုင် ဆေးပြားတွေ သုံးစွဲခဲ့သူပါ။ ငွေမရှိတဲ့အခါတွေဆို ဒိုင်ယာဇီပင်လို အိပ်ဆေးတွေကို အများအပြားသောက်ပြီး မူးယစ်စေဖို့ အသုံးပြုခဲ့သူပါ။ အဲဒီတုန်းကတော့ အိပ်ဆေးလိုဟာမျိုးက လူတိုင်းတရားဝင် ဝယ်ယူရောင်းချခွင့် ရှိခဲ့မှကိုး။

ဒီစာရေးဖြစ်တဲ့ အဓိကအကြောင်းအရင်းကတော့ ဈေးကွက်မှာ တရားဝင်ရောင်းချနေတဲ့ ဆေးတစ်မျိုးအကြောင်း သိစေချင်

www.burmeseclassic.com

www.burmeseclassic.com



လို့ပါ။ တချို့ ပရိသတ်တွေလည်း သိပြီးသား ဖြစ်မှာပါ။

အဲဒီဆေးက (၁၀)လုံး ဝင် ကတ်ကလေးနဲ့ လာတာပါ။ တစ်နေ့က လူငယ်လေးတစ်ယောက်က ဆေးကတ် (၂) ကတ်ကိုဖောက်သောက်တာ သတိထားမိတယ်။ ဆေးတစ်မျိုးထဲကို အလုံးနှစ်ဆယ် တစ်ပြိုင်နက်တည်း သောက်တယ်ဆိုတာ သာမန်မဟုတ်ဘူးပေါ့။ ဒါနဲ့ပဲ စိတ်ဝင်စားတာနဲ့ အဲဒီဆေးကတ်အကြောင်း စုံစမ်းစပ်စုကြည့်ရတယ်။ ဆေးလုံးက အဝါရောင်ဖျော့ဖျော့ပါ။ ပါးစပ်ထဲထည့်လိုက်ရင် ချိုတယ်။ အချိုအရသာ ပျက်သွားရင်တော့ ခါးလာတယ်။

ဆေးဆိုင်တိုင်းမှ ဝယ်လို့ရတယ်။ ဆေးတစ်ကတ်ကို ၂၀၀/ ပဲ ပေးရတယ်ဆရာ။ ဒီအကြောင်းလေးရေးချင်တာနဲ့ ကျွန်တော် အဲဒီဆေးတစ်ကတ်ဝယ်ယူစမ်းသပ်သောက်သုံးခဲ့ပါတယ်။ ဟုတ်ပါတယ်ဆရာ။ ဆေးဆိုင်တွေကတော့ ချောင်းဆိုးပျောက်ဆေးအဖြစ် ရောင်းတာပါပဲ။ ဆရာဝန်တစ်ယောက်နဲ့ မေးကြည့်တော့လည်း ချောင်းဆိုးပျောက်ဆေးအဖြစ် အသုံးပြုတယ်လို့ သိရတယ်။ ဒါပေမယ့် ဆေးဘစ်ကတ်လုံး သောက်ကြည့်တော့ ကျွန်တော်အရင်က မှီဝဲဖူးတဲ့ မူးယစ်ဆေးဝါးတွေရဲ့ အာနိသင်ပါပဲ ။

[illegible]ဆေး[illegible]ဘွကိုတောင် မူးယစ်ဆေးဝါးအဖြစ် သုံးစွဲခဲ့ကြသေးတာပဲ ဆရာ။ အခုလည်း ချောင်းဆိုးပျောက်ဆေးတွေကို မူးယစ်ဆေးဝါးအဖြစ် လူငယ်တွေ သုံးစွဲနေကြတယ်။ ဆက်ပြီး သုံးစွဲနေကြဦးမယ်ဆိုရင်-

× × ×

ဆရာရေ ··· ဖန်တစ်ရာထပ်နေတဲ့ဆိုင်ကယ်အကြောင်းလေးတစ်ခု ဖောက်သည်ချလိုက်ပါရစေ။ ဆိုင်ကယ်အက်ဆီးဒင့်တွေတော့ မြင်ရလွန်းလို့ ရိုးအီနေပါပြီ။ အများအားဖြင့်တော့ ရဲစခန်းရုံး ဘာညာ မရောက်ပါဘူး။ တိုက်သူ အချင်းချင်း နားလည်မှုယူပြီး ကျေအေးသွားကြတာများပါတယ်။ ကြီးတဲ့အမှုသေးအောင်၊ သေးတဲ့အမှုပပျောက်သွားအောင် လုပ်ကြတဲ့ သဘောပေါ့လေ။

တစ်နေ့မနက်ကတော့ ရန်ကုန် - မန္တလေး ကားလမ်းမကြီးနဲ့ မင်းကြီးညိုလမ်းဆုံရှာ 7 Top လက်ဖက်ရည်ဆိုင်မှာ ထိုင်နေခဲ့တယ်။ အဲဒီအချိန်ပဲ 'ဝုန်း' ဆိုတဲ့အသံကြောင့် လှည့်ကြည့်လိုက်တော့ ကုံးစံအတိုင်း စက်ဘီးနဲ့ဆိုင်ကယ် ဖာတ်လမ်းပါပဲ။ ထပြီးကူညီချင်ပေမယ့် ပြဿနာဖြစ်မှာဆိုးတာနဲ့ မထခဲ့ဘူး။ ပြဿနာကြောက်တယ်ဆိုတာ သိပ်မကြာခင်က အတွေ့အကြုံလေးတစ်ခုကြောင့်ပါ။

ကျွန်တော်က ရန်ကုန် - မန္တလေး ကားလမ်းနဲ့ မိုင်ဒါကွင်းတောင်ဘက်ထောင့် လမ်းလေးခွဆုံမှာ နေတဲ့သူပါ။ လမ်းလေးခွဆုံ



www.burmeseclassic.com

www.burmeseclassic.com



ရာဆိုတော့ ယာဉ်တိုက်မှုလည်း မကြာခဏ မြင်ရတတ်တယ်။ အဲဒီညကတော့ ကားကြီးနဲ့ ကားလေးတိုက်တဲ့ ဓာတ်လမ်းပေါ့။ ကားလေးပေါ်ပါတဲ့ နှစ်ယောက်ကတော့ ကတ္တရာလမ်းပေါ် သွေးအိုင်ထဲ မြင်မကောင်းအောင်ပါပဲ။ တစ်ယောက်ကတော့ အဲဒီနေရာပဲ ပွဲချင်းပြီးသွားတယ်။ ကျန်တစ်ယောက်ကတော့ အသက်ရှူဆဲမို့ လူသားချင်းစာနာစိတ်၊ အသက်တစ်ချောင်းကယ်ချင်စိတ် တစ်ခုတည်းနဲ့ ဆေးရုံကို အချိန်မီပို့ဖို့ ကြိုးစားမိတယ်။ လူတွေမတရား ဝိုင်းနေပေမယ့် တို့ထိမယ့်သူတော့ မရှိပါဘူး။ အလကားနေ အမှုပတ်မခံနိုင်တဲ့ သဘောပါ။

ကျွန်တော်က သူတို့လို မတွေးဘူး။ အချိန်မီဆေးရုံရောက်နိုင်ရင်သူအသက်ရှင် နိုင်တယ်ပေါ့။ ဒါကြောင့် လမ်းထိပ်က ဆိုက်ကားနဲ့ပဲ တာဝန်ယူပြီး အဲဒီနှစ်ယောက်ကို ဆေးရုံကြီးခေါ်သွားပါတယ်။ ထင်တဲ့အတိုင်းပဲ ဆရာတစ်ယောက်ရဲ့ အသက်ကို ကယ်တင်နိုင်ခဲ့ပါတယ်။ တစ်ယောက်ကတော့ ဆုံးသွားတယ်ပေါ့။

အသက်ရှင် သတိရလာတဲ့ တစ်ယောက်ကြောင့် ဝမ်းသာမိပါရဲ့။ ဒါပေမယ့် ကားပေါ်မှာပါတဲ့သူတို့ရဲ့ ဟမ်းဖုန်းတစ်လုံး၊ ငွေအိတ်တစ်အိတ် ပျောက်သွားခဲ့တယ်။ ငွေက ဆယ်သိန်းကျော်တယ်၊ ယာဉ်တိုက်မှု ဖြစ်တဲ့နေရာ သက်ဆိုင်ရာက သွားရှာပေမယ့် မတွေ့ပါဘူး။ ဒီလူနာတွေကို တာဝန်ယူပို့တာ ကျွန်တော်လေ။ အဲဒီနေ့ကတော့ ကျွန်တော် မနက်နှစ်နာရီကျော်မှ ဆေးရုံက ပြန်ခဲ့ရတယ်။

ဒါမျိုးကြုံဖူးတော့ ယာဉ်တိုက်မှုဆို စိတ်ကတွန့်မိတယ်။ တစ်နေ့ကတော့ စက်ဘီးနဲ့ ဆိုင်ကယ်တိုက်ကြတာကို ကြုံခဲ့ရတယ်။ စက်ဘီးသမားကြည့်လိုက်တော့ နင်းသူကကျောင်းသားလေးတစ်ယောက်၊ အနောက်ကယ်ရီယာမှာ ထိုင်လိုက်တာက ဆရာမလေး တစ်ယောက်ပါ။ ကြည့်နေတုန်းပဲ ဆိုင်ကယ်သမားက ရပ်မလိုလိုနဲ့ မောင်းထွက်သွားတယ်။ ဒါကတော့ မိုက်ရိုင်းလွန်းတယ်လေ၊ တကယ်ဆို တာဝန်ယူဖြေရှင်းပေးရမယ် မဟုတ်လား။

ဆရာမလေးက ခပ်ငယ်ငယ်ပါပဲ။ အ·ထ·က ( - ) မှာ အလယ်တန်းပြတယ်လို့ သိရတယ်၊ ကျောင်းသားလေးက အဲဒီကျောင်းက (၁၀) တန်း တက်နေတာ။ ကျောင်းသွားရင်း ရဲစခန်းကလည်း စက်ဘီးရော၊ လူရောရဲစခန်းကိုခေါ်လို့ ကျွန်တော်ပါ ဆရာမလေးကိုတင်ပြီး လိုက်ပို့ပေးလိုက်တယ်။ ဆိုင်ကယ်နံပါတ်မှတ်ထားလေတော့ ပြေးလို့ ဘယ်လွတ်ပါ့မလဲ။ ရေးချင်တာက အက်ဆီးဒင့်ဆိုတာ နေရာတိုင်းမှာ အချိန်တိုင်းမှာ ဖြစ်နိုင်ပါတယ်။ လူတွေပဲ ဆရာ တိုက်ပြီး မောင်း မပြေးသင့်ပါဘူး။ မောင်းပြေးတော့လည်း လွတ်ရိုး ထုံးစံ မရှိပါဘူး။ တကယ်ဆို အဲဒီ နေရာမှာပဲ လူသားပီပီ တာဝန်သိသိနဲ့ ဖြေရှင်းပေးလိုက်ရင် ဆရာမလေးနဲ့ ကျောင်းသားလေး ကျောင်းပျက်စရာ မရှိနိုင်ပါဘူး။ အလုပ်လည်း မရှုပ်ပါဘူး။ ခုလို တာဝန်မဲ့ လုပ်ရပ်တွေ ဆက်ရှိနေဦးမယ်ဆိုရင် ...

**နှောင်းဟေမာန်**
**(တောင်ငူ)**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဩစတြေးလျနိုင်ငံ နယူးဆောက်ဒ်ဝေးလ်မိုဂိုတွင် နေထိုင်သော မစ္စတာမတ်ခ် (၃၀) နှစ်သည် ကျန်းမာသန်စွမ်းပြီး၊ ခန္ဓာကိုယ် ကြံ့ခိုင်သူ အမောခံနိုင်သော လူတစ်ဦးဖြစ်ပါသည်။ ဇနီးသည် ဂျူလီ (၂၇ နှစ်)၊ သမီးဂျာရီကာ (၃ နှစ်)၊ မေဂင် (၂ နှစ်) ရှိပြီး သာယာချမ်းမြေ့သော ရိုးသားသည့် မိသားစုဖြစ်ပါသည်။ သို့ရာတွင် သမီးကြီးဂျာရီကာခမျာ ငယ်စဉ်ကတည်းက မွေးရာပါ ဦးနှောက်ချို့ယွင်းမှုကြောင့် လမ်းမလျှောက်နိုင်ရှာသူကလေးဖြစ်၍ တစ်အိမ်သားလုံးက ဂျာရီကာအပေါ် အသနားပိုခဲ့ကြသည်။ မတ်ခ်သည် မိသားစုနှင့်အတူ (၂) ပတ်ကြာ၊ အပန်းဖြေ အနားယူခဲ့ကြပြီး အလုပ်ပြန်ဝင်ရမည့် ပထမဆုံးရက် ဖြစ်ပါသည်။ ဂျူလီတခင်ပွန်း ကို အနမ်းဖြင့် နှုတ်ဆက်ပြီး အလုပ်ခွင်သို့ သွားရောက်ခဲ့သည်။မတ်ခ်သည် အားလပ်ရက်မယူပဲ တစ်ပတ်လျှင် (၇) ရက်နှုန်းဖြင့် (၁၀) ပတ်ကြာအလုပ်လုပ်လျက်ရှိသည်။ ဤသို့ အလုပ်ကြိုးစားရခြင်းမှာလည်း အိပ်ခန်း (၂) ခုပါ အိမ်တစ်အိမ်ငှားခ၊ သမီးကြီးအတွက် ဆေးကုသစရိတ်များ ကာမိစေရန်ဖြစ်သည်။ ယခုလည်း လမ်းမလျှောက်နိုင်သေးသည့် ဂျာရီကာအတွက် ဗီးချဲတစ်လုံး ဝယ်ပေးရန် ထိုအတွက် လိုငွေကို မတ်ခ်၏ အချိန်ပိုလုပ်ခရငွေမှ ကျခံမည်ဟု စိတ်ကူးအပျော်ဖြင့် အလုပ်ခွင်ဆီ လာခဲ့သည်။

မတ်ခ်၏ အလုပ်ရုံသည် နယူးဆောက်ဒ်ဝေး အာဏာပိုင်အဖွဲ့၏ လမ်းနှင့်လမ်းတံတားကုမ္ပဏီကြီးဖြစ်သည်။ ၄င်းကုမ္ပဏီသည် တစ်ပတ်လျှင် နိုင်လွန်ကတ္တရာ မစ်ထရစ်တန် (၁၀၀၀) ကို ကျိုချက်ပြီး သက်ဆိုင်ရာ လမ်းဖောက်လုပ်သူကို ရောင်းချပေးသွင်းနေသော ကုမ္ပဏီကြီးဖြစ်သည်။ နံနက် (၇) နာရီတွင် အဆောက်အဦးကြီး (၅) လုံးရှိရာ လုပ်ခွင်ကို ရောက်ခဲ့သည်။ သူ့ကားကို ဘယ်ဘက်ရေကန်ငယ်က ရေကိုဖြတ်ကျော်ကာ ညာဘက် အလူမီနီယံရုံးကိုကျော်ပြီး စက်ရုံ၏ အဓိက နိုင်လွန်ကတ္တရာကျိုသည့် နေရာ



www.burmeseclassic.com



ရောက်လာသည်။ ထိုနေရာသည် မြေပြင်ညီအတိုင်း (၂၃) ပေရှည်သည်။ ထိုအထဲတွင် နိုင်လွန်ကတ္တ အရည်ကို ပေပါများထဲမှ ဖောက်ထည့်ပြီး ကွန်ဗယ်ရာဖြင့် ကျောက်စလစ်များကို အထဲပေါင်းထည့်ကာ တစ်ဖက်မှဒီဇယ်လောင်စာဆီသုံး ဘန်နာ (ဘလိုးရင်မီးဖို) ဖြင့် အပူပေးပြီး ကျောက်စလစ်နှင့် ကတ္တရာ ပျော်ကျတွဲကပ်အောင် ပြုလုပ်ပေးရသည်။ ထိုကျောက်စလစ် ကတ္တရာရောသော စက်နှင့်ကပ်လျက်တွင် အမြင့် (၁၆) ပေရှိသော တွင်းထွက်ကတ္တရာစေးများလှောင်သော တိုက်ကီကြီးများရှိသည်။ ၄င်းတို့အထဲ၌ ရေနံစေတ၏ ဘေးထွက်ပစ္စည်းဖြစ်သော ကတ္တရာအခဲကို အပူချိန် ၁၇၀ C ကျမှ အရည်ပျော်သော ကတ္တရာရည်မှု (အနက်ရောင်) များ သိုလှောင်ထားသည်။

မတ်ခ်သည် ကော်ဖီတစ်ခွက် အမြန်သောက်ပြီး လုပ်ဖော်ကိုင်ဖက် (၅) ဦးနှင့် တွဲပြီး လုပ်ငန်းစခဲ့သည်။ အလုပ်စပြန်ဝင်သည့် ယနေ့တွင် မတ်ခ်ဆောင်ရွက်ရမည့် ပထမဆုံးတာဝန်မှာ ကတ္တရာအရည်ပူများ လှောင်ထားသည့် ကြီးမားသော တိုင်ကီကြီးများထိပ်ရှိ လေထွက်ပေါက်ကို ဖွင့်ရန်ဖြစ်သည်။ သူသည်တိုင်ကီကြီးဘေးရှိ လှေခါးမှ အပေါ်တက်သွားပြီး တိုင်ကီအဖုံးသံပြားကို ဖြတ်လျှောက်ကာ လေထွက်ပေါက်တံခါးဆီလျှောက်သွားသောအခါ အဖုံးကြမ်းပြင်သည် မုန့်ကြော်သည့် ဒယ်အိုးထဲမှအပူရှိန်လို ခြစ်ခြစ်တောက်ပူနေသဖြင့် မတ်ခ်စီးထားသော ခုံထူဘွတ်ဖိနပ်ကိုပင် စူးဝင်ပူလာနေကြောင်း ခြေဖဝါးက ခံစားရ၏။ စိတ်ထဲမှလည်း "ဒီလေပေါက်ဖွင့် တံခါးကို မြန်မြန်ဖွင့်မှပဲ" ဟု တွေးနေမိသည်။

ထိုစဉ်ရေနွေးငွေ့ မှုတ်ထုတ်သံစူးစူးဝါးဝါးကို ကြားရသဖြင့် ဘေးပတ်ဝန်းကျင်ကို ဝေ့စစ်ဆေးကြည့်သောအခါ တိုင်ကီဗဟိုလေရှူပေါက်မှ ရေနွေးငွေ့ပူများ ဒလဟောမှုတ်ထုတ်နေသည်။ တိုင်ကီကြီးမှာလည်း အတွင်းကတ္တရာများ ပျော်အောင်ပေးထားသော ရေနွေးငွေ့အပူကြောင့် ပွက်ပွက်ဆူကာ အငွေ့ဖိအားဖြစ်ပြီး အဖုံးကို တွန်းကန်နေသဖြင့် မရပ်မနား တုန်ခါလာသည်။မတ်ခ်စိတ်ထဲမှာ "တိုင်ကီကြီး ကွဲထွက်တော့မည်" ထင်ခဲ့သည်။

မတ်ခ်သည် ဘေးနား (၅) ပေအကွာ၌ရှိသော (၁၅) ပေမြင့်သည့် တိုင်ကီကြီးဆီ (ရေနွေးငွေ့ထွက်သော ပူနေ၊ တုန်ခါနေသည့် တိုင်ကီထက်သေးသည်) ခုန်ကူးလိုက်သည်။ တစ်ဆည်တည်း (၁၅) ပေမြင့်သော တိုင်ကီအောက်သို့ ခုန်အချ ဒူးထောက်လျက် ကြမ်းပြင်ဆီအကျ မတ်ခ်ခုန်ကူးခဲ့သည့် တိုင်ကီကြီး အောက်ခြေသံပြားသည် ပွင့်ထွက်သွားကာ ကတ္တရာအရည်ပူများ မီးသတ်ပိုက်ကရေကဲ့သို့ ဒလဟော ပန်းထွက်လာတော့သည်။ ထိုကတ္တရာရည်ပူသည် မတ်ခ် ဒူးထောက်ကျသည့်နေရာသို့ တစ်ဟုန်ထိုး စီးဝင်ကာ ဒူးခေါင်းများကို ကတ္တရည်ပူထိပြီး အသဲခိုက်အောင် ပူလောင်ခဲ့သည်။ ထိုမျှမကသေး ကတ္တရာအရည်ပူ တိုင်ကီကြီး၏ အကွဲကြောင်း တဖြည်းဖြည်း ကျယ်ပြဲလာကာ၊ ကတ္တရာပူ၏ ဖိအား၊ ရေနွေး၏တွန်းအားတို့ကြောင့် ပန်းထွက်လာပြီး ကတ္တရာပူတို့သည် မတ်ခ်တစ်ကိုယ်လုံး စိုရွှဲဖုံးလွှမ်းခဲ့သည်။ ထိုကတ္တရာအရည်ပူသည် မတ်ခ်ဝတ်ထားသော တီရှပ်နှင့်အလုပ်ခွင်ဝတ် ဘောင်းဘီကို ထိုးဖောက်ဝင်ကာ အပူဒဏ်ကြောင့် ချက်ချင်းမီးလောင်ဖုကြီးများ ဖြစ်သွားခဲ့သည်။ မရပ်နား

www.burmeseclassic.com



ပန်းထွက်နေသည့် ကတ္တရာပူက မတ်ခ် မျက်နှာပက်ဖြန်းခဲ့ပြန်ရာ မတ်ခ်စိတ်ထဲ၌-

"ငါတော့ အရှင်လတ်လတ် ဘူးသီးကြော်ဖြစ်ခြေပြီ" အသဲကောင်းကောင်းနဲ့ တွေးမိသည်။ မတ်ခ်သည်ဒူးထောက်အနေအထားမှ အတင်းကုန်းထပြီး ထွက်ပြေးရန် ဟန်ပြင်စဉ် တွဲလက်စ ကတ္တရာပူတိုင်ကီကြီး ထပ်ပြီး နို့ဆီဘူးကို ဖောက်တန်နှင့် ထိုးဖောက်သကဲ့သို့ ကွဲဟသွားကာ ကတ္တရာပူများ ကြမ်းပေါ်တွင် ဒီရေတက်သလို တဖြည်းဖြည်း မြင့်လာသည်။ မတ်ခ်တစ်ကိုယ်လုံးမှာလည်း ကတ္တရာအရည်ပူ၊ အထူလက်မဝက်လောက် ဖုံးမိနေပြီဖြစ်သည်။ ကွဲပြဲထွက်သွားသော ကတ္တရာပူတိုင်ကီမှ ရေနွေးငွေ့၊ ကတ္တရာငွေ့များကလည်း ပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားသည်။ ပါးစပ်ပေါက်ကလည်း ပိတ်နေ၊ မျက်စေ့တစ်လုံးကလည်း မှုံဝါးဝါးသာ မြင်ရပြီး၊ ကတ္တရာပူထိသဖြင့် နှာခေါင်းတစ်ခုလုံး အပူလောင်ကာ နှာခေါင်းတစ်ပေါက်သာ မှျင်မှျင်ကလေး အသက်ရှုနိုင်တော့သည်။ ရှူရသည့်လေမှာလည်း ကတ္တရာအနံ့များ ရောပြွမ်းနေသဖြင့် အဆုပ်ကွဲမတတ်အောင်ရှူနေရသည်။ နားရွက်ပေါက်၌လည်း ကတ္တရာများ ပိတ်နေသည်။ တဖြည်းဖြည်း ခဲလာသော ကတ္တရာတို့ကသူ့ကို ချည်တုပ်ထားသလိုဖြစ်နေပြီး ခြေထောက်နှစ်ဖက်မှာလည်း ကတ္တရာ၏ အစေးဓာတ်ကြောင့် ကြမ်းပြင်တွင်တွဲကပ်နေပြန်သည်။ ထိုစဉ် မတ်ခ်ခေါင်းထဲတွင် လွန်ခဲ့သောလက ရေပိုရေလျှံသုံးရန် တူးထားပြီး ရေပြည့်နေသည့် ၃၀ ပေ × ၂၀ ပေ ရေကန်ကို သတိရလိုက်သည်။ ထိုရေကန်မှာလည်း လက်ရှိနေရာမှ ပေ ၂၀၀ ဝေးသော အဆောက်အဦး၏ ပြင်ပတွင်ရှိနေသည်။ ကတ္တရာအရည်ပူတို့ကလည်း မရပ်မနား တိုင်ကီအကွဲကြောင်းမှ အရှိန်ဖြင့် စီးထွက်နေလျက်ရှိသည်။ စတင်ခြေလှမ်းစသည်နှင့် ဖိနပ်က ကြမ်းပြင်နှင့် ကပ်နေသဖြင့် မတ်ခ်ခမျာ ဒူးဆစ်ထိတက်လာသော ကတ္တရာပူထဲ လဲကျပြန်သည်။ အောက်မှကပ်နေသော ဖိနပ်ကို အတင်းအားပြုခွာလိုက်ရာ ကျွတ်ထွက်လာပြီး တစ်လှမ်းခြင်း အပေါက်ဆီ ဖြည်းညှင်းစွာဖြင့်သာ လှမ်းနိုင်ခဲ့သည်။ နောက်ဘက်မှ ကတ္တရာပူတို့ကလည်း ထွက်သည်ထွက်အံကျပြီး မတ်ခ်ထွက်မည့် အနီမှဲ့ပိုင်း တံခါးပေါက်ဆီ အိဆင်းလာနေသည်။ မတ်ခ်ခြေလှမ်းသွားစဉ် ဖိနပ်ဆိုးပြားမှာ ကြမ်းပြင်နှင့် စလစ်ဖြစ်ပြီး ကတ္တရာပူထဲချော်လဲပြန်သည်။ တဖန်ကတ္တရာ ပူပျစ်ပျစ်က ခန္ဓာကိုယ်ကို ထပ်ကပ်ပြီး ပူလောင်ပြန်တော့သည်။ တဖန်ပြန်ထပြီး ခြေလှမ်းပြန်တော့ ကတ္တရာနှင့် ဖိနပ်က စီးတွဲကပ်နေပြန်သည်။ ပူလိုက်၊ ဖိနပ်ကပ်နေလိုက်၊ ချော်လျှောက်လိုက်နှင့် မတ်ခ် ရွှေ့နေရသည်။ စိတ်ထဲမှလည်း "သွေးပျက်ခြောက်ခြားဖွယ် ငရဲပါလား" ဟု တွေးမိသည်။

စက်မောင်းဆရာစတီဖင်သည် ကားအနားတွင် မတ်တပ်ရပ်၍ အလုပ်ရှင်နှင့် စကားပြောနေစဉ်တွင် ကတ္တရာတိုင်ကီကြီး ပေါက်ကွဲသံကို ကြားလိုက်ရသည်။ မကြာခင် သဏ္ဍာန်မည်းမည်း လှုပ်ရှားမှုတစ်ခုကို တိုင်ကီကွဲသည့် အဆောက်အဦးနှင့် ရေကန်အလယ်ခရီးမှာ တွေ့လိုက်ရသည်။ စတီဖင်သည် မတ်ခ်ကို လုံးဝမမှတ်မိပေ။ ဒယီမ်းဒယိုင်နှင့် ထိုမည်းမည်းသဏ္ဍာန်သည် ရေကန်ထဲဆင်းပြီး ၅ ပေအနက်ရေတွင် မြုပ်လိုက်၊ ပေါ်လိုက်လုပ်နေသည့် ဖြစ်ရပ်ကို စတီဖင် ချက်ချင်း သဘောပေါက်ပြီး ရုံးခန်းထဲ ပြေးဝင်ကာ [illegible]ဆက်

www.burmeseclassic.com

www.burmeseclassic.com

မပြတ် အော်ဟစ်တော့သည်။

"လူနာတင်ကားခေါ်ပါ။ လူနာတင်ကားခေါ်ပါ" အထပ်ထပ် အော်တော့၏။ ထိုမည်းမည်းကြီးရေကန်ထဲ ခုန်မချမီသူ့အနောက်ဘက် အဆောက်အဦးထဲမှ ကွဲထွက်ယိုစီးပြီး တစ်စိမ့်စိမ့်ထွက်နေသော ကတ္တရာအရည်ပူသည် မြစ်တစ်ခုအလား မီးတောင်ချော်ရည်လိုစီးဆင်းကာ နိမ့်သောနေရာရှိ ရေကန်ဆီ ဦးတည်လာနေသည်။

ရေအေးနှင့် တွေ့ထိသောအခါ မတ်ခ်၏ ကိုယ်ပေါ်ဖုံးနေသော ကတ္တရာပျော့ပျော့တို့သည် မာခဲသွားကာ ကော်ဇီတောင်ကြီးလိုဖြစ်သွား၍ မတ်ခ်မလှုပ်မရှားနိုင်ဖြစ်ရပြန်၏။ မျက်နှာနှင့်တင်ပါးကလည်း ပူလည်းပူ၊ နာလည်းနာ၊ စပ်လည်းစပ်သဖြင့် ရေထဲပြန်ငုတ်သောအခါ တောင့်တောင့်ကြီးဖြစ်နေသော ခန္ဓာကိုယ်သည် တုံးလုံးလဲကျကာ အေးခဲကြွပ်စပ်သော ခန္ဓာကိုယ်ပေါ်ရှိ ကတ္တရာအမာခွံတို့သည် ကြိုးပွဲအက်ထွက် လွင့်စင်သဖြင့် အသားပေါ်လာကာ ထိုနေရာများဆီသို့ ရွှံ့ရည်များဝင်လာသဖြင့် အခံရခက်သော ဝေဒနာသည် တစ်ကိုယ်လုံးဖုံးလွှမ်းနေတော့သည်။ လွန်ခဲ့သော နှစ်ကပင် မတ်ခ်သည် အပေါ်ပိုင်းရင်အုပ်လက်မောင်း ကြွက်သားများတောင့်တင်းရန် အလေးမခဲ့သဖြင့် သူ၏ ခွန်အားသည် မကုန်သေးပေ။ အတင်းကုန်းရုန်းထလိုက်သောအခါ မျက်နှာ၊ နှာခေါင်းမှ ကတ္တရာများကွာကျကာ ကန်ရေမျက်နှာပြင်ပေါ် ပြန်ရောက်လာသည်။ ထိုစဉ် မတ်ခ် လုပ်ဖော်ကိုင်ဖက်များ ရေကန်အနားရောက်လာကြပြီး၊ မတ်ခ်ဖြစ်နေကြောင်းသိရသည်။ ကန်စပ်သို့ ရွေ့လာသောမတ်ခ်ကို ဆွဲတင်ရန် စဉ်းစားမိသော်လည်း မတ်ခ်လက်ချောင်း၊ လက်ဖဝါးများသည် ကတ္တရာအပူကြောင့် ညှိမဲပြီး ချောကလက်တောင့်လိုဖြစ်နေသဖြင့် ဆွဲတင်ရန်ခက်နေသည်။ ဆက်၍ မတ်ခ်၏ ခန္ဓာကိုယ်အလေးချိန်မှာ လေးလံနေသဖြင့် ဆွဲတင်ပါက အရေခွံများ ကျွတ်ထွက်နိုင်သည်။ သို့ဖြစ်၍ ခန္ဓာကိုလည်းပို၍ အေးပြီး ဒဏ်ရာသက်သာစေရန်-

"မတ်ခ်ရေ ရေထဲမှာပဲနေကွာ၊ မကြာခင်လူနာတင်ကားရောက်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



(ယင်းအဖြစ်အပျက်သည် ၅ မိနစ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။)

မတ်ခ်ကို လူအားလုံးက အာရုံစိုက်နေစဉ် လုပ်သားတစ်ဦးက အော်ဟစ်သတိပေးပြန်သည်။ "ပလုံစီနေတဲ့ ကတ္တရာအရည်ပူတွေ ရေကန်ထဲ စီးဝင်နေပြီ" အော်သံကြားသဖြင့် အနီးအနားသို့ ဝေ့ဝဲကြည့်ရာ ကတ္တရာပူများသည် အလုံးအရင်းနှင့် ရေကန်ထဲ စီးဆင်းနေသည်။ စတီဖင်သည် ရေကန်ထဲ ခုန်ဆင်းသောအခါ စီးဝင်လာသော ပူပြင်းသည့် ကတ္တရာရည်ကြောင့် စောစောက အေးနေသော ကန်ရေသည် ပူခြစ်လာတော့သည်။ စတီဖင်သည် မတ်ခ်ကိုဖေးမတွဲပြီး အပူသက်သာရာ ကန်ဘောင်ဘက်ဆီ တွဲခေါ်လာသည်။ ထိုကန်ဘောင်မှာ (၈) ပေလောက် အမြင့်ရှိနေပြန်သဖြင့် ချက်ချင်းတက်မရသေးပေ။ သို့ရာတွင် ကတ္တရာ၏ အလေးချိန်၊ ခြောက်ပေနီးပါးမြင့်သော မတ်ခ်၏ အလေးချိန် (၂) ခုပေါင်းမှာလေးလံလှသော်လည်း မိတ်ဆွေလုပ်သားမတ်ခ် ရေကန်အထက်ရောက်ရေးအတွက်ခြေထောက်မှ မတင်ပေးသည်။ မာဆတ်နေသော ကတ္တရာဖတ်တွေကလည်း ပြုတ်ထားသည့် ကြွက်ဥအခွံလို တဆတ်ဆတ်ကွာကျနေသည်။ ကွာကျသောအခါ အပူလောင်ထားသော အရေပြားနီရဲရဲကို ရေကထိသဖြင့် စပ်လွန်းလှသည်။ မတ်ခ်ကလည်း ကန်ဘောင်စောင်းကို ကုတ်ခြစ်တက်ပေမယ့် ကန်ဘောင်ရွှံက ချောနေသဖြင့် လက်ကုတ်မရဘဲ လျှောကျပြီး၊ ရေထဲကို (၂) ဦးစလုံး လုံးထွေးလဲကျ ပြန်တော့သည်။ ဒလောဟော စီးဆင်းလာသော ကတ္တရာရေပူသည် တဖြည်းဖြည်းမျက်နှာပြင် ကျယ်လာကာ မတ်ခ်နှင့်စတီဖင်တို့ရှိရာနှင့် ၇ ပေခန့်သာဝေးနေရာမှ ၃ ပေခန့်သာ ဝေးတော့သည်။ ကန်ရေကလည်း ခြစ်ခြစ်တောက်ပူလာသည်။ နောက်တစ်ကြိမ်ထပ်ပင့်အတင်တွင် စတီဖင်အောက်က လှမ်းအော်သည်။



"မတ်ခ်ကိုဆွဲတင်ဟေ့ ဆွဲတင်"

တွဲလောင်းကြီး ဖြစ်နေသော မတ်ခ်၏ ခြေနှင့်လက်တို့သည် မူလရှိယင်းစွဲ အလုံးအထည်ထက် သုံးပုံတစ်ပုံ အပူဒဏ်ကြောင့် ဖူးယောင်ပွထနေသည်။ ဆွဲတင်သော မိတ်ဆွေများက မတ်ခ်၏ဂျိုင်းမှ မတင်ရာ အလေးချိန်ကြောင့် ကတ္တရာအိမ်

www.burmeseclassic.com

www.burmeseclassic.com



များ ကြီးကျေပြီး အသားမှာလည်း ပြုတ်ထားသော ကြက်အရေခွံကဲ့သို့ ပြတ်ပြတ်ထွက်ကုန်သည်။ မည်သို့ပင်ဖြစ်စေ မတ်ခ် ကန်ဘောင်ပေါ် ရောက်ခဲ့သည်။ ထိုအခါ မတ်ခ်က "ပူတယ်ဗျာ၊ အရမ်းပူတာပဲ၊ အေးအောင်လုပ်ပေးကြပါဦး" လုပ်ဖော်မိတ်ဆွေတွေက၊ ကတ္တရာပူလောင်လျှင် ဖြန်းရန် တပ်ဆင်ထားသော ရေပိုက်ငယ်ဖြင့် ဖြန်းသော်လည်း ထိုပိုက်မှာ အသေးအဖွဲ့ကိုသာ အေးစေနိုင်သဖြင့် မတ်ခ်ကိုတော့ အအေးဓာတ် မလုံလောက်ဖြစ်နေသည်။

"ဘော်ဒါတို့ လုပ်ကြပါဦး။ ဒီထက်အေးအောင်ဗျာ" ဟု အော်ပြောပြန်သည်။ လုပ်သားတစ်ဦးက ရုံးခန်းဆီပြေးပြီး ရေပိုက်အကြီး တစ်စုံယူလာပြီး ရေပိုက်ဆက်ဖြန်းပေးရာ မတ်ခ်ခမျာ အပူပျောက်ပြီး ခိုက်ခိုက်တုန်အောင် ချမ်းတက်လာပြီး "အရမ်းချမ်းလာပြီဗျို့၊ လုပ်ကြပါဦး" အော်ပြန်သည်။ မိတ်ဆွေတစ်ဦးက တွေ့သမျှ အဝတ်စုတ်တို့ဖြင့် ဖုံးဖိပြီး နွေးစေတော့အသဲကောင်းတဲ့ မတ်ခ်အရှမ်းဖောက်ပြီး သူ့ဘော်ဒါတွေကို-

"ခင်ဗျားတို့ဗျာ ငှက်မွေးစောင်ကလေးခြုံပေးရောပေါ့" ဟု နောက်ပြောင်နိုင်သေးသည်။ ကတ္တရာတိုင်ကီပေါက်ကွဲပြီး မိနစ် (၃၀) အကြာနံနက် ၈း၂၀ နာရီချိန်မှ လူနာတင်ယာဉ်ရောက်လာသည်။

ဆေးရုံ ကားပေါ်တွင် မတ်ခ်သည် မိသားစုအကြောင်း စိတ်ထဲရောက်လာသည် "ငါသေရင် မိသားစု ဘယ်လိုရပ်တည်မလဲ။ အို့ဘုရားသခင် သားတော်ကို ရှင်သန်ခွင့်ပေးသနားတော်မူပါ" ဟု စိတ်မှဆုတောင်းခဲ့သည်။ ဘက်ဒ်မင်းဘောခရိုင်ဆေးရုံရောက်တော့ ဆရာဝန်များက မီးလောင်ဒဏ်ရာရသူတို့သည်သွေးရည်ကြည် (Plasma) အမြောက်အမြား ဆံချည်မျှင်ဆုံသွေးကြောများမှတစ်ဆင့် ဆုံးရှုံးလျော့နည်းသည်ဖြစ်သဖြင့် ထိုဓာတ်အားမြင့်စေရန် အတော်အသင့် နေရာကောင်းသောတံတောင်ဆစ်မှ ခဲနေသော ကတ္တရာခဲများကို ဖယ်ထုတ်ပြီး အကြောဆေးကို (၃) နာရီကြာ သွင်းပေးသည်။ ထိုစဉ်အတွင်း အောက်ဆီဂျင်ဆက်ပေးထားပြီး မော်ဖိန်းပါ ထိုးသွင်းသဖြင့် မတ်ခ် မိန်းမောနေတော့သည်။ ထိုစဉ် ဆရာဝန်သည် အခွန်ခွာဆေးရုံသုံးကိရိယာဖြင့် မာဆတ်၍ ကပ်နေသော မတ်ခ်အင်္ကျီ၊ ဘောင်းဘီပေါ်မှ ကတ္တရာဖတ်များကို စိတ်ရှည်စွာ ခွာထုတ်ပေးသည်။

မတ်ခ်၏ဇနီး ၄၁နက သတင်းပို့သဖြင့် ဇနီးဂျူလီဆေးရုံရောက်လာသည်။ မတ်ခ်၏တစ်ကိုယ်လုံးသည် အရည်ကြည်ဖုကြီးများကြောင့် ဖူးယောင်ကားနေပြီး မျက်နှာတစ်ခုလုံးမှာ ပလပ်စတစ် ဖုံးထားသဖြင့် သူများပြော၍သာ မတ်ခ်ဟုသိရသော်လည်း လုံးဝမှုလသဏ္ဌာန် မပေါ်တော့ပေ။ သတိရလာသော မတ်ခ်ကို ဂျူလီက-

"မတ်ခ် သက်သာရဲ့လား"

"သက်သာတယ် ဂျူလီ။ ဒါပေမယ့် ကိုယ်သေသွားရင်တော့ ကိုယ်အမွေရထားတဲ့ အိမ်ကိုရောင်းပြီး အကြီးမကို ဆေးဆက်ကုပါကွာ။ သမီးတွေကို ဂရုစိုက်ပါ" မိမိကိုယ်တိုင် ပြင်းထန်သောဝေဒနာခံစားနေရသော်လည်း သမီးများအပေါ်ထားသည့် မတ်ခ်၏ မေတ္တာဓာတ်ကိုသိရသဖြင့် ဝမ်းနည်းသွားသည်။ တားဆီးမရသော မျက်ရည်တို့ ပါးပြင်ထက်ကျဆင်းလာသည်။ မှန်ဝါးဝါး ပလပ်စတစ်ပြားကို ထွင်းဖောက်ပြီး

www.burmeseclassic.com



ဂျူလီငိုကြွေးနေတာကို မတ်ခ်တွေ့တော့ သူ၏အပူကြောင့် နူးအိနေသော လက်ဖဝါးကို ကာရမ်းပြကာ-

"မငိုပါနဲ့ ဂျူလီမိသားစုကို စောင့်ရှောက်ဖို့ ဘုရားသခင်က ကိုယ့်ကို ရှင်သန်ခွင့်ပေးဦးမှာပါ"

ခရိုင်ဆေးရုံအဆင့်တွင် အကောင်းဆုံးကုသမှု (၁၇) နာရီခံယူပြီးသော မတ်ခ်ကို ဆစ်အနီမြို့တော်ဝင်မြောက်ဘက် ကမ်းခြေ၊ ဆေးရုံသို့ရဟတ်ယာဉ်ဖြင့် လွှဲပြောင်း ပေးပို့ခဲ့ပြီး၊ အထူးကုသဆောင် (ICU)တွင် ထားရှိသည်။ ပထမအဆင့် ကပ်နေသောကတ္တရာများကို ရေနံဆီ (၁၀) လီတာဖြင့် ဖြည်းညှင်းစွာ ဆေးထုတ်ခဲ့ရသည်။ မတ်ခ် ခန္ဓာကိုယ်ရေိယာ ၈၁ ရာခိုင်နှုန်းသည် ပြင်းထန်စွာ မီးလောင်ခံရသည်။ ၄င်းအနက် တစ်ရာနှုန်းသည် သေချာပေါက် သေလောက်သောဒဏ်ရာဖြစ်သည်။ ဒုတိယဆေးရုံတွင် ၄ ပတ်အတွင်း မတ်ခ်ခမျာ သေမလား၊ ရှင်မလားကိစ္စအတွက် ဆရာဝန်နှင့် သေမင်းတို့ စစ်ခင်းကာလ ဖြစ်ခဲ့သည်။ အပူလောင်မှုကြောင့် ပျက်စီးသွားသော အစိတ်အပိုင်းစသည့်တို့ ပြန်ရှင်သန်အောင် စိတ်ရှည်စွာ၊ ဆရာဝန်တို့က ကုသပေးသည်။ (၅) ပတ်မြောက်တွင် အခြေအနေကောင်းလာသဖြင့် ပထမဆုံးအပူလောင်ဒဏ်လွတ်သည့် ပေါင်မှအသားကို အလွန်ပါးလွှာစွာ လှီးဖြတ်ထုတ်ပြီး ခန္ဓာကိုယ်အနံ့မှာ ကပ်ပေးလိုက်၊ ပေါင်မှအသားပြန်တက်ချိန် စောင့်လိုက်၊ လှီးထုတ်လိုက်နှင့် မျက်နှာအပါအဝင် မီးလောင်သော နေရာများတွင် ကပ်၍ အရည်ခွံသစ်ဖြစ်စေသည်။ ဤကဲ့ ၉ ကြိမ် ကုသခဲ့သည်။ အပူကြောင့် ပေါက်ကွဲသွားသော နားစည်ကိုလည်း အသစ်ပြုပြင်ကုသပေးခဲ့သည်။ ဤကဲ့သို့ ဂရုတစိုက် ကုသမှုကြောင့် ၅ လခွဲကြာတွင်ဆေးရုံမှ ဆင်းခွင့်ရသည်။ မတ်ခ်၏ အသွင်အပြင်မှာလည်း



ကြည့်ပျော် ရှုပျော်ဖြစ်ခဲ့ပြီး၊ ပြောင်သွားသော ဆံပင်များပြန်ပေါက်လာသည်။ သက်ဆိုင်ရာ အာဏာပိုင်တို့က ထိုကတ္တရာကျို ကုမ္ပဏီကို စစ်ဆေးသောအခါ စက်ရုံသည် လုပ်သားများအန္တရာယ်ကင်းရေး စီမံမှုအားနည်းခြင်း၊ လူ့အသက်ကို တိုစေသော (ကတ္တရာနံ့ နံခြင်း၊ အပူချိန်ပြင်းထန်ခြင်း၊ အပိုစရိတ်ခံစားခွင့်မပေးခြင်းနှင့် အဆိုင်းလိုက်ထောင့်စေ့အောင် လူမခန့်ထားခြင်းကြောင့် ဒဏ်ငွေဒေါ်လာ (၆၈၀၀၀) ဆောင်စေသည်။ မတ်ခ်နှင့် လုပ်သားများ၏ နစ်နာကြေးများလည်း ပြန်ရခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊ ချက်ချင်းသေနိုင်သောအရေးမှ လူကောင်းပြန်ဖြစ်ခဲ့ရသော မတ်ခ်အတွက် သဲထိတ်ရင်ဖို မမေ့နိုင်လောက်သော ငရဲခံရ။ ထိုကာလဟု မှတ်တမ်းတင်လောက်ပေသည်။

**ညိုမင်းလွင် (မော်ကျွန်း)**

Ref: Reader Digust

August 1998

www.burmeseclassic.com

www.burmeseclassic.com

၁၃

ပြောပြန်တော့လည်း လွန်ရာကျမယ်

# ခရီးသွားနှင့်လိုင်းကား

ချမ်းငြိမ်း ၊ ဒဿန ၊



www.burmeseclassic.com

www.burmeseclassic.com



ကားရှေ့ခန်းမှ လက်မောင်းလုံးခန့် ဝါးရင်းတုတ်ကြီးကိုင်ထားသော ဒရိုင်ဘာပါ ဆင်းလာပြီး စပယ်ယာနှင့် စကားများနေသည့် ခရီးသည်အား ရိုက်မည်နက်မည် ဟန်ရေးပြသည်။

(၁)

သတင်းနှင့် ကြေညာချက်

**ယခုနှစ်ဇန်နဝါရီမှ ဩဂုတ်လအထိ ခရီးသည်များမှ တိုင်ကြားမှုပေါင်း (၁၇၀) ရှိ**

**ရန်ကုန်-စက်တင်ဘာ-၄**

ခရီးသည်တင်ယာဉ်လိုင်းများနှင့် ပတ်သက်၍ ခရီးသည်မှ တိုင်ကြားလာမှုများသည် ယခုနှစ်ဇန်နဝါရီမှ ဩဂုတ်လအထိ ရှစ်လတာ ကာလအတွင်း အမှုပေါင်း (၁၇၀) ရှိကြောင်း ယနေ့ပြုလုပ်သည့် မထသ (ဗဟို) မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါ တိုင်ကြားမှုများတွင် ယာဉ်စီးခပိုတောင်းသော ဖြစ်ရပ်မှာ အမှုပေါင်း (၆၄) မှုရှိကာ အများဆုံးဖြစ်နေပြီး မချေမငံရိုင်းပျစွာ ပြောဆိုဆက်ဆံခြင်းကြောင့် တိုင်ကြားမှုမှာ (၄၉) မှုဖြင့် ဒုတိယအများဆုံးဖြစ်ပြီး သတ်မှတ် လမ်းကြောင်းအတိုင်း မမောင်းမှုကြောင့် တိုင်ကြားမှုသည် (၂) မှု၊ သတ်မှတ်မှတ်တိုင်တွင် မရပ်ခြင်းကြောင့် တိုင်ကြားမှုသည် (၁၆) မှု၊ အရှိန်ပြင်းစွာမောင်းခြင်း၊ ပြိုင်မောင်းခြင်းကြောင့် တိုင်ကြားမှုသည် (၁၁) မှု၊ ဟွန်းတီးမောင်းနှင်မှု တစ်မှု၊ ဝိုင်းဝန်းထိုးကြိတ်မှု နှစ်မှု၊ အမိုးယိုခြင်းကြောင့် တိုင်ကြားမှုတစ်မှု၊ မဆင်မခြင်မောင်းမှု နှစ်မှု၊ မူးယစ်မောင်းနှင်မှုတစ်မှု၊ ယာဉ်ပေါ်မှ ကွမ်းတံတွေးထွေးမှု တစ်မှုစသည်ဖြင့် ပါဝင်နေခြင်းဖြစ်ကြောင်း မထသ (ဗဟို) ရှိ စာရင်းများအရ သိရသည်။

ထိုရှစ်လတာကာလတွင် ဩဂုတ်လသည် (၄၆) မှုဖြင့် အများဆုံးတိုင်ကြားလာကြခြင်းဖြစ်ပြီး ဇူလိုင်လသည် (၃၁) မှုဖြင့် ဒုတိယအများဆုံးတိုင်ကြားကြောင်း သိရသည်။

(၅-၉-၂၀၁၃ ရက်စွဲပါကြေးမုံ သတင်းစာ)

ရန်ကုန်မြို့တော်ကြီးအတွင်းတွင် ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးခဲ့သည့် ကာလမှစ၍ တိုးတက်ကြီးမြင့်လာသော ကုန်ဈေးနှုန်းများကြောင့် အိမ်ထောင်စုများအတွင်း မိသားစုအားလုံးမကျန် အောင် သွားလာလှုပ်ရှားလုပ်ကိုင်စားသောက်ကြရသည်ဖြစ်ရာ မြို့နေပြည်သူများအဖို့ ရုံးသွားရုံးပြန်၊ အလုပ်သွားအလုပ်ပြန်တွင် လိုင်းကားကိုသာ အားထား၍ သွားလာကြရသည်။ ထို့ကြောင့် လိုင်းကားစီးခရီးသည် ဦးရေနှင့် လိုင်းကားအရေအတွက် မမျှတမှုပြဿနာဖြစ်ပေါ်လာခဲ့ရသည်။ ထိုအခါ ခရီးသွားပြည်သူလူထုအနေဖြင့် လိုင်းကားစပယ်ယာများ၏ ဆူပူကြိမ်းမောင်းငေါက်ငမ်းပြောဆိုခြင်းများကို အောင့်အည်းသည်းခံစီးနင်းကြရသည်မှာ အလေ့အကျင့်ရသလိုဖြစ်လာခဲ့ရ၏။ စပယ်ယာဘာပဲပြောပြော၊ ဒီဘက်နားကဝင်ပ ဟို


www.burmeseclassic.com

www.burmeseclassic.com



ဘက်နားကထုတ်ပစ်လိုက်၊ ကိုယ့်မပြောသလို မျက်နှာပြောင်တိုက်နေလိုက်စသည့် သည်းခံခြင်းတရားများကို ကျင့်သုံးလာခဲ့ရသည်။ မကျင့်သုံး၍လည်း မဖြစ်ပါ။ ကားအချင်းချင်း ယှဉ်ဖိုက်ရင်း ရိုက်ကြနက်ကြသည့် အတင်းများ၊ ခရီးသည်နှင့် စကားများ၍ ဗိုင်းရိုက်ကြသည့် သတင်းများ၊ ယုတ်စွအဆုံး အပြစ်ရှိ၍ ချုပ်ဖြတ်သော ယာဉ်ထိန်းရဲကိုပင် စကေဘာနှင့် ထိုးသွားသော သတင်းများ၊ လိုင်းကားများပေါ်တွင် တုတ်၊ ဓား၊ လက်နက်ဆောင်ထားသည်ကို တွေ့ရှိရပါက လက်နက် ဥပဒေ ပုဒ်မ-၁၉(င) အရ အရေးယူခံရမည်ဟု ထုတ်ပြန်ကြေညာလာရသော အခြေများကြောင့် ပြဿနာမဖြစ်ပွားလိုသူများအနေဖြင့် ဝစီပိတ်သည်းခံခြင်းတရားကိုလက်ကိုင် ထားလာကြခြင်းဖြစ်ပါသည်။

ကျွန်ုပ်သည်လည်း လွန်ခဲ့သော နှစ်ပေါင်း (၂၀) ကျော်မှစ၍ လိုင်းကားကိုသာ အားကိုးအားထားပြု၍ သွားလာလှုပ်ရှားလုပ်ကိုင်စားသောက်နေရသည်ဖြစ်ရာ လိုင်းကားစီးရာတွင် တွေ့ကြုံရသည့် ဝေဒနာကို အများဆုံး ခံစားခဲ့ရသည်။ ယခုလည်း ခံစားနေရဆဲဖြစ်၏။ ယခင်က ဖြစ်ရပ်မှန် မဂ္ဂဇင်းတွင် ဤခေါင်းစဉ်ဖြင့် လိုင်းကားစီးရာမှ ကြုံတွေ့ရသော ပြဿနာများအကြောင်း မကြာခဏရေးသားခဲ့ဖူးသည်။ သို့သော် မကြာခဏရေးဖန်များလာသောအခါ ဒါနဲ့ပဲ လုပ်စားနေသည်ဟု အပေါင်းအသင်းများ၏ ပြောဆိုဝေဖန်ခြင်းခံခဲ့ရသည့်အတွက် ရပ်နားထားခဲ့ရသည်။ သို့သော် ယခုအခါ သတင်းစာပါ အကြောင်းအရာများကို ဖတ်လိုက်ရသည့်အခါ မကြာသေးမီကာလက ကြုံတွေ့ခဲ့ရသော အကြောင်းအရာများကို ရေးသားတင်ပြလိုစိတ်ပေါ်လာသဖြင့် ထပ်မံရေးသားတင်ပြလိုက်ရပါသည်။



## (၂)
## ထမင်းရှင်

တစ်နေ့သော ညနေခင်းတွင် ကျွန်ုပ်နှင့် ဇနီးဖြစ်သူတို့သည် ရွှေတိဂုံဘုရားမှ ဆင်းလာကြပြီး အုတ်လမ်းမှတ်တိုင်မှ မြေနီကုန်းဘက်သို့ ကားစီးရန် စောင့်ဆိုင်းနေကြ၏။ ထိုမှတ်တိုင်၏ လမ်းတစ်ဖက်တွင် ယုဇနစင်တာ အဆောက်အဦရှိပြီး ထိုအဆောက်အဦးရှေ့၌ မြို့ထဲဘက်သို့သွားသော ကားမှတ်တိုင်ရှိရာ ကျွန်ုပ်စီးမည့် လိုင်းကားမရောက်မီအတွင်း ထိုလမ်းတစ်ဘက်မှတ်တိုင်တွင် လိုင်းကားတစ်စီးဆိုက်လာသည်။ ခရီးသည်များ ဆင်းကြတက်ကြသည်။ ထိုအချိန်တွင် ကားပေါ်မှ ဆင်းလာသည့် ခရီးသည်တစ်ဦးနှင့် လိုင်းကားစပယ်ယာဖြစ်ဟန်တူသူတို့သည် မည်သည့်အကြောင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိ၊ အချီအချစကားများနေကြ၏။ ကားက မထွက်နိုင်သေးပါ။ ထိုစဉ် ကားရှေ့ခန်းမှ လက်မောင်းလုံးခန့်ဝါးရင်းတုတ်ကြီးကိုင်ထားသော ဒရိုင်ဘာပါ ဆင်းလာပြီး စပယ်ယာနှင့် စကားများနေသည့် ခရီးသည်အား ရိုက်မည်နက်မည်ဟန်ရေးပြသည်။ ပါးစပ်မှလည်း မကြားဝံ့မနာသာ အော်ဟစ်ဆဲဆိုနေသည်။ ဒရိုင်ဘာက အကြီးအကျယ် ဓါးရင်းတုတ်ကြီးမြှောက်ရင်း ရိုက်မည်တကဲကဲ ခုန်ပေါက်အော်ဟစ်လျက်ရှိသော်လည်း ခရီးသည်ကမူ ခပ်တည်တည်နှင့် ဂရုမစိုက်သလို ရပ်ကြည့်နေသည်။ ပါးစပ်က ဘာတစ်ခွန်းမျှ ပြန်ပြောခြင်းမရှိပါ။ ကားမှတ်တိုင်မှလူများကလည်း သည်းထိတ်ရင်ဖို ရင်တမမနှင့် စောင့်ကြည့်နေကြဟန်ရှိသည်။

"မိန်းမ မင်းအိတ်ထဲမှာ ကင်မရာဆောင်ခိုင်းထားတာ ပါလာရဲ့လား။ ငါ ဂျာနယ်ထဲထည့်ဖို့ ဓါတ်ပုံစဉ်ကတော့ ဟိုအထူးကားကြီးတွေပေါ်စက ကပ်ထားတဲ့ စာထဲကလို ထမင်းရှင်ကို ကြင်နာပါဆိုလား၊ ရိုသေပါဆိုလား အဲဒီ ခေါင်းစဉ်တပ်ပေးလိုက်ရင် အတော်ပဲ"

ကျွန်ုပ်က ဇနီးဖြစ်သူကို ပြောပြီး ကင်မရာတောင်းလိုက်သည်။

"ဘာ…ရှင်က အလကား နေရင်း ပြဿနာသွားရှာဦးမလို့လား။ ဟိုလူကျ အခုထိမရိုက်ရဲလို့ ဟန်ရေးပြနေတာ။ ရှင့်ကင်မရာ မီးလက်တာ မြင်ရင်တော့ မထူးဘူးဆိုပြီး ရှင့်လိုက်ရိုက်မှ ဟုတ်ပေ့ဖြစ်နေဦးမယ်။ ရှင်အသက်လည်း ကြီးပြီ။ လွတ်အောင်ပြေးနိုင်မှာလည်း မဟုတ်ဘူး။ နေရာတကာ လိုက်မပါချင်နဲ့။ သတိထား"

ကျွန်ုပ်၏ ဇနီးက သတိပေးဆုံးမစကားဆိုတော့မှ "အင်း…၊ ဒါလည်း ဟုတ်တာပဲ"ဟု စိတ်ထဲက ထောက်ခံပြီး သတင်းဓာတ်ပုံကောင်းတစ်ခုကို လက်လွှတ်လိုက်ရပါသည်။ ကြည့်နေစဉ်မှာပင် ခရီးသည်က ရေတာရှည်လမ်းဘက်လှည့်ထွက်သွားတော့မှ ဟန်ရေးပြနေသော ဒရိုင်ဘာနှင့် စပယ်ယာတို့ ကားပေါ်ပြန်တက်ပြီး မောင်းထွက်သွားပါတော့သည်။

ထိုအခါမှ ကားမှတ်တိုင်ရှိ ပရိသတ်လည်း ကိုယ့်ခရီးကိုယ်ဆက်နိုင်ကြပါသတည်း။

"အင်း…ထမင်းရှင်ဆိုသည်မှာ လိုင်းကားစီးခရီးသည်ကို ဆိုလိုခြင်းလား၊ လိုရာခရီးပို့ဆောင်ပေးနေကြသော လိုင်းကားသမားများကို ဆိုလိုခြင်းလား"ဟု ကျွန်ုပ် ခွဲခြမ်းစိတ်ဖြာ သုံးသပ်စရာ ပုစ္ဆာတစ်ပုဒ်ရရှိခဲ့ရပါသတည်း။

## (၃)

## ယဉ်ယဉ်ကျေးကျေး

တစ်ရက်တွင်လည်း ကျွန်ုပ်တို့ ဇနီးမောင်နှံ ရွှေဂုံတိုင်ဘက်မှ မြေနီကုန်းသို့ ကားစီးရန် စောင့်နေခဲ့ကြ၏။ ဘတ်စ်ကားကြီးတစ်စင်း ထိုးဆိုက်လာသည်။ မှတ်တိုင်တွင် စောင့်နေကြသော အမျိုးသမီးလေးငါးယောက်လည်း ရှိနေကြသည်ဖြစ်ရာ ဘတ်စ်ကားပေါ်သို့ တိုးဝှေ့တက်ကြသည်။ အမျိုးသမီး

"ထမင်းရှင်ဆိုသည်မှာ လိုင်းကားစီးခရီးသည်ကိုဆိုလိုခြင်းလား၊ လိုရာခရီးပို့ဆောင်ပေးနေကြသော လိုင်းကားသမားများကို ဆိုလိုခြင်းလား"

www.burmeseclassic.com

www.burmeseclassic.com



ချင်းဖြစ်၍ ကျွန်ုပ်၏ဇနီးလည်း တိုးဝှေ့တက်သွားသည်။ ကျွန်ုပ်မှာ လူကြီးပီပီ အမျိုးသမီးအုပ်နှင့် ရောနှောတိုးဝှေ့ မတက်သာသဖြင့် ရပ်စောင့်နေရသည်။ ထိုအခိုက်မှာပင် နောက်မှ လိုင်းတူ၊ နံပါတ်တူ ကားတစ်စီးကလည်း ဝေါခနဲ ထိုးရပ်လိုက်သည်။ ကျွန်ုပ်တက်မည့်ကားနှင့် ကားချင်းယှဉ်ပြိုင် ဖိုက်လာကြပုံပေါက်သည်။ ထိုကားဆိုက်လာသည်နှင့် အမျိုးသမီးများ တက်၍ မဆုံးသေးသဖြင့် ကားအတက်အဆင်းပေါက်တွင် ရပ်စောင့်နေသော ကျွန်ုပ်အား စပယ်ယာက လှမ်းဟောက်ပါတော့သည်။

"ဟိုအဘိုးကြီးက အူကြောင်ကြားနဲ့ ဘာရပ်လုပ်နေတာလဲ။ လိုက်မှာဖြင့် မြန်မြန်တက်"

ဘုရားခံကို အချုပ်ကားပေါ်တင်ရန် အမိန့်သံမျိုးဖြစ်၏။ ကျွန်ုပ်လည်း ခြေနင်းခုံပေါ်သို့ ခြေလှမ်းစတက်လိုက်သည်။

"ဆွဲ ဆရာရေ့"

စပယ်ယာ၏ အော်သံကြောင့် ကားစထွက်လိုက်ရာ ကျွန်ုပ်မှာ နောက်ပြန်ကျတော့မလို ကိုးရိုးကားယားဖြစ်သွားသည်။ သို့သော် နောက်ပြန်တော့ကျ မသွားဖြစ်ပါ။ စပယ်ယာက ခါးမှဆွဲပွေ့ပြီး ကား



ထဲသို့ တွန်းသွင်းလိုက်ရာ ထိုင်ခုံတန်းများကြားတွင် ကိုးရိုးကားယားဖြစ်ကာ လဲကျမသွားအောင် ထိုင်ခုံတန်းများကို ဆွဲထားလိုက်ရသည်။ ကျွန်ုပ်မှာ ဝန်ထမ်းဘဝတွင် အရာရှိတစ်ဦးလည်း လုပ်ခဲ့ဖူးပြီး ယခုအခါ အသက်အားဖြင့် (၆၈) နှစ်ရှိပြီဖြစ်ရာ ဂုဏ်ဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ကင်းမဲ့လှသော စပယ်ယာကို စိတ်ဆိုးသွားမိသည်။ ကားစီးခရီးသည်များအရှေ့တွင် အဆိုအငေါက်ခံရခြင်းဖြစ်ရာ ရှက်လည်း ရှက်သွားမိသည်။

"မင်းဘာကောင်လဲကွ ဟေ။ လူကြီးသူမကို ရိုရိုသေသေဆက်ဆံရမယ်လို့ မင်းမိဘဆရာသမားတွေက ဆုံးမ,မထားကြဘူးလား။ အလကား အဆုံးမ မရှိတဲ့အကောင်တွေ"

ကျွန်ုပ်က ပြောလိုက်တော့ ဒရိုင်ဘာက ကျွန်ုပ်အား စူးစူးဝါးဝါးကြည့်ပြီး လက်သီးလက်မောင်းတန်းမလိုလို လုပ်လာသည်။

"မင်းကို ငါတိုင်မယ်"

ကျွန်ုပ်က ထပ်ပြောလိုက်သော စကားကြားတော့မှ စပယ်ယာက သရော်ပြုံး ပြုံးသည်။

"ရပါတယ်"

စပယ်ယာက အေးအေးဆေးဆေးပင် ကျွန်ုပ်တို့ငယ်စဉ်က

www.burmeseclassic.com

www.burmeseclassic.com



"တိုင်တစ်လုံးသုံးမတ်ဆိုသည့် လေသံမျိုးပြောလာသဖြင့် ကျွန်ုပ်ဘာဆက်ပြောရမှန်းမသိတော့ပဲ စကားရပ်လိုက်ရတော့သည်။

"ရှင့်နှယ်၊ ဘတ်စ်ကားစီးတာပဲ။ ဒီလောက်တော့သည်းခံရမှာပေါ့။ သည်းမခံနိုင်ရင် ဘတ်စ်ကားမစီးနဲ့ တက္ကစီကားငှားစီး"

မြေနီကုန်းရောက်၍ ကားပေါ်မှ ဆင်းကြတော့ ကျွန်ုပ်၏ ဇနီးက ပြောသည်။

"ဟာ ဘယ်လိုလုပ်သည်းခံနိုင်မလဲ။ တခြားခရီးသည်တွေရှေ့မှာ အော်ငေါက်နေတာ ရှက်စရာဘယ်လောက်ကောင်းသလဲ"

ကျွန်ုပ်က ပြန်ပြောပြလိုက်သည်။

"အံမယ်လေး…ရှင့်နှယ်၊ ကားပေါ်ပါတဲ့ ခရီးသည်တွေက ဒီတစ်ခေါက်ပဲ ကားပေါ်မှာဆုံကြတာ နောက်ထပ်ဆုံကြတော့တာမှမဟုတ်တာ။ အဲဒီလို တွေးထားရင် ဘာရှက်စရာလိုတော့မှာလဲ"

ဇနီးသည်က သူ့သဘောတရားကို ကျွန်ုပ်အားပို့ချ၏။ "အင်း…ဒါလည်း ဟုတ်တုတ်တုတ်ပဲ။ ဘတ်စ်ကားလိုင်းကားနဲ့ မကင်းနိုင်သရွေ့တော့ ဒီသဘောတရားကိုပဲ လိုက်နာရတော့မှာပဲ" ဟု ကျွန်ုပ်ဆုံးဖြတ်ခဲ့ရပါသတည်း။

**နောက်ကားမကျော်စေနိုင်သောငှာ လမ်းရှိမှတ်တိုင်များတွင် ဆင်းမည့်ခရီးသည်ကို ကားရပ်ရပ်ချင်း အတင်းတွန်းချ၊ တက်မည့်ခရီးသည်ကို ဒ၊တင်းဆွဲတင်၊**

## (၄)

## သက်စွန့်ဆံဖျား ခရီးသွား

တစ်ရက်တွင် ကျွန်ုပ်နှင့် ဇနီးသည်တို့သည် မြောက်ဒဂုံရှိ စာရေးဆရာ ဦးမြတ်နီထံသို့ သွားရောက်လည်ပတ်ကြသည်။ ညနေပိုင်းကျမှ အိမ်ပြန်ခဲ့ကြသည်။ မြောက်ဒဂုံမှ အလုံတက်ပတ်သော အထူးကား (အဲကွန်းပျက်၊ ထိုင်ခုံကူရှင်တွေပျက်၊ တီဗီမပါတော့စသည့် ထူးမခြားနား) ဖြင့် တက်စီးလာခဲ့ကြသည်။ မြောက်ဒဂုံမှ မောင်းလာပြီး ကမ္ဘာ့အေးဘုရားမှတ်တိုင်ရောက်သောအခါ ကားပျက်သဖြင့် ဆင်းပြီး နောက်တစ်စီး စောင့်စီးရသည်။

နောက်ဆိုက်လာသော ကားပေါ်ပါခရီးသည်များနှင့် ကားပျက်ကျန်ခရီးသည်များ ပေါင်းလိုက်သောအခါ ကားတစ်စီးလုံးပြည့်ကျပ်သွားသည်။ ကားဆက်ထွက်လာ၏။ ရှစ်မိုင်လမ်းဆုံမီးပွိုင့်အကွေ့ရောက်တော့ နောက်ထပ်ကားတစ်စီး လိုက်လာသည်ကို တွေ့ရ၏။ ထိုမီးပွိုင့်အထွက်တွင် လိုင်းနံပါတ်တူကားနှစ်စီး အပြိုင်မောင်းကြတော့သည်။ ကျွန်ုပ်တို့ စီးလာသောကားက ရှေ့ကပြေးသည်။ နောက်မှ ရောက်လာသည့်ကားကလည်း နောက်က အပြင်းလိုက်လာသည်။ နောက်ကားမကျော်စေနိုင်သောငှာ လမ်းရှိမှတ်တိုင်များတွင် ဆင်းမည့်ခရီးသည်ကို ကားရပ်ရပ်ချင်း အတင်းတွန်းချ၊ တက်မည့်ခရီးသည်ကို အတင်းဆွဲတင်၊ ခြေနင်းခုံမှ တွယ်ကပ်ပါလာသော ခရီးသည်များကိုလည်း အသည်းယားစရာ မြင်တွေ့ရသည်။

မောင်းလိုက်သည့် ကားကလည်း အသည်းထိတ်ရင်ဖိုစရာ လမ်းကလည်း မညီအညာလူးကား

www.burmeseclassic.com

www.burmeseclassic.com



လိုမ့်ကာ ဒလိမ့်ထိုးပြေးနေသည်။

"အမလေး ကြောက်တယ်၊ ကြောက်တယ်။ ကားရပ်ပေးပါတော့ ဆင်းမယ်…ဆင်းမယ်"

ကျွန်ုပ်၏ ဇနီးသည်နှင့် အမျိုးသမီးအချို့က စီစီညံအောင် အော်ကြဟစ်ကြသည်။

"မကြောက်နဲ့ မကြောက်နဲ့။ ဒါက လေအိတ်ကားပါ။ မမှောက်နိုင်ပါဘူး။ မကြောက်ကြပါနဲ့"

စပယ်ယာက အော်ပြောသည်။

"ဟင်း…မမှောက်နိုင်တော့ဘူး။ လေအိတ်ကားမို့ တော်သေးတာပေါ့"

ကျွန်ုပ်၏ ဇနီးသည်က သက်ပြင်းချရင်းပြောသည်။

"မင်းရှူးလို့ ယုံတာ။ မင်းလည်း စာတွေသင်ဖူးတာပဲ။ လေအိတ်ကားမကလို့ ဘာကားဖြစ်ဖြစ် ဒီအရှိန်နဲ့လူးနေတာ၊ ဟန်ချက်ပျက်သွားရင် မှောက်မှာပဲ"

ကျွန်ုပ်က အမြင်ကပ်သဖြင့် ဇနီးဖြစ်သူကို ပြောလိုက်သည်။

"ဟင်…ဘယ်လိုလုပ်ကြမလဲ"

"မစီးချင်ရင်ဆင်း၊ နောက်ကားစောင့်စီး။ မှောင်လာပြီဆိုတော့ အချိန်ကုန်မခံချင်ရင် ဘုရားတရားတ စီး။ ဒါပဲ"

ကျွန်ုပ်၏ ဇနီးသည်မှာ ပါးစပ်မှ ဂါထာပေါင်းစုံ ရွတ်ဖတ်ရင်းပါလာသည်။ ရှေ့ကားက ကျော်တက်လိုက်၊ နောက်ကားက ဖြတ်ကျော်လိုက်ဖြင့် သည်းထိတ်ရင်ဖိုဂျိမ်းစ်ဘွန်းရုပ်ရှင်ထဲမှ ကားပြိုင်မောင်းကြသည်ကို ကိုယ်တိုင်ဝင်ပါခံစားနေရသလိုပင် ရှိနေတော့သည်။ ဤသို့ဖြင့် ဟုမ်းလမ်းမှတ်တိုင်ကိုကျော်၍ ဗိုက်တောမှတ်တိုင်တွင်ရပ်ပြီး လူချသည်။ ထိုစဉ်မှာပင် နောက်ကားက ညာဘက်မှ တိုးဝင်လာပြီး ရပ်လိုက်သည်။ ကားပေါ်မှ ဆင်းလိုက်သည့် အမျိုးသမီးငယ်တစ်ဦး နောက်အဆုတ်မြန်၍သာ ကားပွတ်မခံလိုက်ရခြင်းဖြစ်၏။

"ဟော့ကောင်တွေ ဘာလုပ်တာလဲကွ။ မိုက်ရိုင်းလှချေလား"

"ဘာလုပ်လို့လဲကွ။ မင်းတို့သာ မိုက်ရိုင်းတာ"

ကားနှစ်စီးလုံးမှ ဒရိုင်ဘာနှင့်စပယ်ယာများ ဝူးဝူးဝါးဝါးနှင့် မအေနမ အော်ဟစ်ဆဲဆိုကုန်သည်။

"ရိုက်ကွာ ဆင်းရိုက်စမ်း"

ကျွန်ုပ်တို့ကားမှ ဒရိုင်ဘာက အမိန့်ပေးသဖြင့် စပယ်ယာနှစ်ယောက် ခုန်ဆင်းသွားကြသည်။

"လာ ငါတို့လည်း ဆင်းပြေးစို့"

ကျွန်ုပ်က ဇနီးဖြစ်သူအား လှမ်းဆွဲရင်း ဆင်းရန်ပြင်သည်။

"ရှေ့မှတ်တိုင်မှ ဆင်းမှာလေ"

ဇနီးဖြစ်သူက နားမလည်စွာ ပြောသည်။

"နင့်အမေကလွှားတဲ့။ ဟိုမှာ



www.burmeseclassic.com

www.burmeseclassic.com





ထုကြရိုက်ကြတော့မယ်။ ဝရန်းသုန်းကားနဲ့ ကိုယ်ပါ အဆစ်ပါသွားမယ်။ ဘာမှတ်သလဲ"

ကျွန်ုပ်က ပြောပြောဆိုဆိုပင် ဖနီးလက်ကိုဆွဲ၍ ကားပေါ်မှဆင်းပြီး ဝေးရာသို့ ပြေးခဲ့ရသည်။ နောက်ပိုင်း လမ်းဘေးပရိသတ်ဆီမှလည်း "ချဟော့၊ ရိုက်ဟော့"ဟု အမြင်ကပ်ကပ်နှင့် အားပေးနေကြသံများကြားရသည်။ ဝိုင်း၍ပင်ဆွမ်းကြီးလောင်းနေကြသလားတော့ မပြောတတ်ပါ။ "သြော် သက်စွန့်ဆံဖျား၊ ဘတ်စ်ကားစီး ခရီးသည်ပေတကား" ဟုသာ မှတ်ချက်ချမိခဲ့ရပါတော့သည်။

(၅)

## ပြဿနာသောင်းပြောင်း

လိုင်းကားနှင့် ပတ်သက်သော ခရီးသည်ဘဝအတွေ့အကြုံများကို ပြောပြလျှင် ကုန်နိုင်ဖွယ်ရှိမည် မထင်ပါ။ တစ်နေ့တစ်မျိုး မရိုးရအောင် ပြောပြလျှင်တောင်မှ တစ်ထောင့်တစ်ည ပသီပုံပြင်ကြီးစံချိန်ကို အပြတ်ဖြတ်ထားနိုင်မည်ထင်သည်။ ကားခပိုတောင်းခြင်း၊ အမေ့ကောက်ပြီး မအမ်းဘဲထားခြင်းတို့မှာလည်း လိုင်းကားကို အားပြု၍ သွားလာနေရသော ကျွန်ုပ်အဖို့ ရက်ခြား၊ နေ့ခြားမျှ ကြုံတွေ့နေရဆဲဖြစ်၏။ အမိုးသိုတာ လောက်များ စာဖွဲ့စရာမလို၊ မကျေနပ်လျှင် မိုးကာအင်္ကျီဝတ်၊ စပယ်ယာကွမ်းစားပြီး တံတွေးထွေးတာ၊ ဆေးလိပ်သောက်တာတို့လောက်ကတော့ ရိုးနေပေပြီ။

"ကျုပ်တို့မှာလည်း အားရတယ်ကို မရှိပါဘူးဗျာ။ တနင်္ဂနွေနေ့တောင် မနားရဘူး။ လိုင်းကားစပယ်ယာ၊ ဒရိုင်ဘာတွေကို သင်တန်းပို့ချနေရတယ်"

ကျွန်ုပ်၏မိတ်ဆွေ မထသ (ဗဟို) မှ အရာရှိတစ်ဦးက ကျွန်ုပ်ကို ညည်းပြဖူးသည်။


"ဘာလဲ...ယဉ်ကျေးလိမ္မာ သင်တန်းပေးနေရတာလား။ လုပ်မနေပါနဲ့ဗျာ။ ကျွဲပါးစောင်းတီးပါပဲ။ သင်တန်းတွေပေးလေ၊ တိုင်ကြားမှုတက်လေပါပဲ"

ကျွန်ုပ်က မိတ်ဆွေဖြစ်သူ မထသ (ဗဟို) မှ အရာရှိအား ပြောပြလိုက်ရပါသတည်း။

**ဝန်ခံချက်**

**(ပုဂ္ဂလိက နစ်နာမှုမရှိစေရန် ယာဉ်လိုင်းအမှတ်များကိုထည့်သွင်းဖော်ပြခြင်းမပြုခဲ့ကြောင်း ဝန်ခံပါသည်)**

**ချမ်းငြိမ်း (ဒဿန)**



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးနှင့်အရက်

# အရက်ကြောင့်

ချစ်ဦးညို



www.burmeseclassic.com

www.burmeseclassic.com



### အရက်ကြောင့်

ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ ဖြစ်ရပ်မှန်မဂ္ဂဇင်းတိုက်ကို 'အရက်ကြောင့်' ဆောင်းပါးပို့ပြီးအပြန် ကျွန်တော်တို့ လမ်းထဲက လူလတ်ပိုင်း အသက် (၄၁) နှစ်အရွယ် တစ်ယောက် အရက်ကြောင့်ပဲ သေဆုံးသွားရရှာတယ်။ ပြီးခဲ့တဲ့လတွေက ကျွန်တော်ရေးခဲ့ဖူးတဲ့ လေဖြတ်ဝေဒနာခံစားနေရတဲ့ အမျိုးသမီးကြီးလည်း စိတ်ကျပြီး သူ့အိမ်ပေါ်ကနေ နောက်ဖေးဘက်ချောင်းထဲကို ခုန်ချသေဖို့ ကြိုးစည်ခဲ့တယ်။ ပတ်ဝန်းကျင်က လူအချို့က မြင်သွားတာကြောင့် အချိန်မီ ကယ်ဆယ်လိုက်ရတယ်။

တကယ်တော့ အရက်ကြောင့်ဖြစ်ရတဲ့ နောက်ဆက်တွဲ ဒုက္ခတွေ ဝေဒနာတွေလို့ ဆိုရမှာပဲ။

နောက်ထပ် တင်ပြချင်တာက မိန်းမချောလေးတစ်ဦး အရက်သောက်တဲ့အကြောင်းပါပဲ။ သူမအကြောင်းကို မသိပေမယ့် ကျွန်တော့်ရှေ့မှာ အရက်သောက်တာ၊ အလွန့်အကျွံမူးသွားတာကို နှစ်ကြိမ် မြင်တွေ့ခဲ့တာကို တင်ပြချင်ပါတယ်။

**သူမရဲ့ ဝဲဘက်လက်မောင်းမှာ ဆေးမှင်ကြောင် (တက်တူး) ရောင်စုံထိုးထားပါတယ်။ ယာဘက်လက်ကောက်ဝတ်မှာလည်း အလားတူ ဆေးမှင်ကြောင် ရောင်စုံထိုးထားပါတယ်**

ကျွန်တော် အမြဲလိုလို သောက်နေကြ အရက်ဆိုင် (စားသောက်ဆိုင်) ကို တစ်နေ့သော နံနက်ပိုင်း (၇) နာရီအချိန်လောက်မှာ မိန်းမချောလေး တစ်ဦးနဲ့ အပေါင်းအဖော် ယောကျ်ားလေး သုံးယောက် ရောက်လာကြပါတယ်။ သူနဲ့ပါလာကြတဲ့ လူငယ်တွေအနက် တစ်ယောက်က ငွေကြေး သုံးနိုင်သူလို့ ထင်ရတယ်။ ကျန်တဲ့ လူငယ်တွေက သာမန်လောက်ပါပဲ။ အသက်အရွယ်အားဖြင့် (၂၀) နှစ်ကျော်တွေပါပဲ။ အဲဒီအသက်အရွယ်လောက်နဲ့ အရက်ကိုအဖော် (လက်စွဲတော်) လုပ်ပြီး ပျော်ပါးကြတာတော့ စိတ်မကောင်းစရာပါပဲ။

မိန်းမချောလေးက အသားဖြူဖြူ ကိုယ်ခန္ဓာပြည့်ပြီး လှလှပပလေးပါ။ ခေတ်နဲ့အမီ ပြုပြင်ရုံတင်မဟုတ်ဘူး။ ခေတ်ရှေ့ကိုလွန်နေတဲ့အထိ ခေတ်ဆန်လွန်းပါတယ်။ ဝတ်စားဆင်ယင်မှုက ချိုင်းပြတ်အင်္ကျီနဲ့ ဂျင်းစကတ်တိုတို၊ နားမှာ နားကွင်းအကြီးကြီးတွေနဲ့ မြင်သူပုရိသယောကျ်ားတွေ မပြောနဲ့ အမျိုးသမီးချင်းတောင် သူမကို တအံ့တသြကြည့်ကြပါတယ်။ သူမရဲ့ ဝဲဘက်လက်မောင်းမှာ ဆေးမှင်ကြောင် (တက်တူး) ရောင်စုံထိုးထားပါတယ်။ ယာဘက်လက်ကောက်ဝတ်မှာလည်း အလားတူ ဆေးမှင်ကြောင် ရောင်စုံထိုးထားပါတယ်။ သူမရဲ့ ရုပ်ရည်က တိုင်းရင်းသူတစ်ယောက်ဆိုတာ ခန့်မှန်းလို့ရပါတယ်။

သူမနဲ့ အဖော်ယောကျ်ားလေးတွေစားပွဲဝိုင်းနဲ့ ကျွန်တော်ထိုင်နေတဲ့ စားပွဲဝိုင်းက နီးနီးလေးမို့ သူတို့ ပြောကြဆိုကြတာတွေ အတိုင်းသား ကြားသိမြင်တွေ့နေရပါတယ်။

အဖော်ပါလာတဲ့ ယောကျ်ား လေးသုံးဦးအနက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးက မိန်းမချောလေးရဲ့ချစ်သူဖြစ်တယ်လို့သိရတယ်။ ဒါပေမယ့် မိန်းမချောလေးက ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ အနေအထားပဲ။ အားလုံးက မူးနေကြပြီးသားတွေ ဆိုတာသိသာပါတယ်။ စားသောက်ဆိုင်ထဲကို ရောက်မလာကြခင်ကပဲ တစ်ညလုံးနိုက်ကလပ်မှာ ဒူးယစ်ပျော်ပါးခဲ့ကြပြီးမှ စားသောက်ဆိုင်ကို ရောက်လာတာပါ။ ကျွန်တော် ထိုင်နေကြ စားသောက်ဆိုင်ကို သူတို့အဖွဲ့ ရောက်ခဲ့တော့လည်း ဝီစကီတစ်ဆောင့်မှာတယ်။ ရေခဲတစ်ပွဲမှာတယ်။ စားသောက်ဖွယ်ရာတွေမှာတယ်၊ ဆက်ပြီးစားသောက်ကြတယ်။ သူတို့ချင်းရောက်တတ်ရာရာတွေ ပြောကြဆိုကြပေါ့။

အဲဒီလူငယ်သုံးဦးထဲက ချစ်သူဆိုတဲ့ ကောင်လေးက မိန်းမချောလေးကို "သိပ်မူးနေပြီ သွားကြစို့" ဆိုပြီးခေါ်တယ်။ မိန်းမချောလေးက မလိုက်တော့ဘူးဆိုပြီး ကောင်လေးကို ပြန်ခိုင်းတယ်။ သူလည်း သူတည်းတဲ့ဆီကို ပြန်ပြီး အိပ်တော့မယ်လို့ ပြောတာကြားနေရတယ်။ နောက်ပိုင်းတော့ ကောင်လေးလည်း သူ့သူငယ်ချင်းတစ်ယောက်ကိုခေါ်ပြီး ကားငှားပြန်သွားတယ်။



မိန်းမချောလေးနဲ့ ကျန်ခဲ့တဲ့ လူငယ်လေးက အဖော်ပြုပြီး ဆိုင်မှာဆက်ထိုင်နေတယ်။ မိန်းမချောလေးပြောတဲ့ စကားတွေထဲမှာ သူမကို ဘယ်လို ဆက်ဆံပြီး ဘယ်လိုပြောတယ် တော့မသိဘူး။ သူမနဲ့ ပတ်သက်တဲ့ အမျိုးသားတစ်ဦးကို အရက်အတူ သောက်နေရာက အရက်ပုလင်းနဲ့ ခေါင်းကိုရိုက်ခွဲခဲ့ဖူးသတဲ့။ အဲဒီနောက်ပိုင်း သူမနဲ့ပတ်သက်တဲ့ ယောကျ်ားတွေ သူမအကြောင်းကို သိထားကြတော့ အလိုက်သင့်ပဲ ဆက်ဆံကြတယ်။ တကယ့်မိန်းကလေးပါပဲ။

သူမအကြောင်းကို နောက်ပိုင်းမှာ တစ်ဆင့်စကားအရ သိရတာကတော့ သူမက နယ်မှာနေတာ။ မိဘတွေက ပြည့်ပြည့်စုံစုံရှိရဲ့နဲ့ ကိုယ်လုပ်ချင်ရာလုပ်၊ ကိုယ်နေချင်သလိုနေ,နေတာလို့ သိရတယ်။ နေတော့ ရန်ကုန် တည်းခိုခန်းမှာ လခပေးပြီး နေသတဲ့။ သူမဘာလုပ်ကိုင် စားသောက်တယ်ဆိုတာတော့ မသိရပါဘူး။

ကျွန်တော်လည်း သူမအကြောင်းကို စိတ်ဝင်စားမိတာ အမှန်ပဲ။ အဲဒီလို မိန်းကလေးမျိုး တစ်ခါမှ မမြင်ဖူးဘူး။ ဆောင်းပါးရေးဖို့ သူမအကြောင်းတွေးမိတာပေါ့။ မိန်းမချောလေးကို ဆိုင်မှာ ကျန်ခဲ့တဲ့ ကောင်လေးက ကားငှားပြီး ကားပေါ်တင်ပေးလိုက်ရတယ်။ သူမပြန်သွားပြီးနောက် ဆိုင်မှာ ကျန်ရစ်ခဲ့ကြတဲ့ စားသောက်သူတွေလည်း ကိုယ့်အမြင် ကိုယ့်အတွေးနဲ့ ဝေဖန်ပြောဆိုကြတာပေါ့။

အဲဒီလိုနဲ့ နောက်တစ်လကျော်လောက် အကြာမှာ နံနက်စောစော မိန်းမချောလေးနဲ့ သူ

www.burmeseclassic.com

www.burmeseclassic.com



အဖော် ယောကျ်ားလေး နှစ်ယောက် စားသောက်ဆိုင်ကို ရောက်လာကြပြန်တယ်။ ထုံးစံအတိုင်းပဲ တစ်ညလုံး သောက်စားပျော်ပါးလာကြလို့ မူးလာပြီးသားပါ။ ဆိုင်ကိုရောက်တော့လည်း ဝီစကီ (၃ ပတ်ခန့်) ကို ရေမရောဘဲ တစ်ခွက်ပြီးတစ်ခွက် ဆက်သောက်တော့တာပဲ။ ယခင် သောက်ထားတဲ့ အခံကလည်းရှိထားတော့ သူမ အတော်မူးသွားတာကို တွေ့ရတယ်။ သူနဲ့အဖော်ပါလာတဲ့ ကောင်လေးတွေလည်း သူမ သောက်ပုံကို အံ့သြလက်ဖျားခါသွားကြတယ်။

ကျွန်တော်တောင်အရက်မမူးချင်သေးဘူး။ သူမ အတော်ကောင်းသွားပြီး ယိုင်တီယိုင်တိုင်ဖြစ်နေလို့ ဘေးကအဖော်ကောင်လေးက ဖေးမတွဲထားရတယ်။ နောက်ဆုံးတော့ ကောင်မလေးပြန်ဖို့အတွက် ကောင်လေးက ဆိုင်ထဲကထွက်ပြီး ကားလမ်းမှာ အငှားကားငှားဖို့ ရပ်စောင့်နေကြပါတယ်။ ဒီနေရာမှာ ဆိုးဆိုးဝါးဝါးမြင်ကွင်းကတော့ မိန်းမချောလေးခမြာ ကိုယ့်ကိုယ်ကို မထိန်းနိုင်တာပါပဲ။ ဘေးက အဖော်ကောင်လေးကထိန်းထားပေးနေရတဲ့ အဖြစ်ပါပဲ။

သူမဝတ်ထားတာကလည်း ဂျင်းဘောင်းဘီပေါင်ရင်းနားရောက်လုမတတ် ဝတ်ထားတာပါ။ အင်္ကျီကတော့ လက်တစ်လုံးချိုင်းပြတ်စပို့ရှပ် ဝတ်ထားတာပါပဲ။

မိန်းမချောလေးက သူ့ကိုယ်သူတောင် မနိုင်ရှာဘူး။ မူးလွန်းတော့လည်း ထိန်းရခက်နေပုံရတယ်။ ကားရပ်စောင့်နေရင်း ယိုးတိုးယိုင်တိုင်နဲ့ ဆိုင်ထဲက သီချင်းဆိုသံကိုကြားပြီး ကနေလိုက်သေးတယ်။ အငှားကားတွေကလည်း နံနက်စောစောမို့ တော်တော်နဲ့ မလာကြဘူး။ (၁၅) မိနစ်ကျော်လောက်မှ ကားငှားလို့ရသွားတယ်။ သူတစ်ဦးတည်းပဲ ကားနောက်ခန်းမှာ တက်ပြီး လိုက်ပါသွားတယ်။ ကားပေါ်မှာ မူးပြီးအိပ်သွားလေမလား၊ ဘယ်လို ဘယ်ပုံနဲ့ ဘယ်နေရာကို သွားလေမလဲ တော့ မသိရဘူး။ ကျွန်တော်တို့ကတော့ ပွဲကြည့်ပရိသတ်အဖြစ် စားသောက်ဆိုင်ထဲ ကြည့်ရင်း ကျန်ရစ်ခဲ့ပါတယ်။

အဲဒီမိန်းမချောလေးနဲ့ ထပ်မဆုံဖြစ်တာ အတော်ကြာပါပြီ။ သူမဘာတွေလုပ်ပြီး ဘာတွေဆက်ဖြစ်မလဲဆိုတာတော့ မသိရပါဘူး။ ကျွန်တော် လေ့လာမှတ်သားခဲ့ဖူးတဲ့ အတွေ့အကြုံ မှတ်တမ်းများအရ အမျိုးသမီးတွေ အရက်များများသောက်သုံးခြင်းဖြင့် ကိုယ်ဝန်ဆောင်ချိန်မှာ သားပျက်သားလျှောဖြစ်တတ်တယ်လို့သိရပါတယ်။

ယမကာမှီဝဲနေကြတဲ့ အမျိုးသမီးတွေ အဲဒီအချက်ကို သတိပြုစေချင်ပါတယ်။

နောက်တစ်ခုကတော့ မကြာသေးပါဘူး။ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာတင်ပဲ စားသောက်ဆိုင်တစ်ဆိုင်မှာ လူငယ် (၃) ယောက်နဲ့ အသက် (၂၀) ကျော်ကျော်မိန်းကလေးတစ်ယောက်

**ကောင်မလေးရဲ့ အခြေ အနေကို သိခဲ့ရင် ရင်ထုမနာဖြစ်ရပါလိမ့်မယ်။ အရက်ဆိုတာ သောက်သုံးမိသူတွေကို အမှားများစွာ ဖြစ်စေပါတယ် . . .**

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကြပါတယ်။ သူတို့ကြည့်ရတာ ကျေအင်းတက်နေကြပုံပဲ။ နေ့တိုင်းတော့ ဆိုင်ကို မလာပါဘူး။ ဆယ်ရက် တစ်ခါလောက်မှလာကြတာပါ။

ကောင်မလေးက ဘီယာပုလင်းလိုက် (တစ်ပုလင်း) ကုန်အောင်သောက်ပြီး ဘီယာသံဘူး (အသေး) တစ်ဘူး ထပ်သောက်ပြန်တယ်။

လူငယ်လေး (၃) ယောက်က ဝီစကီ တစ်ပြားနဲ့ ရေခဲတစ်ပွဲမှာတယ်။ စားစရာမှာတယ်။ သုံးယောက်မျှသောက်ကြတယ်။

သူတို့ကို ဆိုင်ထဲမှာ ရှိတဲ့ အရက်သမားတွေက အကဲခတ်ကြည့်ရှုနေကြပါတယ်။ ကောင်မလေးမှာ ချစ်သူပါတယ်။ ကိုရီးယားဆံပင်ပုံစံနဲ့ အသားညိုညို ကောင်လေးကိုတွဲပြီး ထိုင်လေ့ရှိတယ်။ ကျန်တဲ့ ကောင်လေးနှစ်ယောက်က သီးခြားခပ်ခွာခွာ ထိုင်တယ်။ အားလုံးကတော့ တစ်ဝိုင်းတည်း တစ်စုတည်းပါပဲ။

ကောင်မလေးက ရွက်ကြမ်းရေကြို ပိန်လှီလှီလေး၊ ကောင်လေးက ခေတ်နဲ့အပြိုင်နေပုံရတယ်။ စုံတွဲတော့ စုံတွဲပါပဲ။ ဘယ်လောက် ကြာရှည်တွဲမတွဲဆိုတာထက် ကောင်မလေးဘာကြောင့် စားသောက်ဆိုင်ကို ရောက်လာတယ်ဆိုတာ တွေးမိပါတယ်။ သူမဘာတွေလုပ်ပြီး ဘယ်သွားတယ်ဆိုတာ၊ မိဘတွေရဲ့ ယုံကြည်မှုနောက်ကွယ်မှာ ဖြစ်ပျက်နေတဲ့ ကိုယ့်သားသမီးအဖြစ်ကို သိဖို့လိုပါတယ်။ ကောင်မလေးရဲ့ အခြေအနေကို သိခဲ့ရင် ရင်ထုမနာ ဖြစ်ရပါလိမ့်မယ်။ အရက်ဆိုတာ သောက်သုံးမိသူတွေကို အမှားမျိုးစွာ ဖြစ်စေပါတယ်။ ဘုရားရှင် ဗုဒ္ဓမြတ်စွာဘုရားတောင် အရက်သေစာသောက်သုံးခြင်း မပြုသင့်ကြောင်း ဆုံးမခဲ့တာ ဗုဒ္ဓဘာသာဝင်အားလုံး သိကြပါတယ်။

ဆိုကြပါစို့။ ကောင်မလေး အရက် (ဘီယာ) သောက်ပြီဆိုတာနဲ့ မူးယစ်ရီဝေပြီး ကိုယ့်ရဲ့ပင်ကိုယ်အသိဉာဏ် မှုံဝါးမယ်။ အတွေးအခေါ် မှားယွင်းမယ်။ ကောင်းမှုထက် မကောင်းမှုကို ပိုရောက်စေမယ်။ မိန်းမတို့ကာယိန္ဒြေပျက်ပြားနေတယ်ဆိုတာလည်းမသိ။ ပတ်ဝန်းကျင်က လူတွေကိုယ့်ကို ဝိုင်းကြည့်နေကြမယ်ဆိုတာလောက်တောင် ဂရုမစိုက်တော့တဲ့အဖြစ်က စိတ်မကောင်းစရာပါပဲ။

ယခုကျွန်တော် တင်ပြခဲ့တာတွေ အားလုံးဟာ အရက်နဲ့ဆက်နွယ်နေတာတွေ ချည်းပါပဲ။ ကျွန်တော်လက်လှမ်းမီသလောက် သိမြင်တာတွေပဲဖြစ်ပါတယ်။ ကျွန်တော်မမြင်တွေ့တဲ့ အရပ်ဒေသတွေမှာလည်း မိန်းမပျိုလေးတွေ အရက်သောက်ကြမှာ သေချာပါတယ်။ ဒါတွေကို ကျွန်တော်တို့လို စာနယ်ဇင်းတွေအနေနဲ့ အများပြည်သူအတွက် အကျိုးရှိ၊ ဗဟုသုတရစေမယ့် စာတွေရေးပြီး တင်ပြစေချင်ပါတယ်။

ကျွန်တော် 'အရက်ကြောင့်' ဆောင်းပါး နောက်ဆက်တွဲတွေ အများကြီးရေးဖို့ ကျန်ရှိပါသေးတယ်။ ကိုယ်တွေ့ကြုံ ဖြစ်ရပ်မှန်တွေပါ။ စာဖတ်ပရိသတ်များအတွက် အကျိုးတစ်စုံတစ်ရာရှိမယ်လို့ ယုံကြည်ပါတယ်။ အရက်ဆိုတဲ့ ကြိုးဝိုင်းထဲက လွတ်မြောက်နိုင်ကြပါစေခင်ဗျာ။

ကျွန်တော်လည်း အရက်ကြိုးဝိုင်းထဲက ....

**ချစ်ဦးလွင်**

www.burmeseclassic.com

www.burmeseclassic.com





စိုးဝေ

# လေးဘက်လေးတန်နံရံထဲက အခန်းတရေးဘဒေး

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းထောင် လောကမှာ တာဝန်အရှိဆုံး ပုဂ္ဂိုလ်ဟာ ထောင်ပိုင်ဖြစ်သည့် ဟိုခေတ်ကာလများက ဗဟိုထောင်ကြီး နှစ်ထောင်နှင့် (က) အဆင့် (ခ) အဆင့် (ဂ) အဆင့် (ဃ) အဆင့် ဟူ၍ ထောင်များကို တိုင်းနှင့် ပြည်နယ် အသီးသီးမှာ ခွဲခြားပြီး တည်ဆောက်ထားသည်။ နောက်ပိုင်းကာလများ (၁၉၈၀) ခုနှစ် နောက်ပိုင်းတွင် (ဃ) အဆင့်ရှိသော အကျဉ်းထောင်ငယ်များကို (ဂ) အဆင့် အကျဉ်းထောင်အဖြစ် တိုးမြှင့်ခဲ့သလို (ဥပမာ-ပဲခူး၊ သံတွဲ) တချို့ ထောင်ငယ်များကို လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ (ဥပမာ-မိုးကုတ်၊ တောင်တွင်းကြီး၊ သီပေါ)

ဒါကြောင့် ယင်းထောင်ငယ်လေးတွေမှာ အုပ်ချုပ်ရသူများသည် များသောအားဖြင့် ထောင်တာဝန်ခံအရာရှိအဖြစ် ထောင်မှူးကြီး (သို့မဟုတ်) ဒုထောင်ပိုင်တစ်ဦးနှင့် ထောင်မှူးတစ်ဦး (သို့မဟုတ်) နှစ်ဦးသာလျှင် ရှိသည်။

အခြားသော အကျဉ်းထောင်ကြီးများမှာ ဆိုလျှင် အကျဉ်းသား၊ အချုပ်သားထားရှိနိုင်သည့် လူဦးရေပေါ်မူတည်ပြီး အုပ်ချုပ်ရေးပိုင်းမှာ ထောင်ပိုင်ကြီးတစ်ယောက်၊ ဒုထောင်ပိုင် တစ်ယောက်၊ ထောင်မှူးကြီးတစ်ယောက်နှင့် ထောင်မှူးလေးငါးယောက်ရှိပါသည်။

တကယ်တော့ ထောင်လုပ်ငန်းဆိုတာကလည်း နံနက် (၅) နာရီလောက်မှာ ထောင်ဖွင့်လုပ်ငန်းကို စတင်လုပ်ဆောင်ရသည်။ ညဦးပိုင်းကတည်းက ထောင်ပိတ်သွားသည့် လူဦးရေအတိုင်းရှိမရှိကို ထောင်ဖွင့်သည့် အဖွဲ့က စစ်ဆေးလက်ခံရသည်။ ညတုန်းက ပိတ်သွားခဲ့သော ထောင်ထဲမှာရှိနေသော လူပေါင်းအရေအတွက်အတိုင်း ကိုက်ညီပြီဆိုသည်နှင့် ထောင်ဖွင့်သံချောင်းခေါက်ပြီး ထောင်ဖွင့်ပါသည်။

အဲဒီလို ထောင်ဖွင့်သွားပြီဆိုသည်နှင့် သက်ဆိုင်ရာလုပ်ငန်းအသီးသီးဆီသို့ ဘုတ်ကိုင်ဝန်ထမ်းဖြစ်သူများက ဆိုင်ရာဘုတ်အလိုက်တံခါးကြီးမှာ လက်မှတ်ထိုးပြီး ပြင်ပအလုပ်နေရာအသီးသီးကို ထုတ်သွားကြရသည်။

ထို့အတူ ထောင်တွင်းမှာ ခိုင်းစေထားသည့် လုပ်ငန်းများအတွက် အကျဉ်းသားတို့ကို အကျဉ်းသား ဘုတ်ကိုင်များက အိပ်ဆောင်မှ ခေါ်ထုတ်ပြီး တာဝန်ကျရာ နေရာအသီးသီးမှာ သွားရောက် အလုပ်လုပ်ကြရသည်။

ထမင်းချက် ဖိုကြီးထဲမှာ တာဝန်ကျနေသော ဘုတ်ကိုင်ဖြစ်သူ ဖိုခေါင်းသည် ညဘက်တုန်းက ညမီးသမားများ ချက်ပြုတ်ထားခဲ့သော ထမင်းနှင့် ဟင်းပုံစံကို အိပ်ဆောင်လူဦးရေ အလိုက်လာရောက် ထုတ်ယူသည်ကို ထုတ်ပေးရသည်။

ညမီးသမားများ ညထဲက ထမင်းပေါင်းဒယ်ပိုင်းအိုးကြီးများနှင့် ထမင်းပေါင်းပေးသွားသည်။ နံနက်စောစော အဆာပြေသောက်ရန် ဂံဇီ ခေါ် ဆံပြုတ်ရည်ကျဲကိုလည်း တစ်ခါတည်း ပြုတ်ပေးခဲ့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ထောင်လုပ်ငန်းအသီးသီးမှာ သူ့နေရာနှင့်သူ ထောင့်အသီးသီးကနေ လုပ်အားပေး ဆောင်ရွက်ကြရပါတယ်။ ထိုသို့ထောင်တွင်းလုပ်ငန်းအသီးသီးမှာ စားဝတ်နေရေးကိစ္စအရပ်ရပ်ကို ကူညီဆောင်ရွက်ပေးရသလို အုပ်ချုပ်ရေးပိုင်းမှာလည်း ဟန်ချက်ညီညီနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပါတယ်။

အဲဒါကတော့ အုပ်ချုပ်ရေးပိုင်းမှာ အဓိကတာဝန်ယူဆောင်ရွက်သူဟာ ထောင်ပိုင်ကြီးပဲ ဖြစ်ပါတယ်။ သူ့လက်အောက်မှာ ထောင်မှူးကြီးဆိုတာ ရှိတယ်။ ထောင်မှူးကြီးက ထောင်ကြီးတစ်ခုလုံး၏ လုံခြုံရေးပိုင်းမှာ အခရာဖြစ်တယ်။ ထောင်တွင်းမှာ ခိုင်းစေထားသည့် လုပ်ငန်းမှန်သမျှကို ကိုယ်တိုင်လိုက်လံ စစ်ဆေးကြီးကြပ်ရတယ်။

အဲ … ထောင်မှူးကြီးလက်အောက်မှာမှ ထောင်မှူးများ ရှိကြပါတယ်။ များသောအားဖြင့် အချုပ်ရုံး၊ ထောင်ကျရုံး၊ ရိက္ခာရုံး၊ ကြိုးတိုက်စသည့် နေရာဌာနအသီးသီးမှာ တာဝန်ယူဆောင်ရွက်နေကြသော ထောင်မှူးများအားလုံးလိုလို အနီးကပ် ကြီးကြပ်ပေးရတယ်။

ပြီးမှ အိပ်ဆောင်များမှာ တာဝန်ယူ အုပ်ချုပ်နေကြသော ထောင်မှူးများ၊ ဖိုကြီးတာဝန်ခံ၊ ဆေးရုံဆောင်တာဝန်ခံနှင့် အလုပ်ကြီးဘက်ဝင်းမှာ တာဝန်ယူလုပ်ဆောင်နေကြသော ထောင်မှူးများ ရှိကြတယ်။

အားလုံးသော ထောင်မှူးများကို ထောင်မှူးကြီးသည် မိန်းဂျေးလ် (MAIN JAIL) လို့ခေါ်သည့် ရုံးနေရာမှနေ ကြီးကြပ်စီမံအုပ်ချုပ်ရပါတယ်။ ယင်းကဲ့သို့ ထောင်မှူးအရာရှိများကို လုပ်ငန်းတာဝန်အရ အုပ်ချုပ်စီမံနေရသလို လုပ်ငန်းပိုင်းနှင့် ပတ်သက်ပြီးတော့လည်း သက်ဆိုင်ရာ အကျဉ်းသားများထဲမှ တန်းစီး၊ ဘာယာ၊ ဘုတ်ကိုင်များကိုလည်း တာဝန်ခွဲဝေပေးပြီး ခိုင်းစေခဲ့ရတယ်။

ဒီနေရာမှာ တန်းစီးဆိုတာက အိပ်ဆောင်တာဝန်ခံ ထောင်မှူးရဲ့ ကိုယ်စားအဆောင်ထဲမှာ အနီးကပ်အုပ်ချုပ်နိုင်အောင် တာဝန်ပေးခန့်ထားရသူဖြစ်တယ်။ ထို့အတူ ဘာယာနှင့် ဘုတ်ကိုင်များကိုလည်း တာဝန်ခွဲဝေချထားပေးရတယ်။

အဲဒီလို အိပ်ဆောင်ကြီးတစ်ဆောင်လုံးမှာ အိပ်ဆောင်မှူးထောင်မှူးပြီးလျှင် ပါဝါအာဏာအရှိဆုံးသူဟာ အိပ်ဆောင်တန်းစီးပဲ ဖြစ်တယ်။ သူကလည်း အကျဉ်းသားတစ်ဦးပဲဖြစ်ပါတယ်။ အိပ်ဆောင်တန်းစီးဟာ နေ့ရော ညပါ အိပ်ဆောင်ကြီးတစ်ဆောင်လုံးကို အနီးကပ် အုပ်ချုပ်စီမံနေရသူဖြစ်ပါတယ်။

တန်းစီးလုပ်သူဟာ သူ့လက်အောက်မှာရှိသည့် အိပ်ဆောင်အိပ်ခန်းများထဲကို ညဘက်ထောင်ပိတ်သွားပြီးကတည်းက အဆောင်အခန်းတံခါးအားလုံးပိတ်ထားသောကြောင့် လိုက်လံစစ်ဆေးဖို့ မလွယ်ပါဘူး။ သူက အဓိကနေရာဖြစ်သည့် ပုံစံခန်းထဲမှာပဲနေပြီးတော့ အဆောင်ထဲကို

**အခန်းစာရေးဆိုတာ အိပ်ဆောင်ထဲမှာရှိနေတဲ့ အိပ်ခန်းအသီးသီးမှာ သက်ဆိုင်ရာ အခန်းလူကြီးများ၏ နားလည်မှုနှင့် ခန့်ထားသောသူ ဖြစ်သည်**

www.burmeseclassic.com

www.burmeseclassic.com



လူသစ်ဝင်ရောက်လာသည့် ချုပ်သစ်၊ ကျသစ်များကို ပုံစံပြပေးရပါတယ်။

အခြားအိပ်ခန်းထဲမှာ ရှိနေကြသည့် အချုပ်သား၊ အကျဉ်းသားများကို အခန်းတစ်ခန်းချင်းအလိုက် အခန်းလူကြီးတစ်ယောက်စီက ညကင်းဘာယာများနှင့်အတူ အနီးကပ်အုပ်ချုပ်ရပါတယ်။ ညရေးညတာ ကိစ္စရပ်ကြီးငယ်ဖြစ်ပေါ်လာလျှင် သက်ဆိုင်ရာ အခန်းလူကြီးနှင့် ညကင်းစောင့် ဘာယာများက ဖြေရှင်းဆောင်ရွက်ပေးရတယ်။

ဒီနေရာမှာ အခန်းစာရေးဆိုတာက သီးခြားတာဝန် တစ်ရပ်ဖြစ်ပါတယ်။ သူက အခန်းလူကြီးတစ်ဦး၏ လက်တိုလက်တောင်းခိုင်းစေသည့် အကျဉ်းသားတစ်ဦးသာလျှင်ဖြစ်တယ်။ သူ့ရဲ့ တာဝန်က အိပ်ဆောင်အသီးသီးက အကျဉ်းသား၊ အချုပ်သားများ၏ အမည်၊ အဘအမည်၊ ပုဒ်မ၊ ကျူးလွန်သည့် မြို့နယ်တရားရုံး ပြစ်ဒဏ်နှင့် နေရပ်လိပ်စာများကို လယ်ဂျာစာအုပ်တစ်အုပ်နှင့် မှတ်တမ်းတင် ပြုစုထားရသူဖြစ်တယ်။

အကယ်၍ ညဘက်ထောင်ထဲမှာ ထောင်ဖောက်ပြီး



အုတ်ရိုးကျော်ပြေးသွားပြီဆိုသည်နှင့် မည်သူမည်ဝါ ခွဲခြားမသိနိုင်သည့်အခါ၊ ရဲဘက်လိုအပ်မှုအတွက် စာရင်းတောင်းလာသည့်အခါ၊ စာရင်းရှိနေသူတစ်ဦးဦး အခြားအိပ်ခန်းထဲ မည်သူမျှမသိအောင် သွားရောက်ပုန်းခိုအိပ်နေသည့်အခါ၊ ရှာဖွေရလွယ်ကူအောင် အခန်းထဲရှိ လူပေါင်းစာရင်းကို မှတ်တမ်းတင်ထားခြင်းဖြစ်ပါတယ်။

ဒါကြောင့် အခန်းစာရေးဆိုတာ အိပ်ဆောင်ထဲမှာရှိနေတဲ့ အိပ်ခန်းအသီးသီးမှာ သက်ဆိုင်ရာ အခန်းလူကြီးများ၏ နားလည်မှုနှင့် ခန့်ထားသော သူသာဖြစ်တယ်။ တစ်နည်းအားဖြင့် အကျဉ်းထောင် အုပ်ချုပ်ရေးပိုင်းမှာ အကျုံးမဝင်သောသူ ဖြစ်တယ်။

အခန်းစာရေး နေရာကို အိပ်ဆောင်ကြီးတစ်ဆောင်လုံး၏ အခန်းအသီးသီးမှာ ခန့်ထားပါတယ်။ ဒါကြောင့် အိပ်ဆောင် နှစ်ထပ်ဆောင်မှာ အပေါ်လေးခန်း၊ အောက်လေးခန်းစီ ရှိနေခဲ့တာမို့ တစ်ခန်းလျှင် အခန်းစာရေးတစ်ယောက်ကျစီ ရှိနေပါတယ်။

ဒီလိုအခန်းစာရေးများထဲမှ အခန်းစာရေးဘအေး အကြောင်းကို ပြောပြချင်ပါတယ်။ အခန်းစာရေးလုပ်သူဟာ မိမိအခန်းထဲမှာရှိနေသည့် ထောင် ကျအကျဉ်းသားများနှင့် လက်ပွန်းတတီး ဆက်ဆံနေရသူဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



> ထောင်ထဲမှာ "ပုံစံ" ဆိုတာ အမိကလိုက်နာရမည့် စည်းကမ်းချက်တစ်ခုဖြစ်တယ်။ ပုံစံမရှိလျှင် ထောင်ရဲ့ အုပ်ချုပ်ရေးစနစ်ဟာ ဖရိုဖရဲ ဖြစ်သွားနိုင်ပါတယ်။

ဘာဖြစ်လို့လည်း ဆိုတော့ မိမိအခန်းထဲမှာ ရှိနေသည့် လူပေါင်း တစ်ရာကျော်ခန့်ကို မျက်ခြည်မပြတ် ကြည့်ရှုနေတတ်ရပါမယ်။ အကျဉ်းသား အားလုံး၏ အမှုဖြစ်စဉ်ကအစ ဂဃနဏ သိရှိထားနိုင်ဖို့ လိုအပ်ပါတယ်။

လိုအပ်လာလို့ သက်ဆိုင်ရာက ခေါ်မေးသည့်အခါ မိမိ အိပ်ခန်းထဲမှ အကျဉ်းသား အားလုံး၏ အကြောင်းကို အပ်ချမတ်ချ ပြောဆိုနိုင်ရမှာ ဖြစ်တယ်။ ဒါကြောင့်လည်း အခန်းစာရေးများဟာ ကိုယ့်အခန်းထဲမှ ထောင်ကျအကျဉ်းသားများ၏ နေပုံထိုင်ပုံ၊ အမှုအကျင့်၊ စရိုက် လက္ခဏာများကို နှံ့နှံ့စပ်စပ်လေ့လာသိရှိထားဖို့ လိုပါတယ်။

တစ်ခါတစ်ရံ ထောင်လက်ကောက်ဟု ခေါ်ဆိုသည့် ထောင်အကြိမ်ကြိမ်ကျလာပြီး ထောင်ထဲကို ဝင်စို့ထွက်စို့လုပ်နေသည့် ထောင်ကျဟောင်းများသည် များသောအားဖြင့် သက်ဆိုင်ရာမှ နေရာချပေးထားသည့် အခန်းမှာ မနေချင်ကြဘဲ မိမိတို့နှင့် အကြောင်းသင့်သော အခန်းမှာ အုတ်ရိုးပျော် မိတ်ဆွေချင်း ခိုကပ်နေထိုင်တတ်ကြတယ်။

× × ×

ထိုသို့ မည်သူ့ကိုမျှ သတင်းမပို့ဘဲ မိမိအိပ်ဆောင် အိပ်ခန်းထဲကနေ အခြားအခန်း တစ်ခန်းကို တိတ်တဆိတ်ခိုးပြောင်းနေသည်ကို သိလျှင်သိခြင်း မိမိအထက်က အခန်းလူကြီးထံ ချက်ချင်းသတင်းပို့ရတယ်။ အခန်းလူကြီးမှ ထိုအကျဉ်းသားကို ခေါ်ယူပြောဆို၍ ပြန်မလာလျှင် အိပ်ဆောင်တန်းစီးထံ ချက်ချင်းဆက်သွယ် သတင်းပို့မှ ပြန်ပြောင်းလာကြတယ်။

ဒါကြောင့် ထောင်ဆိုတာ အုပ်ချုပ်ရေးပိုင်းမှာ ယိုပေါက် ထွက်ပေါက် မရှိရလေအောင် သူ့နေရာနှင့်သူ ထောင့်စေ့အောင် စီမံအုပ်ချုပ်ရတဲ့ နေရာမျိုးသာလျှင် ဖြစ်တယ်။ ထောင်ထဲမှာ "ပုံစံ" ဆိုတာ အမိကလိုက်နာရမည့် စည်းကမ်းချက်တစ်ခုဖြစ်တယ်။ ပုံစံမရှိလျှင် ထောင်ရဲ့အုပ်ချုပ်ရေး စနစ်ဟာ ဖရိုဖရဲဖြစ်သွားနိုင်ပါတယ်။

အပြင်လောကမှာလို စည်းမရှိ၊ ကမ်းမရှိသွားလာနေထိုင်လို့ မရဘူး။ ဧည့်စာရင်းတိုင်စရာမလိုဘဲ လူစိမ်းတစ်ယောက် ဝင်လာသည်နှင့် ချက်ချင်းသိရှိနိုင်ပါတယ်။ မိမိအိပ်ဆောင်အိပ်ခန်းထဲကို စာရင်းမရှိ၊ အင်းမရှိ ဝင်နေထိုင်လို့ မရဘူး။ ဒီလိုနေထိုင်လို့မရအောင်လည်း အိပ်ဆောင် အိပ်ခန်းတွေထဲမှာ သူ့ဆိုင်ရာ၊ ပိုင်ရာအခန်းစာရေး၊ ဘာယာ၊ ဘုတ်ကိုင်၊ တန်းစီးဆိုသူများက ထောင်စည်းကမ်း ဥပဒေနှင့်အညီ ကြပ်မတ်အုပ်ချုပ်နေခြင်းကြောင့် ဖြစ်ပါတယ်။

ထောင်ထဲမှာက ဘာဝကို လုံလုံခြုံခြုံ နေထိုင်လို့ရတယ်။ အိပ်မပျော် စားမဝင်ကျီးလန့်စာစား ထိတ်လန့်ကြောက်ရွံ့ နေစရာမလိုဘူး။ အပြင်လောကမှာတော့ ပြဿနာတစ်ခုခု ဖြစ်ပွားလာသည်နှင့် လက်စလက်နရှိသူ

www.burmeseclassic.com

www.burmeseclassic.com



လက်ရဲဇက်ရဲရှိသူ သက်ဆိုင်ရာ အပိုင်ထဲက နီးစပ်ရာ ပြစ်ချက်ရှိနေသည့် ထောင်ထွက်များကိုပဲ ရဲက အရင်ဆုံးဆွဲစေ့တာ ခံရတယ်။

ဒီတော့ ထောင်ထွက်တွေလို့ နာမည်ပျက်ရှိနေကြသည့် ပြစ်ချက်ရှိသူများသည် မိမိကိုယ်ကို မည်သို့ပင် ကောင်းကောင်းမွန်မွန်ဖြစ်အောင် နေထိုင်လည်း ပြဿနာဖြစ်ပွားလာသည်နှင့် ထစ်ခနဲဆို အရင်ဦးဆုံး ဖမ်းခေါ်စစ်မေးခြင်း ခံရတော့တာပဲ။

ဒါကြောင့် ထောင်ဆိုတာ ခြင်ထောင်လို သဘောမသတ်မှတ်နိုင်ပေမယ့် အခြေအနေအရ မိမိဘဝလုံခြုံရာ လုံခြုံကြောင်းဖြစ်မည့် ထောင်ထဲကိုပဲ တစ်နည်းနည်းဖြင့် ပြန်ဝင်ဖို့ရန် ဝန်မလေးကြတော့ဘူး။

× × ×

ထောင်ထဲမှာက အစစအရာရာ ပြည့်စုံတယ်။ နေ့စဉ်ထမင်းနှစ်နပ်ကို မှန်မှန်စားရတယ်။



ညဆိုလည်း မည်သူ့ကိုမျှ ထိတ်လန့်ကြောက်ရွံ့စရာမလိုဘဲ၊ ဘယ်အဖွဲ့အစည်းကမှလည်း လာခေါ်စရာမလိုတော့ အိပ်ရေးဝဝ အိပ်နိုင်ခဲ့ကြတယ်။ ထောင်ထဲမှာက အထာသိဖို့ပဲ လိုတယ်။ ကိုယ်လိုသူလို ဘဝတူအချင်းချင်းက အုပ်ချုပ်မင်းမူနေကြတော့ တစ်ဦးနှင့်တစ်ဦး အမျက်မာန်စောင် နေစရာမလိုဘဲ အထာနားလည်သဘောပေါက်ဖို့ပဲ လိုပါတယ်။

ထောင်ထဲမှာ ခိုက်ရန်ဖြစ်ပွားမှုဆိုတာ ရှိတော့ရှိတယ်ရှားတယ်။ ဖြစ်လာခဲ့ရင်လည်း ထောင်ဥပဒေစည်းကမ်းကို ချိုးဖောက်ခဲ့ကြတာဖြစ်လို့ ထောင်အပြင် တန်းဆိုတဲ့ စည်းကမ်းအတိုင်း တိုက်ထဲအပို့ခံရမှာက ဧကန်မုချမလွဲ။

အဲဒီလို ထောင်လောကရဲ့ နေရာအခင်းအကျင်းတွေကို သိထားသူတွေက ထောင်ဆိုတာ ကြောက်စရာ မဟုတ်မှန်း၊ ရွံ့စရာမဟုတ်မှန်း နားလည်သဘောပေါက်တယ်။ အပြင်လောကနေရတုန်း အမှုတစ်ခုဖြစ်ပွားလာပြီး ထောင်ထဲရောက်လာပြီဆိုသည်နှင့်တပြိုင်နက် မိမိတို့ ဘော်ဒါဘော်ကျွတ်ခြင်း စောင်မကြည့်ရှုကြတာများပါတယ်။

ပထမဆုံးဝင်ရတဲ့ ပုံစံခန်းထဲမှာပဲ အထာသဘောပြသည့် အနေဖြင့် ဟန်မပျက်ပုံစံ ဝင်ထိုင်တယ်။ ထောင်ပိုင်လူသစ် ကြည့်ပြီးပြီဆိုသည်နှင့် မိမိကို လေဘာချလိုက်သည့် နေရာကို ဟန်ပြ တစ်ရက်နှစ်ရက်အဝင်ပြပြီး ခြေရာဖျောက်လစ်ကြတာ များတယ်။

တကယ်တော့ ထောင်

www.burmeseclassic.com

www.burmeseclassic.com



ကျ အချင်းချင်းကို အကာအကွယ် ပေးနေကြတာက အိပ်ဆောင် တန်းစီးတွေပဲ။ သူတို့နှင့် အဆင်ပြေလျှင် ပြေသလို၊ မပြေလျှင် မပြေသလို ပြဿနာရှာပြီး မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် လမ်းစဉ်ကို ခင်းကျင်းကြတယ်။

ထောင်အာဏာပိုင်တွေဆိုတာကလည်း အောက်ခြေအထိ အူမချေးခါးမကျန် စေ့စေ့စပ်စပ် လိုက်မကြည့်နိုင်တော့ တန်းစီးကိုပဲ အနီးကပ်ကြီးကြပ် အုပ်ချုပ်စီမံခိုင်းကြတာများတယ်။ ဒီတော့ထောင်ထဲမှာ တန်းစီးရဲ့ ပါဝါအာဏာ မြင့်တက်လာခဲ့တာပေါ့။

အိပ်ဆောင်မှူးဆိုတာကလည်း အိပ်ဆောင်ကြီး တစ်ဆောင်လုံးကို ပိုင်စိုးနေရသူဖြစ်တယ်။ မိမိလက်အောက်မှာ ခန့်ထားစရာ အလုပ်နေရာတွေက အများကြီးရှိတယ်။ ဘာယာ တန်းစီးကအစ မိလ္လာ၊ ရေကန်၊ တောင်ယာ၊ ထမင်းဘုတ်ကိုင်၊ စည်းကမ်းထိန်းသိမ်းရေး အိပ်ဆောင် သန့်ရှင်းရေးစသည့် အလုပ်နေရာများမှာ မိမိနှစ်သက်သဘောကျသူကို ခန့်ထားပိုင်ခွင့်ရှိတယ်။

ထိုသို့ လုပ်ငန်းအားလုံးကို ထိန်းချုပ်နိုင်ဖို့ အိပ်ဆောင်တန်းစီးဖြစ်သူရဲ့ အရည်အချင်းပေါ်မူတည်နေတာမို့ တန်းစီးကို ချုပ်ကိုင်တတ်ဖို့ပဲ လိုအပ်ပါတယ်။ အိပ်ဆောင်မှူး တစ်ယောက်အနေနဲ့ မိမိတာဝန်ယူအုပ်ချုပ်နေရတဲ့ အိပ်ဆောင်ကြီးထဲမှာ ပြဿနာ မဖြစ်ပွားအောင် ထိန်းသိမ်းစီမံ ကွပ်ကဲနိုင်ဖို့က အဓိက တာဝန်ပဲဖြစ်တယ်။

× × ×

ဒီနေရာမှာ အခန်းစာရေး တစ်ယောက်ရဲ့ လုပ်ပိုင်ခွင့် တာဝန်ကို တင်ပြလိုပါတယ်။ အခန်းစာရေး တစ်ယောက်ရဲ့ အဓိကတာဝန်ကတော့ မိမိအခန်းထဲမှာရှိနေသော လူပေါင်းစာရင်းကို တိတိကျကျ မှန်မှန်ကန်ကန် စာရင်းပြုစုထားနိုင်ဖို့ပါပဲ။

သက်ဆိုင်ရာက အရေးပေါ် အခြေအနေဖြစ်ပေါ်လာသည့်အခါ မိမိအခန်းထဲရှိ လူစာရင်းအတိုင်း မှန်မှန်ကန်ကန် ရှိမရှိ စစ်ဆေးထားရတယ်။ ထောင်ကို ဖောက်ပြေးပြီဆိုသည်နှင့် မည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးသိရှိနိုင်ရန် ကိုယ့်အခန်းထဲရှိ အကျဉ်းသားများကို တစ်ဦးချင်းစီ နာမည်ခေါ်ပြီး (Roll Call) ပြီး ချက်ချင်း စစ်ဆေးရပါတယ်။

ဒီစာရင်းထဲက တစ်ယောက်ယောက် လျော့နည်းနေလျှင်သော်လည်းကောင်း ပျောက်ဆုံးနေလျှင်သော်လည်းကောင်း ချက်ချင်း အခန်းလူကြီးကို သတင်းပို့ရတယ်။ တစ်ဖန် အခန်းလူကြီးမှ တစ်ဆင့် အိပ်ဆောင်ညဘက် - တာဝန်ကျဝန်ထမ်းထံ ဆက်ပြီးသတင်းပို့ရတယ်။


ဒီလို အုပ်ချုပ်ရေးပိုင်းမှာ ရေပက်မဝင်အောင် စည်းစနစ်ကျနစွာ သူ့နေရာနှင့်သူလူဦးရေစာရင်းကို ထိန်းချုပ်ထားနိုင်တယ်။ ညနေထောင်ပိတ်ချိန်မှာ သော်

**အခန်းစာရေးတစ်ယောက်ရဲ့ အဓိက တာဝန်ကတော့ မိမိအခန်းထဲမှာ ရှိနေသော လူပေါင်းစာရင်းကို တိတိကျကျ မှန်မှန်ကန်ကန် စာရင်းပြုစုထားနိုင်ဖို့ ပါပဲ။**

www.burmeseclassic.com

www.burmeseclassic.com





လည်းကောင်း၊ နံနက် ထောင်ဖွင့်ချိန်မှာသော်လည်းကောင်း လူတစ်ယောက် ပျောက်ဆုံးနေသဖြင့် ထောင်ပိတ်မရခြင်း၊ ထောင်ဖွင့်မရနိုင်ခြင်း ဖြစ်ပေါ်လာပါက သက်ဆိုင်ရာမှ ချက်ချင်းသိနိုင်အောင် အခန်းစာရေးများ၏ မှတ်တမ်းပြုစုထားသည့် လူဦးရေစာရင်းမှ ပျောက်ဆုံးနေသူကို အတိအကျ ဖော်ပြနိုင်ပါတယ်။

ဒါကြောင့် မရှိမဖြစ်တဲ့ အခန်းစာရေး မောင်ဘအေးရယ်လို့ ခေါ်ရမှာပါ။ ရပ်ကွက်ထဲမှာလို ညွှန့်စာရင်းမတိုင်ဘဲ လူတစ်ယောက်ရောက်ရှိနေသည်ကို သက်ဆိုင်ရာက ချက်ချင်းမသိနိုင်ပေမယ့် ထောင်ထဲမှာတော့ မိမိအခန်းထဲကို တစ်ခြားအခန်းမှ အကျဉ်းသားတစ်ဦးလာရောက်ပြောင်းရွှေ့နေထိုင်သည်ကို ချက်ချင်းသိနိုင်ပါတယ်။

အဲဒီလို အခန်းစာရေးတစ်ယောက်ရဲ့ အခန်းကဏ္ဍကလည်း ထောင်ထဲမှာတော့ အရေးပါအရာရောက်သူ ဖြစ်ပါတယ်။ အခန်းစာရေးကောင်းလျှင် ကောင်းသလို၊ မိမိအိပ်ခန်းထဲမှာရှိတဲ့ အကျဉ်းသား၊ အချုပ်သားများ၏ ကိုယ်ရေးရာဇဝင်ကို လယ်ဂျာစာအုပ်မှာ တိတိကျကျ မှတ်တမ်းတင်ထားလေ့ရှိပါတယ်။

တစ်ခါတစ်ရံ ထောင်ဖောက်မှု ဖြစ်ပေါ်လာပြီဆိုသည်နှင့် အိပ်ဆောင်ထဲမှ ပျောက်ဆုံးသွားသူကို သက်ဆိုင်ရာ အိပ်ဆောင်ထဲရှိ အခန်းများထဲမှ အခန်းစာရေးများ မှတ်တမ်းတင်ထားတဲ့ စာရင်းဇယားများမှ ချက်ချင်း ဖော်ထုတ်ပေးနိုင်ပါတယ်။

ဒါကြောင့်လည်း ထောင်တာဝန်ခံအရာရှိမှအစ အိပ်ဆောင်မှူး ထောင်မှူးများသည် အခန်းစာရေးများကို အဓိကထားအားကိုးနေကြရတယ်။ အခန်းတိုင်းမှာ အခန်းစာရေးတစ်ဦးချင်းစီခန့်ထားတာကြောင့် အပ်ကျတာကအစအားလုံးကို သိနေနိုင်တာကအခန်းစာရေးပါပဲ။

တစ်ဖန်နိုင်ငံတော် စီမံကိန်းဝင်လုပ်ငန်းကြီးများကို ပါဝင်လုပ်အားပေးနိုင်ဖို့ ရဲဘက်အင်အားရွေးထုတ်သည့်အခါမှာလည်း စာရင်းဇယားပါ အကျဉ်းသားတစ်ဦး ပျောက်ဆုံးလိုအပ်နေလျှင် အိပ်ဆောင်အလိုက်အခန်းစာရေးများ၏ စာရင်းဇယားအရ လွတ်၊ ပြောင်း၊ ပြေး၊ သေစာရင်းကို အတိအကျ ဖော်ထုတ်ပေးနိုင်ပါတယ်။

× × ×

အဲဒီလို အိပ်ဆောင်ကြီးထဲက အိပ်ဆောင်အခန်းအသီးသီးမှာရှိနေသော အခန်းစာရေးများအနက် အခန်းစာရေးဘအေး

www.burmeseclassic.com

www.burmeseclassic.com



၏ အကြောင်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။

တကယ်တော့ဘအေး ဆိုတာ ဖြစ်မှုမဖြစ်ပွားလာခင် အချိန်က အပြင်လောကမှာ ဌာန ဆိုင်ရာများမှ ပစ္စည်းပါမစ် ထုတ် ပြီး ပါမစ်အရောင်းအဝယ်လုပ်စား တဲ့ လမ်းလျှောက်ပွဲစားတစ်ဦးဖြစ် ပါတယ်။

လူက ဥပဓိရုပ်ကောင်း ပြီး စမတ်ကျကျဝတ်စားဆင်ယင် ထားသည်မှာ ဘအေးရဲ့ ပင်ကိုယ် စတိုင်လ် ဖြစ်ပါတယ်။ စတိုင်ရှိမှ စတားဖြစ်တယ်ဆိုတဲ့ စကားလို ပါပဲ အာဝဇ္ဇန်းကောင်းကောင်းနဲ့ ပုတ်သင်ညို ခေါင်းညိတ်ချင်လာ အောင် ပြောတတ်ဆိုတတ်တာက လည်း ဘအေးရဲ့ ပင်ကိုယ်စရိုက် ဖြစ်ပါတယ်။

တစ်ဖန် လူအထင်ကြီး အောင် စတိုင်ကျကျ ဝတ်စား ထားသည့် ဘအေးဟန်ပန်က လည် ကတုံးအင်္ကျီအပေါ်မှာ တိုက်ပုံအင်္ကျီအဖြူကို ထပ်ဝတ် ထားပြီး အောက်ပိုင်းက ရခိုင် လုံခြည်ကို ဝတ်ဆင်ထားသဖြင့် တော်ရုံတန်ရုံ မြင်လိုက်ရရုံဖြင့် အရာရှိလားဟု ထင်မှတ်မှားချင် စရာပါ။

ဒီလို ဝတ်စားဆင်ယင် ထားမှုလည်း တစ်ဘက်လူက အထင်ကြီး လေးစားနိုင်မှာဖြစ် တယ်။ ဟန်ပန်အမူအယာက လည်း ဝတ်စားထားသည်နှင့်အညီ ၄င်နှင့် မောင်းနှင့်ဂိုက်ဆိုက်ကိုက စပ်ိုင်ကျနေသူပါ။

**ထောင်ဖောက်မှုဖြစ်ပြီ ဆိုသည်နှင့် အိပ်ဆောင် ထဲမှ ပျောက်ဆုံးသွားသူကို အခန်းစာရေးများ မှတ်တမ်း တင်ထားတဲ့ စာရင်းဇယား များမှ ချက်ချင်းဖော်ထုတ် ပေးနိုင်ပါတယ်။**

ဟိုတုန်းက ကုန်သွယ် ရေး တစ်ခေတ်ခေတ်စားချိန်မှာ ဘအေးတို့လို ပါမစ်ပွဲစားတွေ အတွက် လုပ်ငန်းခွင်ကောင်းစား နေချိန် ဖြစ်တယ်။ ဌာနဆိုင်ရာ တွေက ပါမစ်တွေကို အောက် ဈေးနှင့်ဝယ်ပြီး တစ်ဆင့်ခံပြန် ရောင်းစားကြတာ များတယ်။ လူပုံပန်းသဏ္ဌာန်က အူတူတူ၊ အတတပုံပေါက်နေလျှင် ဘအေး ၏ ဆင်ကွက်ထဲ တန်းဝင်သွားပြီး ကျောကော့အောင် တန်းခနဲခံရ တော့တာပဲ။

ဘအေးက ပစ္စည်းထုတ် ရမယ့် ပါမစ်ကို ခပ်တည်တည် ထုတ်ပြပြီး လိုအပ်သည့် အရေ အတွက်နှင့် သင့်ငွေဈေးနှုန်းတွေ ကို ပါမစ်ပေါ်မှာပြပြီး သက်ဆိုင် ရာဌာန အကြီးအကဲလက်မှတ်ပါ ထိုးထားတော့ တော်ရုံတန်ရုံလူ မယုံမရှိဘဲ နေပါ့မလား။

အားလုံး စစ်ဆေးပြီးသွား လို့ လက်ခံပြီဆိုတော့မှ ပြေစာပေါ် က စုစုပေါင်းသင့်ငွေကို ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



လိုချင်သူက ယုံကြည်စိတ်ချပြီး ငွေထုတ်ပေးတော့တယ်။ နောက် သက်ဆိုင်ရာ ငွေလက်ခံဌာနမှာ ပစ္စည်းတန်ဖိုးကျသင့်ငွေကို သွား သွင်းရမည်ဆိုပြီးတော့ ငွေထုတ် ပေးသူကို ရုံးရှေ့ကလက်ဖက်ရည် ဆိုင်မှာ စိတ်ချလက်ချ ထိုင်စောင့် ခိုင်းတယ်။

ဒီတော့ ပစ္စည်းလိုချင် သူကလည်း မိမိထံမှ ပစ္စည်း တန်ဖိုးကို ယူပြီး ခပ်တည်တည်နဲ့ ရုံးကြီးထဲကို စာရွက်စာတမ်းတွေ ကိုင်လို့ ဝင်ရောက်သွားခဲ့တာဆို တော့ လိမ်ညာစရာအကြောင်း မရှိဘူးလို့ မှတ်ထင်ယုံကြည်ပြီး ထိုင်စောင့်နေခဲ့တယ်။

ကြာသင့်သည်ထက် အချိန်ကြာမြင့်လာချိန်မှာတော့ မယုံမရဲစိတ်နှင့် ရုံးကြီးထဲကိုဝင် လိုက်ရှာဖွေချိန်မှာ ပွဲစားဘအေး ကတော့ ဝီစကီနှင့်ဘဲကင်မြည်း လို့ ဇိမ်ကျနေလောက်ပြီ။

မိမိရှေ့မှောက်မှာ ရုံးထဲ ကို ခပ်တည်တည် ဝင်သွားသည် ကို မြင်ပါလျက် ရုံးထဲရောက်မှ ကြက်ပျောက်ငှက်ပျောက် ပျောက် သွားသည်ဆိုတော့ မယုံနိုင်စရာ ဖြစ်နေတယ်။ ရုံးထဲမှာရှိတဲ့ အထပ်ထပ်အခန်းများမှာ လိုက်လံ ရှာဖွေပေမယ့်လည်း ကိုယ်ပျောက် စောရလို့ပဲ ပျောက်ခြင်းမလှ ပျောက်သွားမှပဲ ခံရပြီမှန်း သိသွားခဲ့တယ်။

အဲဒီလို ပွဲစားဘအေး တစ်ယောက် ပါမစ်အစစ်တွေကို ဌာနဆိုင်ရာမှာ ခပ်တည်တည် လျှောက်ထားပြီး ရလာတဲ့ပါမစ် တွေနဲ့ ပစ္စည်းထုတ်ပေးဟန် ဆောင်ပြီး လစ်ပြေးသွားခဲ့တဲ့ အကြိမ်ပေါင်း မနည်းတော့ပါဘူး။

ယခုလို ဘအေးတစ် ယောက် ရုံးဌာနကြီးထဲကို ခပ် တည်တည် ဝင်သွားပြီးဘယ် အပေါက်ကနေ ဘယ်လို လစ် ထွက်သွားနိုင်မယ်ဆိုတာ ဓာတ်သိ ချင်းမှပဲ သိနိုင်မှာဖြစ်တယ်။ အပြင်လူစိမ်းများ အနေဖြင့် ဒီလို ဝင်ပေါက်ထွက်ပေါက် ရှိနေမယ် ဆိုတာ မည်သူမှ မသိနိုင်ပါဘူး။ ဒီလိုလုပ်စားလို့ရအောင်လည်း ဘအေးတို့လို လူလိမ်ပွဲစားတွေက ရုံးထဲနှံ့နှံ့စပ်စပ် လေ့လာထားလို့ ပါပဲ။


အဲဒါကတော့ ရန်ကုန် မြို့ထဲက ရုံးကြီးတချို့မှာ ဒီဘက် အပေါက်ကဝင်သွားလို့ နောက် ဘက်ကလမ်းကို ဒိုးယိုပေါက် ထွက်သွားနိုင်သည့် ရုံးအတက် အဆင်း လှေကားများရှိနေပါ တယ်။ ဒီလိုဖြတ်လမ်းမျိုးကို



www.burmeseclassic.com

www.burmeseclassic.com





အပြင်တစ်စိမ်း တစ်ယောက်အနေနဲ့ မရောက်ဘူးလျှင် ဘယ်လိုမှ မသိနိုင်ပါဘူး။ ဘအေးတို့လို စားနေကြ ကြောင်ဖားလို့ခေါ်တဲ့ ဖိုးတွမ်တီးများသာ ဝင်လမ်းထွက်လမ်း လေ့လာထားလို့ သိနေခဲ့ကြတာပါ။

နောက်ဆုံးမှာတော့ လည်လွန်းတဲ့ဘီး ချေးသင့်တယ် ဆိုရမလားပဲ။ ပွဲစားဘအေးတစ်ယောက် မည်သို့ပင် ဟန်ကောင်းမာန်ကောင်း စတိုင်ကျကျဟန်ကိုယ့်ဖို့ ဝတ်စားထားပေမယ့် ခံရသူတွေဘက်ကလည်း တနင့်တပိုးကြီး နစ်နာဆုံးရှုံးငွေကုန်သွားခဲ့တဲ့ ဖြစ်စဉ်တွေ များလာပါတယ်။

ဒီလိုမျိုး ဆုံးရှုံးမှုတွေများလာသည့်အခါ ““ပျံလေတဲ့ ငှက်ခါးနားမှသိ”” ဆိုတဲ့ စကားပုံလိုပဲ မိမိတို့လို တခြားမသိနားမလည်သူတွေ မခံရလေအောင် ကိုယ်ချင်းစာစိတ်မွေးပြီး သက်ဆိုင်ရာနှင့်ပေါင်းလို့ ထောင်ချောက်ဆင် ဖမ်းဆီးခဲ့ချိန်မှာတော့ ပွဲစားဘအေးခမြာ ချည်ပြီးတုပ်ပြီး လက်ပူးလက်ကြပ် မိသွားရှာတယ်။

အလိမ်ခံထားရသူတွေရဲ့စခန်းမှာ တိုင်ချက်ဖွင့်ထားခဲ့တဲ့ အမှုပေါင်းက တစ်သီတစ်တန်းကြီး ရှိနေတယ်။ နောက်ဆုံး သက်ဆိုင်ရာ ရဲစခန်းများကနေ ကွင်းဆက် ဖော်ထုတ်ပြီး ရုံးတင် တရားစွဲဆိုခဲ့ကြတယ်။ ယင်းသို့ သူတစ်ပါးအပေါ် လိမ်ညာကွယ်ဝှက်ပြီး တစ်ပတ်ရိုက်သွားခဲ့ခြင်းကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၂၀) အမှုများအတွက် စုစုပေါင်း ထောင်ဒဏ် (၁၀) နှစ်ကို တစ်ပေါင်းတည်း ကျခံသွားခဲ့ရတော့တယ်။

ဒါကြောင့် ပြင်ပလောကမှာ သူများ မျက်ခုံးမွှေးပေါ် စကြံလျှောက်လာခဲ့တဲ့ ပွဲစားဘအေး တစ်ယောက် ထောင်ထဲကို ရောက်လာပြန်တော့လည်း ဘယ်လိုမျိုးများ လေလုံးထွားပြပြီး ဟန်ပန်စရိုက်တွေနဲ့ ဂိုက်ဆိုက်ဖမ်းလာလည်းဆိုတာကို မသိနိုင်ပေမယ့် လောလောဆယ်မှာတော့ အခန်းစာရေးဘအေးဆိုတဲ့ ဂုဏ်ပုဒ်ကို ပိုင်ဆိုင်ထားတယ်။

တကယ်တန်း ဆန်းစစ်ကြည့်တော့လည်း ထောင်ဆိုသည့် နေရာ ပုရပုဏ်ထဲမှာ ပြဿနာအမျိုးမျိုး၊ လူမျိုးမျိုးကို ဆက်ဆံပေါင်းသင်းနေရသော နေရာဌာနဖြစ်နေတော့ အပြင်လောကမှာ ရွှေထီးဆောင်းလာခဲ့ပေမယ့် ထောင်ထဲကို ရောက်လာပြီဆိုသည်နှင့် ““ပုံစံ”” ဆိုသော အကျဉ်းထောင်စည်းကမ်း ဥပဒေများနှင့်အညီ နေထိုင်ကျင့်ကြံသွားရမှာ မလွဲဧကန် ဖြစ်ပေတော့သည်။

**စိုးဝေ**

www.burmeseclassic.com

www.burmeseclassic.com





# သေနတ်ဒဏ်ရာ

သေနတ်ဒဏ်ရာဆိုသည်မှာ သေနတ်လက်နက်တစ်စုံတစ်ရာမှပစ်လွှတ်သောကျည်ဆံကြောင့် ဒဏ်ရာအနာတရရရှိခြင်းဖြစ်သည်။ ထိုဒဏ်ရာအမျိုးအစားသည် စုတ်ပြတ်ဒဏ်ရာနှင့်ခပ်ဆင်ဆင်တူသော်လည်း သေနတ်ကျည်ဆံ၏အမျိုးအစား ပုံသဏ္ဍာန်နှင့်အလျင်ကိုလိုက်၍ ကွဲပြားခြားနားတတ်သည်။ ထို့ပြင် ၄င်းဒဏ်ရာသည် သေနတ်ပစ်သည့်အကွာအဝေး၊လူ့ကိုယ်ကိုထိမှန်သည့်အနေအထား၊ ကျည်ဆံ၏အလျင်တို့ပေါ်တွင်မူတည်၍လည်း အမျိုးမျိုးပေါ်ပေါက်လေ့ရှိ၏။

ထို့ကြောင့် သေနတ်ဒဏ်ရာကိုစစ်ဆေးကြည့်ရှုရာတွင်အောက်ပါအချက်များအထူးသတိပြု၍ လေ့လာစစ်ဆေးရန်လိုပေသည်။

* အသုံးပြုသော သေနတ်အမျိုးအစား၊
* အသုံးပြုသောကျည်ဆံ၊
* အပစ်ခံရသူ၏ ကိုယ်ပေါ်တွင်တွေ့ရှိရသော ဒဏ်ရာ အနေအထား

စသည်တို့အပေါ်တွင်မူတည်၍ သေနတ်ပါရဂူများ အနေနှင့် မည်သည့်အချိန် မည်သည့်အကွာအဝေး မည်သည့်နေရာဒေသမှပစ်ကြောင်း စသည်တို့ကို ခန့်မှန်းတွက်ဆနိုင်သည်။ မှုခင်းဘက်ဆိုင်ရာ ဆရာဝန်အနေနှင့်မူ မည်သည့်ဒဏ်ရာကြောင့်သေဆုံးရကြောင်းကို ခန့်မှန်းနိုင်မည်ဖြစ်သည်။

အခင်းဖြစ်နေရာဒေသ၏ပတ်ဝန်းကျင်ကိုလေ့လာခြင်းဖြင့်လည်း သေနတ်ပစ်ခြင်းသည်…

* မတော်တဆလော၊
* ကိုယ့်ကိုယ်ကို ပစ်ခြင်းလော၊
* သူတပါးက ပစ်ခြင်းလော၊

စသည်တို့ကိုခန့်မှန်းနိုင်မည်ဖြစ်သည်။

( မှုခင်းဆေးပညာ )

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တရားခံ ရှာရခက်နေသော
ဖေါက်ထွင်းမှုတစ်ခု..
သူတောင်းစား၊ လမ်းဘေးအိပ်
အခြေအနေမဲ့.. ဟန်ဆောင်
အသွင်များ ယူကာ ရဲတပ်ဖွဲ့၏
စုံစမ်းဖေါ်ထုတ်မှု



# ပန်းဝင်သွားသော ဘူကောင်များ

ဝင်းဘောင် ရဗဥ်းသင်း

www.burmeseclassic.com

www.burmeseclassic.com



"စခန်းမှူး ဖောက်ထွင်းမှု လာတိုင်ပါတယ်"

"ဗျာ … ဖောက်ထွင်းမှု ဟုတ်လား"

"ဘယ်နေ့ … ဘယ်အချိန် … ဘယ်နေရာမှာ ဖောက်ထွင်းခံရတာလဲ"

"တောက် … ဒုစရိုက်နှိမ်နင်းရေး အလေးထား ဆောင်ရွက်နေတဲ့ကြားက ဖောက်ထွင်းမှုများဖြစ်ရတယ်လို့"

ဂါတ်စာရေးကြီးထံမှ ဖောက်ထွင်းမှုဟု အသံကြားလိုက်တာနှင့် စခန်းမှူးဒေါ်ပွပြီး တောက်တစ်ချက်ပြင်းပြင်းခတ်ကာ ရဲတပ်ဖွဲ့ဝင်များ၏ သံစဉ်အတိုင်း စခန်းမှူးနှုတ်က ဘ (၆) လုံး ဆိုင်းမဆင့် ဗုံမဆင့် လေးညှို့က လွှတ်လိုက်သော မြားခ၏ လျင်မြန်မှုနှုန်းအတိုင်း မေးခွန်းများ ဆက်တိုက်ထွက်လာသည်။

ဖောက်ထွင်းမှုသည် ရဲတပ်ဖွဲ့ဝင်များအတွက် နာမည်ပျက်အရှက်ရစရာ တစ်ပါးသူတို့၏ ကဲ့ရဲ့ပြစ်တင်စရာ အမှုမျိုးဖြစ်ပြီး အမှုကြီး (၆) မျိုးစာရင်းဝင်ဖြစ်သလို အထူးအမှုကြီး (၁၀) မျိုးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ တချို့ အားမနာပ ပြောရမှ ကျေနပ်သူများအတွက် ပြောအားတက်ကာ ရဲတွေ ဘာလုပ်နေလဲ အိမ်တစ်အိမ်ကို စိမ်ပြေနပြေ ဖောက်တာတောင် ရဲတွေက မသိဘူးဆိုတော့ ဒီရဲတွေ မြို့ကြီးပြကြီးနဲ့ မတန်ဘူး တောသွားနေသင့်တယ် စသဖြင့် ပြစ်တင်ရှုံ့ချတတ်ကြသည်။

ဖောက်ထွင်းမှုဖြစ်ရင် တရားခံ ချက်ချင်းမိတယ်ဆိုရင်တော်သေး၊ မမိလို့ကတော့ တစ်မှုက နှစ်မှုဆို စခန်းမှူးနဲ့ နယ်ထိန်းတောရောက်ပြီမှတ်။ မြို့နယ်မှူးကတော့ ဖြေရှင်းချက် တောင်းနေခံရမယ်။ ဆင့်ကဲ ဆင့်ကဲ ဒုစရိုက်မှု မြို့နယ်ထဲမှာ ဖြစ်နေရင်တော့ မြို့နယ်မှူးလည်း အိပ်ရာသာပြင်ထား၊ တောင်တက် အားကစားနည်းလည်း သင်ထားပေတော့တဲ့"

"အချင်းဖြစ် အရပ်ဘယ်နေရာလဲ စာရေးကြီး"

"အမှတ် (၁၀၀) လမ်းဖို့မြေရပ်ကွက်မှာ ဖြစ်တာပါမြို့နယ်မှူး။ အချင်းဖြစ်ချိန်က အိမ်မှာ လူတစ်ယောက်မှမရှိလို့ ဘယ်နေ့ဘယ်အချိန်မှာ ဖောက်ထွင်းခံရတယ်ဆိုတာ၊ ဘာပစ္စည်းတွေ ပါသွားလဲဆိုတာ မသိဘူးတဲ့"

"တရားလိုနဲ့ ကျွန်တော်တွေ့ချင်တယ် စာရေးကြီး"

ချက်ချင်းဆိုသလိုပင် စခန်းတွင် အသင့်ရှိနေသော ဦးလှဝင်းအား စာရေးကြီးသည်

သကြံန်ကာလအတွင်းက ဖောက်ထွင်းမှု ဖြစ်ခဲ့တယ်။ တရားလိုက အချင်းဖြစ်ချိန်ထက် အရက်နှစ်ဆယ်ကျော်ကြာတဲ့ ဒီနေ့မှ လာတိုင်တယ်။ အလွန်နောက်ကျတယ်လို့ ပြောနိုင်ပေမဲ့….

www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးနှင့် တွေ့ပေးလိုက်သည်။

"ဒီကနောင်ကြီး အမည်က ဦးလှဝင်းနော်။ အိမ်မှာ လူတစ်ယောက်မှမရှိချိန် အိမ်ဖောက်ထွင်းခံရတယ်ဆိုတော့ နောင်ကြီးတို့ အိမ်သားတွေ ဘယ်သွားနေလို့လဲဆိုတာ ကျွန်တော်ကို ပြောပြပါလား"

"၁၃.၄.၈၇ နေ့က မိသားစုအားလုံး ကျွန်တော့် ဇာတိစစ်ကိုင်းကို ခဏပြန်ကြပါတယ်။ ကျွန်တော်တို့က လင်မယား နှစ်ဦးလုံး စစ်ကိုင်းသားတွေပါ။ သကြံန်ကာလဆို ဇာတိမြေကို ပြန်နေကြပါ။ ၁၇.၄.၈၇ နေ့မှာတော့ စစ်ကိုင်းက ရန်ကုန်ကို အားလုံးပြန်ဖို့ပဲ ဇနီးသည်က နှလုံးရောဂါသမား၊ နည်းနည်း နေမကောင်းဖြစ်နေတယ်။ ဒါကြောင့် ဇနီးသည်ရယ် သားနဲ့သမီးရယ်ကို စစ်ကိုင်းမှာထားခဲ့ပြီး ကျွန်တော်ပဲ ရန်ကုန်ပြန်လာပါတယ်။ ရုံးဖွင့်ရက် ရုံးအမီ ပြန်တက်ရမယ်လေ" (ဟိုစဉ်က ယခုကဲ့သို့ အားလပ်ရက်ရှည် မရှိပါ)

"ဟုတ်ကဲ့ ဆက်ပြောပါခင်ဗျာ"

"ကျွန်တော်အိမ်တွင်းဝင်မိတော့ အိမ်တွင်းအနေအထားက ပွရှုပ်နေပြီး စားပွဲအံဆွဲတွေ သေတ္တာတွေ အကုန်ပွင့်နေတယ်။ မီးဖိုထဲက စားအိုးစားခွက်တွေက အစ ပြန့်ကျဲနေတယ်။ နောက်ဖေးတံခါးကို ကလန့်ဖွင့်ထားတဲ့ အနေအထားတွေ့တယ်"

"ဒါနဲ့ နောင်ကြီး စစ်ကိုင်းက ရန်ကုန်ကို ဘာနဲ့လာခဲ့တာလဲ"

"မန္တလေးက အမြန်ရထားစီးပြီး ၁၈.၄.၈၇ နေ့ နံနက် (၆) နာရီ ရန်ကုန်ရောက်ပါတယ်"

"နောင်ကြီးမန္တလေးက ရန်ကုန်ကို ၁၈ ရက်နေ့ပြန်ရောက် ရောက်ချင်း အိမ်အခြေအနေသိပြီး ဘာလို့ အဲဒီအချိန်က မတိုင်ဘဲ ခုလို ရက် ၂၀ ကျော် ကွာပြီးမှ တိုင်ရတာလဲဗျာ"

"ဩော်ဒါက ဒီလိုပါ။ အမျိုးသမီးက နှလုံးရောဂါအခံရှိတယ်ဗျ။ ရုတ်တရက် အိမ်ဖောက်ခံရတယ်ဆိုတာသိပြီး စိတ်လှုပ်ရှားလိုက်ရင် အမျိုးသမီး ပြဿနာတစ်ခုခု ဖြစ်နိုင်တယ်ဗျာ။ နောက်ပြီး ပါသွားတဲ့ ပစ္စည်းစာရင်း အတိအကျလည်း မသိတော့ အမျိုးသမီးပြန်အလာ စောင့်နေရလို့ တိုင်တာနောက်ကျသွားတာပါ"

"ဟုတ်တာပေါ့လေ ဘုမသိ ဘမသိ ရုတ်တရက်ကြား လိုက်သိလိုက်ရင် ပူပင်သောကတွေ



ငယ်ထိပ်ရောက်ပြီး မမျှော်လင့်ဘဲ အသက်အန္တရာယ် ရှိနိုင်ပါတယ်။ နောက်ပြီး ဆုံးဖြတ်တာ မှန်ပါတယ်။ ဖြစ်ဖြစ်ချင်းတိုင်တာ အကျိုးသက်ရောက်မှု ကောင်းပေမယ့်လည်း ခုမှလာတိုင်တာကိုလည်း ကျွန်တော်တို့တာဝန်က အမှုမှန် အမြန်ပေါ်ပြီး တရားခံရမိအောင်နဲ့ ပျောက်ဆုံးသွားတဲ့ ပစ္စည်းတွေ ပြန်ရအောင် ဆောင်ရွက်ရမယ့် တာဝန်ရှိပါတယ်။ အမြန်ဆုံး ထူးခြားအောင် ဆောင်ရွက်ပေးပါ့မယ်။ နောင်ကြီးဘက်က ထူးခြားတာ ရှိရင်လည်း ကျွန်တော့်တို့ကို သတင်းပေးပါနော်"

စခန်းမှူးသည် အတော်စကားပြောကောင်းသည်။ တရားလိုအား ခင်ဗျားဖြစ်ဖြစ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



မတိုင်တော့ အမှုဖော်ထုတ်ဖို့ ခက်တာပေါ့ဟု အပြစ်ဖို့ရမယ့် အစား အပြစ်မဖို့တဲ့အပြင် အမြန် ဖော်ထုတ်ပေးမယ်လို့ ကတိပေး လိုက်သေးသည်။ တကယ်ဆို သေခါနီး အသက်ငင်နေမှ ဆေးဆရာ လာပင့်တဲ့ သဘောဖြစ်သည့် အတွက် ဒီအမှုသည် သူ့စခန်း အတွက် အမှုကြွေးတင်ရန်သာ ရှိသည်ကို မသိတာမဟုတ်ပါ။ သူ့စိတ်ရင်းက တစ်ဖက်လူ အားနည်းချက်ကို မနင်းလိုခြင်း သာ ဖြစ်သည်။

× × ×

“စခန်းမှူး ကျွန်တော် ရောက်ပါပြီ”

“အေးကွာ ထိုင်ပါ ဆရာသီဟ”

“ရန်ကုန်တိုင်းအတွင်း မြို့နယ်အသီးသီးတွင် နယ်ထိန်း စွမ်းရည်ထက်သော နယ်ထိန်း များ လက်ချိုးရေတွက်ပါက ငါးဂဏန်းပင် ပြည့်မယ်မထင်ပါ။ အဲဒီအစွမ်းထက်သော နယ်ထိန်း အရာရှိများထဲက စွမ်းရည်အပြည့် ဆုံး တစ်ယောက်ကိုပြပါဆိုလျှင် ဒုရဲအုပ် (စခန်းမှူး) သီဟကို လက်ညှိုးညွှန်ပြရမယ် ထင်ပါ တယ်။ သူ့ကိုပေးအပ်ထားတဲ့

> ဝါရင့်ဖောက်ထွင်းသမားဆိုတာ ဘယ်ဟာကို ဖွင့်ဖွင့် ထိထိမိမိ၊ သေသေသပ်သပ်ပဲ။ ခုတော့ ဒီလိုမဟုတ်ဘူး။

တာဝန်ကို တစိုက်မတ်မတ် ထမ်း ဆောင်တယ်။ စကားနည်းတယ်။ တာဝန်အရ စကားပြောရတော့ မယ်ဆိုလျှင် သူ့ဆရာစခန်းမှူး တောင် ဆလံသရတယ်။ ဘာလို့လဲ ဆိုတော့ နယ်ထိန်းအရာရှိသီဟက ကျောက်ဆစ်ရုပ်ကိုတောင် ခေါင်း ညိတ်အောင် စကားပြောနိုင်သတဲ့ လေ။

“ဆရာသီဟ၊ တို့အပိုင် ထဲမှာ သကြံန်ကာလအတွင်းက ဖောက်ထွင်းမှု ဖြစ်ခဲ့တယ်။ တရားလိုက အချင်းဖြစ်ချိန်ထက် အရက်နှစ်ဆယ်ကျော်ကွာတဲ့ ဒီနေ့မှ လာတိုင်တယ်။ အလွန်နှောက်ကျ တယ်လို့ ပြောနိုင်ပေမယ့် တရား လိုဘက်မှာလည်း မတတ်သာတဲ့ အကြောင်းရှိတယ်။ အဲဒီတော့ မင်းနဲ့ငါ မြို့နယ်ရဲတပ်ဖွဲ့မှူးကို အချင်းဖြစ်အရပ် သွားစစ်မယ့် အကြောင်း သတင်းပို့ကြစို့”

စခန်းမှူးနှင့် နယ်ထိန်း အရာရှိ သီဟသည် မြို့နယ်ရဲ တပ်ဖွဲ့ရုံးခန်းထဲဝင်ကာ အမှု အခြေအနေကို တင်ပြကြသည်။

“အချင်းဖြစ်ရပ်စစ်ဆေး ဖို့ ကျွန်တော်လိုက်မယ်။ ဒါနဲ့ မှုခင်းဓာတ်ပုံသမားခေါ်ပြီးပြီ လား”

“ဟုတ်ကဲ့မြို့နယ်မှူး၊ ဂါတ်စာရေးကြီး စားပွဲမှာရှိနေ ပါတယ်။ လိုက်ဖို့ အသင့်ပါပဲ”

ထိုနေ့က မြို့နယ်မှူး၊ စခန်းမှူး၊ နယ်ထိန်းအရာရှိတို့ အမှတ် (....) (၁၀၁) လမ်း သို့ သွားကာ အချင်းဖြစ်အရပ်ကို စစ်ဆေးဖြစ်ကြသည်။ မှုခင်း ဓာတ်ပုံဆရာကလည်း ဝင်ပေါက် ထွက်ပေါက်ချိုးဖျက်ထားသည့် တံခါး၊ သေတ္တာအံဆွဲများကို မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ပြီးတော့အိမ်ရှင်တရားလို မိသားစု ကို အားပေးနှုတ်ဆက်ပြီး စခန်း ပြန်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"နယ်ထိန်းအရာရှိ အချင်းဖြစ်နေရာ စစ်ပြီးတော့ မင်းဘယ်လိုထင်လဲ"

"ဟုတ်ကဲ့ ... ဖော်ထုတ်ဖို့ နည်းနည်းခက်မယ်ထင်တယ် မြို့နယ်မှူး"

"ဟုတ်ပြီ ဘာကြောင့်လဲကွာ"

"ဖောက်ထွင်းထားပုံက ဝါရင့်သဘာရင့်ဖောက်ထွင်းသမားတွေနဲ့ မတူဘူး။ တွေ့တဲ့ ခြံစည်းရိုး ချိုးဖဲ့ထင်းခွေတတ်တဲ့ အကြော်သည်မလင် လက်ရာအတိုင်းတွေ့ရတယ်။ ဝါရင့်ဖောက်ထွင်းသမားဆိုတာဘယ်ဟာကို ဖွင့်ဖွင့် ထိထိမိမိ၊ သေသေသပ်သပ်ပဲ။ ခုတော့ ဒီလိုမဟုတ်ဘူး။ ထုချေဆွဲဖဲ့ထားတာ သိသာပါတယ်။ ဒါကြောင့် သမားရိုးကျမဟုတ်တဲ့ ဖောက်ထွင်းမှုမို့ နည်းနည်းခက်မယ်လို့ ကျွန်တော်ပြောတာပါ။ ဒါပေမယ့် တစ်ပတ်လောက် အချိန်ပေးပါ။ ကျွန်တော့နယ်ထိန်းအဖွဲ့က ရဲတပ်ကြပ်ခင်ထွေးနဲ့ ရဲတပ်ကြပ် မောင်နီတို့နှစ်ယောက်ကို စခန်းအသင့်တာဝန်ချပါနဲ့၊ ကျွန်တော် အချိန်ပြည့်သုံးချင်ပါတယ် စခန်းမှူး"

"အေးကောင်းပြီ ဆရာသီဟ ဆက်လုပ်တော့"



နယ်ထိန်းအရာရှိ သီဟသည် မြို့နယ်မှူး၊ စခန်းမှူးတို့အား အလေးပြုကာ အပါးမှ ထွက်ခွာသွားသည်။

× × ×

"ဟာ...အဲဒါမှ ဒုက္ခပဲ"

"ဆရာ ဘာဖြစ်လို့လဲ"

"ငါပြစ်ချက်ဟောင်းမှတ်တမ်း စစ်ဆေးကြည့်တော့ ဖောက်ထွင်းမှု ပြစ်ချက်ဟောင်းရှိတဲ့လူစာရင်း မြို့နယ်အတွင်းက (၈) ယောက်၊ ပြင်ပမြို့နယ်က (၁၁) ယောက် စုစုပေါင်း (၁၉) ယောက်ရှိတယ်။ အဲဒီအထဲမှာ ဂျစ်ကြီးနဲ့ လော်ကားမောင်ဆိုတဲ့ (၂) ယောက်က သေပြီ။ လူလေးနဲ့ ဆင်ကြီးတို့ကလည်း သူတို့အသက်အရွယ်အရ ဒုစရိုက်မလုပ်သင့်တော့လို့ နောက်ဆုံးထောင်ကလွတ်တဲ့နေ့ကပဲ သူတို့ဇာတိရပ်ရွာပြန်ပြီး ကောင်းရောင်း ကောင်းဝယ် လုပ်စားနေထိုင်ကြတယ်ဆိုတာ သက်ဆိုင်ရာ ရဲစခန်းတွေကို ဆက်သွယ်မေးမြန်းကြည့်လို့ သိရတယ်"

"ဒါဆို စာရင်းအရ (၁၅) ယောက်ကျန်သေးတာပဲ"

"လူချစ်၊ ကျော်လွင်၊

www.burmeseclassic.com

www.burmeseclassic.com



အီစမ်၊ စံဒွေး၊ တင်ရွှေ ဒီကောင်တွေက တကယ့်ဒုစရိုက်သမားစစ်စစ်တွေမဟုတ်ဘူး။ အကြောင်းအပေါင်းမသင့်လို့ ဖောက်ထွင်းမှုတစ်ခုမှာ ပါဝင်ပတ်သက်ထောင်ကျခဲ့ကြတာ။ ထောက်ကလွတ်ကတည်းက ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားနေကြတယ်။ လှချစ်နဲ့ ကျော်လွင်က ညီအစ်ကို။ သူတို့ နှစ်ယောက်က ( … သစ်သီးဈေး) လက်ရှိ သစ်သီးရောင်းတယ်။ အီစမ်က တော့ သူ့အစ်မနဲ့အတူ (… ညဈေး) မှာ စမူဆာ ဘရာကျော်သုပ် ရောင်းတယ်။ စံအေးနဲ့ တင်ရွှေက တစ်ဖက်ကမ်းက (…. ဆန်စက်) မှာ အလုပ်လုပ်နေတယ်''

''ဒါဆို စာရင်းအရ (၁၀) ယောက် ကျန်သေးတယ် ဆရာ''

''အဲဒီကောင်တွေက လက်ရှိထောင်ထဲမှာ''

''အို ဘယ်လို ဖြစ်တာပါလိမ့်''

''အဲဒါကြောင့် ငါ့နှုတ်က ဒုက္ခပဲလို့ ထွက်သွားတာပေါ့ ဆရာတင်သိန်းရာ''

ပြစ်ချက်ဟောင်း မှတ်တမ်းဆိုတာက မှုခင်းဖော်ထုတ်ရာတွင် သက်ဆိုင်သူ ရဲများအတွက် အသက်တမျှ အရေးကြီးသော မှတ်တမ်းဖြစ်သည်။ ထိုမှတ်တမ်းတွင် တရားခံ အမည်၊ နေရပ်လိပ်စာ၊ မိဘအမည်၊ အသားအရောင်၊ ထင်ရှားတဲ့ အမှတ်အသား၊ သူကျူးလွန်ခဲ့သည့် ပြစ်မှု၊ ကျခံခဲ့ရသည့် ပြစ်ဒဏ်၊ ဘယ်နေ့က ဘယ်တရားစီရင်ချက်အရ ပြစ်ဒဏ်ကျသည်။ လွတ်ခဲ့လျှင် ဘယ်က နေလွတ်သည်။ သိပ်အရေးကြီးတဲ့ သူဖြစ်လျှင် တိုင်းရဲစခန်းသို့ တစ်ပတ်တစ်ကြိမ်၊ တစ်လ တစ်ကြိမ်၊ ဘယ်နေ့ ဘယ်ရက်တွင် လာရောက် လက်မှတ်ရေးထိုးစေသောစနစ်ကို အသုံးပြုကာ ပြစ်ချက်ဟောင်းရှိသူကို စောင့်ကြည့်ရသည်။

ဒုတပ်ကြပ်တင်သိန်းက နယ်ထိန်းတပ်ဖွဲ့ဝင် တစ်ယောက်ဖြစ်ပြီး နယ်ထိန်းအဖွဲ့နှင့် သက်ဆိုင်သော မှတ်ပုံတင်စာအုပ်များကို စဆုံးတိုင် တာဝန်ခံရေးသွင်း စစ်ဆေးနေသူဖြစ်သည်။

"ဆရာ … ဒီအတိုင်းဆို ခုဲ့စ်မှုကို ကျူးလွန်တဲ့ ဖောက်ထွင်းတရားခံတွေက တစ်ယောက်တည်းမဟုတ်သလို ဝါရင့်သဘာရင့် ပြစ်ချက်ဟောင်းရှိတဲ့ ထိပ်သီးဒုစရိုက်သမားတွေထဲက မဖြစ်နိုင်ဘူး။ ရှေးက မြင်းလောင်းကစားသမားတွေ ပြောသလိုပြောရရင် 'ဘူကောင် တက်တိုး' တယ်လို့ ပြောရမယ်''

''ဟုတ်တာပေါ့ ကွာ ဒါကြောင့် ရှေးမဆွကတည်းက တို့များ စီမံထားတဲ့ သူတောင်းစားဝတ်စုံကို ဆရာတင်ထွေးကို ထုတ်ပေး၊ အမှိုက်ကောက်သမား ကလေကချေဝတ်စုံကို ဆရာမောင်နီ

> အမှုတစ်ခုတွင်ကျူးလွန်သူသည် ပညာတတ်ပြီး စနစ်တကျ လုပ်တတ်ကိုင်တတ်သူ (သို့မဟုတ်) ပရမ်းပတာနှင့် အတွေ့အကြုံမရှိသူများ ဖြစ်နေလျှင် အမှုဖော်ထုတ်ရန်ခက်တတ်သည်

www.burmeseclassic.com

www.burmeseclassic.com





ကို အမြန်ထုတ်ပေးပြီး ငါ့ဆီလွှတ်ပေးလိုက်”

နယ်ထိန်းအရာရှိ သီဟသည် မှတ်တမ်းထိန်း ဆရာတင်သိန်းကို မှာစရာရှိတာမှာပြီး ဆက်လက် တာဝန်ဆောင်ရွက်ရန် ထွက်ခွာသွားသည်။

× × ×

“ခင်ဗျားလိုက်နေတဲ့ ဖောက်ထွင်းမှု အခြေအနေ ဘယ်လိုလဲ ကိုသီဟ”

“အေးဗျာ ဒီအမှုက ကျွန်တော့်အတွက် တိမ်မရောင်နဲ့ နက်ဆိုတာလိုပဲ ကျွန်တော်ကပဲ ကံခေသလား၊ ဒီအမှုနဲ့ ကျွန်တော် လမိုင်းပဲ မကာမိသလားတော့ မသိဘူး။ ဘာမှ မထူးခြားသေးဘူး”

နယ်ထိန်းအရာရှိ သီဟသည် သူနဲ့သူ့နယ်ထိန်းတပ်ဖွဲ့ဝင်များ အမှုမှတရားခံများ ဖမ်းဆီးရမိရေး စွမ်းစွမ်းတမံကြိုးစားကြသော်လည်း မထူးခြားသေးသည့်အတွက် လုပ်ဖော်ကိုင်ဘက် ဒုရဲအုပ်မောင်သက် အမေးကို တိုတောင်းစွာ အဖြေပေးလိုက်သည်။ အသွင်ယူလူပ်ရှားနေသော ရဲတပ်ကြပ်တင်ထွေးနှင့် ရဲတပ်ကြပ် မောင်နီတို့ထံကလည်း ထူးခြားသော သတင်းမရသေးရာ နယ်ထိန်းအရာရှိသည် နေထိုင်ရတာ ဘဝင်မကျသလိုဖြစ်နေမိသည်။

သီဟရဲ့ အစဉ်အလာသည် အမှုအတွက် စုံစမ်းရာတွင် ခက်ခဲသည်ဆိုတာမရှိ သုံးရက် တစ်ပတ်သည် အလွန်ဆုံးဖြစ်၍ တရားခံပြေးများကို ကောက်မိသည်ချည်းဖြစ်သည်။ ဒီအမှုကြကာမှ ဘာခြေရာမှ မတွေ့ရတာ တော်တော်ဆန်းနေသည်။

တကယ်တော့ ဝါရင့်သဘောရင့် ရဲအရာရှိကြီးများ အခါအားလျော်စွာ ပြောကြားလေ့ရှိသော စကားရှိသည်။ အမှုတစ်ခုတွင် ကျူးလွန်သူသည် ပညာတတ်ပြီး စနစ်တကျ လုပ်တတ်ကိုင်တတ်သူ (သို့မဟုတ်) ပရမ်းပတာနှင့် အတွေ့အကြုံမရှိသူများ ဖြစ်နေလျှင် အမှုဖော်ထုတ်ရန် ခက်တတ်သည်တဲ့။

သည်သို့ဆိုလျှင် ယခု နယ်ထိန်းအရာရှိ ဒုရဲအုပ် (စခန်းမှူး) သီဟနဲ့အဖွဲ့ လိုက်နေသောအမှုမှ တရားခံများသည် ဆရာသမားကြီးများရဲ့ အဆိုအမိန့်အတိုင်း ဖြစ်နေသလား မသိတော့ပါ။

မည်သို့ပင်ဖြစ်ပါစေ သီဟဆိုသော နယ်ထိန်းအရာရှိကတော့ တရားခံကိုမိအောင် ဖမ်းရမှာ သူ့တာဝန်မဟုတ်ပါလား။

× × ×

“ဦးလှဝင်း ဘယ်က လှည့်လာလဲ”

“ဆရာ့ကို သတင်းပေးစရာရှိလို့ပါ”

“ဒါဆိုလာဗျာ၊ ထိုင်ပါ”

နယ်ထိန်းအရာရှိသည် သတင်းပေးမည်ဆိုသော ဦးလှဝင်းကို စခန်းရုံးအတွင်း ဖိတ်ခေါ်လိုက်သည်။

“ဒီလိုပါ မနက် ၇ နာရီလောက်က ကျွန်တော့် ဇနီး (…ချေး) ကို ဈေးသွားဝယ်ပါတယ်။ ဈေးနောက်ဖက်ပေါက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကုန်မာဆိုင်တစ်ခုရှိတယ်။ အဲဒီကုန်မာဆိုင်က လူတစ်ယောက်ဝတ်ထားတဲ့အင်္ကျီ၊ လုံချည်တွေဟာ ကျွန်တော့်အင်္ကျီ၊ လုံချည်တွေနဲ့ အသွေးအရောင်တူသတဲ့။ အင်္ကျီဆို အရောင်အသွေးတူတဲ့အပြင် အင်္ကျီအိတ်ချုပ်ပုံခြင်းလည်း တစ်ထပ်တည်း တူတယ်တဲ့၊ ကျွန်တော့် အင်္ကျီအိတ်က အိတ်ဖုံးတွေပါတယ်။ ဒီခေတ်မှာ အိတ်ဖုံးနဲ့ ချုပ်ဝတ်တဲ့သူများတယ်လေ။ ကျွန်တော့် ဇနီးကတော့ ပုဆိုးထက် အင်္ကျီကို ပိုစိတ်ဝင်စားတယ်ဆရာ။ ဘာကြောင့်လဲဆိုတော့ အဲဒီအင်္ကျီကိုသူကိုယ်တိုင် ကျွန်တော့်အတွက် ချုပ်ပေးခဲ့တာလေ။ ကျွန်တော့် ဇနီးက စက်ကောင်းကောင်း ချုပ်တတ်တယ်။ ထသွားထလာ အိမ်ကလူတွေဝတ်ဖို့ အင်္ကျီ၊ လုံချည်လောက်တော့ အများအားဖြင့် သူကိုယ်တိုင်ပဲ ချုပ်လေ့ရှိပါတယ်။

"ဟာ ကောင်းလိုက်တဲ့ သတင်းပဲ။ လာ အဲဒီကုန်မာဆိုင် သွားကြစို့"

"နေ…နေပါဦး ဆရာ။ ဥစ္စာပျောက် ငရဲရောက်ဆိုသလို ဖြစ်နေမလား စိုးရိမ်တယ်"

"မစိုးရိမ်ပါနဲ့ ဦးလှဝင်းရယ်၊ ကျွန်တော်တို့ကလည်း

မည်သူမဆို ရဲနှင့်ပတ်သက်ဆက်နွှယ်မေးမြန်းလာပြီ ဆိုလျှင် မျက်စိပျက်မျက်နှာပျက်တတ်သည်က သဘာဝပင်ဖြစ်သည်။ တချို့ကတော့ မျက်စိပျက်မျက်နှာပျက်တတ်သူကို ဘာမှန်းညာမှန်း အဖြူအမည်း မသဲကွဲတဲ့အတွက် စွပ်စွဲတတ်တာလည်း ရှိတတ်သည်

မရေရာမသေချာဘဲ ဘာမှမလုပ်ပါဘူး။ စုံစမ်းကြည့်ရမယ့်တာဝန်က ကျွန်တော်တို့မှာ ရှိပါတယ်။ ပြဿနာဖြစ်ရင် ကျွန်တော် တာဝန်ယူ ဖြေရှင်းပေးပါ့မယ်"

နယ်ထိန်းအရာရှိ သီဟနှင့် တရားလို ဦးလှဝင်းတို့ ကုန်မာဆိုင်ကိုရောက်တော့ ဈေးပိတ်ချိန်မို့ ဈေးဆိုင်များ ပိတ်နေကြပြီ ဖြစ်ပါသည်။ မပိတ်ကြသေးသော ဆိုင်များပိတ်ကြရန်အတွက်လည်း ဈေးတာဝန်ခံရုံးက ခေါင်းလောင်းတီးကာ အချက်ပေးလျက်ရှိပါသည်။

"ဒီမှာအနဲ…ဒါခင်ဗျား ဆိုင်လား"

"ဟုတ်ပါတယ်"

"ကျုပ်ခင်ဗျားကို အကူအညီတောင်းစရာရှိတယ်။ တခြားမဟုတ်ပါဘူး။ ခင်ဗျားက တစ်ဆင့် စုံစမ်းရုံသက်သက်ပါပဲ။ ခင်ဗျားအနေနဲ့ ဘာမှစိုးရိမ်စရာ မရှိပါဘူး။ ကျွန်တော်က မြို့နယ်ရဲစခန်းက နယ်ထိန်းအရာရှိ သီဟပဲ။ ဆိုင်အားလုံးပိတ်ပြီးရင် ကျွန်တော်နဲ့ စခန်းခဏလိုက်ခဲ့ပါ။ အပေါက်နားက စောင့်နေမယ်"

ကုန်မာဆိုင်ရှင် အနဲသည် မျက်စိမျက်နှာပျက်ကာ စိတ်မပါတပါနဲ့ ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com


မည်သူမဆို ရဲနှင့်ပတ်သက်ဆက်နွှယ်မေးမြန်းလာပြီဆိုလျှင် မျက်စိမျက်နှာပျက်တတ်သည်က သဘာဝပင်ဖြစ်သည်။ တချို့က တော့ မျက်စိမျက်နှာ ပျက်တတ်သူကို ဘာမှန်းညာမှန်း အဖြူအမည်း မသဲကွဲဘဲ အတင်းစွပ်စွဲတတ်တာလည်း ရှိတတ်သည်ကို မမေ့သင့်ပါ။ ပြောင်ပြောင်မြင်တိုင်း ရွှေအစစ်မဟုတ်ဟုဆိုလျှင် မျက်စိမျက်နှာပျက်တိုင်းတရားခံ မဟုတ်ကြောင်း သိထားသင့်ပါသည်။ ကုန်မာဆိုင်ရှင်အနဲကို ပတ်ဝန်းကျင်ကအထင်မလွဲစေဖို့ နယ်ထိန်းအရာရှိသည် အနဲကို တိုးတိုးပြောလိုက်ခြင်းဖြစ်ပါသည်။

ကုန်မာဆိုင်ရှင် အနဲရဲ့ အမည်က အနူးဆွာမိတဲ့။ နယ်ထိန်းအရာရှိ ဈေးသို့မလာမီ စခန်းမှာကတည်းက ဦးလှဝင်းကို ပုဆိုးမှာ သော်လည်းကောင်း၊ အင်္ကျီမှာ သော်လည်းကောင်း ထင်သာမြင်သာ မှတ်မိတာရှိရင် ပြောပြပါဆိုတော့ အင်္ကျီဘယ်ဘက်အိပ်အတွင်းထောင့်မှာ မတ်စေ့အရွယ် အဖြူကွက်ရှိသတဲ့။ ဘောလ်ပင်မင်စွန်းလို့ ဖျက်ဆေးနဲ့ ဖျက်ထားတာ မင်ကျွတ်သွားပေမယ့် အဖြူကွက်လေးထင်ကျန်တာတဲ့။ အဲဒီဟာလေးတစ်ခုကို ရဲမျက်စိက လျှင်လိုက်တာ။ နယ်ထိန်းအရာရှိဆိုတဲ့ သီဟမြင့်မိအောင် မြင်တယ်ဗျ။ ဒါကြောင့် အနူးဆွာမိကို စခန်းခေါ်ခဲ့တာ စခန်းရောက်လို့ စစ်လိုက်ရင်ဖောက်ထွင်းမှုက တရားခံအားလုံး ဖမ်းမိမှာ သေချာတယ်လေ။

ကုန်မာဆိုင်ပိုင်ရှင် အနူးအမှုနဲ့ ပတ်သက်ခြင်းရှိမရှိက တော့ တရားခံတွေ့ရပြီး စစ်ဆေးတော့ ပေါ်မှာပါ။ အနူးလို ဆိုင်နဲ့ ကန္နားနဲ့ လူကတော့ ပတ်သက်မှုရှိမယ် မထင်ပါဘူး။

× × ×

“အနူးဆွာမိ ခင်းစိတ်အေးအေးထား၊ ခုမင်းဝတ်ထားတဲ့ အင်္ကျီနဲ့ပုဆိုးက မူလပိုင်ရှင်ရှိတယ်။ အဲဒီပိုင်ရှင်က သူ့အင်္ကျီမှာရှိတဲ့ ထင်ရှားတဲ့ အမှတ်အသားကိုလည်း ပြောနိုင်တယ်။ အဲဒီတော့ အဲဒီအင်္ကျီနဲ့လုံချည် ဘယ်ကရလဲဆိုတာ ပြောပြပါ။ ဒီလိုမေးတဲ့အတွက် စိတ်မကောင်းမဖြစ်နဲ့ မင်းကို သူခိုးလို့ စွပ်စွဲတာမဟုတ်ဘူး။ မင်းလိုဆိုင်နဲ့ ကန္နားနဲ့ ကောင်းရောင်း ကောင်းဝယ် လုပ်စားတဲ့လူက အကျင့်ပျက်တဲ့ အလုပ်မလုပ်ဘူးဆိုတာ မြင်တာနဲ့ သိပါတယ်။ ဒါပေမယ့် ဖြစ်လာတဲ့အကြောင်းက မင်းဆီကတစ်ဆင့်တက်ပြီး စုံစမ်းရမှာမို့ပဲ”



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ … ဖုန်းလာပါတယ်"

"ခဏနော်"

အနှုးဆွာမိကို စခန်းခေါ်မေးရတဲ့ အကြောင်းရှင်းပြ၍ ဆက်လက်စစ်ဆေးမေးမြန်းရန် လုပ်ငန်းအစမှာပင် ဖုန်းဝင်လာသဖြင့် ခဏရပ်ကာ နယ်ထိန်းအရာရှိသီဟ ဖုန်းသွားနားထောင်လိုက်သည်။

"ဆရာလား"

"ကျွန်တော်ဂလေပါ"

"အေးပြော"

"မိုးတွေရွာပြီ ဆရာ"

"မိုးမိသေးလား"

"ဟုတ်ကဲ့"

"အိုကေ သူဖုန်းစားပါခေါ်ပြီးပြန်ခဲ့"

ဂလေနှင့် သူဖုန်းစားဆိုသည်ကား အသွင်ယူထားသော အမည်များသာ ဖြစ်သည်။ ဤဖောက်ထွင်းမှုသည် နယ်မြေအသီးသီး၌ အောက်ခြေဆင်း၍ အသွင်ယူစုံစမ်းပါမှ ဖော်ထုတ်နိုင်မည်ဟု နယ်ထိန်းအရာရှိက ယုံကြည်သဖြင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးအား တစ်ဦးကသူဖုန်းစား၊ နောက်တစ်ဦးက ပလတ်စတစ်ကောက်သူအဖြစ် မြှုပ်နှံဆောင်ရွက်စေခြင်း ဖြစ်သည်။

ဤဖောက်ထွင်းမှုသည် နယ်မြေအသီးသီး၌ အောက်ခြေဆင်း၍ အသွင်ယူစုံစမ်းပါမှ ဖော်ထုတ်နိုင်မည်ဟု နယ်ထိန်းအရာရှိက ယုံကြည်သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား တစ်ဦးက သူဖုန်းစား၊ နောက်တစ်ဦးက ပလတ်စတစ်ကောက်သူအဖြစ် မြှုပ်နှံဆောင်ရွက်စေခြင်း ဖြစ်သည်။

"ကဲ အနှုးရေ တရားခံတွေ့ပြီတဲ့။ မကြာခင် စခန်းရောက်လာတော့မယ်။ သူတို့နဲ့ မင်းဘာမှ မပတ်သက်ရင် မင်းလည်း ချက်ချင်း စိတ်အေးရတာပေါ့ကွာ။ ဦးလှဝင်းလည်း မပြန်နဲ့ဦး၊ ခင်ဗျားရဲ့ ပါဆုံးသွားတဲ့ ပစ္စည်းတွေ လိုက်သိမ်းရင် ခင်ဗျား ပါလိုက်ခဲ့ ဟုတ်လား"

"ဟုတ်ကဲ့ … ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်တော်တော့ ဘာမှနားမလည်ဘူး"

"မပူပါနဲ့ ပြီးတော့ နားလည်ပါလိမ့်မယ် ဦးလှဝင်း"

× × ×

"ဆရာ … ကျွန်တော်တို့ ရောက်ပြီ"

"ငါလူတို့ မောတယ်၊ ပမ်းတယ် သဘောမထားနဲ့။ အခြေအနေ အားလုံး အရင်ပြောပြကွာ"

အောက်ခြေထိဆင်းကာ အသွင်ယူတာဝန်ထမ်းဆောင်ရာက ပြန်ဝင်လာသော နယ်ထိန်းတပ်ဖွဲ့ဝင်နှစ်ဦးကို နယ်ထိန်းအရာရှိသည် ဆောင်ရွက်မှု အခြေအနေ တင်ပြရန် ပြောလိုက်သည်။

"ဒီလိုပါ ကျွန်တော် စခန်းက စထွက်ထွက်ခြင်း ရထားလမ်း ဂုံးတံတားတွေ အောက်ကို သွားပါတယ်။ မလွှကုန်း၊ သမ္မတဂုံးဆင်းက ဂုံးတံတား၊ ကြည့်မြင်တိုင်၊ အင်းစိန်ဘူတာတွေထိပေါ့။ သူဖုန်းစားနဲ့ ပလတ်စတစ်ကောက်သူတွေ ဂလေတွေများတဲ့ နေရာတွေ လိုက်ကြည့်ရင်း တစ်ပတ်လောက်ကြာတော့ သမ္မတရဲ့ဂုံးဆင်းတံတားအောက်မှာ သမိုင်း (ခ) အောင်စုဆိုတဲ့ ကောင်လေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



စပြီးအဖွဲ့ဖြစ်တယ်။ သူ့ အသက်က (၁၂) နှစ်တဲ့။ ''ငါ့ ညီအစ်ကိုက နယ်ကလာပြီး အလုပ်ရှာတာ၊ စားစရာအတွက် မခက်ပေမယ့် အိပ်စရာနေရာမရှိဘူး။ ဒီမှာအိပ်လို့ရမလားဆိုတော့ စိုးကြီးပြောပြီး အိပ်ပေါ့တဲ့။ စိုးကြီးက ဘယ်တော့လာမှာလဲဆိုတော့ စိုးကြီးနဲ့ မြင့်သန်းက ခုတလောထောနေတော့ လာမအိပ်ကြသေးဘူး။ လောလောဆယ် အစ်ကိုညလာအိပ်ပေါ့။ စိုးကြီးနဲ့တွေ့ရင် ကျွန်တော်ခေါ်အိပ်တယ် မပြောနဲ့တဲ့''

''ကျွန်တော်လည်း သူတို့တွေနဲ့အတူ အိပ်ဖြစ်ပြီး သူတို့အဖွဲ့တွေနဲ့ မျက်မှန်းတန်းမိခဲ့တယ်။ အသက် (၈)နှစ်၊ (၉) နှစ်ကစလို့ (၁၆)၊ (၁၇) နှစ်အရွယ် ဂလေလေးတွေ ဆယ်ယောက်လောက် ညညလာအိပ်တယ်။ အထူးသဖြင့် လမိုင်း (ခ) အောင်စုရဲ့ စကားထဲမှာ စိုးကြီးနဲ့မြင့်သန်းတို့က ခုတလောထောနေလို့ လာမအိပ်ကြဘူးဆိုတဲ့ စကားကို ပိုစိတ်ဝင်စားမိတယ်။ ဒါကြောင့် အဲဒီကောင်လေးနဲ့ အမြဲတွဲထားပြီး အကြော်ဝယ်ကျွေးတဲ့အခါကျွေး၊ မုန့်ဟင်းခါး ဝယ်ကျွေးတဲ့အခါ ကျွေး၊ တစ်မျိုးမဟုတ်တစ်မျိုး ဝယ်ကျွေးပြီး စည်းရုံးထားလိုက်တယ်။ အဲဒီလိုနဲ့ လမိုင်း (ခေါ်) အောင်စုက မိတ်ဆက်ပေးလို့ ဖိုးပြုံးဆိုတဲ့ ကောင်လေးနဲ့ ထပ်ပြီး အဖွဲ့ကျတယ်။ သူ့အသက်က (၁၀) နှစ်တဲ့။ ဒီကောင်လေးကလည်း အောင်စုလိုပဲ။ မြောက်ဥက္ကလာမှာနေတာတဲ့။ မိဘအုပ်ထိန်းမှုအောက်က ရုန်းထွက်ပြီး ကျသလိုနေစားကြတဲ့ ခြေသလုံးအိမ်တိုင်လို့ သတ်မှတ်ရမယ့် ကလေးတွေပဲ''

''တစ်ညမှာ ကျွန်တော်ဟာ လမိုင်း (ခေါ်) အောင်စုနဲ့ ဖိုးပြုံးကို တံတားအောက်မှာ ဆုံကြမယ်လို့ချိန်းထားပြီး ထမင်းသုံးယောက်စာ ဘရာကြော်သုံးခု၊ လက်ဖက်သုပ်တစ်ပွဲကို ထုတ်ပိုးပြီး တံတားအောက်ရောက်သွားတော့ ကောင်လေးနှစ်ယောက် အသင့်စောင့်နေတာ တွေ့တယ်။ သောက်ရေအတွက်က နေ့လည်ကတည်းက ပလတ်စတစ်ရေသန့်ဘူးအဟောင်း (၃) ဘူးကို စင်အောင်ဆေးပြီး ဘူတာကြီးက ရေချမ်းစင်မှာ ရေသွားဖြည့်ထားပြီးသားပေါ့။ ကျွန်တော်က ရေနွေးကြမ်းသမားမို့ ကျွန်တော့်အတွက် ရေနွေးကို ရေသန့်ဘူးနဲ့ ထမင်းဆိုင်က တောင်းထည့်ခဲ့တယ်လေ''

''ထမင်းတစ်လုတ် နှစ်လုတ်ပဲ ပါးစပ်ထဲရောက်သေးတယ်။ ဟော့ကောင်ဖိုးလုံး ဒီအစ်ကိုက တို့ကို ကျွေးတာများပြီ ခုတလောတို့က သိပ်အလုပ်မဖြစ်တော့ အစ်ကို့ကို ပြန်မကျွေးနိုင်တော့ ငါစိတ်မကောင်းဘူး။ ဒီတစ်ခါ အကွက်ဝင်ရင် ဟိုနှစ်ကောင်ကို ဘာမှမပြောဘဲ တို့ဟာတို့ လုပ်မယ်။ ဒီကောင်တွေက အကြီးတွေဆိုပြီး အနိုင်လည်းကျင့်တယ်၊ ဒီတစ်ခါ တို့ထွင်တည့်ရင် အစ်ကို့ကို ရှယ်ကျွေးမယ်ကွ'' တဲ့။

''အောင်စုက ပါးစပ်တွင်းက ထမင်းပလုတ်ပလောင်းနဲ့ ဖိုးပြုံးဆိုတဲ့ ချာတိတ်လေးကို ပြောလိုက်တော့ ချာတိတ်က ဟိုကောင်တွေထိုးရင် ဘယ်လိုလုပ်မလဲလို့ ပြန်မေးလိုက်တယ်။ ဒါတော့ မင်းတို့ ငါတို့က ပြန်မပြောရင် ဘယ်သိမှာလဲလို့ အောင်စုကပြောတော့ ဒါဆို မပြောတော့ဘူးလို့ ဖိုးပြုံးကပြန်ပြောတယ်''

''ဟော့ကောင်တွေ မင်းတို့ ပြောနေတာက ဂွင်တည့်တာကော မတည့်တာတွေပါဆိုတော့ ဘာတွေပြောနေကြတာလဲ၊ ငါ့ညီတို့'' လို့ကျွန်တော်က နားမလည်ယောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်မေးလိုက်တော့ တစ်ယောက်နဲ့တစ်ယောက် မင်းပြောလိုက် ငါပြောလိုက် လုပ်ကြပြန်တယ်။ ကျွန်တော်က အရမ်းသိချင်တယ်။ ဒါပေမယ့် အိုက်တင်ခံပြီး ဒေါ်ပွယောင်ဆောင်ကာ ဟာ … ဟော့ဒီအကြောင်းတွေ မပြောချင်လည်း မပြောနဲ့။ မင်းပြောငါပြောနဲ့ နားငြီးတယ်ကွာဆိုတော့မှ ဒီလိုပါအစ်ကို ပြီးခဲ့တဲ့ သင်္ကြန်တွင်းတုန်းက ကျွန်တော်နဲ့ မောင်ပြုံး မင်္ဂလာတောင်ညွန့်၊ ကန်တော်လေးတာမွေတစ်ကြော နောက်ဖေးလမ်းဝင်ပြီး ပလတ်စတစ် သံတို သံစစတဲ့ ရောင်းလို့ရတဲ့ ပစ္စည်းမှန်သမျှကောက်ပါတယ်။ တောင်ညွန့် (၁၀၁) လမ်းရောက်တော့ ဖိုးပြုံးဝင်တဲ့ဘက်က အိမ်တစ်အိမ်မှာ လူမရှိဘူးလို့ ဖိုးပြုံးက ပြောလို့ ကျွန်တော်သွားကြည့်တော့ ဖိုးပြုံးပြောသလိုပဲ လူမရှိဘူး။ အိမ်ထဲဖောက်ဝင်ပြီး ပစ္စည်းတွေယူမယ်ဆို ရနိုင်တယ်။ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်တည်း မလုပ်ဝံ့ဘူး။ ဒါကြောင့် စိုးကြီးနဲ့ မြင့်သန်းကို ပြောပြတော့ သူတို့လိုက်ကြည့်ပြီး ကျွန်တော်တို့နဲ့ အတူတူ အိမ်ရဲ့နောက်ဖက်က တံခါးကို ကလန့်ဖွင့် အိမ်ထဲဝင်ခဲ့ကြတာ"

"ဟိုက် … ကွက်တိပဲ"

"ဟာ … အစ်ကိုကလည်းလန့်သွားတာပဲ။ ဘာလို့ ထအော်တာလဲ"

အမှန်တော့ ကျွန်တော်က အမှုအတွက် အစရပြီမို့ နှုတ်က ကျွံထွက်သွားတာပါ။ ဒါပေမယ့် ကျွန်တော်က နယ်ထိန်းရဲလေ၊ မင်းတို့အကွက်မိသွားတာကို သဘောကျလို့ပါကွာလို့ အသာပဲ လျှောချလိုက်တော့ လမိုင်း (ခေါ်) အောင်စုဆီက စကားတွေထပ်ကြားရပြန်တယ်။ စိုးကြီးနဲ့ မြင့်သန်းဆိုတဲ့ကောင်တွေက သိပ်ပြီး လူလယ်ကျတယ်။ ပစ္စည်းတွေရောင်းတာ ငွေ ၂ သိန်းလောက်ရမယ်ထင်တယ်။ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက်ကို တစ်သောင်းငါးထောင်စီပဲ ပေးတယ်။ ကျန်ပစ္စည်းတွေ ရောင်းပြီးရင် ထပ်ပေးမယ် ပြောပေမယ့် ဒီနေ့ထိ မပေးဘူး။ သူတို့ကတော့ ဂျင်းပင်တွေ ဂျင်းဂျာကင်တွေ ဝတ်လို့လို့ပြောတယ်။ မင်းတို့က မပြောဘူးလားမေးတော့ စိုးကြီးက လက်ပါတတ်လို့ မပြောဝံ့ဘူးတဲ့။ ဒါနဲ့ ကျွန်တော်က စိုးကြီးနဲ့မြင့်သန်းတို့ လိပ်စာသိရင် မင်းတို့လိုက်သွားပြီး ဘယ်လိုလဲလို့မေးဖို့ အကြံပြုကြည့်တော့ မင်္ဂလာဒုံရေကြည်အိုင်မှာ နေတယ်လောက်ပဲ သိတယ်တဲ့။ အင်း … သူတို့နဲ့ စကားပြောဖို့ ကိစ္စက ပြီးပြီလေ။ ဒါကြောင့် ဟော့ကောင်တွေ ငါကွမ်းယာသွားဝယ်လိုက်ဦးမယ်ဆိုပြီး ကျောက်တံတားစခန်းဘက်လျှောက်ပြီး အဲဒီက မင်္ဂလာဒုံစခန်း ဖုန်းဆက်လိုက်တော့ စိုးကြီးနဲ့ မြင့်သန်းကို့ကို သိသတဲ့။ ချက်ချင်းဖမ်းပြီး ပို့ပေးမယ့်အကြောင်း ပြန်ပြောတယ်။ သူက တခြားလူမဟုတ်ဘူး။ ကျွန်တော်နဲ့ ရမည်းသင်း ရဲသင်တန်းကျောင်းမှာ တစ်ပတ်စဉ်တည်း မင်္ဂလာဒုံ ရဲစခန်းက နယ်ထိန်းတပ်ကြပ် တိုးကြည်ပဲ။

"မင်္ဂလာဒုံနဲ့ ကိစ္စပြီးတော့ ရထားရဲတပ်ကြပ်ကြီးကိုလည်း သမ္မတရုံဂုံးတံတားအောက်မှာအိပ်နေတဲ့ အောင်စုနဲ့ ဖိုးပြုံးကို သွားခေါ်ပြီး စခန်းမှာ ထိန်းသိမ်းထားဖို့ ညှိရသေးတယ်။ မနေ့ည (၈) နာရီလောက်ကတည်းက စီစဉ်နေတာ စိုးကြီး အိမ်ပြန်ဝင်တာစောင့်ရတာနဲ့ ဒီနေ့ ညနေပိုင်းမှပဲ ကိစ္စပြီးတော့တယ်။ အမှတ် (….) ၁၀၁ လမ်းက အိမ်ကို ဖောက်တယ်ဆိုတာ ဝန်ခံကြပါတယ်။ ပစ္စည်းတွေကို စိုးကြီးနဲ့ မြင့်သန်းက (၂၈) လမ်းက ဘိလာ

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်မှာ ရောင်းတယ်တဲ့”

“ဟာ … ဆရာ၊ ကျွန်တော်ဝတ်ထားတဲ့ ဒီအင်္ကျီနဲ့ လုံချည် အဝတ်အထည်အချို့ကို အဟောင်းဆိုင်ဈေးနဲ့ရောင်းလို့ ကျွန်တော် ဘီလားဆီက ဝယ်ဝတ်တာပါ။ ဘီလားကို မေးကြည့်ပါခင်ဗျာ”

“ကောင်းပြီ အခုပဲ (၂၈) လမ်းက ဘီလားဆိုင်သွားပြီး ဆက်လက်ဆောင်ရွက်ကြတာပေါ့။ မင်းအမှုနဲ့ မပတ်သက်ရင် ဘာမှမဖြစ်စေရဘူး အနူးဆွာမိ ဟုတ်လား”

× × ×

“ကဲ ဘီလားရေ စိုးကြီးနဲ့မြင့်သန်းကိုမြင်ရင် မင်းဆီကို ဘာကြောင့်ရောက်လာလဲဆိုတာ သဘောပေါက်မှာပေါ့။ ငါက နယ်ထိန်းအရာရှိ ဒုရဲအုပ် (စခန်းမှူး) သီဟတဲ့”

“ဟုတ် … ဟုတ်ကဲ့ ဆရာ”

“အနူးဆွာမိ ဝတ်ထားတဲ့ အင်္ကျီနဲ့လုံချည်ဟာ မင်းဆီ ဝယ်ထားတယ်လို့ပြောတယ် ဟုတ်လား”

“ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော် စိုးကြီးနဲ့ မြင့်သန်းဆီက ဝယ်ထားတာပါ”

“မင်းဘာပစ္စည်းတွေ ဝယ်ထားလဲ၊ မှတ်မိသလောက် ပြောပြပါဦး”

(က) တိုရီဘာအမျိုးအစား ရောင်စုံ ရှပ်မြင်သံကြားစက် တီဗီ (၁) လုံး။

(ခ) ဆိုနီအမျိုးအစား ရောင်စုံရှပ် မြင်သံကြားစက် တီဗီ (၁) လုံး။

(ဂ) စင်းကားအပ်ချုပ်စက် ခေါင်း (၁) လုံး။

(ဃ) ရေဒီယိုကက်ဆက် (၁) လုံး။

(င) စိန်တံဆိပ်တိုင်ကပ်နာရီ (၁) လုံး။

(စ) အင်္ကျီလုံချည် အထည်မျိုးစုံ (၁၅) ထည်။

“မင်းဝယ်ထားတဲ့ ပစ္စည်းတွေအနက် မင်းလက်ဝယ် ဘာပစ္စည်းတွေ ရှိသေးလဲ။ ဘီလား မင်းမှန်မှန်ပြောနော် မရှိတော့ဘူးဆို ဘယ်ရောက်သွားလဲဆိုတာ မင်းပြောပြရမှာ ပြီးပြီးရော လုပ်လို့ မရဘူး”

“ဟုတ်ကဲ့ … မှန်တာ ပြောပါ့မယ် ဆရာ”

တီဗီအောက်စက်နဲ့ စက်ချုပ်စက်ခေါင်းကို ကျွန်တော့် အိမ်မှာ သုံးနေပါတယ်။ နည်းနည်းလတ်တဲ့ အင်္ကျီလုံချည်တွေ တော့ သူငယ်ချင်းအနူးကို ရောင်းလိုက်ပါတယ်။

“ဒါဆို အနူးဆွာမိက မင်းဆီကတစ်ဆင့် ဝယ်သွားတာလား”

“ဟုတ်ပါတယ် ဆရာ”

ထိုနေ့က ဘီလားဆီက ဖောက်ထွင်းမှု သက်သေခံ ပစ္စည်းများသိမ်းဆည်းနိုင်ခဲ့သည်။ အနူးဆွာမိအိမ်ကလည်း လုံချည်အင်္ကျီ (၃) စုံသိမ်းဆည်းနိုင်ခဲ့သည်။

ပြီးတော့ ဖောက်ထွင်းတရားခံတွေဖြစ်တဲ့ စိုးကြီး၊ မြင့်သန်း၊ လမိုင်း (ခေါ်) အောင်စု၊ ဖိုးပြုံးတို့ကို ကလေးတရားရုံးမှာ တရားစွဲတင်တဲ့အခါ သူခိုးလက်ခံခေါ်ရမယ့် ဘီလားကိုပါ တရားစွဲဖို့ ဆက်လက်ဆောင်ရွက်ရဦးမှာ။ ဒါကြောင့် စခန်းပြန်တော့ ဘီလားကိုပါ တစ်ပါတည်း ခေါ်ခဲ့ရတယ်လေ။ အဲ … အဲ အနူးဆွာမိကတော့ တရားခံတွေဆီက လုံချည်အင်္ကျီတွေ ဝယ်တာမဟုတ်ဘူး၊ ဘီလားဆီက ဈေးသင့်လို့ ဝယ်ဝတ်တာမို့ တရားခံထဲ ထည့်လို့ မရဘူး။ သူ့ကျတော့ ဒီဖောက်ထွင်းမှု တရားစွဲတင်တဲ့အခါ ရဲသက်သေအဖြစ် သုံးရမယ်လေ။

**ဝင်းသောင် (ရမည်းသင်း)**

www.burmeseclassic.com

www.burmeseclassic.com






"သမီးအဖြစ်မှ စွန့်လွှတ်ခြင်း"

"နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း"

စသည် သတင်းစာများမှာပါတဲ့ ကြော်ငြာတို့က အမျိုးသမီးများအဖို့ နှစ်နာစရာကိစ္စတွေပါ။ ကာယကံရှင် မိန်းကလေးများအနေဖြင့် ကိုယ့်လုပ်ရပ်မှန်တယ်လို့ တွက်ဆတတ်ကြပေမယ့် တစ်နေရာရာမှာ မှားယွင်းချွတ်ချော်မှု ရှိနေလို့သာ အများသူငါလို ရာသက်ပန် ရိုးမြေကျ မပေါင်းသင်းကြ ရတာ၊ စွန့်လွှတ်ခံရတာပါ။ ကိုယ်က ခြောက်ပစ်ကင်း သဲလဲစင် မဟုတ်တာတောင် မိဘနဲ့သမီး၊ လင်နဲ့ မယား ကဏ္ဍတွေခြားရတဲ့အဖြစ်က အရပ်ရပ် နေပြည်တော်ကြားလို့ မလျော်ဘူးမဟုတ်လား။ ခုခေတ် ကာလကလည်း ခေတ်မီတိုးတက်မှုနှုန်းက အရမ်းမြန်နေတော့ အပြိုင်လိုက်ကြရာမှ၊ အတတ်ပညာ၊ အသိပညာနေရာတွေမှာ ပုခုံးချင်းယှဉ်နိုင်အောင်၊ သာလွန်ထူးချွန်အောင် ကြိုးစားကြသူတွေထက်၊ ဝတ်စားဆင်ယင်မှု၊ အကျင့်စာရိတ္တပျက်ပြားမှု မြန်မာ့ရိုးရာ ယဉ်ကျေးမှုနဲ့ လုံးဝမအပ်စပ်တဲ့ နေထိုင်ပြောဆိုမှု အပါအဝင် ပြည်သူ့နီတိအားနည်းမှုတွေက တစ်နေ့တစ်နေ့ လွှမ်းမိုးချယ်လှယ် နေရာယူထားကြလေတော့ 'သေသော်မှတည် ဩော်ကောင်း၏' လို့ ဆီးဘန်းနီဆရာတော်ကြီး ငြီးသလို ငြီးလိုက်ချင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဒီကြားထဲ လူဦးရေကြည့်ပြန်တော့ သန်း (၆၀) ကျော် အမျိုးသမီးဦးရေက များများ၊ ကိန်းဂဏန်း ခန့်မှန်းချက်အရဆိုပါက အမျိုးသားဦးရေကနည်းနေ၊ ကျား (၁) မ (၄) (သို့) မ (၃) လောက် ဖြစ်နေတဲ့ အိမ်နီးချင်း ကမ္ဘာ့လူဦးရေ အများဆုံး နိုင်ငံတွေက မြန်မာပြည်နဲ့ ဆက်စပ်နေတဲ့ တရုတ် ကသန်း (၁၆၀၀) ကျော်၊ အိန္ဒိယကသန်း (၁၄၀၀) ကျော် ဖြစ်နေပြန်တော့အခက်၊ ခက်သမှ တရုတ် မှာဆို မိန်းကလေး မွေးလာရင် သတ်ပစ်၊ ဖျက်ချ၊ သူတို့ပြဋ္ဌာန်း ဥပဒေအရလုပ်ကြရတဲ့ ကြားထဲက၊ မိန်းမဦးရေကများနေ၊ ဒီတော့ နယ်စပ်ကနေတစ်ဆင့် မြန်မာတိုင်းရင်းသူတွေကို မယားအဖြစ် ပေါင်းဖို့ ဝယ်ကြ၊ လူက ရောင်းကုန်ပစ္စည်းဖြစ်ကြရ၊ ဒီပြင် လျှောဈေးတွက်ကြရ၊ ပုံ့တန်တန်၊ နန့်တန့်တန့်နဲ့ ယုန်ကမဝိုး၊ ပိုက်ကဝိုးဆိုတာ ဒါမျိုးပေါ့။ ဥသျှစ်တစ်တင်း၊ နှမ်းတစ်တင်း ခေတ်ကြီးလေ။ 'ရတုန်းဆွဲထားလိုက်မှာပေါ့' စသည်၊ စသည် သွား ပုတ်လေလွှင့် လျှာအရိုးမရှိတိုင်း ပြောကြတာ၊ အမျိုးသမီးတို့ တစ်ဖက်သတ်ခံနေကြရပြီလေ၊ နှစ်ဦးသဘောတူ မိဘအုပ်ထိန်းသူများကလည်း ကြည်ဖြူ အရွယ်ရောက် ပညာစုံ၊ အလုပ်အကိုင်နဲ့ တစ်အိုးတစ်အိမ်ထူထောင်ဖို့ အခြေအနေရှိလာတဲ့ မင်္ဂလာမောင်နှံများမှ လွဲလို့ အကြောင်းကြောင့် မပြေမလည်၊ အဖုအထစ်တွေ ရှိလာခဲ့ရင် မိန်း ကလေးတို့ရေ၊ နေရာတိုင်းမှာ မောင့်မျက်နှာက မကယ်တော့ဘူး။ မိဘစကား နားထောင်တဲ့ သား လိမ္မာကြီးလိုလို၊ မတတ်သာလို့ ခပ်ခွာခွာနေကြ ရပါတယ်ဆိုပြီး မျက်ရည်ခံထိုးလာတာမျိုးပုံဆောင်၊ မောင့် အပြောလေးက တယောလိုချွဲပြီး၊ နှမချင်း မစာနာဘဲ မျက်နှာလွှဲ ခဲပစ်၊ သစ်စိမ်းချိုးချိုးသူ။ ရောမ၊ ဘုရားဆုပန်ပါတယ်ဆိုတဲ့ မင်းယောကျ်ား တွေက တစ်ပုံကြီး၊ ယောကျ်ားမာယာသဲကိုးထောင် နော် သတိ သတိ ....။

ဒါကြောင့် မြန်မာ့ဓလေ့ ထုံးထမ်းဥပဒေဆို တာ မြန်မာအမျိုးသမီးများအတွက် ပြဋ္ဌာန်းထားရှိ တယ်။ ကာလကလည်း အထက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက် ကျရောက်ပြီး (၁၃) နှစ် အကြာ (၁၉၈၉) ခုနှစ်က ထုတ်တဲ့ မြန်မာနိုင်ငံ ဥပဒေများ ဆိုင်ရာ ဥပဒေ (Burma Laws Act) ထုတ်ပြန်ရာမှာ ယင်းအက်ဥပဒေ ပုဒ်မ-၁၃ မှာ ထိမ်းမြားလက်ထပ်ရေး၊ အမွေဆက်ခံရေး၊ အမွေခွဲဝေရေး အစရှိသည့် ပြဿနာများ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ အမှုသည်များသည် ဗုဒ္ဓဘာသာဖြစ်လျှင် ဗုဒ္ဓဘာသာဥပဒေ၊ မဟာမေဒင်ဖြစ်လျှင် မဟာမေဒင် (အစ္စလမ်) ဥပဒေ၊ ဟိန္ဒူ ဖြစ်လျှင် ဟိန္ဒူဥပဒေအရ အဆုံးအဖြတ်ပေးရမည် ဟု ပြဋ္ဌာန်းပါရှိရာမှာ၊ 'ဗုဒ္ဓဘာသာဥပဒေ'



www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် ဝေါဟာရပေါ်ပေါက်ခဲ့ပါတယ်။ ဗုဒ္ဓဥပဒေဟုဆိုရာမှာ 'ဘာသာရေးဆိုင်ရာ ဥပဒေ' ဟု သဘောသက်ရောက်နေပြီး၊ ဗုဒ္ဓဘာသာ၏ ရင်းမြစ်သဘောတရားမှာ လောကီအရေးနှင့် သက်ဆိုင်သည်မဟုတ်သောကြောင့် တစ်ကြောင်း၊ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက၊ မြန်မာ့ရိုးရာဓလေ့ ထုံးတမ်းများနှင့် ယဉ်ကျေးမှုအရ ဆုံးဖြတ်ခဲ့ရခြင်းကြောင့် တစ်ကြောင်း၊ (ဓမ္မသတ်) တို့ကြောင့် ဥပဒေပညာရှင် အသီးသီးဖြစ်သော ဦးသာကြွယ်၊ ဦးမေအောင်၊ ဦးဇမောင်၊ ဒေါက်တာမောင်မောင်တို့ ရေးသည့် စာအုပ်များတွင် 'မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ' အမည် ရောက်ခဲ့သည်။ ယင်း ဝေါဟာရသစ်ကို (၁၉၆၉) ခုနှစ် တရားရုံးချုပ် (ယခုတရားလွှတ်တော်ချုပ်) တရားသူကြီး စုံညီခုံအဖွဲ့များမှာ အတည်ပြုသုံးစွဲသည်ဟု 'ဦးမြစိန်၏ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ' (ဒသမအကြိမ် ဖြည့်စွက်ပြင်ဆင်ပုံနှိပ်ခြင်း) စာအုပ် နိဒါန်းတွင် အကျယ်တဝင့် ရှင်းလင်းဖော်ပြထားသည်။

ဤဥပဒေပြဋ္ဌာန်းချက်များသည် အခြား တည်ဆဲတရားဥပဒေများ၊ ဓလေ့ထုံးတမ်းများနှင့် မည်သို့ပင် ဆန့်ကျင်စေကာမူ ဗုဒ္ဓဘာသာဝင် မိန်းမ နှင့် ထိုမိန်းမ၏ ဘာသာဝင်မဟုတ်သော လင် ယောကျ်ားတိုင်းအပေါ်၌ အာဏာသက်ရောက်ပေသည်။

ယခင် ထိမ်းမြားလက်ထပ်ရေးနှင့် ပတ်သက်၍ မြန်မာဗုဒ္ဓဘာသာတို့၏ ဓလေ့ထုံးတမ်းများက အချုပ်အချယ်မရှိ လွတ်လပ်ခွင့် ပေးထားသည်နှင့်အမျှ၊ ဘာသာခြား ဓလေ့ထုံးတမ်းများက များစွာ ကြပ်တည်းလှသည်။ မြန်မာဗုဒ္ဓဘာသာဓလေ့ ထုံးတမ်းများတွင်သော်လည်းကောင်း၊ ဓမ္မသတ်တွင်သော်လည်းကောင်း၊ ဘာသာခြားနှင့်ထိမ်းမြား လက်ထပ်မှုကို တစ်စုံတစ်ရာ ပိတ်ပင်ခြင်းမရှိပေ။ သို့ဖြစ်ရကား ဆင်းရဲနွမ်းပါးမှုကြောင့် စားဝတ်နေရေး ပြဿနာများအတွက် ဘာသာခြားများနှင့်အိမ် ထောင်ပြုရသည့် မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးများသည်ပင် တရားဝင်မယားဖြစ်မြောက်ရန် မိမိ၏ ဘာသာကို စွန့်လွှတ်ကြရသည်။ တစ်နည်းအားဖြင့် အဆိုပါ အမျိုးသမီးတို့မှ ပေါက်ဖွားသည့် သားစဉ်မြေးဆက်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com





ဘာသာခြားများ ဖြစ်ကြရတော့သည်။ ထို့ကြောင့် ယင်းအားနည်းချက်ကို ဖာထေးကုစားရန် ပုဒ်မ-၄ တွင် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

ထို့ပြင် ယင်းအက်ဥပဒေ ပုဒ်မ-၂၅ တွင် ဤအက်ဥပဒေအရ ထိမ်းမြားခဲ့ကြသူများ (သို့) ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူများ၏ လင်မယားကွာရှင်းမှုကိစ္စ၊ ပစ္စည်းခွဲဝေမှုကိစ္စ၊ သားသမီး ထိမ်းသိမ်းမှုကိစ္စများတွင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဆုံးဖြတ်ရန်ဖြစ်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ ထို့ပြင် ယင်းပုဒ်မ၏ခြွင်းချက်၌ ·····။

အကယ်၍ ဘာသာခြားယောကျ်ားသည် ဘာသာရေး အကြောင်းကြောင့် မိမိ၏ ဗုဒ္ဓဘာသာ မယားကို ကွာရှင်းလိုလျှင် (သို့) စွန့်ခွာလိုလျှင် (သို့) ကိုယ်ထိလက်ရောက် ညှင်းပန်းနှိပ်စက်ရာရောက်သည်ဖြစ်စေ၊ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင် ပြုလျှင် ····။

၁။ ထိုလင်သည် နှစ်ဦးပိုင်ပစ္စည်းမှ မိမိရထိုက်သော အစုကို စွန့်ရမည်၊ ထို့ပြင် မိန်းမအား လျော်ကြေးပေးရမည်။

၂။ မိန်းမသည် သားသမီးအားလုံးကို ထိန်းသိမ်းခွင့် ရရှိရမည်။

၃။ ထိုလင်ယောကျ်ားသည် အရွယ်မရောက်သေးသော ကလေးများအတွက် ကလေးစရိတ် ပေးရမည် ဟူ၍ ဖော်ပြထားသည်။

၁၉၆၆ ခုနှစ်၊ 'မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ (၈၁) ဒေါ်စောအမှု' တွင် သေသူသည် ကွယ်လွန်စဉ်က (…ဘာသာဝင် ) ဖြစ်သော်လည်း ၎င်း၏ ပစ္စည်းများနှင့် ပတ်သက်၍ ၎င်း၏ (…ဘာသာဝင်) ဥပဒေဖြင့် စီမံခန့်ခွဲခြင်း မပြုနိုင်ပေ။ ဗုဒ္ဓဘာသာဝင် မိန်းမများမှာ အခြားဘာသာဝင် ယောကျ်ားများနှင့် နှစ်ပေါင်းများစွာ ပေါင်းသင်းနေထိုင်ကာ၊ သားသမီးတစ်ကျိပ်ပင် ထွန်းကားခဲ့စေကာမူ တရားဝင် မယားမဖြစ်ဘဲ၊ မယားမြှောင် အပျော်မယားအဆင့်၌သာ တင်းတိမ်နေခဲ့ရပြီး၊ လူမှုရေး၊ စီးပွားရေး စသည့် အဘက်ဘက်၌ နစ်နာဆုံးရှုံးခံခဲ့ရသဖြင့် 'ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ' ကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်လေသည်။ ထိုဥပဒေပြဋ္ဌာန်းချက်များသည် ကွယ်လွန်သူကိုးကွယ်သည့် ဥပဒေကို လွှမ်းမိုးသည်ဟု ယူဆရမည်ဖြစ်ပေသည်။

'ဗုဒ္ဓဘာသာ (ဓမ္မသတ်)မြန်မာဓလေ့ထုံးတမ်း' ဥပဒေအရ လင်သေ၍မယားကျန်ခဲ့လျှင် လင်၏ ပစ္စည်းများနှင့် ပတ်သက်၍ အမွေဆက်ခံရန် သက်သေခံ လက်မှတ်ကို မယားအားသာလျှင် ထုတ်ပေးရမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

တကယ်တော့ နစ်နာမှုတွေ ဆုံးရှုံးမှုတွေကို ဥပဒေနဲ့ ဘယ်လိုပဲ အကာအကွယ်ပေး၊ အကျိုးပြု ပြု

www.burmeseclassic.com

www.burmeseclassic.com





"ဘယ်သူမပြုမိမိမှု"ဆိုတာလို၊ "အစကောင်းမှ အနှောင်းသေချာ"ဆိုတဲ့ စကားရှိသားပဲ၊ ယဉ်ကျေးမှု ဓလေ့စရိုက်မတူ ယုံကြည်ကိုးကွယ်မှု ခြားနား၊ မျိုးဆက်ကလေး ရင်သွေးတွေရဲ့ ရှေ့ရေးလည်း ( သူ့ဘာသာ ကိုယ့်ဘာသာလုကြ (သို့) ကလေးတွေကိုလည်း ကိုယ်ဘာသာဆွဲ ပုံသွင်းကြ) ရင်မအေးရ ဆိုတော့၊ ဘာသာတူချင်းတောင် ရာသက်ပန်ရိုးမြေကျ တကယ်ပေါင်းလာလျှင် လက်တွဲနိုင်ဖို့ တော်တော်ကြိုးစားကြရတော့မှာ၊ ဘာသာမတူတဲ့ ကိစ္စ မစွန့်စားတာဘဲကောင်းပါတယ်။ နောင်ခါလာ နောင်ခါချေး ကံကိုယုံပြီး ဆူးပုံမနင်းကြပါနဲ့၊ ရုံးပြင်ကနားလည်း မရောက်ချင်ကြပါနဲ့။

ရုံးပြင်ကနားဆိုလို့ တရားရုံးတော်လာတတ်တဲ့ ပညာမစုံခင် ကြင်ရာစုံချင်သူ၊ ဒါမှမဟုတ် စိတ်ဆိုးတုန်းခဏပါ တော်ကြာမြေးလေးရတော့ လက်ကမချနိုင်ဘဲ၊ သားအချစ်မြေးအနှစ်ဖြစ်မှာ၊ ဖြစ်စက "ဒီကောင်မ သေခန်းပြတ်ပဲ၊ ခွေးဓာတ်ခင်းသွားတယ်၊ အမိုက်မ၊ နင့်ထိုက်နဲ့ နင့်ခံပေရော၊ တစ်သက်အိမ်ပေါ် ပြန်မတက်စေရဘူး။ သမီးအဖြစ်က စွန့်လွှတ်ကြောင်းသတင်းစာထဲက အမွေဖြတ် ကြော်ငြာ ထည့်လိုက်မယ်" စသည်·· စသည်။

သမီး လင်နောက်လိုက်သွားတာ၊ ခွင့်လွှတ်မှာပါဆိုတဲ့ အမြင်အတွေးနဲ့ အသက်မပြည့်ခင် (၁၆) နှစ်အောက် မိန်းကလေးတွေ မောင်ခေါ်ရာလိုက်ရင်လည်း၊ အုပ်ထိန်းသူ မိဘက သဘောမတူ၊ ခွင့်မပြုရင် ယောကျ်ားလေးကို သွေးဆောင်ခေါ်ယူမှု (ပြစ်မှု ပုဒ်မ-၃၆၃) နဲ့ ရဲစခန်းမှာ အမှုဖွင့်တိုင်ကြား အရေးယူနိုင်တယ်။ အလားတူ မိန်းကလေးအသက်က (၁၆) နှစ်အထက် ဖြစ်ပေမယ့် (၁၈) နှစ်အောက် မိဘ (သို့) အုပ်ထိန်းသူက သဘောမတူရင် သွေးဆောင်ခေါ်ယူမှု (သို့) လူခိုးမှု (ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆၆) နဲ့ အမျိုးသားကို တရားစွဲလို့ရပါတယ်။ မိန်းကလေးအနေနဲ့ကလည်း အကြောင်းကြောင်းကြောင့်ခိုးရာလိုက်ပြေးရ၊ အဲဒီတော့ မိဘက ဒေါသူပုန်ထပြီး အိမ်ပေါ်အတက်မခံ၊ နောက်တော့ အလုပ်အကိုင်မရှိ၊ ပါသွားတဲ့ လက်ဝတ်ရတနာ ပေါင်နှံ ရောင်းစားရာ ကုန်တဲ့အချိန်မှာ ရှေ့မျက်နှာ နောက်ထားပြီး မိဘအိမ်တွေ ပြန်တက်ရပြီး ( ကျား-ကော၊ မ-ပါ ) ကြည်ကြည်ဖြူဖြူ လက်ထပ်ပေး၊ အရင်းအနှီးထုတ်ပေး၊ လုပ်ကိုင်စားဖို့ဆိုတာကလည်း နောင်အလားအလာ ညီ/ညီမများက ရှိနေပြန်ဆိုတော့ စံနမူနာပြ ပေးစားမပြုရဲ၊ စံနမူနာပြ ဒုက္ခရောက်ရာ ရောက်ကြောင်းသာ သင်ခန်းစာပေးချင်၊ သံဝေဂရစေချင်ကြတယ်။ ပြစ်မှုပုဒ်မ-၃၆၆ လက်နက်ကို မိဘတွေထုတ်သုံးပြီပေါ့ ပုဒ်မ-၃၆၆ ပြဋ္ဌာန်းချက်ကလည်း မိန်းကလေးက လိုက်ပါသွားရတာ ခြိမ်းခြောက်ခေါ်လို့၊ အတင်းကားတင်ပြေးလို့၊ အချိုရည်ထဲ ဆေးခတ်ပြီး မူးမေ့နေစဉ်ခေါ်သွား သားမယားပြုကျင့်ခံရပုံ အစုံစုံကြောင့်ဖြစ်ကြောင်း၊ ပထမ သတင်းပေးတိုင်ချက် (F.I.R) မှာ ဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



ပြဋ္ဌာန်းချက်နဲ့ငြိ၊ တိုက်ချက်ဖွင့် တရားရုံးမှာ ဖြေရှင်းကြတော့မှ တိုင်ချက်က လုပ်ကြံတိုင်တာဖြစ်ကြောင်း ခိုးခိုင်းလို့ ခိုးပြေးခြင်းသာဖြစ်ကြောင်း၊ မ ဘက်က သဘောတူကြောင်း အထောက်အထားကို အမျိုးသားဘက်က အခိုင်အမာပြနိုင်လျှင် သွေးဆောင်ခိုးယူမှု မမြောက်၍ တရားရုံးက တရားခံကို လွှတ်ရပြီပေါ့။ ဒီတော့ အဲဒီအိမ်ထောင်ရေး ပြန်လည်ပေါင်းသင်းသည့်တိုင် ဘယ်ခိုင်မြဲ နိုင်တော့မှာလဲ။ အမာရွတ်ကိုမြင်တိုင်း မကြေချမ်းဖြစ်ရတဲ့ ကေဝင့်ပုဏ္ဏားလို ရဲစခန်းရောက် အချုပ်နဲ့ တရားရုံးမှာ ရင်ဆိုင်ရတာတွေ တွေးမိတိုင်း အဘယ်မှာလျှင် ဖြေဖျောက်နိုင်ပါမည်နည်း။ ဒါက တစ်ခုလပ်တို့၊ တစ်လင်ကွာတို့ ဖြစ်ရေးကိန်း အိမ်ထောင်ရေး မတည်မြဲတဲ့ အဖြစ်။

ဒီတော့ သမီးမိန်းကလေးတို့အနေဖြင့် အရေးအကြီးဆုံးက အပျိုရည် ထိန်းသိမ်းဖို့ပါပဲ။ ရာသက်ပန် လက်တွဲမည့် ယောကျ်ားနဲ့ တရားဝင်လက်မထပ်ဘဲနဲ့ ကိုယ့်အပျိုဘဝကို အဆုံးရှုံးမခံလေပါနဲ့။ ယောကျ်ားတို့မည်သည် နမသားချင်း စာနာသူရှိသလို မစာနာသူလည်းရှိသည်။ မိမိက အခြေအနေ အကြောင်းကြောင့် ဖန်တီးလာလို့၊ ဒါမှမဟုတ် ထောင်ချောက်ထဲ ရောက်သွားလို့ အပျိုဘဝပုံအပ် လိုက်ရတာမျိုး မဖြစ်ပါစေနဲ့ တရားရုံးတွေမှာ ကာမလိမ်လည်ရယူမှု (လက်ထပ်ပေါင်းသင်းပါ မည်ပြောပြီး ကာမဆက်ဆံကာ မယူဘဲနေမှု) ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ-၄၁၇ အမှုတွေ တန်းစီနေပါတယ်။ အရက်ကို အသက်နဲ့လဲကြတဲ့ မဟာဂှာတွေ၊ မိမိကိုယ်ကို သတ်သေရန် ကြံစည်မှု ပုဒ်မ-၃၀၉ ဒါမှ မဟုတ် ဗိုက်ကြီး (ကိုယ်ဝန်ဆောင်နေရပြီးမှ) တရားဝင် ယူခိုင်းရာမှ မယူဘဲ လိမ်ညာလှည့်ပတ်ခေါ် ပြီးသတ်ပစ်၊ လူသတ်မှု ကျူးလွန်တဲ့ လူယုတ်မာတွေကြောင့် ပြစ်မှုပုဒ်မ-၃၀၂ တွေဖြစ်ကြ၊ အသက် ဆုံးရှုံးရတာ ကိုယ်ဝန်ဖျက်ချကြတာလည်း အသက်ပါ အခန့်မသင့်ရင် ပါသွားနိုင်တဲ့အပြင် ကာယကံရှင် အသက်မသေဘဲ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၁၈ ကလေးအလောင်းကို တိတ်တဆိတ် ဖျောက်ဖျက်ခြင်း၊ မွေးဖွားသည်ကို ထိန်ချန်ခြင်း၊ အမှုကို ရင်ဆိုင်ရသလို ကလေးအသက်ရှင်လျက် စွန့်ပစ်ပြန်လျှင်လည်း ပြစ်မှုပုဒ်မ-၃၁၇ နဲ့ အစွဲခံရမှာပါ။ ဒါတွေက ပညာမပြိုင်ကြဘဲ၊ ကြင်ယာ ပြိုင်ကြတဲ့ (Valentine Day) (ချစ်သူများနေ့)၊ (Living Together)(မယူအတူနေ) စတဲ့ သူများ နိုင်ငံမှာ အကြံအဖန်နဲ့ စီးပွားရှာ အမြတ်ထုတ် နေတာကို အဟုတ်မှတ်ပြီး ဆင်နွှဲအတုယူမှုရဲ့ အကျိုး ဆက်ရလဒ်တွေပဲလေ။



ဒါကြောင့် "အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမှင်ရည်စုတ်ထိုးသည် (၃) ခုချက် မပိုင်လျှင် နောင်ပြင်နိုင်ခက်သည် အမျိုး" ဆိုတဲ့ ရှေးစာဆို တစ်ဦးရဲ့ ကဗျာတစ်ပုဒ်လို မပြင်နိုင်တဲ့ ပြင်လို့မရတဲ့ အမှားမျိုး

www.burmeseclassic.com

www.burmeseclassic.com



မလုပ်မိကြပါစေနဲ့၊ ပိုးဖလံမျိုးမီးကိုတိုးသလို ကိုယ်ကျိုးနည်းကြရာမှာပါ။

မြန်မာအမျိုးသမီးတို့ အနေဖြင့် မည်သည့် အသက်အရွယ်မှာ မိမိနှစ်သက်သူကို မိမိသဘောကျ ရွေးချယ် လက်ထပ်ပိုင်ခွင့်ရှိကြောင်း ယနေ့မြန်မာ တရားစီရင်ရေး လောကမှာ ကျင့်သုံးနေတဲ့ စီရင်ထုံးတစ်ခုကိုလည်း တင်ပြပါရစေ။

'မခင်စန်းဝင်းနှင့် မောင်တင်မြင့် ၁၉၇၇ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး' စာမျက်နှာ (၁၂) အမှုမှာ တရားရုံးချုပ် တရားသူကြီးက-

မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ယောက်သည် အသက် (၂၀) ပြည့်လျှင် မိဘသဘောတူညီချက် မရဘဲ (မလိုဘဲ) မိမိ နှစ်သက်သူကို ထိမ်းမြားလက်ထပ်ခွင့် ရှိသည်။ အသက် (၂၀) မပြည့်လျှင် မိဘသဘောတူမှု မရရှိပါက ထိမ်းမြားလက်ထပ်ခြင်းသည် တရားမဝင်ပေ။ မွေးသက္ကရာဇ်နှင့် ပတ်သက်၍ အစိုးရ'ဖွား သေ'စာရင်း ရုံးမှတ်တမ်းများသည် အလွန်အရေးကြီးသည့် အထောက်အထားဖြစ်ကြောင်း၊ ယင်း စာအုပ်ကို အမျိုးသမီးဘက်မှ မတင်ပြခဲ့သော မွေးသက္ကရာဇ်နှင့် ပတ်သက်ပြီး သက်သေခံဥပဒေပုဒ်မ ၁၁၄ (ဆ) အရ သက်သေအထောက်အထား ရှိပါလျက်နှင့် မပြသဘဲ နေခဲ့လျှင် ထိုသူ၏ အကျိုးကို နစ်နာမည်ဖြစ်၍သာလျှင် မပြဘဲနေသည်ဟု ယူဆရပေသည်။ ထို့ကြောင့် လက်ထပ်သည့်နေ့က မိန်းကလေးသည် အသက် (၂၀) ပြည့်ပြီးဟု ယောကျ်ားလေးဘက်က တင်ပြခြင်းကို လက်ခံသည်ဟု ဆုံးဖြတ်ကာ ယောကျ်ားလေးဘက်က အနိုင်ရခဲ့ပါသည်။ (အမှုမှာ မိန်းကလေးသည် အသက် (၂၀) မပြည့်သေးဘဲ သူ့သဘောနှင့်သူ မိဘအုပ်ထိန်းသူ သဘောတူ ခွင့်ပြုချက်မရဘဲ ထိမ်းမြားခဲ့သောကြောင့် လက်ထပ်ခြင်း အတည်မဖြစ်ဟုဆိုကာ မိန်းကလေးဘက်က ယောကျ်ားလေးကို တရားစွဲခဲ့ခြင်း ဖြစ်သည်။)

တကယ်တော့ မိန်းမသားဘဝ အပျိုစင်တို့အနေဖြင့် ဘဝ၏ အရေးကြီးဆုံး အဆစ်ချိုး အပြောင်းအလဲဖြစ်သည့် တရားဝင်ဇနီးမယားမဖြစ်မီ မှဲ့တစ်ပေါက်မစွန်း၊ ရင်ဖိုမှုမသန်းသည့် သန့် သန့်ရှင်းရှင်း ခန္ဓာကိုယ်ကို ကာမပိုင်လင်ယောကျ်ား ဖြစ်လာမည့် ခင်ပွန်းအမျိုးသားသို့ မင်္ဂလာဦးည မတိုင်ခင် မပုံအပ်ချိန်အထိ မညှိုးမနွမ်း၊ လန်းလန်း ဆန်းဆန်းရှိနေခြင်းဖြင့် အပျိုဂုဏ်ရည်ကို ထိန်းသိမ်း ထားခြင်းသည်သာလျှင် အထက်ဖော်ပြခဲ့ပြီးသော အမှုအခင်း ပြဿနာများအတွင်းမှ လွတ်ကင်းနိုင် မည်ဖြစ်ပေသည်။ အပျိုစင်တို့ ကျက်သရေ အပြည့်အဝဖြင့် မင်္ဂလာရှိရှိ အိမ်ထောင်ရှင်မ ဘဝလျှောက် လှမ်းနိုင်ကြပါစေ။

**မောင်ချိန်ခွင် (ဥပဒေအရာရှိ-ငြိမ်း)**

www.burmeseclassic.com

www.burmeseclassic.com



# အတို အရှည် ဝယ်တယ်

ဝင်းကြည်ရွှေ ၊ မိုးတား ၊

ပိတုံးရောင်×××ကေသာ ××ဖြန့်လိုက်ရင်××တစ်ကိုယ်လုံး ဝေဝေဖြာဖြာလွှင်လွှင်×××မင်းဂံ ဘုတ်ရှာသူများ×××အသားတော် ဝင်း×××ဝင်းလို-ဝါဝါရည်ရွှင် ကြည်ကြည်လင်လင်××××

ဒီသီချင်းလေးကို လွန်ခဲ့တဲ့ ၁၅ နှစ်၊ ၁၄ နှစ်အရွယ် လောက်မှာ ကျွန်မရဲ့ အစ်မလတ် အစ်မကြီးများ သီဆိုသံ လှိုင်လှိုင် ကြားခဲ့ရပါတယ်။ နှစ် '၄၀' ကျော်က အောင်မြင်ကျော်ကြား ခဲ့သော တေးတစ်ပုဒ်အဖြစ် မြန်မာ အမျိုးသမီးလေးများ ပါးစပ်ဖျားမှာ ရေပန်းစားခဲ့တဲ့ အနေအထားပေါ့ ရှင်။ ဘယ်သူ ရေးလို့ ဘယ်သူဆို ခဲ့သလဲ။ ကျွန်မ စဉ်းစားစရာမလို ဆိုကြမယ်၊ ပျော်ကြမယ် အစီအစဉ် မဟုတ်။ ဒါပေမယ့် ကျွန်မ စဉ်းစားတာ ပိတုံးရောင်ကေသာ အကြောင်း ဆံပင်ရှည်မှ အမေ က ကြိုက်တယ်။ ကျွန်မငယ် ငယ်က ရောင်ပေရှူးလေးနဲ့ ဆံပင် အရှည်ကြီး။ (၇) တန်းအောင် တော့ ဗန်းမော်ကွန်ဗင့်ကျောင်းပို့ တော့ ဒီဆံပင်ဟာ တောဒီစိုင်း၊ တောသူကြီးသမီးပုံစံဆိုပြီး ကေ သာကို ဖြတ်တောက်ကြတယ်။ အစ်မတွေကပေါ့....။ ဂါဝန် လေး တကားကား ဗိုလ်စတိုင် ပေါ့.....ထွားပါတော့ ဒါတွေ...။

ခုခေတ်များ မပြောချင်ပါ ဘူး...။ အိမ်က တစ်ဦးတည်း သော ချစ်သမီး (၂) လတာစ်ခါ၊

www.burmeseclassic.com



(၃) လတစ်ခါ ဖြတ်တောက်၊ အဖြောင့်တဲ့…။ ပေးစမ်း (၃ သောင်း)၊ အကြေကောက်တဲ့ ပေးစမ်း (၂ သောင်း)…။ အခု တစ်ခါ လာပြန်ပြီ‥နီ‥စိမ်း‥ညို တွေနဲ့ 'တောင်ဆိုး၊မြောက်ဆိုး' ဆံပင်ရှည်ထားပါဟဲ့ သမီးဆို လည်း 'အို-ရှုပ်တယ်၊' ပြောမရ၊ ဆိုမရ ခေတ်ရေစီးကြောင်းတဲ့‥။ ခေတ်ကလေးတွေရဲ့ ပုံစံပေါ့‥။

× × × ×

**မကွေးမြို့သူနာပြု ဆရာမများအဆောင်**

ဆိုင်းဘုတ်ကြီးနဲ့ လှပတင့်တယ်တဲ့ တိုက်ကြီးက ဟိန်းလို့…။ အဆောင်ရှေ့ ကုက္ကိုပင်ကြီးအောက်မှာ ကွပ်ပျစ်ကြီး တစ်ခုရှိတယ်။

လာသမျှ ဧည့်သည်၊ ဧည့်သည်တွေ အဲဒီမှာ နားနေထိုင်ကြ…။ တစ်နေ့တော့ ကျွန်မဆေးရုံမှ On Duty အဆင်း‥နေ့လည်ပေါ့။

"ဆံပင်ကျွတ်တွေ ဝယ်တယ်။ ဆံပင်ရှည်တွေဝယ် တယ်။ ဆံပင် ဖြူနေရင် လည်း ဆေးဆိုးလို့ရတယ်။ ဝယ်မယ်‥" တဲ့…အော်နေတယ်။ မိန်းမကြီးတစ်ယောက်နဲ့ သားလို့ထင်ရတဲ့ ကောင်လေး တစ်ယောက် ချိန်ခွင်လေး တစ်ကိုင်ကိုင်နဲ့ အလေးသေးသေး လေးတွေ စုံလင်စွာနဲ့ ဒီ/‥ သား၊ ငါးမူးသား စသည့်ဖြင့် ပေါ့…။

သူနာပြုဆောင်ဆိုတော့ မိန်းကလေးတွေချည်းပဲ သပ်သပ် ထားတာ။ နီ‥ပြာ‥စိမ်းတွေစုဝေးနေတဲ့ ရပ်ကွက်ကြီး‥။ အဲဒီမှာ ကျွန်မက သူနာပြုအုပ်‥။ ဆရာမဆိုတာ သပ်သပ်ရပ်ရပ်‥ ဆံပင်လေးကို ဆီကျကျနနလိမ်းပြီး (Cap)လေးတွေဆောင်း၊ လှပကျော့ရှင်းနေတဲ့ အသွင်၊ ရာထူးအလိုက် သင်တန်းသူက တစ်မျိုး၊ အောင်ပြီးသူကတစ်ဖုံ ဦးဆောင်း ကားကားကြီးက တစ်မျိုးပေါ့လေ။ ဒီတော့ ဒီဆံပင်တွေ ရှည်ရှည်မှ ပုံကျကျထုံးပြီး ဦးထုပ် ဆောင်းရတာကိုး‥။

သူနာပြုအဆောင်နေ သမီး (မတစ်ရာသားသမီး) တွေ ပြောမရပေါင် ကျွန်မကို 'ဘွားတော်' တဲ့…။ 'ဘွားတော်'မသိအောင် ဆံပင်တွေ ဖြတ်ကြ၊ တောက်ကြ အဆောင်ရှေ့ ဒီလိုလာလာပြီး ဆံပင်ရှည်တွေ ဝယ်တယ်။ အကျွတ်တွေ ဝယ်တယ်ဆိုရင် ရောင်းကြ၊ ဝယ်ကြ စည်ကား လို့။

ကျွန်မ စပ်စုလိုက်တယ်။

"တစ်ဆယ်သား ဘယ်



www.burmeseclassic.com

www.burmeseclassic.com

လောက်ဝယ်လဲ…'

အကျွတ်က ဈေးတစ်မျိုး၊ ဖြတ်ရောင်းရင်က ဈေးတစ်မျိုး‥ စုံလို့…ကျွန်မကထပ်ပြီး စပ်စု လိုက်ပြန်တယ်။ "အဒေါ်ကြီး ဒီဆံပင်က အရှည်ကြီးပေါ့နော်‥"

"ဟုတ်တယ် ဆရာမကြီး ရဲ့ ဆံပင် အရှည်တွေစုထားပြီး လုပ်နည်းလုပ်ဟန်နဲ့ စုချည်ထား တဲ့ ရှေးအခေါ် 'ဆံစု' လို့ ခေါ်ပါ ဝယ်"ဟု စိတ်ရှည်ရှည်နဲ့ ဈေး သယ်အဒေါ်ကြီးက ပြောပြနေ တယ်။

"တစ်ခါတစ်လေမှ ရ တာပါ ဆရာမကြီးရယ်…ဒီ ဆံပင်အရှည်ကလည်း တောပိုင်း မှ ရတာ၊ အဲဒီဆံပင်ရှည်က ပြဿနာတက်လို့…"

"‥ဘယ်လို‥ဘယ်လို‥"

"‥ပြောပြမယ် ဆရာမ ကြီး‥စာရေးစမ်းပါဦး‥"တဲ့ ကျွန်မ နားဆင်လိုက်တယ်။

× × × ×

မျိုးစုံနေသော ဆံပင်တွေ ဝယ်ပြီး သားအမိနှစ်ယောက် လမ်းခွဲပြီး ပြန်ခဲ့ကြတယ်။ သား ကို "မင်းအရင်ပြန်၊ ဟိုဘက်ရွာ သွား၊ အမေက ဒီဘက်ရွာက ပတ်မယ်" တစ်လမ်းဝင် တစ် လမ်းထွက်၊ တစ်ရွာဝင်တစ်ရွာ ထွက်၊ ထောင့်စေ့အောင်လျှောက် မှ အရောင်းနဲ့အဝယ် တွေ့တတ် တာကိုး။



သားက တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ ခြေကညောင်း လာပြီ။ သစ်ပင်ရိပ်ကောင်း ကောင်း တွေ့ရင် တစ်ရေးတစ် မော အိပ်လိုက်ဦးမယ် အကြံနဲ့ စဉ်းစားနေတုန်း‥

"မောရင်လည်း အိပ် လိုက်လေ"

ဆိုတဲ့ အသံတစ်ခု ကြားရတယ်။ ခြေကညောင်း၊ လူကလည်း ပင်ပန်းနေပြီဆိုတော့ ဒီအသံက ဘယ်က အသံ မှန်း သတိမထားလိုက်ဘူး…။

တစ်ရေးတစ်မော အိပ်ပျော် သွားပြီး…

အိပ်ယာကထ၊ နေလည်း စောင်းပြီဆိုတော့ ဆံပင်ထုတ်က လေးဆွဲပြီး ထွက်လာခဲ့တယ်။ ရေအိုးစင်လေးလမ်းဘေးမှာ တွေ့ ပြီးရေသောက်မယ်ကြံတုန်း‥။

"ရေဆာရင်လည်းသောက် လိုက်လေ"

ဆိုတဲ့ မိန်းမတစ်ယောက် ပြောသံမျိုး ကြားပြန်တယ်။ ဒီတစ်ခါတော့ ဘယ်သူမှမရှိဘူး

www.burmeseclassic.com

www.burmeseclassic.com



ငါတစ်ယောက်တည်း၊အသံက ဒီအထုပ်ထဲကပဲ ဖြစ်မယ်။

ရင်တွေတုန်လာတယ်။ ခုန်လာတယ်။ ဟာ ဟုတ်မယ်။ နှစ်ခါရှိပြီ၊ ဒီအထုပ်ထဲကအသံ။ မိုးကလည်းချုပ်တော့မယ်။ ဝဲယာမျက်စိကစားကြည့်လိုက်တော့ ဦးကြီးတစ်ယောက် ရိုးပြတ်တောထဲ အမှိုက်တွေမီးရှို့နေတာ တွေ့တယ်။

"ဦးကြီး..ကျွန်တော့ အထုပ်ကြီး မီးရှို့ချင်တယ်"

"အေးလေကွာ..ထည့်ရှို့လိုက်"

တစ်ချီထဲ မီးထဲကို ဆံပင်ကျွတ် အထုပ်ကြီးပစ်ထည့်လိုက်တယ်။

"အမယ်လေး..ပူလိုက်တာ .. ရက်စက်လိုက်တာ"

ဆိုတဲ့အသံ ကြားလိုက်ရတယ်။ မီးပုံထဲက အရိပ်လိုလို သဏ္ဍာန် တစ်ခုထွက်လာပြီး... ပြေးတာတန်းနေတာပဲ။ ဦးကြီးလည်း မမြင်ရဘူး။ သားပဲ မြင်ရတယ်။

"ပူတယ်..ပူတယ်..ကယ်ပါဦး..ဟိုမှာ..ဟိုမှာ"

လက်ညှိုးထိုးပြီးမေ့လဲသွားတော့တယ်။

"ဟဲ့..ဟဲ့ ဘယ်လိုဖြစ်တာလဲ၊ စကားမေးမရတော့ဘူး လာကြဦး..ကယ်ကြပါဦး"

ဦးကြီးလည်း ဟစ်အော်ပြီးနီးရာ ဘုန်းကြီးကျောင်းကို ခေါ်ခဲ့ရတယ်။ မနည်း သတိရအောင်လုပ်ယူရတယ်။ အကြောင်းအရင်းကို မိဘများသိတော့ ဒုလ္လဘရဟန်းခံပေးတဲ့ဘဝ ရောက်သွားတယ်။

× × ×

"ဆံပင်..ဆံပင်..။ ဒီဆံပင်ကြောင့် မသေလို့ ကျန်တာ၊ ကျွန်မသားလေး။ နောင်ဆို သက်ရှိထင်ရှား ဖြတ်ရောင်းတဲ့ ဆံပင်ပဲ ဝယ်တော့တယ် ဆရာမကြီး ရေ...။"

"ဩော်..ဒါကြောင့် ကျုပ်အဆောင်ရှေ့ သက်ရှိထင်ရှား ဆရာမများ ဆံပင်လိုချင်လို့ ဆံပင်ရှည်တွေ ဝယ်တယ်။ ဆံပင်ကျွတ်တွေ ဝယ်တယ်လို့ လာအော်တာပေါ့လေ။"

"ဟုတ်ပါ့တော်..ဟုတ်ပါ့။"

သေသူ့ဆံပင်ဝယ်မိလို့ သားဒီအဖြစ်မျိုး ကြုံရတာတဲ့၊ သားအမိနှစ်ယောက် အကြောင်းကတော့ မမေ့နိုင်စရာပါ။

အချို့ကလည်း ဘုရားမှာ (ရှေးရှေးက) ဖြတ်လှူကြတယ်။ ယခုခေတ်တော့ ရောင်းစားကြတယ်။

ဆံပင်ဝယ်သူများ သတိထား..။ ဆံပင်အတုတပ်သူများ သတိထား..။

'ဆံပင်'..နောက်က 'ဝိညာဉ်များ'သတိထား ဝယ်ကြပေါ့..လို့ ကျွန်မ ပြောမိလိုက်ပါတယ်။

**ဝင်းကြည်ရွှေ(မိုးတား)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်သီဟဇော် စားပွဲတွင်ထိုင်၍ စဉ်းစားနေသည်။

မိုလ်တထောင် မီးရထား
ကုန်ရုံ၊ ဂိုဒေါင်အတွင်းမှ
မှုလီအိတ်များ
ပျောက်ဆုံးသွားကြောင်း ဂိုဒေါင်တာဝန်ခံ
ဦးထွန်းမြင့်နိုင်လာရောက်
တိုင်တန်းသော
အမှုအကြောင်း ဖြစ်သည်။

ယင်းမှုလီအိတ်များကို နိုင်ငံခြားမှ မှာယူတင်သွင်းထားပြီး မြစ်ငယ်

မီးရထားစက်ရုံ သို့ ပို့ခါနီးအချိန်တွင်ပျောက်ဆုံး
သွားခဲ့ရသည်။

ရဲစခန်းမှ ခေါ်ယူစစ်ဆေးခဲ့သော ကုန်ရုံအစောင့် တာဝန်ကျသော လုံခြုံရေးဝန်ထမ်း (၁၀) ယောက်၏ ထွက်ဆိုချက် များကို ရဲအုပ်သီဟဇော်၏ ရဲအ သိ၊ ရဲအမြင်၊ ရဲအတွေးများ၊ အတွေ့အကြုံများ နှင့်ရောသမမွှေလိုက်သောအခါ

သံသယဖြစ်စရာ လုံခြုံရေးဝန်ထမ်း (၃) ယောက်ကို သတိပြုမိသည်။ သူတို့က မင်းဒင်၊ တင့်နိုင်၊ ရဲနောင်တို့ဖြစ်သည်။

တရားခံ အဖမ်းစောလျှင်မကောင်းသလို၊ အဖမ်းနောက်ကျလျှင်လည်း မကောင်း ကြောင်း အတွေ့အကြုံအရ သိ ထားသဖြင့် သူတို့အားလုံးကို ပြန်လွှတ်လိုက်ပြီး စုံစမ်းထောက် လှမ်းမှုများ ပြုလုပ်ခဲ့ပါသည်။

× × × × ×

တစ်ပတ်ခန့်ကြာပြီးမှ မင်းဒင်ကို ဒုတိယ အကြိမ်ခေါ်ယူ စစ်ဆေးပါသည်။

"မင်း··စနေနေ့က စခန်းကို ရောက်သေးတယ်နော်"

"ရောက်ခဲ့ပါတယ်။ ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်နေ့က ပျောက်နေမှန်းမသိ တဲ့ မှုလီတွေအတွက် ခေါ်စစ်ဆေးခံရတာပါ။ ရဲစခန်းက ခေါ်စစ်ဆေးခံရတဲ့ လူကို ပတ်ဝန်းကျင်က အထင်သေးတဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်ခံရတာ သိက္ခာကျသလို ခံစားရတယ်"

မင်းဒင်က ရင်ထဲကခံစားချက်ကို ဘဝင်မကျ၊ မကျေနပ်သလို ရင်ဖွင့်ပြလာသည်။

"ဒါကတော့ ပစ္စည်းမပျောက်ရအောင်၊ ခိုးယူခြင်းမခံရအောင်၊ လုံခြုံရေးဝန်ထမ်းတွေ ကို လစာငွေ ပေးခန့်ထားပြီး နေ့/ည တာဝန်ပေးထားပါ လျက် တာဝန်မသိ၊ သစ္စာမဲ့သူ တွေ ကျေးဇူးတရားနားမလည် အလေးမထားသူတွေ ရှိနေလေ တော့ သူခိုးလက်ထဲသော့ပေး လိုက်သလို ပစ္စည်းတွေ ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ပျက်ဆုံးရှုံးမှု ဖြစ်တတ်တယ်…

အဲဒီအခါ မည်သူ့မှာ တာဝန်ရှိသလဲဆိုတာ သိရ အောင် စစ်ဆေးရတာဖြစ်တယ်။

တို့ရဲတပ်ဖွဲ့ဝင်တွေမှာ နတ်မျက်စေ့မပါလို့ စိတ်မှန်းနဲ့ ခေါ် စစ်ဆေးရတော့ မင်းစိတ်မရှည် ဘဝင်မကျ ဖြစ်တာ မင်းမလွန်ပါဘူး…။

မင်းလို မဟုတ်မခံစိတ် ဓာတ်ရှိတဲ့ လုံခြုံရေးတစ်ယောက် အနေနဲ့ ကူညီစုံစမ်းပေးရင် မကြာခင် တရားခံအစစ်ကို ဖမ်းမိမယ်လို့ တို့ယုံကြည်တယ်။

× × × ×

မင်းဒင်သည် ဆိုက်ကားသမားတင်ထွန်း၊ ဆိုက်ကားသမား ဖုန်းမြတ်တို့နှင့် "ပျော်စရာ" စားသောက်ဆိုင် တွင် ဂျော်နီဝါကား ပုလင်း ထောင်၍ အောင်ပွဲခံနေကြ၏။

"ငါအခု ဘယ်က ပြန်လာတယ် ထင်သလဲ။ ရဲစခန်းက ပြန်လာတာ။ စခန်းမှူးက တရားခံ စုံစမ်းပေးပါလို့ ပြောတယ်"

တို့ သတိနဲ့နေကြရမယ်။ အချင်းချင်း သစ္စာရှိဖို့လိုတယ်။ သစ္စာမဲ့ရင် ဟင်္သာကိုးသောင်း ပျက်စီးတယ်ဆိုတဲ့ စကားကို



ကြားဖူးတယ်-မဟုတ်လား··။

ဒါကြောင့် ဒီဈေးကြီးတဲ့ ဂျော်နီဝါကား နိုင်ငံခြားအရက်ကို သစ္စာအရက်အဖြစ် တို့သောက်ကြမယ်။"

မင်းဒင်က ပြော၏။

"အေးပါကွာ။ မင်းကြောင့် တစ်သက်လုံးမသောက်ဘူးတဲ့ ဂျော်နီဝါကားကို သောက်ရတဲ့ ကျေးဇူးမမေ့ပါဘူး···တို့ သစ္စာမဖောက်ပါဘူးလို့ ကတိပေးပါတယ်။ ဂျော်နီဝါကား မင်းဒင်ရယ်"

ဆိုက်ကားသမား (၂) ယောက် ပြိုင်တူ ပြောပြီး။

ဂျော်နီဝါကား ပုလင်းထဲမှ အရက်များကို သခွားရည်အလား မြိန်ရည်ရှက်ရည် သောက်ကြတော့သည်။

× × × ×

မင်းဒင် လှုပ်ရှားမှုများကို စောင့်ကြည့် တာဝန်ပေးထားသော နယ်ထိန်း ဇင်မာခက်က တွေ့မြင်ကြားသိသော အခြေအနေကို တင်ပြသည်။

စခန်းမှူးက စီးကရက်သောက်ပြီး တွေးနေသည်။

"ဩော် နိုင်ငံခြားအကောင်းစား အရက်သောက်ဖို့အတွက် ငွေဘယ်ကရသလဲ

www.burmeseclassic.com

www.burmeseclassic.com



မြွေမှန်ရင်တော့ တွင်းဝင်ဖြောင့် မှာ မလွဲပါဘူး။ ဂျော်နီဝါကား မင်းဒင်ရယ်။"

စခန်းမှူးက စီးကရက်ငွေ့ကို မှုတ်ထုတ်ရင်း အတွေးထဲမှာ ပြောလိုက်၏။

ရဲလုပ်ငန်းသည် အချိန်နှင့် တစ်ပြေးညီ လှုပ်ရှားသွားနိုင်မှ တရား ခံပြေးလမ်းပိတ်ပြီး ဥပဒေပိုက်ကွန် တွင်မိမည်ဖြစ်သည်။

ဒီတော့ မင်းဒင်နှင့်အတူ အရက်ဆိုင်မှာ တွေ့ခဲ့သော ဆိုက်ကားသမား (၂) နှစ်ယောက်ကို အညှာကိုင်လှုပ်လျှင် အသီးကြွေနိုင်သည်။

× × × ×

အမှုစစ်အခန်းတွင် ရဲအုပ် သီဟဇော်၊ ဒုရဲအုပ်မြင့်ဦး၊ တပ်ကြပ် ကြီး တိုက်အောင်၊ နယ်ထိန်းဇင်မာခက်၊ ဆိုက်ကားသမားတင်ထွန်းတို့ လက်ဖက်ရည် သောက်နေကြသည်။

သူတို့အားလုံး စကားမပြောဘဲ ထိုင်နေကြ၏။ အမှုစစ်အခန်းနှင့်မတူ ဓမ္မာရုံတွင်တရားထိုင်နေသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေ၏။

တင်ထွန်းက သူ့ကို စစ်မေးရင် မသိဘူး။ မလုပ်ဘူးဆို စကားနဲ့ လိမ်ညာဖြေမည်ဟု စိတ်ထဲမှ တွေးနေ၏။

ရဲအုပ် သီဟဇော်က တင်ထွန်း၏ စိတ်ကို မိမိစိတ်ဖြင့် အနိုင်ယူမည်ဟု စိတ်ထဲမှ တွေးရင်းဒူးယားတစ်လိတ်ပြီး တစ်လိတ် ဖွာနေ၏။

အချိန်အနည်းငယ်ကြာ ပြမ်းနေသက နယ်ထိန်းအခန်းတွင် ဆိုက်ကားသမား

ဖုန်းမြတ်ကို စစ်ဆေးခဲ့သော ဒုရဲအုပ် မြင့်ဦး

အခန်းထဲဝင်လာ၏။

သူကရဲအုပ်သီဟဇော်၏ နား နားကပ်၍ တီးတိုးစကားပြော ပြီးပြန် ထွက်သွားသည်။ ဒုရဲအုပ် မြင့်ဦး ထွက်သွားသည်ကို ကြည့်နေသော တင်ထွန်းက



ဖုန်းမြတ်တော့ ဖော်ကောင်လုပ်ပြီလားဟု စိတ်ပူ၍ လက်ဖက်ရည် ပုဂံလုံး ကိုင်ထားသော လက်များ တုန်နေသည်ကို ရဲအုပ်သီဟဇော် သတိပြုမိ၏။

"ဖုန်းမြတ်က ငွေအခက်အခဲရှိလို့ ကျူးလွန်မိတယ်လို့ ဝန်ခံသွားပြီ..။

လူဆိုတာ တစ်ခါတစ်ရံ မှားတတ်တာ ဓမ္မတာပဲ...

ကမ္ဘာမီးလောင် သားကောင်ချွန်း။ ကိုယ်မချို အမိသော်လည်း သားတော်ခဲ ဆိုစကားတွေရှိတယ်။

မောင်တင်ထွန်း မင်းလည်း ငွေအခက်အခဲကြောင့် လမ်းမှားလျှောက်မိတယ်လို့ တို့နားလည်တယ်"

စခန်းမှူး ပြောစကားကို ကြား၍ တင်ထွန်း ထိတ်လန့်ပြီး လက်ထဲမှ ပုဂံလုံးလွတ်ကျပြီး ကျကွဲသွားပါသည်။

တကယ်လို့သာ ဒုရဲအုပ် မြင့်ဦးက ရဲသီဟဇော်အား ဖုန်းမြတ်ဘူးကွယ်ငြင်းနေပါတယ်၊ ဗိုလ်ကြီးဟု တီးတိုးပြောသွားသည့် စကားကို တင်ထွန်း တစ်ယောက် ကြားသိမည်ဆိုပါက ပုဂံလုံးကျကွဲသည်အထိ ထိတ်လန့်မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com





အခုတော့ တင်ထွန်း၏ စိတ်ကို စခန်းမှူး၏ သိစိတ်က အနိုင်ယူသွားပါပြီ။

× × × ×

ကျွန်တော် အမှန်အတိုင်း ပြောပါမယ်…

ကျွန်တော်ဖဲရှုံးလို့ လော့ မျော၊ လော့နဲ့လိုက်၊ ငွေမျော၊ ငွေနဲ့လိုက်ဆိုသလို ငွေတွေနဲ့လိုက် ပေမယ့် ကံမကောင်းလို့ ဖဲအမြဲ ရှုံးနေချိန်အိမ်မှာ ဆန်မရှိ၊ ငွေမရှိ၊ ကလေး (၂) ယောက် ငတ်ပြတ်နေလို့ လင်မယား ရန်ဖြစ်ကြပြီး မိချိုကလေး (၂) ယောက် လက်ဆွဲပြီး အိမ်က ထွက်သွားပါတယ်။

ကျွန်တော်စိတ်မကောင်းခြင်းများစွာနဲ့ ဆိုက်ကားဂိတ် ရောက်ခဲ့ပါတယ်။ မိချိုအစ်ကို ဖုန်းမြတ် ဆိုက်ကားဂိတ် ရောက်လာပါတယ်။

"ဟေ့ကောင် ယောက်ဖ ဘာငိုင်နေတာလဲ"

ကျွန်တော်လည်း ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တယ်။

"ကဲ ယောက်ဖရေ ငွေများများရမယ့် အလုပ်ရှိတယ်။ မင်း လုပ်မယ်ဆိုရင် ငါလာခေါ်မယ်။"

"အေးလုပ်မယ် ငါစောင့်နေမယ် ယောက်ဖ"

ဖုန်းမြတ် ဆိုက်ကားထွက်သွားပါသည်။

× × × ×

စနေနေ့ည သန်းခေါင်လွန် အာရုံဦးအချိန် (၂) နာရီလောက် မီးရထား ကုန်ရုံရှေ့ သစ်ပင်အောက်တွင် တင်ထွန်းနှင့် ဖုန်းမြတ်တို့ ဆိုက်ကား (၂) စီးနှင့် စောင့်နေကြသည်။

လုံခြုံရေး (၂) ယောက်သည် ဂုံနီအိတ်တွေကို ဆိုက် ကား (၂) စီးပေါ်တင်၍ ဆိုက် ကားပေါ်တက်ကြ၏။

သူတို့ ဆိုက်ကားကို (၅၄) လမ်း ဆိုင်တစ်ဆိုင်တွင် မူလီအိတ်များ ရောင်းချပြီး ရရှိငွေများကို ခွဲဝေယူ၍ လမ်းခွဲလိုက်ကြ၏။

ကုန်ရုံအတွင်း တာဝန်ကျ တာဝန်ထမ်းနေသော ရဲနောင်က မင်းဒင်နှင့် တင့်နိုင်တို့အား ဂိတ်တံခါးဖွင့်၍ ကြိုဆိုပါသည်။

ရဲနောင်ပြုံးနေသည်၊ သူ့အပြုံးက ဒီညသူ့အတွက် ဝေစုငွေပေးမယ့် မင်းဒင်ကို မျက်နှာချို သွေးသော အပြုံး မဟုတ်ပါ လား။

× × × ×

တင်ထွန်း၏ ထွက်ဆိုချက်အရ ဖုန်းမြတ်၊ တင့်နိုင်၊ ရဲနောင်၊ မင်းဒင်တို့ကို ဖမ်း၍ တရားစွဲ တင်လိုက်ပါသည်။

သူတို့ ကျူးလွန်ခဲ့သော ပြစ်မှုအတွက် ထိုက်သင့်သော ပြစ်ဒဏ်ကို ချေးတွေ၊ သွေးတွေဖြင့် ပေးဆပ်ရပေဦးမည်။

တကယ်တော့ ဂျော်နီဝါကား မင်းဒင်နှင့်တွဲလက်များက တရားခံ အစစ်လား။

လောင်းကစားနှင့် အရက်က တရားခံအစစ်လား။

မည်သို့ပင် ဖြစ်စေကာမူ

"မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိပါ"

**သူရထွန်း(ပန်းတနော်)**
**(ရဲအုပ်သန်းဇော်(ငြိမ်း))**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်နိုင်ရပ်ကွက်မှာ သိပ်ချစ်ကြတဲ့ အိမ်နီးချင်းသူငယ်ချင်းနှစ်ယောက် အတူနေခဲ့ကြသည်။ နှစ်ယောက်စလုံး စာတော်ကြတာခြင်းတူသည်။

မတူညီတာက ဘဝအခြေအနေ။ မျိုးမြင့်ခိုင်ရဲ့ အဖေက ဆိုက္ကားနင်းပြီး ချစ်ကိုကိုဦးရဲ့ အဖေက ပွဲရုံပိုင်ရှင်။ ဒါပေမဲ့ နှစ်ယောက်စလုံး ဘွဲ့အတူတူရကြပါသည်။ ဘွဲ့ရတော့ ချစ်ကိုကိုဦးက မိတ္ထီလာသူမခင်သန်းမြင့်နှင့် အိမ်ထောင်ကျပြီး သမီးတစ်ယောက်မွေးသည်။ မျိုးမြင့်ခိုင်ကတော့ မိန်းမမယူသေးပါ။ ဝန်ထမ်းလည်း မလုပ်ပါ။ ခင်ဆိုက္ကားကို ဆက်နင်းပါသည်။ ဘွဲ့ရ ဆိုက္ကားဆရာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေဆိုတော့ အလုပ်ချိန်မှလွဲပြီး အမြဲတမ်းတွေ့ဆုံကြပါသည်။ သမီးလေးကိုတော့ ကျောင်းအကြိုအပို့ကို မျိုးမြင့်ခိုင်က တာဝန်ယူဆောင်ရွက်ပေးသည်။

ဒီလိုနဲ့ သမီးလေးခင်မေချစ် အဋ္ဌမတန်း ရောက်လာပြီးကျောင်းကြိုကျောင်းပို့နှင့် ကျူရှင်စာပြကို မျိုးမြင့်ခိုင်က တာဝန်ဆက်ယူထားသည်။ သူငယ်ချင်းသမီးဆိုတော့ ကိုယ့်သမီးပဲပေါ့။ ခင်မေချစ်က မိဘတွေထက် မျိုးမြင့်ခိုင်နဲ့ ကအတူဆုံရတာက ပိုများသည်။ မိဘတွေကလည်း ကုန်သည်ပွဲစားတွေဆိုတော့ အားလပ်သည်မရှိ သမီးလေးအတွက် အချိန်မပေးနိုင်။ အချစ်ဆုံး သူငယ်ချင်းက ကူညီဆောင်ရွက်ပေးနေ၍ တော်သေးသည်။ အဖေတူသမီးမို့ ခင်မေချစ်က စာတော်သည်။ တစ်နှစ်မှ မကျပါ။

ခင်မေချစ် (၁၀) တန်း ရောက်လာတော့ မျိုးမြင့်ခိုင်တစ်ယောက် စာကိုပိုပြီး ဂရုစိုက်သင်ပေးနေရပြီ။ နှစ်ချင်းပေါက်အောင် ရုံတင်မက ဂုဏ်ထူးပါထွက်ရမည်ပေါ့။

ဒီအချိန် ခင်မေချစ်ရဲ့ အန်တီလေးဖြစ်သူ မိတ္ထီလာက သန်းသန်းဆင့် ရောက်လာသည်။ အစ်မဖြစ်သူ ခင်သန်းမြင့်တို့ လင်မယားပွဲရုံလုပ်ငန်းမနိုင်၍ ကူညီရန် ရောက်လာခြင်းဖြစ်သည်။ မျိုးမြင့်ခိုင်နှင့် ခင်မေချစ်တို့ စာသင်ပြနေပုံကိုကြည့်ပြီး ဘဝင်မတွေ့။ ရင်းနှီးလွန်းသည်ဟုထင်သည်။ အစ်မဖြစ်သူကို ပြောတော့လည်း မရ။ ခင်မေချစ် ငယ်ငယ်တုန်းကစ ချီးသေးလုပ်ပေးသောသူတဲ့။ သမီးက တို့လင်မယားထက် သူ့လက်ပေါ်မှာ ကြီးလာတာတဲ့။ ဒါကြောင့် သမီးက သူ့ဦးဦးကိုထိရင် လုံးဝလက်မခံပါ။ ဒုတိယအဖေပါတဲ့။ ဘာပဲပြောပြော အသားလေးဖြူဝင်းပြီး အရပ်အမောင်းကောင်း အပျိုဖော်ဝင်နေပြီဖြစ်တဲ့ တူမကိုကြည့်ပြီး လုံးဝစိတ်မချတော့။ ချစ်လွန်းတော့ အစိုးရိမ်လွန်ပြီပေါ့။

ကျောင်းသွားချိန်၊ ပြန်ချိန်၊ စာသင်ချိန်တွေကိုမိဘတွေကဘာမှ ဝင်မစွက်ဖက်ပေမယ့် အန်တီလေးကစည်းကမ်းသတ်မှတ်လိုက်သည်။ မျိုးမြင့်ခိုင်တစ်ယောက် သူ့အလုပ်ကို စွက်ဖက်တယ်လို့ ထင်သလို ခင်မေချစ်ကလည်း အန်တီလေးက သူ့ကို သက်သက် ချုပ်ချယ်တယ်ဟုထင်သည်။ အနေအထိုင်အပြောအဆိုကအစ သွန်သင်ဆုံးမလာတော့ လူငယ်သဘာဝအတိုင်း ခင်မေချစ်မနေတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



သည်းခံလို့စိတ်လည်း မရှိတော့။ ပြန့်ပြောရာကနေ တစ်ခါတစ်ရံ တူဝရီးနှစ်ယောက် စကားများကြသည်အထိ ဖြစ်လာသည်။ သန်းသန်းဆင့် တစ်ယောက် သူ့အမေနှင့် အဖေတို့ကို ပြန်ပြောပြတော့လည်း မျိုးမြင့်ခိုင်ရဲ့ စိတ်ဓာတ်နဲ့ သမာဓိကို ယုံပါတယ်တဲ့။ "ဘာလဲ . . . ညည်းကမနာလို ဖြစ်နေတာလား" တဲ့ အစ်မက စသည်။

သမီးကိုချစ်တော့ အလိုလိုက်ကြသည်။ သမီးက စာတော်တော့ ဂုဏ်ပြုတဲ့အနေနဲ့ ဂျာလင်းဆူပါကပ်လေးတစ်စီး သမီးစီးဖို့ ဝယ်ပေးထားသည်။ ဒါပေမယ့် ခင်မေချစ်ကမစီးပါ။ မျိုးမြင့်ခိုင်ကိုပဲ ဆိုင်ကယ်နဲ့ ကြိုပို့ပေးရမယ်လို့ ချွဲသည်။ မျိုးမြင့်ခိုင်ကလည်း မငြင်းရက်ပါ။ ခင်မေချစ်အလိုကျ လိုက်လျောရပါသည်။ အန်တီလေးကို အမြင်ကပ်တော့ အိမ်အဝင်အထွက်တွေမှာ မျိုးမြင့်ခိုင်ရဲ့ ခါးကို ဖက်တွယ်ပြီး စီးသည်။ အန်တီလေးကတော့ အံတကြိတ်ကြိတ်ပေါ့။ ဒီလိုနဲ့ ခင်မေချစ် တစ်ယောက် ဆယ်တန်းစာမေးပွဲ ဖြေချိန်နီးလာတော့ မျိုးမြင့်ခိုင် တစ်ယောက် ခင်မေချစ်အတွက် အချိန်ပိုပေးရပြီပေါ့။ မနက်/ည အိပ်နစ်အိပ် ကူးချိုသန်းချိုဖြစ်နေတဲ့ သူငယ်ချင်းကိုမြင်တော့ ချစ်ကိုကိုဦးတို့လင်မယားနှစ်ယောက် စိတ်မကောင်းကြ။ လင်မယားနှစ်ယောက် တိုင်ပင်ပြီး အပေါ်ထပ်ဘုရားခန်းနဲ့ ကပ်လျက်မှာရှိတဲ့ ဖခင်ကြီးမဆုံးခင် နေခဲ့တဲ့ အခန်းကို ရှင်းပေးပြီး မျိုးမြင့်ခိုင်ကိုလာ အိပ်ခိုင်းရင် ကောင်းမလားပေါ့။ ဇနီးဖြစ်သူ ခင်သန်းမြင့်က လက်ခံပါသည်။ ဒါပေမယ့် သန်းသန်းဆင့်က မကြိုက်ချင်။ မျိုးမြင့်ခိုင်ကိုခေါ်ပြီး ချစ်ကိုကိုဦးက "သူငယ်ချင်းရေ ... သမီးစာမေးပွဲအတွင်းမှာ မင်း ငါတို့အိမ်ပြောင်းအိပ်ပေးပါကွာ" ဆိုတော့ မျိုးမြင့်ခိုင်က "ရပါတယ် သူငယ်ချင်းရာ။ ငါလာသင်ပေးနိုင်ပါတယ်" လို့ ပြန်ပြောသည်။ ခင်သန်းမြင့်ကပါ ဝင်ပြီး "ဘာပဲဖြစ်ဖြစ် သမီးလေး စာမေးပွဲဖြေလို့ ပြီးသည်အထိ ကျွန်မတို့အိမ်လာအိပ်ပေးပါရှင်" တဲ့ ခင်မေချစ်ကပါ "ဟုတ်တယ်။ ဦးဦးက သမီး စာကြည့်ပြီးအောင် ထိုင်စောင့်ရတော့ ညဥ့်နက်မှ ပြန်ရတာ၊ သမီးတို့ အိမ်မှာပဲ အိပ်ရမယ်နော်လို့" ပြောလာတော့ မျိုးမြင့်ခိုင်ဘယ်လိုမှ ငြင်းမရတော့မှန်းသိသည်။ သန်းသန်းဆင့်ကိုကြည့်တော့ နှာခေါင်းရှုံ့ပြီး အခန်းထဲဝင်သွားလေရဲ့။

"အေးပါကွာ။ အိပ်ပါမယ်"လို့ မျိုးမြင့်ခိုင်ပြောတော့ "ဟေး ... ဒါမှတို့ဦးဦးကွ။ လာ ဦးဦး သမီးစာကြည့်တော့မယ်" လို့ပြောပြီး မျိုးမြင့်ခိုင်ရဲ့ လက်မောင်းကိုတွဲကာ စာကြည့်ခန်းထဲ ဆွဲခေါ်သွားလေသည်။ ချစ်ကိုကိုဦးနှင့် ခင်သန်းမြင့်တို့လင်မယား နှစ်ယောက် သမီးတက်ကြွနေပုံကိုကြည့်ပြီး ပြုံးနေကြသည်။

အမြဲတမ်းအိမ်မှာရှိနေသူ သန်းသန်းဆင့်က မျိုးမြင့်ခိုင်နှင့် ခင်မေချစ်တို့ စာသင်၊ စာဖတ်ပြုလုပ်နေသည်ကို စောင့်ကြည့်ချောင်းကြည့်နေရသည်က အလုပ်တစ်ခုပင်။

သူ့ ဦးဦးစားဖို့ အမျိုးမျိုး လုပ်ကျွေးနေသူက ခင်မေချစ်။ မျိုးမြင့်ခိုင်ကလည်း စာသင်လျှင် ခေါင်းလေးပုတ်လိုက်၊ ပါးလေး ဖျစ်လိုက်နဲ့ပေါ့။

ဒီလိုနဲ့ ခင်မေချစ်စာမေးပွဲ နောက်ဆုံးနေ့ ပြန်အပို့မှာ သန်းသန်းဆင့်က "ကိုမျိုးမြင့်ခိုင်ကို ပြောစရာရှိလို့" တဲ့ "ပြောလေ၊ ဘာပြောမှာလည်း" မေးတော့ သန်းသန်းဆင့်က ဟိုဒီကြည့်ပြီး "ရှင် သမီးနဲ့ တရင်းတနှီး မနေ

www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့။ ဖြစ်နိုင်ရင် အိမ်ကို ခဏခဏ မလာပါနဲ့" တဲ့ "မင်း … မင်း ဘာပြောလိုက်တာလဲ" ဒေါသမျက်လုံးနဲ့ ကြည့်ပြီး အသံမာမာနဲ့ မျိုးမြင့်ခိုင်က ပြန်မေးလိုက်တော့ သန်းသန်းဆင့်တစ်ယောက် တွေဝေသွားပြီး "ဟို … ဟို မဖြစ်သင့်တာတွေ ဖြစ်မှာစိုးလို့ပါ" တဲ့ "တောက် … ကောင်းကွာ။ ဒါ ငါ့ကို စော်ကားတာပဲ" အသံကတော့ထွက်မလာ စိတ်ထဲကပဲ ပြောပြီး မျိုးမြင့်ခိုင်ပြန်ထွက်လာခဲ့သည်။

နောက်နေ့ မနက်ဆိုက်ကားထွက်သည်အထိ စိတ်ကမရှင်း။ နေ့စဉ် လုပ်နေကျမို့ ဆိုက်ကားနင်းနေရပေမယ့် စိတ်ကမပါ သန်းသန်းဆင့် ပြောလိုက်တဲ့ စကားတွေပဲ ကြားယောင်နေသည်။ သူ့စကားက ဘာကို ရည်ညွှန်းတာလဲ။ ငါ့ကိုယ်ကျင့်တရားကို စော်ကားတာလား၊ မျိုးမြင့်ခိုင် ဝေခွဲ၍မရ။

တစ်ရက် … နှစ်ရက် … ငါးရက် …

ခင်မေချစ်တို့ အိမ်သွားလိုစိတ်တွေကို ထိန်းချုပ်ခဲ့သည်။ ဆိုက်ကားလည်း မထွက်ဖြစ်။ ရင်နှင့်အပြည့် ခံစားနေရသည်တော့ အမှန်။ သန်းသန်းဆင့် အပေါ်ထားတဲ့ ဒေါသလား၊ ခင်မေချစ်အပေါ်ထားတဲ့ သံယောဇဉ်လား ဆိုတာမသိပါ။

အို … ဘာပဲဖြစ်ဖြစ် စိတ်ငြိမ်သွားအောင်ဆိုပြီး အိမ်အပေါ်ထပ်တွင် တစ်သက်လုံးမသောက်ဖူးသည့် အရက်ကို သောက်နေပြီ။

ပထမတော့ ရင်ထဲပူဆင်းသွားပြီး အခံရခက်သည် တစ်ခွက်နှစ်ခွက် နောက်တော့ ခေါင်းတွေထူပူပြီး စိတ်ထဲမှာ ဘာမှမရှိတော့သလို ခံစားရသည်။ လူတွေပြောတဲ့ ဝက်စည်းစိမ်လား၊ ဇရက်မင်းစည်းစိမ်လား၊ နဂါးမင်းစည်းစိမ်လား မသိတော့ပါ။

×××

"အန်တီလေး ဦးဦးမလာဘူးလား"

"အေး … လာတာမမြင်ဘူး"

ခင်မေချစ်မေး၍ သန်းသန်းဆင့်က ဖြေသည်။

"အမေတို့လည်း အသံမကြားဘူး" ဟု ခင်မေချစ်က ဟိုဟို ဒီဒီရှာကြည့်ရင်း မေးသည်။

ခင်မေချစ်လည်း သီချင်းလေးညည်းရင်းအိမ်အပြင်ထွက်ခဲ့သည်။ မယောင်မလည်နှင့် မျိုးမြင့်ခိုင်တို့အိမ်ဘက်ထွက်ခဲ့သည်။ မျိုးမြင့်ခိုင်၏အမေ ပန်းပင်တွေ ရေလောင်းနေသည်ကို တွေ့ရသည်။ ခင်မေချစ်တစ်ယောက် ဖွင့်ထားသည့် ခြံတံခါးမှ ဝင်သွားပြီး "ဖွားဖွား ဦးဦးကော" လို့ ခင်မေချစ်က မေးတော့ "သမီး ဦးဦး အိမ်ပေါ်မှာကွဲ့" လို့ ပြန်ဖြေပြီး ရေဆက်လောင်းနေသည်။

ခင်မေချစ်တစ်ယောက် လှုငယ်ပီပီ မစဉ်းစားတော့ဘဲ မျိုးမြင့်ခိုင်ရှိရာ အိမ်အပေါ်ထပ်သို့ တက်သွားခဲ့သည်။ အပေါ်ထပ် စာကြည့်ခန်းစားပွဲဝိုင်းဘေးမှာ ပက်လက်အိပ်ပျော်နေတဲ့ မျိုးမြင့်ခိုင်ကို တွေ့ရသည်။ စားပွဲပေါ်မှာလည်း အရက်ပုလင်းနဲ့ အမြည်းပန်းကန်။ သူ့ဦးဦး အရက်သောက်တာ တစ်ခါမှ မမြင်ဖူးတော့ ခင်မေချစ် အံ့ဩနေမိသည်။ မျိုးမြင့်ခိုင်ကိုကြည့်တော့ တော်တော်မူးနေပုံရသည်။ လှုပ်နှိုးကြည့်သည်မရ။ မျက်နှာမှာ အဆီတွေ ပြန်နေသည်။ ခင်မေချစ်လည်း လက်ကိုင်ပုဝါရေဆွတ်ပြီး မျိုးမြင့်ခိုင်ရဲ့ မျက်နှာကို ပွတ်သပ်ပေးလိုက်သည်။ ခဏအကြာ မျိုးမြင့်ခိုင်ပါးစပ်မှ "အာလာလာ … အား" ဟု ညည်းလာသည်။ ခင်မေချစ်လည်း ခေါင်းကိုအသာမပြီး "ဦးဦး … ဦးဦး" ဟုဆိုပြီး စိုးရိမ်ကြီးစွာ

www.burmeseclassic.com

www.burmeseclassic.com





ခေါ်လည်းခေါ် လှုပ်လည်းလှုပ် ပေါ့။ မျိုးမြင့်ခိုင်မျက်လုံးပွင့်လာ သည်။ အမြင်အာရုံက ဝိုးတဝါးပင်၊ ခင်မေချစ် ဟုတ်ပါတယ်၊ ခင်မေ ချစ်မှ ခင်မေချစ်ပါ။ ""သမီး ... သမီး ဦးဆီဘာလို့ လာတာလဲ။ သမီး အဒေါ်သိရင် ဆူလိမ့်မယ်"" လို့ပြောတော့ ""ဟင့်အင်း ... ဆူချင်ဆူ၊ ဦးဦးမှ သမီးတို့အိမ် မလာတာ၊ သမီးလာမှာပေါ့"" ဆိုတော့ မျိုးမြင့်ခိုင်ထထိုင်ပြီး ခင်မေချစ် လက်မောင်းလေးကို အသာပွတ်ပြီး ""သမီးရယ် ပြန် တော့နော်"" ဟုချော့သည်။

ခင်မေချစ်က ခေါင်းလေးယမ်း ပြီး ""ဘာလဲ ဦးဦးက သမီးကို အရင်လိုမချစ်တော့ဘူးပေါ့"" လို့ ဝမ်းနည်းသံလေးနဲ့ ပြန်ပြောပြီး ထသွားမည်လုပ်တော့ ခင်မေချစ် ရဲ့ ခန္ဓာကိုယ်လေး အမှတ်တမဲ့မို့ မျိုးမြင့်ခိုင်ရင်ခွင်ထဲလဲကျသွား သည်။ ခင်မေချစ်ကလည်း မျိုးမြင့် ခိုင် ရင်ခွင်ထဲမှာပဲ ငိုနေမိသည်။

""သမီးရယ်မငိုပါနဲ့တော့။ ဦးဦး မနေတတ်လို့ပါ""ပြောပြီး ဆံစလေးတွေကို ပွတ်သပ်ပေးရင်း ခေါင်းငုံ့အကြည့်၊ ခင်မေချစ်က လည်း ခေါင်းအမော့မှာ မထင် မှတ်ပဲ မွှေးမွှေးလေးသလို ဖြစ်သွား သည်။ တစ်ကြိမ်တစ်ခါမှ ညည်းစေး မထားဘူးသော မျိုးမြင့်ခိုင် မိန်းမ နှင့် ပတ်သက်လျှင် လုံးဝကင်းရှင်း ခဲ့သော မျိုးမြင့်ခိုင်တစ်ယောက် အပျိုဖော်ဝင်စ ခင်မေချစ်နဲ့ နဖူး တွေ့ ဒူးတွေ့ကြုံတွေ့လိုက်ရသော အခါ ကမ္ဘာကြီးတစ်ပါတ်လည် သွားသလို ခံစားလိုက်ရသည်။ ဘာမဆိုဘာမှမမြင်တော့ ပတ်ဝန်း ကျင်လောကကြီးတစ်ခုလုံးမှောင် အတိကျသွားသလို ခံစားလိုက်ရ သည်။

×××

တီ ... တီ ... တီ

ဂျစ်ကား၏ဟွန်းသံကြားမှ သန်းသန်းဆင့် တစ်ယောက် အိပ်ရာ မှ လန့်နိုးလာသည်။ မမတို့ ပြန် လာတာဖြစ်မယ်ဟု စိတ်ထဲမှာ ပြောပြီး အိမ်ရှေ့တံခါးဖွင့်လိုက် သည်။ ဟုတ်ပါသည်။ ဂျစ်ကား နောက်ခန်းမှာလည်း အမျိုးသမီးကြီး နှစ်ဦးပါသည်။

""သန်းသန်းရေ စားစရာ တစ်ခုခုလုပ်ဟာ ရွာကစောစော ထွက်လာတာ ဘာမှမစားရသေး ဘူး။ ဧည့်သည်အတွက်လည်း လုပ်ပော့"" ဟု ချစ်ကိုကိုဦးက ပြောသည်။ အစ်မဖြစ်သူက သမီး

www.burmeseclassic.com

www.burmeseclassic.com



ကို မမြင်၍ "အိပ်ရာမထသေးဘူးလား"ဟု မေးပြီး ခင်မေချစ်အခန်းရှိရာ အိမ်အပေါ်ထပ်သို့ တက်သွားသည်။ သူတို့မှာ ဒီသမီးလေးတစ်ယောက်တည်းရှိတာပဲ သမီးမျက်နှာမြင်လိုက်ရမှသာ အမောပြေတော့မှာပေါ့ "သမီးရေ သမီး အမေတို့ အိမ်ပြန်လာပြီလေ" ဟု ပြောပြီး အခန်းတံခါးကို ဖွင့်ကြည့်လိုက်တော့ တံခါးကချက်မထိုးထား၍လားမသိ။ ပွင့်ဟသွားသည်။ အခန်းအတွင်း သမီးအိပ်တဲ့ ခုတင်ပေါ်ကြည့်လိုက်တော့ သမီးကိုမမြင် မျက်နှာသစ်နေသည်ထင်၍ ရေချိုးခန်းထဲသို့ လိုက်သွားကြည့်လိုက်မိသည်။ ဒါပေမဲ့ သမီးကိုမတွေ့၊ မဟုတ်သေးပါဘူးလိုရှေ့တွေးပြီး အောက်ထပ်ပြန်ဆင်းလာခဲ့သည်။

အောက်ထပ်ရောက်တော့ တစ်ယောက်တည်း ပြန်ဆင်းလာတဲ့ ဇနီးကိုကြည့်ပြီး ချစ်ကိုကိုဦးက "ဟာ ... သမီးကို မခေါ်လာခဲ့ဘူးလား။ ဒီမှာ ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးရအောင်" ဟု မေးပြောပြောသည်။ စီးပွားဖက်တောသူဌေးအမျိုးသမီးနှစ်ဦးအား အချောအလှ စာတော်တဲ့ သမီးလေးကိုပြပြီး ကြွားချင် ဂုဏ်ယူချင်နေပုံရသည်။ ခင်သန်းမြင့်က သမီးအပေါ်မှာ မရှိကြောင်း ပြောတော့ ချစ်ကိုကိုဦး တစ်ယောက် ခရီးရောက်ရောက်ချင်း သမီးမျက်နှာမမြင်၍ တစ်ခုခုလိုနေသလို ခံစားနေရသည်။

"ဟော့...သန်းသန်း သမီးဘယ်သွားလည်း" မေးတော့ "မနေ့က ညစာစားပြီး အပေါ်ထပ်တက်အိပ်တယ်ထင်တာပဲ ကျွန်မလည်း သိမ်းစရာတွေ သိမ်းဆည်းပြီး စောစောအိပ်ယာဝင်လိုက်တာ သတိမထားမိဘူး" ဟု သန်းသန်းဆင့်က ဖြေသည်။ ပြီးတော့ "ဟို မနေ့ညနေကတော့ ကိုမျိုးမြင့်ခိုင်ကို မေးသေးတယ်" လို့ သန်းသန်းဆင့်က စဉ်းစားပြီး ဆက်ပြောလိုက်တော့ ချစ်ကိုကိုဦးက ပြန်မေးသည်။ "နင် အိမ်တံခါးအခုမှ ဖွင့်တာလား" ဆိုတော့ ဟုတ်တယ်လေ ကားဟွန်းသံကြားလို့ ထဖွင့်ပေးတာပဲ" ဟု သန်းသန်းဆင့်က ဖြေသည်။

ချစ်ကိုကိုဦးထိုင်ရာမှ ထပြီး အိမ်အပြင်ထွက်သွားသည်။ ဇနီးဖြစ်သူနှင့် ဧည့်သည်များပါ ဘာမှန်းမသိထလိုက်သွားကြသည်။ မျိုးမြင့်ခိုင်တို့ ခြံထဲရောက်တော့ ခြံတံခါးဖွင့်ထားသလို အိမ်တံခါးလည်း ဖွင့်ထားသည်။ လူကိုတော့ တစ်ယောက်မှ မမြင်ရ "ဒေါ်လေး...ဒေါ်လေး...ငခိုင်၊ ငခိုင်" ဟု ချစ်ကိုကိုဦးကခေါ် လိုက်သည်။ နောက်ဖေးမီးဖိုချောင်မှ မျိုးမြင့်ခိုင်၏ အမေ ထမင်းအိုးမွှေတဲ့ယောင်းမကိုင်ပြီး ထွက်လာသည်။

"ဒေါ်လေး...ငခိုင် ရော"

"သားအိပ်ယာထတာ မမြင်သေးဘူး"ဟု ပြန်ဖြေသည်။ ချစ်ကိုကိုဦးက ဂရုမစိုက်တော့။ အိမ်ပေါ်ထပ် တက်ပြေးသွားပြီး "ငခိုင်...ငခိုင်။ ဟော့ကောင် ငခိုင်" ဟုအော်ပြီး ခေါ်လိုက်သံမှာ ခြံအပြင်မှပင် ကြားနိုင်လောက်သည်။

ခေါ်သံ အော်သံနှင့် လှေခါးမှ ပြေးတက်လာသံတွေကြားမှ မျိုးမြင့်ခိုင် တစ်ယောက်နိုးလာသည်။ မနေ့က မသောက်ဖူးဘဲ အရက်တွေသောက်၍ အိပ်ပျော်သွားခဲ့သည်။ ထမယ်လုပ်ပေမယ့် ဘယ်ဖက်လက်က လှုပ်၍မရ တစ်ခုခုဖိထားသလို ခံစားရသည်။ မျက်လုံးကို ပွတ်သပ်ပြီး သေသေချာချာဘယ်ဖက်ကို လှည့်ကြည့်မိတော့ "ဟာ...သွားပြီ" ဟု ဆိုပြီး လက်ကိုရုန်းထလိုက်တော့ ခင်မေချစ်နိုးလာသည်။ ပြီးတော့ "ဦးဦး ဘာဖြစ်တာလဲတဲ့" "ညည်းကဘာဖြစ်လို့ ငါ့အိပ်ယာထဲ ရောက်နေတာလဲ" မေးတော့ ခင်မေချစ်က မျက်လုံးလေးကလယ်

www.burmeseclassic.com

www.burmeseclassic.com



ကလယ်နဲ့ "ဟင် ဦးဦးသမီးကို အရမ်းချစ်တယ်၊ ဦးဦးအနားကနေ ဘယ်မှမသွားရဘူး ပြောပြီး ဦးဦး အိပ်ပျော်သွားတာလေ" လို့ ပြန် ဖြေရှာတယ်။ ဒီအချိန်မှာ အပြင် အခန်းတံခါးကို တွန်းဖွင့်ပြီး ရှေ့ ဆုံးက ဝင်လာသူက ချစ်ကိုကိုဦး၊ မျိုးမြင့်ခိုင်ရင်ခွင်ထဲ တိုးဝင်နေတဲ့ သမီးကိုမြင်တော့ "ဟာ…သမီး သမီးလေး တောက်…ငခိုင် မင်း ခွေးကျင့်ခွေးကြံကြံတယ်" ဟု ပြောပြီး ဘယ်ကရောက်လာမှန်း မသိတဲ့ ဒေါသ သမီးအတွက် ယူကြုံးမရ ခံစားလိုက်ရတဲ့ လျှပ် တပျက် ဝမ်းနည်းမှုတွေနဲ့ မျိုးမြင့် ခိုင်ရဲ့ ရင်ဘတ်ကိုဆွဲပြီး မျက်နှာကို ခွပ်ကနဲ တစ်ချက် နှစ်ချက် သုံးချက် ဆက်တိုက်ထိုးနေပေမယ့် မျိုးမြင့် ခိုင်က ပြန်မခုခံပါ၊ ပြန်လည်းမလုပ် ပါ၊ ပါးစပ်မှ သွေးတွေထွက်ပြီး အရုပ်ကျိုးပြတ်လဲကျသွားတာမြင် တော့ ခင်မေချစ်တစ်ယောက် "မေမေရယ်တော်ပါတော့ ဦးဦးကို မထိုးပါနဲ့တော့" ပြောလည်းပြော ငိုလည်းငို၊ မျိုးမြင့်ခိုင်ခေါင်းကို မထူကာ သွေးများကို သုတ်ပေး နေလေရဲ့၊ ပြီးတော့ အားပါးတရ ဖက်ထားလိုက်သည်။

မျိုးမြင့်ခိုင်ကို စိတ်ရှိလက်ရှိ ထိုးလိုက်ရလို့လားမသိ သမီးအဖြစ် ကိုမြင်တော့ ဒေါသထက် ဝမ်းနည်း မှုက ပိုလာသည်။ သမီးပုခုံးကို ကိုင်ပြီး ယောကျ်ားတန်မဲ့ မျက်ရည် တွေ စီးကျလာသည်။ ခင်သန်းမြင့် ကလည်း ကျွန်မတို့ သမီးလေး ရေတိမ်နစ်ပါပြီတော့ ဟုပြောပြီး



ချစ်ကိုကိုဦးကိုဖက်ကာ ယူကြုံးမရ ရှိုက်ကြီးတငင်ငိုနေပါတော့သည်။

ဆူသံ အော်သံ ငိုသံတွေ ကြောင့် အိမ်နီးချင်းများရောက်ရှိ လာကြပြီး အကျိုးအကြောင်းမေး ကာ မျိုးမြင့်ခိုင်အား ဆေးရုံပို့ရန် ခေါ်ထုတ်သွားကြသည်။ ချစ်ကိုကို ဦးလည်းသတိဝင်လာသည်ထင့်။ သမီးကို ဆွဲခေါ်ပြီး အိမ်ပြန်သွား ကြသည်။ အိမ်ရောက်တော့ ဧည့်သည်တွေကို အောက်ထပ်မှ သန်းသန်းဆင့်နှင့် ဧည့်ခံခိုင်းထား ပြီး သူတို့ လင်မယားက သမီးလေး အခန်းမှာ သမီးလေးကို ချော့မော့ မေးနေသည်။ ခင်မေချစ်က ဘာမှ ပြန်မဖြေ။ ရှေ့ငေးနှုတ်ပိတ်ပဲ။ သူတို့ လင်မယားလည်း ဘာမှ ဆက်မေး မရမှန်းသိ၍ ကြက်သေသေ နေကြသည်။ သတိရလို့ သမီးကို ကြည့်တော့ အိပ်ပျော်နေလေရဲ့။ သြော် သမီးဖြစ်သူတော့ ဘာမှ မဖြစ်သလို အပူအပင်ကင်းမဲ့လေစွ။ သမီးလေးကို ခင်သန်းမြင့် စောင်ခြုံ ပေးပြီး လင်မယားနှစ်ယောက် ထွက်လာကြသည်။ အောက်ထပ် ကို မသွားချင်။ ဧည့်သည်တွေကို မျက်နှာပြရမှာ သမီးလေးအတွက် ရှက်နေမိသည်။ လင်မယားနှစ် ယောက် သမီးအတွက် တိုးတိုး တိတ်တိတ် တိုင်ပင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com





အကောင်းဆုံးဖြစ်အောင် ဘယ်လို ဆောင်ရွက်သင့်ပါသလဲပေါ့။ တိုင်ပင်တွေးတောစဉ်းစားကြရင်း ခရီးကလည်း ပန်းလာသည်မို့ နှစ်ယောက်စလုံး အိပ်ပျော်သွားကြသည်။

×××

"ကလင် … ကလင် … ကလင်"

အချိန်မည်မျှ အိပ်ပျော်သွားကြသည်မသိ ဖုန်းမြည်သံကြားမှ အိပ်ယာမှ နိုးလာကြသည်။ နာရီကြည့်လိုက်တော့ ညနေ လေးနာရီခွဲနေပြီ ချစ်ကိုကိုဦးဖုန်းခွက်ကို ကောက်ကိုင်၍ …

"ဟယ်လို … အမိန့်ရှိပါ ခင်ဗျာ"

"…"

"ဟုတ်ပါတယ်။ ကျွန်တော် ချစ်ကိုကိုဦးပါ"

"…"

"ဗျာ … ဟုတ်ကဲ့ … ဟုတ်ကဲ့ အခုပဲ လာခဲ့ပါ့မယ်" ဟု ပြောပြီး ချစ်ကိုကိုဦး ဖုန်းကို ချလိုက်သည်။

"ကိုဦး ဘယ်ကဖုန်းလည်း ဘာပြောတာလဲ"

ခင်သန်းမြင့်ကမေးတော့ "သမီးစီးတဲ့ဆိုင်ကယ် ရန်အောင်စခန်းမှာတဲ့" ပြန်ပြောပြီး ခင်သန်းမြင့်ကိုခေါ်ကာ ဂျစ်ကားဖြင့် ပျော်ဘွယ်မှ ရနောင် (ရန်အောင်) ထွက်လာခဲ့ကြသည်။ ရနောင်ရဲစခန်းရောက်လို့ မေးကြည့်တော့ အကြောင်းစုံသိရသည်။ ရနောင်ဈေးအရှေ့ကားဂိတ်က ထမင်းဆိုင်ရှင်က သူ့ဆိုင်ရှေ့ကို စူပါကပ်ဆိုင်ကယ်နဲ့ ခပ်ချောချော မိန်းကလေးကစီးပြီး မျက်နှာမှာ အညိုအမဲဒဏ်ရာနဲ့ လူက နောက်ကထိုင်လိုက်လာကာ ဆိုင်ရှေ့ရောက်တော့ ဆိုင်ကယ်ကို သော့တန်းလန်းနဲ့ထားခဲ့ပြီး နတ်မောက်ကားပေါ် နှစ်ယောက်စလုံး တက်လိုက်သွားတာတွေ့လိုက်ရတယ်တဲ့။ အတော်ကြာသည်အထိ ဆိုင်ကယ်ကိုဘယ်သူမှ လာမယူတာနဲ့ ဆိုင်ကကောင်လေးလွှတ်ပြီး ရဲစခန်းကို အကြောင်းကြားလိုက်ရတာပဲတဲ့။ စခန်းမှူးကလည်း ဆိုင်ကယ်နံပါတ်နဲ့ အမျိုးအစားပြောပြီး ပျော်ဘွယ်စခန်းမှူးဆီ စုံစမ်းကြည့်တော့ ခင်ဗျားတို့ဆိုင်ကယ်ဆိုတာကို သိရလို့ အကြောင်းကြားတာပါဆိုပဲ။ ဒါနဲ့ နတ်မောက်ထိလိုက်သွားပြီး မေးမြန်းကြည့်တော့ သမီးတို့လိုက်သွားတဲ့ကားကိုတွေ့ရပေမယ့် သူတို့လည်းခရီးသည်တွေက တက်လိုက်ဆင်းလိုက်နဲ့မို့ သတိမထားမိဘူးလို့ ပြန်ပြောပါတယ်။ ရဲစခန်းအကူညီ

www.burmeseclassic.com

www.burmeseclassic.com



တောင်းပြီး ရှာဖွေခဲ့ပေမယ့် မတွေ့ရလို့ နောက်နေ့ ပြန်လာခဲ့ကြရပါတယ်။

ပျော်ဘွယ်ပြန်ရောက်တော့ အိမ်မှာ ခင်သန်းမြင့်ရဲ့ အဖေနဲ့ အမေကို သန်းသန်းဆင့် ဖုန်းဆက်ခေါ်လို့ မိတ္ထီလာက ရောက်လာကြပြီး အချစ်ဆုံးမြေးမို့ အဖိုးအဖွား တွေ စိတ်ဆောက်တည်ရာမရဖြစ်ပြီး ရှေ့နေနဲ့တိုင်ပင်ကြကာ ရှေ့နေက စခန်းမှာ အမှုဖွင့်ထားလိုက်တာ ကောင်းပါတယ်ဆိုတာနဲ့ ရဲစခန်းမှာ အမှုဖွင့်တိုင်ကြားထားလိုက်ကြသည်။

သုံးလကျော်လေးလလောက် ရောက်တော့ သတင်းအရ တောင်ညောင်ဂှာုန်းရဲစခန်းပိုင်နယ်မြေ ရွာတော်ရွာမှာရှိတယ်ကြားတာနဲ့ ရဲအဖွဲ့နဲ့သွားခေါ်ကာ နှစ်ယောက်စလုံးပါလာကြသည်။ နှစ်ဦးနှစ်ဖက် ညှိနှိုင်းတာ မပြေလည်တဲ့ အဆုံး ပျော်ဘွယ်မြို့နယ်တရားရုံးမှာ မျိုးမြင့်ခိုင်တစ်ယောက် ပုဒ်မ ၃၆၃ နဲ့ ရင်ဆိုင်ဖြေရှင်းနေရသလို ခင်မေချစ်ကလည်း မျိုးမြင့်ခိုင်ကို မခွဲနိုင်၊ ကိုယ်ဝန်လည်း ရှိနေပြီမို့ မိဘအိမ်ကို ဘယ်လိုပဲခေါ်ခေါ် ပြန်မလိုက်တော့ဘဲ ယောက်မနဲ့ အတူနေပြီး ရုံးချိန်းတိုင်း မပျက်မကွက်လာခဲ့ကာ အမိန့်ချမယ့်နေ့ အထိပဲဆိုပါတော့။

ခင်မေချစ်ရဲ့ အဖိုးနဲ့အဖွားက ကောင်လေးထောင်ကျသွားလျှင် မဖြစ်မနေပြန်လာမှာပဲဆိုတဲ့ အတွေးနဲ့ အမှုကို မကျေအေးစေပဲ အမှုဆက်လုပ်တယ်လေ။ ဒီနေ့ မျိုးမြင့်ခိုင်ကို အမိန့်ချမယ့်နေ့။ တရားသူကြီးက စီရင်ချက်ကို ဖတ်ပြီး စီစဉ်နေစဉ် ခြေသံကြားလို့ မော့ကြည့်လိုက်တော့ အခန်းဝမှာ ခင်မေချစ်ရပ်နေတာကို တွေ့ရသည်။ "ဆရာ … သမီးကို ဝင်ခွင့်ပြုပါ"တဲ့။ ခေါင်းညိတ်ပြလိုက်တော့ ဝင်လာတယ်။ ထိုင်ရန်ထိုင်ခုံကို ညွှန်ပြလိုက်သည်။ "ဆရာ … ဒီနေ့ ဦးဦးကို အပြစ်ပေးမှာလားဟင်၊ သမီးကို သနားရင် သမီးတို့ ချစ်ခြင်းကို မခွဲပါနဲ့နော်" လို့ပြောပြီး ငိုပြန်သွားသည်။

တရားသူကြီးဟူသည် သမာဓိချိန်ခွင်လိုပင် ဘယ်ဘက်မှလိုက်၍မရ။ ဥပဒေနှင့်အညီ ဥပဒေပါအတိုင်း ဆောင်ရွက်ရပေမည်။ လူမှုရေးအရ ကြည့်လျှင်တော့ တရားခံ၏ဇနီးသည် တရားလို၏ သမီးအရင်းဖြစ်သည်။ ဒီအမှုစတင်စစ်ဆေးသည်မှာ ယနေ့ထိ တစ်ကြိမ်မှ မပျက်မကွက်သူ။

"ဦးဦးကို တကယ်ချစ်တာပါ။ မခွဲနိုင်ပါဘူး" ပြောရုံတင်မဟုတ်၊ မိဘအိမ်မပြန် အခွင်းတုန့် ချစ်ပြနေသည်။ သို့သော် မိဘအုပ်ထိန်းမှုအောက်တွင်သာ ရှိနေသေးသည်။ အသက် (၁၆) နှစ်ဆိုတာ (၁၈) နှစ်မှမဟုတ်ဘဲ။ မိန်းကလေးတစ်ယောက်သည် (၁၈) နှစ် ပြည့်ပြီးမှသာ မိမိသဘောအလျောက် ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ အခုဟာက မိဘအုပ်ထိန်းသူများက သိလည်းမသိ၊ ခွင့်လည်းမပြုပါ။ သဘောတူညီမှုလည်း မရှိဘူးဟု ဆိုထားသည်။

တရားသူကြီးလည်း နောက်တစ်ပတ်မှာ အမိန့်ချတော့မည်ဖြစ်ကြောင်း ရုံးချိန်းပြန်ချိန်းပေးလိုက်ပြီး ရမည်းသင်းခရိုင်ရုံးတွင် အစည်းအဝေးတက်ရန်အတွက် ပျော်ဘွယ်တရားရုံးမှ နေ၍ ဆိုင်ကယ်ဖြင့် ထွက်သွားလေတော့သည်။

တရားသူကြီးအမိန့်သည် ခင်မေချစ် ပျော်ရွှင်ရမည်လား၊ ဝမ်းနည်းကြေကွဲရမည်လားဆိုတာ ခံစားကြည့်နိုင်ကြပါစေ။

မှတ်ချက်။ ။အမည်နှင့် နေရပ်များ ပြောင်းလဲထားပါသည်။ ဖြစ်ရပ်မှန်ကို အခြေခံ၍ ရေးသားထားပါသည်။

**မင်းဟိန်းခန့် (မှုခင်း)**

www.burmeseclassic.com

www.burmeseclassic.com



သိကြားသန်းအောင်

မြင်မှု



# ပေးကကောင်ပြုံး
# ပေါ်ဝိကကောင်ကမှာ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူမျိုးများ၌ တစ်ဘ၀ဝယ် ဝမ်းအမြောက်ဆုံးနေ့ဟူ၍ သုံးကြိမ်သုံးခါရှိတတ်ကြ၏ဟု အဆိုရှိခဲ့ဖူးပါသည်။ စိုးပိုင်အနေဖြင့် ရှင်လိန်ပြန်သောနေ့ဟူ၍ မှတ်မှတ်ရရ မရှိခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာ မခံစားခဲ့ဖူးသည်ကတော့ အမှန်ပင်။ တစ်ဖန်ထောင်က ထွက်ရသည့်နေ့ကလည်း ဝမ်းအသာဆုံးနေ့ဟု ဆိုကြပြန်သည်။ စိုးပိုင် ထောင်မကျခဲ့ဘူးသဖြင့် ဝမ်းမြောက်ဝမ်းသာ မခံစားဖူးပါလေခဲ့။ နောက်တစ်ခုရှိသေးသည်လေ။ မိမိချစ်သူနှင့် မင်္ဂလာဆောင်သည့် နေ့သည် လောကတွင် အပျော်ဆုံးနေ့များဟု သတ်မှတ်ထားကြသည်ပဲ မဟုတ်ပါလား။

သူ့အနေဖြင့် ထိုရက်များကို ကောင်းစွာမကြုံခဲ့ဘူးသေးသော်ငြား၊ သည်နေ့သည် ရက်တွင်မတော့ ထိုနေ့ရက်များဖြင့် မသက်ဆိုင်သော နေ့တစ်နေ့အား တွေ့ကြုံခံစားလိုက်ဘိခြင်းရယ်လေ။ ချစ်သူ ခင်သူဇာမှ လာရောက်ခိုးယူပါရန် စကားကြောင်းလမ်းလိုက်သောနေ့ပင် ဖြစ်ပါလေ၏။

ပျော်လို့ပဲ သောက်သောက်၊ မော်လို့ပဲသောက်သောက်၊ ကြိုက်လို့ပဲ သောက်သောက် ထိုနေ့ညက သူ့သူငယ်ချင်းတင်ဝင်းနှင့် ဘီယာသောက်ခဲ့ကြသည်။ စဉ်းစားကြည့်လေ၊ အဖျော်ယမကာဆိုသည်က ဝမ်းသာပြန်တော့လည်း တစ်မျိုး၊ ဝမ်းနည်းတော့လည်း တစ်ဖုံ၊ အပေါင်းအသင်းများနှင့် ဆုံလို့ဟုပြောပြော လူငယ်လူရွယ်ဆိုတော့လည်း အမြဲလိုသောက်ခဲ့ခြင်းပင် ဖြစ်ပါလေ၏။ စိုးပိုင်က မြင်းခြံအဝေးပြေးကားကွင်း မိန်းဂိတ်အပေါက်တွင် ကွမ်းယာဆိုင်ကို အပေါင်းအသင်း မျိုးလှိုင်နှင့် လက်တွဲလုပ်ခဲ့ကြသည်မှာ ကြာပါပကောလား။ မှတ်မှတ်ရရ ပြောရလျှင် ထိုနေ့က သူ့ဆိုင်တွင် ကွမ်းယာလာဝါးနေကျ ကိုသန်းအောင်ကို အပျော်အားကြီးသဖြင့် အရွှန်းစကားပင် ပြောခဲ့မိသေးသည်။

"ကိုသန်းအောင် … ဒီနေ့ ကျွန်တော်ယာပေးတဲ့ ကွမ်းယာကို နောက်ဆုံးဝါးရခြင်းပဲလို့ မှတ်လိုက်ပေတော့။ နောက်ဆို ကျွန်တော်ယာပေးတဲ့ ကွမ်းယာ ခင်ဗျားဝါးရတော့မှာ မဟုတ်ဘူး သိလား၊ အဟက်…အဟက်"

"ဟကောင်စိုးပိုင်၊ မင်းက ကွမ်းယာမရောင်းတော့ဘူးလား။ ဘာလဲ မင်းကတခြားတိုင်းပြည်ထွက်တော့မလို့လား။ ဟုတ်မှလည်း ပြောပါကွာ။ မင်းစကားကြီးက ကြားလို့မကောင်းပါဘူး။ မဟုတ်တာယုတ်ပြောရှေ့မယ်။ ဒီလိုစကားမျိုးဆိုတာ မပြောကောင်းဘူးကောင်လေးရ"

"ကျွန်တော်ကခင်ဗျားပြောသလို တခြားတိုင်းပြည်ကို သွားတော့မှာ ကျွန်တော်သွားမယ့်တိုင်းပြည်က တူနှစ်ကိုယ်တိုင်းပြည်ဗျ။ တူနှစ်ကိုယ်တိုင်းပြည် သိလားအဟား… ဟား"

စိုးပိုင်က အပျော်ကြီးပျော်နေသော လေသံမျိုးဖြင့် ပြောရင်း သူ့စကားကိုသူသဘောကျသည့်အလား တဟားဟားနှင့် ရယ်၍ပင် နေချေသေးတော့သည်။ စင်စစ် စကား စကားပြောပါငြား

www.burmeseclassic.com

www.burmeseclassic.com



စကားထဲက ဇာတိပြတတ်သည်ကို စိုးပိုင်တစ်ယောက် မသိရှာလေတကား။

× × ×

တင်ဝင်းနှင့် စိုးပိုင် ဘီယာဆိုင်မှာနှစ်ယောက်သား ဘီယာသောက်နေကြသည်။ နောက်တစ်နေ့ မမလေးအား ခိုးယူရန်အတွက် လူဆိုးတွေနှင့်တော့ သူမတိုင်ပင်ပါ။ သို့ပေငြား ချစ်သူခင်သူဇာအား ခိုးယူရန်အတွက် အချစ်ဆုံး သူငယ်ချင်းတင်ဝင်းနှင့်တော့ ခေါင်းချင်းဆိုင်ကာ တိုင်ပင်ခဲ့ကြသည်လေ။ နောက်တစ်နေ့ သည်လို အချိန်ဆိုလျှင် သူနှင့်ခင်သူဇာတို့နှစ်ယောက်သား အမြန်ကားလမ်းပေါ်ဝယ် တွတ်တီးတွတ်တာပြောကြရင်း ကြည်နူးနေကြတော့မည်လေ။ တင်ဝင်းနှင့် စိုးပိုင် အချက်ကျကျ တိုင်ပင်ပြီးမှ ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ကြတော့သည်။

ဆိုင်ကယ်က တစ်စီးတည်းမို့ တင်ဝင်းက ရှေ့က ဆိုင်ကယ်မောင်းကာ စိုးပိုင်က နောက်မှ လိုက်လာခဲ့သည်။ စင်စစ်သူတို့နှစ်ဦးမှာ အမူးကြီးမူးကြသည်တော့မဟုတ်။ စိုးပိုင်က နောက်မှလိုက်ပါရင်း တင်ဝင်းအား တတွတ်တွတ်နှင့် အမှာစကားတွေ ပြောနေတော့သည်။ ကိုက်တစ်ရာလောက် ဆိုင်ကယ်မောင်းလာပြီးမှ စိုးပိုင်က ရစ်တော့သည်။

"မင်းဆိုင်ကယ် မောင်းတာကလည်း နှေးလိုက်တာကွာ။ ရပ်ဦး။ မင်းမမောင်းနဲ့ ငါမောင်းမယ်"

ဆိုင်ကယ်အရှိန်ကများသဖြင့် မထိန်းနိုင်အောင် ဖြစ်သွားစဉ် စိုးပိုင်မှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသွားကာ သံလမ်းနှင့် သူ့ခေါင်း ရိုက်ချလိုက်သလို ဖြစ်သွားသည်။

စိုးပိုင်က ရစ်နေသဖြင့် တင်ဝင်းက ဆိုင်ကယ်ကိုရပ်ပေးလိုက်သည်။ နောက်တော့ ရှေ့နှင့်နောက်ပြောင်းလဲရင်း စိုးပိုင်က ဆိုင်ကယ်အား ဆက်မောင်းလာကြတော့၏။

နှစ်ဦးသား စကားတပြောပြောဖြင့် ဆိုင်ကယ်မောင်းလာခဲ့ရင်း မြို့ထဲအဝင် သံလမ်းကူးနားရောက်လာကြတော့၏။ မမူးဘူးဆိုပေမယ့် ဘီယာအရှိန်လေးက တစ်ငြိမ့်ငြိမ့်ဖြင့် တက်လာသည်။ သံလမ်းက ကားလမ်းထက် အနည်းငယ်မြင့်ထားသဖြင့် အနည်းငယ်မို့မို့မောက်မောက်နှင့် အတက်လမ်းလို ဖြစ်နေသဖြင့် စိုးပိုင်က လီဗာအား အရှိန်မြှင့်လိုက်ပါလေ၏။ ဆိုင်ကယ်က သံလမ်းမအား အရှိန်ဖြင့် ပြေးတက်လိုက်သည်။ သံလမ်းနှင့် ဆိုင်ကယ်တာယာတို့ ထိတွေ့ပလူးလိုက်သည့်အခိုက်ဝယ် ဆိုင်ကယ်

www.burmeseclassic.com

www.burmeseclassic.com





နောက်ဘီးမှာ ချော်၍ဘေးသို့ စောင်းသွားတော့၏။ ဆိုင်ကယ်က နှစ်ယောက်အလေးချိန်နှင့်မို့ ထိန်းမရဘဲ တစ်ဖက်သို့ စောင်းရင်းလဲကျသွားတော့သည်။ ဆိုင်ကယ်အရှိန်ကများသဖြင့် မထိန်းနိုင်အောင်ဖြစ်သွားစဉ် စိုးပိုင်မှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသွားကာ သံလမ်းနှင့်သူ့ခေါင်း ရိုက်ချလိုက်သလိုဖြစ်သွားသည်။

သံလမ်းကူးမှာ မြို့နှင့်အနည်းငယ်ကွာလှမ်းသဖြင့် လမ်းမီးရောင်ကလည်း အားပျော့လှသည်မို့ သူတို့ဆိုင်ကယ် မတော်တဆဖြစ်သွားသည်ကို ပတ်ဝန်းကျင်က တော်တော်နှင့် မသိလိုက်ကြ၊ အနီးပတ်ဝန်းကျင်က သိလိုက်ရသောအချိန်တွင် သက်မဲ့ဆိုင်ကယ်က သံလမ်းဘေးဝယ် တုံးလုံး၊ စိုးပိုင်နှင့် တင်ဝင်းတို့က ပက်လက်အနေအထား၊ မြင်တွေ့လိုက်ရသူတွေအတွက် အသဲတယားယား စိုးရိမ်စိတ်များစွာဖြင့်····

× × ×

"ဖြစ်မှဖြစ်ရလေ စိုးပိုင်ရယ်"

တင်ဝင်းက စိုးပိုင်ကို ကြည့်ရင်း မချိတင်ကဲလေသံမျိုးဖြင့် ပြောလိုက်ခြင်းပင် ဖြစ်ပါလေ၏။ သို့တမင့်ငြား စိုးပိုင်ကား တင်ဝင်းအား ပြန်လည် ပြောကြားနိုင်ခြင်းမရှိပါလေတော့။ အဘယ့်ကြောင့်ဆို သူတို့ဆိုင်ကယ်လဲရာက ရပ်ကွက်လူထုမှ အကူအညီပေး၍ စိုးပိုင်အိမ်သို့ လိုက်ပို့ပေးလိုက်ကြသည်။ ဖြစ်စဉ်ခဏ္ဍဘာမှမဖြစ်သလိုပင်။ အနည်းငယ် ငြီးငြူခြင်းမှတစ်ပါး တခြားသွေးထွက်သံယိုကို မတွေ့ရ။ အများက သူတို့အဖြစ်အား တော်ပါသေးရဲ့ ကံကောင်းပေလို့သာပေါ့" ဟု မှတ်ချက်ချလိုက်ကြသေးသည်။

သို့သော်ငြားလည်း စိုးပိုင်မှာ အိမ်ရောက်တော့ မလှုပ်ပါလေတော့။ သူ့ပါးစပ်မှ တဟူးဟူး ထုတ်လိုက်သော လေသံနှင့်အတူ အမြှုပ်များ ထွက်လာတော့သည်။

"ဟဲ့ ··· တင်ဝင်း မင်းကောင်ကိုလည်း ကြည့်ပါဦး၊ စကားမေးလည်း မရတော့ဘူးကွဲ့၊ သူ့ခြေမကကွဲတဲ့ ဒဏ်ရာက သွေးတွေထွက်နေလိုက်တာဟယ်၊ ကြည့်လုပ်ပေးကြပါဦး"

စိုးပိုင်အမေက သူ့သားအားကြည့်ရင်း ငိုသံပါကြီးဖြင့် ပြောလိုက်ပါလေ၏။ တင်ဝင်းလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့၊ သူ၏ ပွန်းပဲ့ဒဏ်ရာများ၏ နာကျင်မှုများကိုပါ သူ မခံစားနိုင်ပါလေတော့။

"ဒီအတိုင်းဆို မဖြစ်ဘူး ဒေါ်ဒေါ်၊ ဆေးရုံအမြန်ပို့ပေးမှ ဖြစ်တော့မယ်"

ဤသို့ဖြင့် စိုးပိုင်အား ဆေးရုံသို့ ပို့လိုက်ကြရတော့သည်။ သို့ပေမင့် အလာကောင်းသော်ငြား စိုးပိုင်ကား ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ရချေပြီ။ မထင်မှတ်သော အဖြစ်က စိုးပိုင်၏ဘဝအား အခြားကမ္ဘာသို့ ပို့လိုက်လေတော့သည်။ သူ့ချစ်သူ ခင်သူဇာပင် မဆိုထား

www.burmeseclassic.com

www.burmeseclassic.com



ဘိ၊ စိုးပိုင်အပေါင်းအသင်းများကပင် ထိုဖြစ်ရပ်အား အိပ်မက်တစ်ခုပမာ ထင်နေဆဲပင်။ စိုးပိုင်အသိအကျွမ်းများက ကောင်းရာသုဂတိသို့ လားပါစေကြောင်း ဆုမွန်ကောင်း တောင်းရုံမှအပ အခြားဘာမျှ မတတ်နိုင်ပါလေတော့။

သို့ပေမင့် လူ့လောကနှင့် ပရလောကဝိညာဉ်ဘဝကား ဆန်းကြယ်လှပေစွ။ ဆိုရလျှင် ချစ်သူနှင့် အပေါင်းအသင်းများ အပေါ်ခင်မင်မှု စွဲလန်းစိတ်က စိုးပိုင်အား ရုတ်တရက်အသိပေးခဲ့ပုံ မပေါ်ပါချေ။ စိုးပိုင်ကား လူ့လောကကြီးထဲတွင် သက်ရှိထင်ရှားရှိနေဟန်ဖြင့် ဆက်လက်လှုပ်ရှားနေဆဲ ဆိုသည်ကိုတော့…

× × ×



ကားကြီးကွင်း အတွင်းနောက်ဝင်လာမည့် ကားအားဖွဲ့ရှိလှသည့် ဆိုင်ကယ်ကယ်ရီသမား တစ်ယောက်စ၊ နှစ်ယောက်စတို့က ငိုက်ရင်းဖွဲ့ရှိရှိဖြင့် စောင့်နေကြသည်။ သည်အချိန်မှာပင် စိုးပိုင်ထိုင်ယာနေကျ ကွမ်းယာဆိုင်အတွင်းမှ တဖျပ်ဖျပ်ဖြင့် ကွမ်းရွက်ရေခါသံအား ကြားလိုက်ကြရသည်။ အိပ်ငိုက်နေသော ကယ်ရီသမားများက နားဖြင့်ဆတ်ဆတ်ကြားလိုက်ရသဖြင့် ကွမ်းယာဆိုင်ဘက်သို့ လှည့်ကြည့်လိုက်ကြ၏။ ကွမ်းယာဆိုင်ကား ညခြောက်နာရီကပင် ပိတ်သွားခဲ့ချေပြီပဲ။ ဆိုင်ကယ်သမားများ အဖြစ်မှန်ကို သိလိုက်ကြသဖြင့် ဘယ်တုန်းကမှ ကုသိုလ်ကောင်းမှု မလုပ်ခဲ့ကြသော်ငြား ကွမ်းရွက်ရေခါသံ ကြားလိုက်ရသည်နှင့် ကပျာကယာပင် သူတို့ပြုသမျှ ကောင်းမှုတို့ကို စိုးပိုင်အား အမျှပေးဝေ လိုက်ကြသည်။ သို့စဉ်တိုင် ကွမ်းရွက်ရေခါသံက ပျောက်မသွားခဲ့ပါလေခဲ့။

× × ×

နောက်တစ်နေ့ နံနက်ကားဆိုက်လာပြီး မကြာမီမှာပင် ကားစပယ်ယာ အောင်ထွန်း စိုးပိုင်၏ ကွမ်းယာဆိုင်သို့ ကွမ်းလာဝယ်သည်။ သူက ကွမ်းယာဝယ်ရင်း…

"စိုးပိုင်က ဘာကိစ္စနဲ့ ရန်ကုန်ကို သွားတာလဲ။ ကားရပ်လို့ အပေါ့သွားတုန်း ကျုပ်ကို နောက်ကျနေပြီးဆိုပြီး အတင်းဖက်ထားလိုက်တာများ၊ ကျုပ်အပေါ့သွားပြီးလို့ နောက်လှည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ဒီကောင်ကို မတွေ့လိုက်ရတော့ဘူး"

ရန်ကုန်မှ ဝင်လာသော ကားစပယ်ယာ ပြောစကားကို နားထောင်ပြီး မျိုးလှိုင်က အံ့အားသင့်သွားသည်။ စိုးပိုင်မှာ မနေ့ညက ဆုံးပါးသွားချေပြီ မဟုတ်ပါလား။

"မင်း စိုးပိုင်အဖြစ်ကို မသိသေးဘူးထင်တယ်။ မင်းကို ပွေ့ဖက်တာက စိုးပိုင်မဖြစ်နိုင်ပါဘူးကွာ"

"ဟာဗျာ စိုးပိုင်မျက်နှာ ခွေးချီသွားတောင် ကျုပ်က မှတ်မိနေတာ။ ပြောရရင် သူ မနေ့က ဝတ်ထားတာအင်္ကျီအပြာရောင် အကွက်နဲ့"

မျိုးလှိုင်က တစ်ချက် ပြုံးလိုက်မိပါလေ၏။ စိတ်ထဲမှ လည်း အပေါင်းအသင်းမက်သော စိုးပိုင်အတွက် စိတ်မကောင်းဖြစ်သွားရသည်။ ကွမ်းယာရင်းမှ စပယ်ယာအား ကြည့်ရင်း စိတ်မချမ်းမြေ့စွာဖြင့် ပြောလိုက်လေတော့၏။

"အေး ... မင်းပြောတာကို မငြင်းပါဘူးကွာ။ ဒါပေမယ့် မင်းကိုဖက်ပြီး နှုတ်ဆက်လိုက်တာက စိုးပိုင်မဟုတ်ဘူးကွ။ သူ့ရဲ့ ဝိညာဉ်ပဲဖြစ်ရမယ်။ ဘာပြုလို့လဲဆိုတော့ မနေ့ညကမှ စိုးပိုင်ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားပြီလေ။ သူက လူတကာကို ခင်တတ်တာကြောင့် ဝိညာဉ်ဘဝနဲ့ မင်းကို လာနှုတ်ဆက်တာ ဖြစ်ပါလိမ့်မယ်။ မင့်ကောင် မနေ့ညကပဲ ဆုံးသွားပြီကွ သိလား"

**မင်းကိုဖက်ပြီး နှုတ်ဆက်လိုက်တာက စိုးပိုင်မဟုတ်ဘူးကွ။ သူ့ရဲ့ ဝိညာဉ်ပဲဖြစ်ရမယ်။ ဘာပြုလို့လဲဆို တော့ မနေ့ညက စိုးပိုင်ဆိုင်ကယ်အက်ဆီးဒင့် ဖြစ်ပြီး ဆုံးသွားပြီ။**

မျိုးလှိုင်စကားကြောင့် စပယ်ယာကောင်လေး ပါးစပ်ထဲမှ ကွမ်းယာကိုပင် ဆက်မဝါးနိုင်တော့ဘဲ ငေးကြောင်ကြောင်ဖြစ်သွားရတော့သည်။ နောက်ပြီး သူ့နှုတ်မှ သံသယနှင့် အံ့ဩမှုများ ရောထွေးနေသော မျက်နှာဖြင့် စိတ်မချမ်းမြေ့ ပြောလိုက်သည်။

"ဟာ...တကယ့်ကို မယုံနိုင်စရာပဲ။ စိတ်မကောင်း ပါဘူးဗျာ။ ဒါဆို သူ...သူ ကျုပ်ကိုလာနှုတ်ဆက်တာ နေမှာပဲ။ အမယ်လေး ပြောရင်းနဲ့ ကြက်သီးများတောင် ထလာပြီ။ ဩော် ... စိုးပိုင်တစ်ယောက် ဆုံးသွားပြီကိုး" ဟု ပြောရင်း ကွမ်းယာဆိုင်မှ နေးကွေးစွာ ထွက်သွားလေတော့သည်။ မျိုးလှိုင်က ကားစပယ်ယာလေးကို ကြည့်ရင်း မျက်ရည်လယ်လာသည်။ သူနှင့် စိုးပိုင်တလည်း ကွမ်းယာဆိုင်တွင် လက်တွဲညီညီ လုပ်ခဲ့ကြသည်မှာ ကြာပြီမို့ သံယောဇဉ်ခင်တွယ်

www.burmeseclassic.com

မှုက ခိုင်မြဲခဲ့သည်ပင် မဟုတ်ပါလား။

× × ×

စိုးပိုင်သေဆုံးခြင်းနှင့် ပတ်သက်၍ ခင်သူဇာ မည်သို့ ခံစားရမည်ဆိုသည်ကိုမူ အချစ်နှင့် ပတ်သက်သူတိုင်းက နားလည် သဘောပေါက်ကြလိမ့်မည်ဟု ထင်ပါသည်။ ချစ်သူနှင့် ခိုးရာ လိုက်ပါမည်ဟု ဝန်ခံကတိပေး ထားပြီးကာမှ ချစ်ရသူက မမျှော်လင့်ဘဲ သေဆုံးသွားခဲ့ရခြင်း အပေါ် ခင်သူဇာမည်သို့ ခံစားနေရပါမည်နည်း။ ချစ်ခြင်းမေတ္တာနှင့် ရင်ဆိုင်ခဲ့ရသူများအားလုံး ခံစားရလိမ့်မည်ဟု ကိုယ်ချင်းစာနာမိသည်ကတော့ အမှန်။ ခက်နေသည်က စိုးပိုင်နှင့် သူမတို့၏ ချစ်မေတ္တာမျှတမှုအပေါ် မချင့်မရဲနှင့် သဘောမတူကြသူများက ခင်သူဇာ၏ မိဘများပင်ဖြစ်သည်။ ခိုးရာလိုက်မည့်ကိစ္စကိုလည်း သူ့မိဘများက အလျှင်းမသိပါလေခဲ့။ သို့အတွက် ချစ်သူစိုးပိုင်မထင်မှတ်ဘဲ သေဆုံးသွားရခြင်း အပေါ် ခင်သူဇာအနေဖြင့် လွတ်လပ်ပွင့်လင်းစွာ ပူဆွေးဗျာပါဒ သောက ငိုကြွေးခြင်းအား ပိတ်ပင်တားဆီးသလို ဖြစ်နေခဲ့ရသည်။

သည်ကြားထဲ ချစ်သူ အတွက် မျက်ရည်ကျဖို့ဝေးစွ။ မိဘများမသိအောင် ဟန်ဆောင်ထားရသည့် အဖြစ်က သူမ အပေါ်က် ပိုမိုဆိုးရွားသည့် ခံစားမှုများဖြင့် မချိတင်ကဲ မျိုသိပ်ထားရသည်။ သူမအတွက် ဧရာမ ဒုက္ခကြီး ခံစားနေရပါဘိခြင်း။ ချစ်သူအပေါ် တမ်းတပူဆွေးခြင်းထက် သူမအတွက် ကျိုးလန့်စာစား အကြောက်တရားများ ဝင်လာရသည့် အဖြစ်ကိုလည်း ကြည့်ပါဦးတော့။

ချစ်သူသေဆုံးသွားပြီဟု သိလိုက်ရသည့် နောက်တစ်နေ့ ညမှာပင် စိုးပိုင်က သူမအား လာရောက် တွေ့ဆုံလာသည်။ မိဘများရှေ့တွင် မျက်နှာမထားတတ်သဖြင့် တစ်ယောက်တည်း နေခဲ့သည့် အချိန်မှာလာရောက် တွေ့ဆုံခဲ့သည်ကတော့အမှန်ပင်။ သို့ပေမင့် လူကိုယ်တိုင်တော့ မဟုတ်ပါလေခဲ့။ ရုတ်တရက် ဆိုသလို ကြက်သီးမွေးညင်းများ ထလာကာ သူမအနီးသို့ စိုးပိုင် ရောက်လာသည်။ သူ့မျက်နှာက ရွှင်ရွှင်ပျပျမရှိလှ၊ စိတ်ဓါတ်ကျ သလို ညှိုးငယ်နွမ်းလျနေသည်။ စိုးပိုင်မျက်နှာက ပန်းတိုင်တစ်ခုသို့

**ငါ့မှာ ခုလောလောဆယ် နေစရာမရှိတော့ ဟိုသွား ခိုကပ်နေလိုက်၊ ဒီသွား ခိုကပ်နေလိုက်ရနဲ့ ပြိတ္တာ ဘဝကိုရောက်နေပါတယ်**

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





ရောက်လုဆဲဆဲ ခလုတ်တိုက်လဲကျသွားသည့် ပုံမျိုးနှယ်ပင်။ သူ့မျက်နှာ မြင်ကွင်းမှ ပျောက်သွားပါမှ ခင်သူဇာ သတိရလိုက်တော့၏။ စင်စစ်စိုးပိုင်က သူမအားလာရောက် နှုတ်ဆက်နေခြင်းပါတကား။

နောက်တစ်နေ့ညတွင် စိုးပိုင်နှင့်အတူ လက်တွဲအလုပ်လုပ်ကိုင်နေသော မျိုးလှိုင်အား လာရောက် အိပ်မက်ပေးပြန်သည်။ အိပ်မက်ထဲဝယ် စိုးပိုင်က "ငါ့မှာ အကျီဝတ်စရာ ဗလာနဲ့ ဖြစ်နေပြီကွ၊ ထမင်းလည်း မစားရဘူးကွာ၊ ဆာလိုက်တာ မပြောပါနဲ့တော့။ ငါ့အိမ်ကိုလည်း ပြောပေးစမ်းပါဦး။ သူတို့က ဘုရားမှာ ဆွမ်းတော်တွေ ကပ်လှူတာတော့ ဟုတ်ပါရဲ့။ ငါ့နာမည်ခေါ်ပြီး အမျှဝေတာမျိုး ကျွေးမွေးတာမျိုး မလုပ်တော့ ငါ့မှာဘာမှ မရဘူးကွာ။ အဲဒါတွေ ပြောပြလိုက်စမ်းပါ။ ဘယ်သူကပဲ ကောင်းမှုကုသိုလ်လုပ်လုပ် ငါ့နာမည်ကို ခေါ်ပြီး အမျှအတန်းဝေမှ ငါစားရသောက်ရတာဆိုတာ မသိကြဘူးလေ။ ဘာကောင်းမှုလုပ်လုပ် ငါ့နာမည်ခေါ်ပြီး ရည်မှန်းပြောဆိုမှ ငါရတာဆိုတာ ပြောပေးစမ်းပါကွာ။ ငါ့မှာ ခုလောလောဆယ် နေစရာ မရှိတော့ ဟိုသွား ခိုကပ်နေလိုက်၊ ဒီသွား ခိုကပ်နေလိုက်ရနဲ့ ပြိတ္တာဘဝကို ရောက်နေပါတယ် သူငယ်ချင်းရာ"

"စိုးပိုင်ပြောသံ အဆုံး မျိုးလှိုင်အိပ်ယာမှ နိုးသွားတော့၏။ ပထမပိုင်းတော့ သူမက်ခဲ့သော အိပ်မက်ကြောင့် တုန်လှုပ်ချောက်ခြားသွားသည်။အိပ်ယာမှ မထသေးဘဲ သေသေချာချာ စဉ်းစားကြည့်တော့မှ သူ့အသွား ပြောခဲ့သော စကားကိုသွား၍ သတိရလိုက်သည်။

လူတွေမှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မကောင်းတဲ့ ဟိတ်သုံးပါးကို ရှောင်ရှားဖို့ရာ အတော်ခက်ခဲကြတာကလား။ ဒါတွေကို မကင်းတဲ့သူတိုင်း သေရင် သရဲတစ္ဆေ၊ နာနာဘာဝ၊ ဝိညာဉ်ဘဝတွေမှာ ရောက်ကုန်ကြရတယ်လို့ အသွားပြောစကားများအား ကြားယောင်မိလာတော့သည်။ သို့ဆိုပါလျှင် စိုးပိုင်သည် ဝိညာဉ်ဘဝ၌ ကျင်လည်နေပုံရပါလေ၏။ သူ၏ ပြိတ္တာဘဝမှ လွတ်မြောက်ရန်အတွက် စိုးပိုင်က သူ့အား အိပ်မက်ဖြင့် လာရောက်သတိပေး ပြောကြားနေဟန် ရှိသည်လေ။ မျိုးလှိုင်က ထိုကိစ္စနှင့် ပတ်သက်၍ စိုးပိုင်မိဘများအား သွားရောက်အသိပေးခဲ့သည်။

"ကျွန်တော့်ကိုတော့ အဲဒီလို အိပ်မက်ပေးနေတယ် ဒေါ်ဒေါ်။ အိပ်မက်ထဲက သူပြောသလို အဒေါ်တို့ ကောင်းမှုကုသိုလ်လုပ်ရင် သူ့နာမည်ကို

www.burmeseclassic.com

www.burmeseclassic.com






ခေါ်ပြီးမှ အမျှအတမ်းဝေပါလို့ ပြောနေတဲ့အတိုင်း လုပ်ပေးလိုက်ကြပါဗျာ။ ဒါမှစိုးပိုင် ကောင်းရာဘုံဘဝကို ရောက်လိမ့်မယ် ထင်ပါတယ်။ ကျွန်တော်လည်း သူပြောတဲ့အတိုင်း သူ့နာမည်ကို ခေါ်ပြီး အမျှအတမ်း ဝေပေးပါ့မယ်”

မျိုးလှိုင်က သူငယ်ချင်းကောင်းပီသစွာဖြင့် သူ့မိဘများအား ပြောကြားခဲ့ရတော့သည်။ မည်သူ့ပြုသည့် ကုသိုလ်ကောင်းမှုကြောင့်တော့ မသိရ။ နောက်ပိုင်းရက်များဝယ် စိုးပိုင်၏ခြောက်လှန့်မှုများ မတွေ့ရပါတော့ချေ။ ရှေးအစဉ်အလာအရလူကြီးများ ပြောကြားသည့် စကားများတွင် တစ္ဆေခြောက်ခြင်းဆိုသည်ကား ကိုယ်ယောင်ပြတတ်ခြင်း၊ ညည်းငြူသံပေးတတ်ခြင်း၊ အနံ့အသက်ပေးတတ်ခြင်း၊ လူ့ခန္ဓာကိုယ်တွင်း ပူးကပ်ဝင်ရောက် ပြောဆိုတတ်ခြင်း ဟူ၍ ကြားဖူးနားဝတော့ ရှိခဲ့ဖူးပါသည်။ တဖန် ပြိတ္တာ ဝိညာဉ်တို့၏ ခြောက်လှန့်ခြင်းခံရမှုမှာ အခြောက်ခံရသူ၏ ကံဇာတာနိမ့်ကျခြင်း။ သေဆုံးသူဝိညာဉ်မှ ချစ်ခင်မှုဖြင့် ကြည့်စယ်လိုခြင်း၊ သံယောဇဉ်အစွဲဖြင့် ခြောက်လှန့်ခြင်း၊ အစားအသောက်လိုချင်မှုကြောင့် တောင်းဆိုခြောက်လှန့်ခြင်းနှင့် ဘုရား၊ တရား၊ သံဃာတော်များအား ကြောက်ရွံ့ခြင်း၊ ရောက်ရှိနေသော ပြိတ္တာဘဝမှ လွတ်မြောက်စေခြင်းအလို့ငှာ အမျှအတန်း ပေးဝေစေခြင်း စသည်ဖြင့် ကျန်ရစ်သူမိဘဆွေမျိုးအပေါင်းအသင်းများအား အသိပေးခြင်းပင် ဖြစ်ပေသည်။ သို့သော်လည်း လူသားတိုင်းက ထိုအချက်များအပေါ် သဘောသက်ရောက်မှုမရှိဘဲ ထိုအပြုအမူများအား တစ္ဆေခြောက်လှန့်သည်ဟု ကြောက်ရွံ့ထိတ်လန့်တတ်ကြသည်။မည်သို့ပင်ဖြစ်စေ မိဘဆွေမျိုးများက စိုးပိုင်နာမည်အားခေါ်ယူလျက်၊ အမျှအတမ်း ပေးဝေလိုက်သည်ပဲထင့်။ စိုးပိုင် တစ်ယောက်ကောင်းရာဘုံတစ်ခုသို့ ရောက်သွားပြီဟု ဆိုရချိမ့်မည်လေ။

ငါးရာနှစ်ဆယ့်ရှစ် မေတ္တာသည်လည်းကောင်း၊ ထောင့်ငါးရာကိုလေသာ အချစ်သည်လည်းကောင်း၊ ကျန်ရစ်သူအပေါင်း၏ ကောင်းမှုကုသိုလ်အမျှအတမ်း ပေးဝေမှုသည် ဘဝတစ်ပါးပြောင်းသွားသူအတွက် ကောင်းကျိုးသာ ပေးစွမ်းနိုင်သည်ကိုမူ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များအနေဖြင့် သတိထား လုပ်ဆောင်သင့်သည် ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မေတ္တာရည်လျက်

**သိထားသန်းအောင် (မြင်းခြံ)**



www.burmeseclassic.com

www.burmeseclassic.com





# ကြမ္မာရိုင်း၏ ငိုရှိုက်သံ

စိန်ဝင်းအောင်
လက်ပံတန်း

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအလောင်းကို စပြီးတွေ့သူက ကိုစံလှ။

မနက်အစောကြီး မိုးတောင်မလင်းသေးဘူး။ ငှက်တလင်းကျေးရွာဥက္ကဋ္ဌ ဦးဘမြိုင်အိမ်ရှေ့ကနေ ကိုစံလှ အော်ခေါ်နေတာ။ လက်ထဲမှာ ကိုင်ထားတဲ့ လက်နှိပ်ဓာတ်မီးနဲ့လည်း အိမ်ရဲ့ တံခါးမကြီးကို ထုရိုက်ပြီး ထိုးလို့ပေါ့။

"ဗျို့ ... ဦးလေးဘမြိုင် ဦးလေး ထပါဦး။ ဒီမှာ အရေးကြီးလို့"

သိပ်တော့မကြာဘူး။ ဦးဘမြိုင် အိမ်ရှေ့က တံခါးမကြီး ပွင့်လာတယ်။ လက်ထဲမှာလည်း ဓာတ်မီးတစ်လက်နဲ့ ကိုင်းခုတ်ဓားတစ်ချောင်းကို ကိုင်လို့။ ကိုယ်မှာ ဝွမ်းစောင်ကြီး ပတ်လျက်သားနဲ့ လှေကားမှ ဆင်းလာသည်ကို ကိုစံလှက မီးရောင်နဲ့ထိုးပြတယ်။

"ဦးလေးဘမြိုင် ရွာထိပ်မှာ လူသေအလောင်းတစ်လောင်းတွေ့လို့ ကျွန်တော် လာပြီး အကြောင်းကြားတာ အဘရဲ့"

"ဟာ ... အဲဒါမှ ဒုက္ခ ဘယ်လိုဖြစ်ကြတာလဲ"

လှေကားမှ ဆင်းရုံရှိသေး ကိုစံလှပြောစကားကြောင့် ဦးဘမြိုင်က အရေးကြီးပေါ့ပြီဆိုတာ သိလိုက်ရပြီး တစ်ဆက်တည်း အမေးစကားပါ ဆိုလိုက်တယ်။

အဲဒါတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော် ညဦးကတည်းက မတ်ပဲခင်းထဲမှာ ညအိပ်ပြီး သွားစောင့်နေတာ။ မတ်ပဲတွေကလည်း ညတိုင်းလိုလို နုတ်ပြီးသား အပုံလိုက် ပျောက်နေတာ အဘရဲ့။ အခု မနက် တုံးမောင်းခေါက်သံကြားမှ ရွာကို ကျွန်တော် ပြန်အလာ ရွာထိပ်ရောက်တော့ အဲဒီလူသေအလောင်းကြီးကို တွေ့တာပဲ အဘရဲ့"

**အခုမနက် တုံးမောင်းခေါက်သံကြားမှ ရွာကို ကျွန်တော်ပြန်အလာ ရွာထိပ်ရောက်တော့ အဲဒီလူသေအလောင်းကြီးကို တွေ့တာပဲ . . .**

ကိုစံလှ တစ်ကိုယ်လုံးလည်း ချွေးတွေက ရွှဲလို့။ ဒူးတွေကလည်း တဆတ်ဆတ် တုန်နေတယ်။ အဲဒါကို မြင်သော ဦးဘမြိုင်က ...

"ဟာ ... မင်းကလည်း ဘယ်လိုဖြစ်နေတာလဲ။ ဒီလောက်ချမ်းနေတာတောင် ချွေးတွေက နစ်လို့ပါလား"

"ကြောက် ... ကြောက်လို့ပါ"

"ကဲ ... ကဲ ... လာ အဲဒီနေရာကို သွားကြရအောင်"

ငှက်တလင်း ကျေးရွာဆိုတာက လက်ပံတန်းမြို့အရှေ့ ၇ မိုင်အကွာမှာရှိတဲ့ ရွာကြီးတစ်ရွာပါ။ ရွာရဲ့အနောက်ဘက် ခပ်လှမ်းလှမ်းမှာ ရန်ကုန်ပြည်ကားလမ်းမကြီး ရှိ

www.burmeseclassic.com

www.burmeseclassic.com





တယ်။ အရှေ့ဘက်မှာတော့ မှိုင်းညို့ညို့ ပဲခူးရိုးမတောင်တန်းကြီး။

အဲဒီတောင်တန်းပေါ်က ဝေ့ဝိုက်ကာ စီးဆင်းလာတဲ့ ကျွန်းကလေးချောင်းက ရွာကို ရစ်ပတ်နွယ်ပြီး ဖြတ်သွားတဲ့အတွက် စိန်ကို မြရံချယ်သကဲ့သို့ ရွာကို တင့်တယ်လှပစေပါတယ်။ အေးချမ်းသာယာဆိတ်ငြိမ်တဲ့ အဲဒီရွာမှာ သစ်ကြီးပင်များကိုလည်း လက်ညှိုးထိုးမလွဲဘူး။

ဒါကြောင့် ငှက်အပေါင်းတို့ နားခိုရာ၊ ငှက်သိုက်များ ပေါများရာ ရွာကြီးဖြစ်တဲ့အတွက် ငှက်တလင်းရွာလို့ အမည်တွင်ခဲ့ဟန်ရှိမည်။

ဆောင်းက အေးအေး၊ နှင်းဖွေးဖွေးအချိန်။

ဟေမာန်ရာသီ၏ နောက်ဆုံးလက်ကျန်ကို အစွမ်းကုန်ထုတ်ပြနေတဲ့အချိန်။

ရွာထိပ်ကို ဦးဘမြိုင်တို့ရောက်တော့ အရှေ့ဘက်ကောင်းကင်မှာ ရောင်နီပင်ပျို့လာပြီ။ နှင်းကတော့ မကွဲသေးဘူး။ အလောင်းရဲ့အနားမှာ အမွှေးအကြိုဖို့ယိုဖားယား၊ မြဲစောင်တကားကားနှင့် ရွာသူရွာသားအချို့ပင် ရောက်နှင့်ပေပြီ။

ဒါနဲ့ ဦးဘမြိုင်က အလောင်းရဲ့အနားကို မကပ်ကြဖို့၊ မကိုင်ကြဖို့ ရွာသားများကို ပြောပြီး အလောင်းကို ကြည့်လိုက်တော့ အလောင်းဟာ သွေးတွေတောင်ခဲနေပြီ။

နောက် သေဆုံးသူရဲ့မျက်နှာကို သေချာကြည့်တယ်။ စဉ်းစားနေပြန်တယ်။ ဘယ်သူဆိုတာ ဝေခွဲလို့မရဘူး။ တစ်ခုသေချာတာကတော့ ဒီငှက်တလင်းကျေးရွာသားမဟုတ်တာတော့ ပြောလို့ရတယ်။ နောက် ရွာသားအချို့ကိုလည်း ကြည့်ခိုင်းတယ်။ အဲဒီအခါကျမှ ကိုခင်သောင်းဆိုသူက ပြောလာတယ်။

"အဘမြိုင် … ဒီလူကို ကျွန်တော် သိတယ်။ ဟိုကိုင်းပင်စုရွာက ကိုစိန်ခပဲ"

ကိုခင်သောင်းပြောတာ ဟုတ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုခင်သောင်းက ရွာတကာကို လိုက်ပြီး နွားအရောင်းအဝယ် လုပ်နေတာ မဟုတ်လား။

ဒီတော့ ဦးဘမြိုင် နည်းနည်းတွေဝေသွားတယ်။ ကိုင်းပင်စုရွာဆိုတာ အဲဒီရွာရဲ့တောင်ဘက် အုန်းကုန်းရွာပြီးရင် ကိုင်းပင်ရွာစု၊ ကြားထဲမှာ တစ်ရွာတောင် ခြားနေတာ၊ ဒီလူက ဒီရွာမှလာပြီး ဘယ်လိုကြောင့် အသတ်ခံထားရတာလဲ။ ဘာဖြစ်ကြလို့လဲ။ သူ့ ရွာသားများနဲ့ တိုက်ရိုက်သက်ဆိုင်နေတာလား။ စဉ်းစားရင်း နဖူးက ချွေးတစ်စက် အောက်ပြုတ်ကျမှ သတိရတော့တယ်။ ရဲစခန်းကို အကြောင်းကြားမှဆိုတာ။

×××

စခန်းမှူးနှင့်အဖွဲ့ အခင်းဖြစ်တဲ့နေရာကို ရောက်ရှိလာပြီး ရဲလုပ်ထုံးလုပ်နည်းများကို ပြည့်စုံသေချာစွာ ပြုလုပ်တယ်။

သေဆုံးသူ ကိုစိန်ခမှာ ညာဘက်သို့ ခပ်စောင်းစောင်းအနေအထားနှင့် ညာလက်မှာ ဓားမြှောင်တစ်ချောင်းအား ဆုပ်ကိုင်ထားပြီး သေဆုံးနေခြင်းဖြစ်တယ်။ သောက်ထားသော အရက်က အနံ့ထွက်နေတုန်းပင်။

စခန်းမှူးက ဦးဘမြိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ် ရွာသားအချို့အား အကူအညီတောင်းကာ ရဲဆေးစာနှင့်တကွ ဆေးရုံပို့မလို့လုပ်တုန်း လူငယ် နှစ်ယောက်က ဝိုင်းကြည့်နေသော လူအုပ်ကို အတင်းတိုးဝှေ့လာပြီး သေဆုံးသူ ကိုစိန်ခကို ဖက်ငိုပါလေရော။

"အမလေး … အဖေရဲ့ အဖြစ်ဆိုးလှချည်လား … ဟီး ဟီး … ဟီး"

ရွာသားအချို့ တီးတိုးပြောသံကတော့ သေဆုံးသူ ကိုစိန်ခ၏ သားနှစ်ယောက်လို့ဆိုတယ်။ အဲဒီတော့ စခန်းမှူးက လူငယ်နှစ်ယောက်ကို ဖျောင်းဖျနားချပြီး…

"မင်းတို့က သတင်းကြားလို့ ဒီရွာကို လိုက်လာတာလား"

"မဟုတ်ပါဘူး ဗိုလ်ကြီး။ ကျွန်တော်တို့နှစ်ယောက်က တောင်ပေါ်ကနေ ဝါးတိုက်ပြီး ပြန်လာတာပါ။ ကျွန်တော်တို့လှည်းတွေ ဒီငှက်တလင်းရွာထိပ်ရောက်တော့ လူတွေအုံနေတာ တွေ့တာနဲ့ လာကြည့်ရင်း သိရတာပါ ဗိုလ်ကြီး။ ဒီလိုပဲ ကျွန်တော်တို့ တောင်ပေါ်တက်ရင် အဖေက စိတ်မချလို့ လမ်းကနေ လာလာကြိုပါတယ်။ ဖြစ်ချင်တော့ မနေ့ညက ကျွန်တော် ဝါးတိုက်ပြီး ပြန်အလာ လမ်းမှာ လှည်းဝင်ရိုးကျိုးသွားလို့ ဒီနေ့ မနက်မှ ပြန်ရတာပါ။ ဒီဝင်ရိုးကျိုးလို့ ကျွန်တော့်အဖေ အသတ်ခံလိုက်ရတာ … ဟီး … ဟီး ဟီး"

ကိုစိန်ခရဲ့ သားနှစ်ယောက်က ချုံးပွဲချငိုပါလေရော။ နောက်တောက်ခေါက်သံ ခပ်ပြင်းပြင်း တစ်ချက်ပါ အဆစ်ပါလိုက်သေး။

"ကဲ … ငါ့ညီတို့လည်း စိတ်ကို ဖြေ၊ ဒေါသကိုထိန်းချုပ်ပြီး ပြန်ပါ။ ရန်ကို ရန်ချင်းတုံ့ပြန်ရင်း အပူပေါ် အပူဆင့်ပြီး ပူချက်ပြင်းလိမ့်မယ်။ သောကနှစ်ဆ တိုးသွားတဲ့အတွက်လည်း တကယ် ခံစားရမှာက မင်းတို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်ကြီး။ ကျွန်တော်တို့ ပြန်ပါ့မယ်"

ကိစ္စအားလုံးပြီးသွားတော့ စခန်းမှူးက သေဆုံးသူရှိခဲ့တဲ့နေရာကို သေချာကြည့်တယ်။ မြေနေရာက ညီတာမဟုတ်၊ နိမ့်လျှော အနေအထား အခင်းဖြစ်နေရာရဲ့ တောင်ဘက် ၅ ကိုက်ခန့်အကွာမှာ သရက်ပင်ကြီးက ထီးထီးမားမားနဲ့ အဲဒီဟိုဘက်မှာ နွားတင်းကုပ်ပုံစံ တဲအိမ်ရှည်တစ်လုံးကို တွေ့ရတယ်။ တဲအိမ်၏တစ်ခြမ်းအား ဝါးထရံကာရံထားပြီး တစ်ဖက်ကိုတော့ ဝါးခြမ်းပြားနဲ့ ဒိုင်းမွန်းကွက်ပုံဖော်ကာရံထားတယ်။ အတွင်းဘက်မှာ မြေစိုက်စားပွဲတစ်လုံးနဲ့ တစ်ဖက်တစ်ချက်မှာ မြေစိုက်ထိုင်ခုံအရှည်များရှိတာကို တွေ့ရတယ်။ အဲဒီတဲအိမ်အနားကနေ ကျွန်းကလေးချောင်းက ဖြတ်စီးသွားတဲ့အတွက် ချောင်းကမ်းပါးပေါ် မေးတင်ပြီး ဆောက်ထားတဲ့ တဲအိမ်ကလေးလို့ ပြောရမယ်။

ဒါကိုမြင်တော့ စခန်းမှူးက ဆက်စပ်ပြီး တွေးကြည့်တယ်။ နေရာက ရွာအစွန်ဆုံး။ ချောင်းကမ်းပါးဘေး။ တဲအိမ်အတွင်းမှာလည်း စားပွဲနဲ့၊ ထိုင်စရာ ထိုင်ခုံနဲ့၊ သေဆုံးသူ ကိုစိန်ခထံမှလည်း အရက်နံ့က တထောင်းထောင်း။

"ဦးလေးဘမြိုင် ဟိုတဲအိမ်က အရက်ရောင်းတဲ့အိမ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"ဟုတ်ပါတယ် ဗိုလ်ကြီး"

"အဲဒီကို သွားကြရအောင်ဗျာ"

စခန်းမှူး တဲအိမ်အတွင်းကို ရောက်တော့ တဲပိုင်ရှင်ဦးအုန်းမောင် မျက်စိမျက်နှာပျက်လို့။

"ကဲ … ဒီက ဦးအုန်းမောင် ညက ကိုစိန်ခ ခင်ဗျားဆိုင်မှာ အရက်သောက်သွားတယ် မဟုတ်လား"

"သောက် … သောက်ပါတယ် ဗိုလ်ကြီး။ ဒါပေမဲ့ ကျွန်တာတော့ ကျွန်တော် မသိပါဘူး။ ကျွန်တော်လည်း မသတ်ရပါဘူး ဗိုလ်ကြီးရယ်"

"ခင်ဗျားကို မေးတာက အရက်သောက်သွားတယ် မဟုတ်လားလို့ မေးတာပါ။ ခင်ဗျား သတ်တယ်လို့ ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သေဆုံးသူ ကိုစိန်ခဟာ မသေဆုံးခင် ခင်ဗျားဆိုင်မှာ အရက်သောက်သွားတယ်ဆိုတော့ ခင်ဗျားလည်း တာဝန်မကင်းဘူးပေါ့ဗျာ။ ခင်ဗျား အမှန်အတိုင်း ဖြေပါ။ နို့မို့ဆိုရင် ခင်ဗျားအပေါ် အမှုပတ်နိုင်တယ်နော်"

စခန်းမှူး၏ သာသာထိုးထိုး စကားကြောင့် ဦးအုန်းမောင်က…

"မေးပါ ဗိုလ်ကြီး။ ကျွန်တော် အမှန်အတိုင်းဖြေပါ့မယ်"

**ကြားထဲမှာ တစ်ရွာတောင် ခြားနေတာ၊ ဒီလူက ဒီရွာမှ လာပြီး ဘယ်လိုကြောင့် အသတ်ခံထားရတာလဲ။ ဘာဖြစ်ကြလို့လဲ။**

"ကိုစိန်ခ သူ့သားတွေကို ညဦးကတည်းက လာကြိုတာ။ သူ့သားတွေ ပြန်ရောက်မလာတော့ ခင်ဗျားဆိုင်မှာ ညဉ့်နက်တဲ့အထိ အရက်သောက်နေမှာပေါ့"

စခန်းမှူးအမေးက ယုတ်တိကျ အမေးဖြစ်တဲ့အတွက် ဦးအုန်းမောင် မငြင်းသာ။

"ဟုတ်ပါတယ် ဗိုလ်ကြီး"

"အဲဒီတော့ ခင်ဗျားဆိုင်မှာ ကိုစိန်ခ အရက်သောက်တဲ့အချိန် ဘယ်သူတွေလာပြီး ဘာဖြစ်ကြတယ်ဆိုတာကို အမှန်အတိုင်း ပြောပါ။ ဒါကလည်း ခင်ဗျားအတွက်နော်"

"ဒီလိုပါ ဗိုလ်ကြီး။ ည (၈) နာရီလောက်တည်းက ကိုစိန်ခ လာပြီး အရက်သောက်နေတယ်။ သူ့သားတွေကို လာကြိုတာလို့ ပြောပါတယ်။ အဲ … ည ၉နာရီ ထိုးလောက်ကျတော့ ရွာထဲက ကိုကြည်အေးနဲ့ ကိုတင်မောင် ဝက်သားတွဲတွေ ဆွဲပြီး အရက်လာသောက်တယ်။ သူတို့အုန်းကုန်းရွာက ဝက်ပေါ်ပြီး ပြန်လာတာလို့ ပြောပါတယ် ဗိုလ်ကြီး"

"အဲဒီအချိန် ကိုစိန်ခ အရက်သောက်နေတုန်းပဲလား"

"ဟုတ်ပါတယ် ဗိုလ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်ခက ဒီဘက်အစွန် သူတို့က ဟိုဘက်အစွန်မှာနေပြီး သောက်ကြတာပါ''

''နောက် ဘာဖြစ်ကြသေးလဲ''

စခန်းမှူး၏ ရေလာမြောင်းပေးစကားဆုံးတော့ ...

''သောက်တုန်း ကိုကြည်အေးက ကိုစိန်ခကို ဝက်သားတွဲ ရောင်းပါတယ်။ ကိုစိန်ခက အကြွေးရရင် ယူမယ်လို့ပြောတော့ အကြွေးတော့ မရောင်းဘူး လက်ငင်းဆိုလျှင် ရောင်းမယ်လို့ ကိုကြည်အေးက ပြောပါတယ် ဗိုလ်ကြီး။ အဲဒီတော့ ကိုစိန်ခ နည်းနည်း ဒေါကန်သွားတယ်။ သူ့ကို ဒီ ဝက်သားတစ်ပိဿာလောက်နဲ့ တန်ဖိုးဖြတ်တာလားလို့ မကျေမနပ်ပြောပြီး ဆိုင်ထဲက ထွက်သွားတာပါ။ နောက်ခဏကြာမှ ကိုကြည်အေးနဲ့ ကိုတင်မောင်တို့ အတူတူပြန်သွားကြတာပါ''

အရက်ဆိုင်ရှင် ဦးအုန်းမောင် စကားဆုံးတော့ စခန်းမှူး ဆက်မမေးတော့။ သူ့ဆီက သိစရာ အချက်အလက် မရှိတော့ဘူးလေ။

''ကဲ ... ဥက္ကဋ္ဌရေ ဦးအုန်းမောင်ပြောတဲ့ ကိုကြည်အေးနဲ့ ကိုတင်မောင်တို့ကို တစ်ခါတည်း စစ်သွားချင်တယ်ဗျာ။ အဲဒါ နည်း

**ကိုစိန်ခ မသေဆုံးခင် ခင်မျှားဆိုင်မှာ အရက်သောက်သွားတယ်ဆိုတော့ ခင်မျှားလည်း တာဝန်မကင်းဘူးပေါ့**

နည်း ကူညီပါဦးနော်''

ဥက္ကဋ္ဌဦးဘမြိုင်က ရွာသားတစ်ယောက်ကိုခေါ်ပြီး ကိုကြည်အေးနဲ့ ကိုတင်မောင်တို့ကို ခေါ်ခိုင်းလိုက်တယ်။

သိပ်မကြာပါဘူး။ နှစ်ယောက်စလုံး ရောက်လာကြတယ်။

စခန်းမှူးက နှစ်ယောက်လုံးကို အကဲခတ်တယ်။ အလုပ်ကြမ်းလုပ်တဲ့ သူတွေဖြစ်တဲ့ အတွက် တုတ်တုတ်ခိုင်ခိုင် ကိုယ်နေဟန်ထားရှိပြီး မျက်နှာကြမ်းရုပ်မျိုးနှင့် အသက် ၃၀ ကျော်လောက်ပင် ရှိကြမည်။

နှစ်ဦးစလုံး မသိနားမလည်တဲ့ ပုံစံ၊ မျက်လုံးကလယ်ကလယ်နှင့် စခန်းမှူး မေးသမျှကို တစ်လုံးချင်း ဖြေတယ်။ အဖြေတွေက အရက်ဆိုင်ရှင် ဦးအုန်းမောင်ဖြေတဲ့ အဖြေမျိုး တစ်ထပ်တည်းကျပဲ။ ပြောစရာဆိုလို့ ဖြေတဲ့နေရာမှာ တုန်တုန်ယင်ယင် အထစ်အငေါ့တွေနဲ့ မျက်နှာမှာလည်း ချွေးသီးတွေက အပွတ်လိုက်နဲ့။

''ကဲ ... ကိုကြည်အေးနဲ့ ကိုတင်မောင်တို့ ပြန်နိုင်ပါပြီ။ အဲဒီရက်အတွင်းမှာတော့ ဘယ်မှ မသွားကြပါနဲ့။ ဒီလူသတ်မှုနဲ့ ပတ်သက်ပြီး အကူအညီလိုအပ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရင် အလွယ်တကူ ခေါ်ယူရနိုင်အောင်လို့ပါ"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

စခန်းမှူးနှင့်အဖွဲ့ ငှက်တလင်းကျေးရွာက ထွက်တော့ နှင်းပင်လုံးလုံး ကွဲနေပြီ။

×××

ပထမတော့ စခန်းမှူးက အရက်ဆိုင်ထဲမှာ ဝက်သားတွဲ အကြွေးကိစ္စနှင့် မကျေမနပ်ဖြစ်ခဲ့တဲ့ ကိုကြည်အေးနဲ့ ကိုတင်မောင်တို့ကို မသင်္ကာဘူး။ ဒါနဲ့ အဲဒီနှစ်ယောက်ကို စုံစမ်းလိုက်တော့ ဖြစ်နိုင်ချေနည်းတယ်ဆိုတာ သိခဲ့ရတယ်။ လွှော့တော့မထွက်ဘူးပေါ့"

နောက် ကိုစိန်ခ အသတ်ခံ သေဆုံးရခြင်းကို အပိုင်းနှစ်ပိုင်း ခွဲစဉ်းစားတယ်။ ပထမပိုင်းက အဲဒီညမှာပင် ပြဿနာ ရုတ်တရက်ဖြစ်ပေါ်၍ ခိုက်ရန်ဒေါသဖြစ်ပြီး သေဆုံးရခြင်းပဲလား။ ဒုတိယပိုင်းက အတိတ်ကဖြစ်ခဲ့တဲ့ ပြဿနာရဲ့ ဆက်နွယ်မှုအငြိုးအတေးကြောင့်လား ဆိုတာ။

အသတ်ခံထားရတဲ့ လူကလည်း ငှက်တလင်းကျေးရွာသားမဟုတ်။ ဟိုဘက်တစ်ရွာကျော် ကိုင်းပင်စုရွာက။ ဖြစ်တဲ့အချိန်က ည ၉ နာရီကျော် ၁၀ နာရီနီးပါးဟု ခန့်မှန်းချက်အရ အဲဒီအချိန်ကျေးရွာစလေ့ ရွာကျော်ဖြတ်သွားဖြတ်လာ မရှိတဲ့အချိန်၊ အဲဒီလိုအခြေအနေတွေကြောင့် သေဆုံးသူကိုစိန်ခနှင့် ခိုက်ရန်ဖြစ်ပွားခဲ့သူသည် တခြားရွာက မဖြစ်နိုင်။ အဲဒီငှက်တလင်းရွာသားထဲက တစ်ယောက်ယောက်နှင့်သာ ဖြစ်ခဲ့ခြင်းဖြစ်မည်ဟု ဆက်စပ်ပြီး တွေးကြည့်တယ်။

အဲဒီတော့ စခန်းမှူးက လတ်တလော အခြေအနေကြောင့် ကိုစိန်ခနှင့် ငှက်တလင်းရွာသားဖြစ်ပေါ်ရခြင်းလားဆိုတာကို ထောက်လှမ်းစုံစမ်းခဲ့ပြီး ကိုစိန်ခနှင့် ငှက်တလင်းရွာသား တစ်ယောက်ယောက် အတိတ်က ရန်စရှိခဲ့လားဆိုတာ သိရှိနိုင်ရန် ကိုစိန်ခ၏ နောက်ကြောင်းရာဇဝင်ကို လေ့လာလိုက်တော့ ...

×××

စခန်းမှူးစားပွဲအရှေ့ ကုလားထိုင်တွင် မလှုပ်မယှက် ကျောက်ရုပ်ပမာ ထိုင်နေသူအား စခန်းမှူးက သေချာစွာ အကဲခတ်တယ်။ သူပြောရမည့်စကားများကိုလည်း အစီအစဉ်ကျစွာ ထောက်ကွက်၊ မြှုပ်ကွက်၊ တုတ်ချက်တွေကို



အသုံးပြုပြီး စစ်မေးနိုင်ရန်အတွက်လည်း စဉ်းစားနေတယ်။

ကိုစိန်ခ သေဆုံးရခြင်းဖြစ်စဉ်အား သိရှိနိုင်ရန် ရှုထောင့်အမျိုးမျိုးမှ ထောက်လှမ်းစစ်ဆေးခဲ့ရာတွင် အချက်တစ်ချက်ကို သွားတွေ့တယ်။

အဲဒါက ကိုစိန်ခ နောက်ကြောင်းရာဇဝင်။

လွန်ခဲ့တဲ့ (၈)နှစ်ခန့်က ကိုင်းပင်စုရွာမှာ လူသတ်ပြီး အလောင်းဖျောက်ခဲ့တဲ့အမှုတစ်ခု ဖြစ်ပွားခဲ့တယ်။ အဲဒီအလောင်းကို နွားကျောင်းသားတစ်ယောက်က တွေ့ပြီး လူသတ်တရားခံကိုတော့ တော်တော်နဲ့ ရှာမတွေ့ခဲ့ဘူး။ အဲဒီအချိန်ကျေးရွာအုပ်စုဥက္ကဋ္ဌက ဦးထွန်းဆိုင်၊ အခု ငှက်တလင်းရွာသား

www.burmeseclassic.com

www.burmeseclassic.com



ကိုစံလှရဲ့အဖေပေါ့။

အဲဒီလူသတ်မှုကို ရဲတပ်ဖွဲ့နဲ့ ဦးထွန်းဆိုင်တို့ ပူးပေါင်းပြီး ဖော်ထုတ်လိုက်တော့ ကိုစိန်ခ ဖြစ်နေတာ သိရတယ်။

ကိုစိန်ခ ထောင် (၇) နှစ်ကျသွားတယ်ပေါ့။

ထောင်ကထွက်တော့ သူ ထောင်ကျရခြင်းဟာ ဦးထွန်းဆိုင်ကြောင့်လို့ တစ်ဖက်သတ် စွပ်စွဲသတ်မှတ်ပြီး အငြိုးအတေးထားခဲ့တယ်။ နောက် အရွယ်လေးရောက်ပြီဖြစ်တဲ့ ဦးထွန်းဆိုင်ရဲ့သား ကိုစံလှဘက် လှည့်တော့တာပဲ။ ဒါကြောင့် ကိုစိန်ခနှင့် ကိုစံလှတို့ မကြာမကြာ ထိပ်တိုက်ရင်ဆိုင်အချင်းများမှုများ ဖြစ်ပေါ်ခဲ့တယ်။ ကိုစိန်ခက ကိုစံလှကိုတွေ့တိုင်း မင်းအဖေကြောင့် ငါထောင်ကျခဲ့ရတာဟု မကျေမနပ် ပြောဆိုကြောင်းကို စခန်းမှူးက စုံစမ်းလို့ သိပြီးနေပြီ။

အဲဒါကြောင့် ဥက္ကဋ္ဌဦးဘမြိုင်ကို ခေါ်ပြီး အကူအညီတောင်းတယ်။ ကိုစိန်ခ သေဆုံးရခြင်းဟာ ငှက်တလင်းရွာသားတစ်ယောက်ယောက်ကြောင့်ဟု သတ်မှတ်ကြောင်း၊ အဲဒီထဲမှာ ကိုစံလှကို အဓိကထားကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ ကိုစိန်ခနှင့်လည်း ရန်ငြိုးရန်စလည်း ရှိတယ်။ နောက်ပြီး ကိုကြည်အေးနဲ့ ကိုတင်မောင်တို့ကို ခေါ်ပြီး စစ်ဆေးရာ၌လည်း-

အခင်းဖြစ်တဲ့ညက ကိုကြည်အေးနဲ့ ကိုတင်မောင်ကို အရက်ဆိုင်ထဲက ထွက်အလာ ရွာလမ်းဖြတ်တစ်ခုရောက်တော့ လယ်ကွင်းဘက်သို့ ပြေးသွားတာ တွေ့တယ်လို့ ထွက်ဆိုခဲ့တယ်။

ဒါကြောင့် ကိုစံလှကို 'တစ်' နေရာမှာထားပြီး စဉ်းစားကြောင်း ပြောတော့ ဥက္ကဋ္ဌဦးဘမြိုင်က သူ့အိမ်ကိုလာပြီး အလောင်းတွေ့ရှိကြောင်း သတင်းပေးတုန်းက ကိုစံလှဟာ တုန်လှုပ်ချောက်ချားပြီး အမူအရာပျက်နေတာ တွေ့ရတယ်လို့ ဆိုတယ်။ နောက်ပြီး ကိုစံလှထိုးတဲ့ လက်နှိပ်ဓာတ်မီးရှေ့ကာမှန်ပြားပေါ်မှာ အနီစက်တွေကို



တွေ့ရကြောင်း အဲဒီတုန်းကတော့ သတိမထားမိဘူး။ စခန်းမှူးက ပြတ်နေတဲ့ကွင်းဆက်ကို ဆွဲစိပြီး အစဆွဲထုတ်မှုကြောင့်သာ ပြန်စဉ်းစားမိကြောင်း ထုတ်ဖော်ခဲ့တယ်။

ဒါကြောင့် ကိုစံလှအိမ်က လက်နှိပ်ဓာတ်မီးကို ရှာဖွေပုံစံနဲ့ သက်သေတွေရှေ့မှာ သိမ်းဆည်းခဲ့တယ်။

"ကဲ ... ကိုစံလှ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး။ ခင်ဗျားကိုယ်တိုင် ဝန်ခံရင် ယောကျ်ားတစ်ယောက်အဖြစ် ပီသသွားမယ်"

စခန်းမှူး စားပွဲရှေ့ကုလားထိုင်တွင်ထိုင်နေတဲ့ ကိုစံလှ ဆယ်ပေါင်တူဖြင့် အထုခံလိုက်ရသလို ဖြစ်သွားလားမသိဘူး။ ပြာပြာသလဲငြင်းတယ်။

"မဟုတ်ပါဘူး ဗိုလ်ကြီး။ ကျွန်တော် မသတ်ရပါဘူး"

သူတစ်ကိုယ်လုံးလည်း ချွေးတွေက ရွှဲလို့။

"ကဲ ... ဒီလိုဆိုရင် ဟောဒီလက်နှိပ်ဓာတ်မီးမှန်ပြားပေါ်မှာတွေ့တဲ့ သွေးစက်နဲ့ ကိုစိန်ခ သွေး တူမတူကို ဓာတုဗေဒဝန်ရုံးပို့ပြီး စစ်ဆေးလိုက်ရင် အဖြေက ရှင်းသွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကိုစံလှကို အကဲခတ်လိုက်တော့ နည်းနည်းတွေဝေသွားတဲ့ပုံစံကို အမိအရမြင်ရတဲ့အတွက် ချက်ချင်း …

"တကယ်တော့ခင်ဗျားကို ရန်စလို့သာ မခံမရပ်နိုင်ဖြစ်ပြီး လက်တုံ့ပြန်လိုက်ရတဲ့အတွက် အဲဒီအခွင့်အရေးတော့ ခင်ဗျားခံစားရမှာပါ ကိုစံလှ"

ခဏတော့ ဆိတ်ငြိမ်စွာပဲနောက် သိပ်မကြာလိုက်။ ကိုစံလှ ခါးနည်းနည်းမတ်ပြီး …

"ကျွန်တော် ဝန်ခံပါတော့မယ် ဗိုလ်ကြီး။ အဲဒီညက ၁၀ နာရီကျော်ကျော်လောက်မှာ ကျွန်တော် မတ်ပဲခင်းထဲသွားပြီး စောင့်အိပ်ဖို့ ဓာတ်မီးတစ်လက်နဲ့ ဓားတစ်ချောင်းကိုင်ပြီး အိမ်က ထွက်လာတာပါ။ အဲ … ရွာထိပ်ရောက်တော့ ကိုစိန်ခနဲ့ တွေ့ပြီး သူက အရက်မူးမူးနဲ့ မင်းအဖေကြောင့် ငါထောင်ကျခဲ့ရတာ။ ငါ လူသတ်ဖူးတဲ့သူ။ အဲဒီတော့ မင်းသတိထားလို့ပြောတော့ ကျွန်တော် ဒေါသဖြစ်သွားပါတယ်။ အဲဒီဒေါသကို ချုန်းအုပ်ဖို့လည်း မစဉ်းစားတော့ဘူး။ ခင်ဗျားက လူ တစ်ယောက်သတ်ပြီး လူမိုက်လုပ်မနေပါနဲ့လို့ ကျွန်တော်ပြောပြီး သူနဲ့ တစ်ယောက်တစ်ခွန်း စကားများရန်ဖြစ်ကြပါတယ်။ နောက် သူက ဓားမြှောင်ကိုဆွဲထုတ်ပြီး ကျွန်တော့်ကို ထိုးပါတယ်။ ကျွန်တော်က လည်း ပါလာတဲ့ ဓားရှည်နဲ့ ခုခံပါတယ်။

အဲဒီမှာဖြစ်ချင်တော့ သူက အနိမ့်ပိုင်းမှာ ကိုင်ထားတာလည်း ဓားအတို၊ ကျွန်တော်က အမြင့်ပိုင်းရောက်နေတဲ့အချိန် နောက်ပြီး ကိုင်ထားတာကလည်း ဓားရှည်ဖြစ်တဲ့အတွက် ခုတ်ကြရင်း သူ့လည်ချောင်းကို ဓားထိသွားပါတယ်။ နောက်တော့ မထူးတော့ပါဘူးဆိုပြီး သူ လဲကျသွားတဲ့အချိန်မှာ ဆက်ပြီး ထိုးလိုက်တာပါ ဗိုလ်ကြီး။

သူ ငြိမ်သွားတဲ့အချိန်မှာ မတ်ပဲခင်းထဲကို ပြေးသွားပြီး ညစောင့်အိပ်နေတာပါ။ နံနက်ရောက်တော့ ကိုစိန်ခအလောင်းက ဒီအတိုင်းပဲ ရှိသေးတယ်။ ဒါနဲ့ အကြံရပြီး ကျွန်တော့်ကို မထင်အောင် ဉက္ကဋ္ဌဦးဘမြိုင်စီသွားပြီး သတင်းပေးတာပါ ဗိုလ်ကြီး။

အဲဒီညက ကျွန်တော် သည်းခံစိတ်မွေးပြီး နလုံးလှလှနဲ့ ခွင့်လွှတ်မှုတရားကို လက်ကိုင်ထား ရှောင်ရှားခဲ့ရင် ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ရမှာမဟုတ်ပါဘူး ဗိုလ်ကြီးရယ်"

ပြောပြီး ကိုစံလှက တရှိုက်ရှိုက်ငိုတယ်။

ကံကြမ္မာရှင်းက ဖန်လာတဲ့ ငိုရှိုက်သံလား။

ပြင်မရနိုင်တော့တဲ့ ပြစ်မှုအများအား နောင်တအသိ၏ စေဆော်မှုကြောင့် ရင်ထဲက ကြေကွဲဆွေးမြည့်စွာ လှိုက်ထွက်လာတဲ့ အဲဒီ ငိုရှိုက်သံလား။

**မှတ်ချက်။ ။ လက်ပံတန်းမြို့နယ်တွင် ဖြစ်ပွားခဲ့သော ပြစ်ရပ်မှန်အား အမည်များပြောင်း၍ ဝတ္ထုအသွင် သီကုံးရေးဖွဲ့ထားပါသည်။**

**စိန်ဝင်းမောင်**
**(လက်ပံတန်း)**

www.burmeseclassic.com

www.burmeseclassic.com





# ကားတော့ကြားမှ ဂီတ်သမားဘဝ

## ရထားဝန်ထမ်းတဦး

**ခံရတဲ့အပြစ်ဒဏ်**

"ဆရာ ကျွန်တော် ထောင်က လွတ်လာပါပြီ"

ဦးဝင်းတင်သည် ထူးခြားဖြစ်စဉ်တစ်ခုကို အာရုံစိုက်၍ ဖတ်နေစဉ် မမျှော်လင့်သော ပြောဆိုသံကြား၍ မော့ကြည့်လိုက်ပါသည်။

"ဟာ ... မောင်စိုးပါလား"

"ဟုတ်ပါတယ် ဆရာ"

ဦးဝင်းတင်သည် မောင်စိုးကို ကြည့်ရသည်မှာ မျက်နှာညှိုးငယ်နေပါသည်။

"လာ ... လာ... ထိုင်ကွာ။ ဘယ်နေ့က လွတ်လာလဲ"

"လွန်ခဲ့တဲ့အပတ်ကပါ။ ဆရာ့ကို လာတွေ့တာပါ"

"မင်းအတွက် ဆရာ စိတ်မကောင်းပါဘူးကွာ"

"ကျွန်တော့်ရဲ့ဘဝ ဝဋ်ကြွေးပေါ့ ဆရာရယ်။ ဘယ်တတ်နိုင်မှာလဲ"

"အခု ဆရာ ဘာလုပ်ပေးရမလဲ ပြောပါ"

ဦးဝင်းတင်က ပြောလိုက်သော စကားကြောင့် မောင်စိုးအား တက်သွားပုံရပါသည်။ တစ်စုံတစ်ခုပြောဖို့ ဟန်ပြောနေပါသည်။

"ဟုတ်ကဲ့ ... ဆရာ။ ကျွန်တော်ထောင်ကျ အလုပ်ပြုတ်သွားလို့ စားဝတ်နေရေး အခက်အခဲတွေ့နေပါတယ်။ ဆရာ အကူအညီပေးပါဦး"

"ဆရာ ဘာအကူအညီ ပေးရမှာလဲ"

"ကျွန်တော် အလုပ်ပြန်လုပ်ချင်လို့ပါ ဆရာ"

မောင်စိုး ပြောလိုက်သော စကားကြောင့် အဖြေပေးရခက်သွားပါသည်။ မပြောရင်လည်း မဖြစ်လို့ပြောပြလိုက်ရပါသည်။

"ဆရာ ဘယ်လိုပြောရမလဲ မသိပါဘူးကွာ။ မင်းက ထောင်ကျသွားတော့ နိုင်ငံ့ဝန်ထမ်းအလုပ်ပြန်လုပ်လို့ မရနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူးကွာ''

ဦးဝင်းတင် ရှင်းပြလိုက်သောအခါ မောင်စိုးသည် ခေါင်းငိုက်စိုက်ကျသွားသည်။

''ဆရာ မကူနိုင်တာကို ခွင့်လွှတ်ပါ။ နားလည်ပါ''

ဟု ဦးဝင်းတင်က ပြောပြီး အိတ်ထဲမှ ငါးထောင်တန် ၂ ရွက်ကို လှမ်းပေးရင်း ...

''ကဲ ... မောင်စိုး မင်းလိုတာ သုံးရအောင် ယူသွားပါ''

ဟု ပြောလိုက်ပါသည်။

''ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး''

''ကောင်းပါပြီ''

ဦးဝင်းတင်သည် သူ၏ အခန်းအတွင်းမှ တစ်လှမ်းချင်း ပြန်ထွက်သွားသော မောင်စိုး၏ နောက်ကျောကိုကြည့်ရင်း မောင်စိုး ထောင်ကျသွားရသည့် ဖြစ်ရပ်မှန်ကို ပြန်ပြီး သတိရမိပါသည်။

''ရထားလာနေလို့ ရပ်နိုင်းတာကို မရပ်တဲ့ အတင်းဝင်တာပဲ။ ရထားနဲ့ကား တိုက်ရင် တို့က ပြဿနာတက်ဦးမှာ''

## (၂)
## ဖြစ်ရတဲ့ပြဿနာ

သစ္စာကားလမ်းကူးဂိတ်သည် ရန်ကုန်-ရန်ကင်း-တောင်ဥက္ကလာ ကားလမ်းပေါ်၌ တည်ရှိပါသည်။ ဘောက်ထော်ဘူတာနှင့် ကံဘဲ့ဘူတာအကြား၊ ကံဘဲ့ဘူတာအဝင်၌ ရှိသော ကားလမ်းကူးဂိတ် ဖြစ်ပါသည်။ ယင်းကားလမ်းကူးကို လိုင်းကားများ၊ ကိုယ်ပိုင်ကားများ တစ်ရက်လျှင် သုံးလေးထောင်ခန့် ဖြတ်ကျော်နေပါသည်။ ရထားကတော့ နေ့စဉ် (၃၈)စီးဖြတ်ကျော် ခုတ်မောင်းလျက် ရှိပါသည်။ ရထားလာလျှင် ဂိတ်ပိတ်ရန်၊ ဖွင့်ရန် ဂိတ်စောင့် (၂) ဦး နေရာထားပါသည်။

သစ္စာကားလမ်းကူးဂိတ်၏ ရန်ကင်းဘက်ခြမ်း၌ မောင်မျိုးက တာဝန်ကျပြီး တောင်ဥက္ကလာဘက်ခြမ်း၌ မောင်စိုး တာဝန်ကျပါသည်။ မောင်စိုးသည် နာမည်နှင့်လိုက်အောင် ဆိုးခြင်းဖြစ်ပါသည်။ အသောက်အစားလေး နည်းနည်းရှိတော့ တစ်ချက် တစ်ချက် အပြောအဆိုတွေ လွတ်သွားတတ်သူ ဖြစ်ပါသည်။ ယခင်တာဝန်ထမ်းဆောင်ခဲ့သော နေရာများ၌ ပြဿနာတွေရှိခဲ့ဖူးပါသည်။

xxx

ဆောင်းရာသီ၏ ညနေပိုင်း (၆) နာရီခွဲအချိန်တွင် မောင်စိုးနှင့် မောင်မျိုးတို့သည် ဂိတ်စောင့်တဲ၌ ထိုင်ပြီး စကားပြောနေကြပါသည်။ မောင်မျိုးက စပြီး ...

''ကားတွေ [illegible]

www.burmeseclassic.com



ရထားလာနေလို့ ရပ်နိုင်းတာကို မရပ်ဘဲ အတင်းဝင်တာပဲ။ ရထားနှင့်ကားတိုက်ရင် တို့က ပြဿနာတက်ဦးမှာ'' ဟု ညည်းတွားလိုက်ပါသည်။

''အေး ... ဟုတ်တယ်။ ကားသမားတွေနှင့်ငါတော့ မဖြစ်ဘူးကွာ။ စိတ်မရှည်ဘူး။ ပြဿနာတက်လိမ့်မယ်''ဟု မောင်စိုးက ပြန်ပြောလိုက်ပါသည်။ ထိုအချိန်တွင် ဂိတ်တဲအနီး၌ စိုက်ထူထားသော တိုင်မှ အချက်ပေးခေါင်းလောင်းသည် အဆက်မပြတ် မြည်လာပါသည်။

''ကလင် ... ကလင် ... ကလင်''

''ကဲ ... မောင်စိုး နောက်မှ ပြဿနာတက်၊ အခု ဂိတ်ပိတ်လိုက်ဦး''

မောင်စိုးသည် သူ တာဝန်ကျသည့် တောင်ဥက္ကလာဘက်မှ ကားများ ဖြတ်နေသည်မှာ တစ်စင်းနှင့်တစ်စင်း အဆက်မပြတ်၍ တံခါးပိတ်ရန် စောင့်ဆိုင်းနေရပါသည်။ ရထားမီးကို မြင်နေရပြီမို့ နောက်မှ ကားများကို တားပြီး ဂိတ်တံခါးကြီး (၂) ခုကို အလျင်အမြန်ပိတ်လိုက်ပါသည်။ ထိုအချိန်တွင် ကားလမ်းကူးကိုဖြတ်ရင် လွတ်လိမ့်မယ်အထင်ဖြင့် မောင်း



ဝင်လာသော ကားလေးမှာ ဂိတ်တံခါးပိတ်ထားပြီဖြစ်သောကြောင့် ရပ်လိုက်ရပါသည်။ ရပ်နေတဲ့ကားတွေရဲ့ ရှေ့ဆုံးက ဖြစ်နေပါသည်။ ဒါကို မောင်စိုးက သတိမထားမိပါ။

မင်္ဂလာဒုံဘက်မှ လာနေသော မြို့ပတ်ရထားသည် ကဲဘဲ့ဘူတာမှ ဆက်လက်ထွက်ခွာလာနေပါပြီ။ ကားလမ်းကူးခုံးကျော်ကို ရထားဖြတ်ကျော်နေစဉ်မှာပင် ရပ်ထားသော ကားများမှာ စက်တွေနှိုး၊ ဟွန်းတွေ တီးနေကြ၍ နားညည်းရပါသည်။ ရထားတစ်စင်းလုံး ကားလမ်းကူးခုံးကျော်ကို ဖြတ်သွားပြီးလျှင်ပြီးခြင်း မောင်စိုးတာဝန်ကျသည့် ရန်ကင်းဘက်မှ စပြီး ဖွင့်ပေးလိုက်ပါသည်။ ကားများ ဝင်ထွက်လာပါပြီ။ မောင်စိုးရဲ့ နောက်ကျောဘက်မှာ တဖြည်းဖြည်း ချဉ်းကပ်လာနေပါသည်။

မောင်စိုးခမျာ သူ့နောက်မှာလည်း ကားတွေနှင့်၊ ရှေ့မှာလည်း ဂိတ်တံခါးဖွင့်မပေးသေးလို့ ဟွန်းတီးပြီး အချက်ပေးနေတဲ့ ကားတွေကြားမှာ ရောက်နေပါပြီ။ တံခါးမြန်မြန်မဖွင့်ရင် သူ့ကိုပါ တိုက်သွားမှာ စိုးရိမ်ရပါသည်။ မောင်စိုး စိတ်မရှည်နိုင်တော့ပါ။

''ဘယ်လိုများ ဖြစ်နေကြလဲ

www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ဒီလောက်တောင် ဖြတ်ချင်ကြတာ ဖြတ်ကြစမ်းကွာ'' ဟု တစ်ဦးတည်းပြောဆိုပြီး တောင်ဥက္ကလာဘက်ရှိ တံခါးရွက် (၂) ခုကို အားကုန်တွန်း၍ ဖွင့်ချလိုက်ပါသည်။ ရန်ကုန်ဘက်ခြမ်းရှိ ဂိတ်တံခါးကြီးမှာ ကျွတ်ကျွတ်လွတ်လွတ်ပင် ကားလမ်းဘေးသို့ ရောက်ရှိသွားပါသည်။ မင်္ဂလာဒုံဘက်ရှိ ဂိတ်တံခါးကြီးမှာ အရှိန်ဖြင့် ရွေ့လျားနေစဉ် ...

''ဟိုး ... ဟိုး ... ဟိုး ဆရာ'' ဟုအော်၍ တားနေသူမှ ရှေ့ဆုံးမှာရပ်ထားသော ကားအတွင်းမှ ထွက်လာသောပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ သို့သော်နောက်ကျသွားခဲ့ပါပြီ။ ဂိတ်တံခါးနှင့် ကားရှေ့မှန်ကို ခိုက်မိပါတော့သည်။

''ဟာ ... ကားရှေ့မှန်ကွဲသွားပြီ။ ခင်ဗျား ... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ။ ကျုပ်တားနေတာ မကြားဘူးလား''

''ခင်ဗျားကားတစ်စင်းတည်းအတွက် လုပ်နေရတာ မဟုတ်ဘူး။ အစကတည်းက ကိုယ့်ကားကို ကိုယ် လွတ်အောင် ရပ်ပါလား''

''ခင်ဗျားကားတစ်စင်းတည်း အတွက် လုပ်နေရတာ မဟုတ်ဘူး။ အစကတည်း က ကိုယ့်ကားကို ကိုယ် လွတ်အောင် ရပ်ပါလား''

ကားပိုင်ရှင်ကြီးနှင့် မောင်စိုးတို့ တစ်ယောက်တစ်ခွန်း စကားများကြရာတွင် မောင်စိုးသုံးနှုန်းလိုက်သော စကားများကြောင့် ကားပိုင်ရှင်ကြီးအား အရမ်းဒေါသထွက်သွားပြီး ...

''အေး ... မင်းငါ့အကြောင်း သိစေရမယ်'' ဟု ဆိုကာ ရန်ကင်းဘက်သို့ ထွက်သွားပါတော့သည်။

မောင်စိုးအနေဖြင့် စိတ်မထိန်းနိုင်လို့ ဘာတွေပြောမိမှန်းမသိတော့ပါ။ တစ်ခုခုတော့ ပြဿနာတက်လိမ့်မယ်လို့ စိုးရိမ်စိတ်တွေဝင်လာစပြုပါသည်။ ယာဉ်ပိုင်ရှင်ကြီးက ဘယ်သူများပါလိမ့်။

## (၃)

## အဖမ်းခံရတဲ့ဂိတ်သမား

နောက်တစ်နေ့တွင် ကံဘဲ့ဘူတာမှ ဘူတာစာရေး မောင်မြင့်က လာပြီး သတင်းပို့ပါသည်။

''ဆရာ မောင်စိုးကို ရဲစခန်းက လာဖမ်းသွားလို့ပါ''

''ဟ ... ဘာဖြစ်လို့လဲ။ ရန်ဖြစ်လို့လား'' ဟု မေးရာ မောင်မြင့်က ဖြစ်စဉ်ကို ရှင်းပြလိုက်ပါသည်။ ဦးဝင်းတင်က သူ လိုချင်သော အချက်များကို ပြန်ပြောလိုက်ပါသည်။

''မောင်မြင့် ဆရာ [illegible] မေးပါဦးမယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေးပါ ဆရာ"

"မင်းကို မေးချင်တာက (တစ်)အချက် အခုဖြစ်တဲ့ကိစ္စမှာ မောင်စိုးက ဂိတ်ကို အချိန်မီမပိတ်လို့ ရထားနှင့် ကား တိုက်မိသွားလား"

"မတိုက်မိပါဘူး ဆရာ"

"ဒါဆိုရင် (နှစ်) အချက်အနေနဲ့ မေးချင်တာက ကားမှန်ကွဲသွားရတာ မောင်စိုးက သောက်စားရမ်းကားပြီး သွားရိုက်ခွဲလိုက်တာလား"

"ဒါလည်း မဟုတ်ပါဘူး ဆရာ"

"မောင်မြင့် မောင်စိုးကိစ္စက သိပ်ပြီး ပြဿနာ မရှုပ်နိုင်ပါဘူး"

"ဆရာကသာ မရှုပ်နိုင်ဘူးပြောတာ။ အခု လောလောဆယ်ဆယ်တော့ မောင်စိုးကို ပြစ်မှုဆိုင်ရာ ပုဒ်မ ၃၂၄၊ ၂၉၄(ခ)နှင့် အမှုဖွင့်ထားလို့ ရဲစခန်းမှာ အချုပ်ခံရထားလို့ သူ့ကို အာမခံပေးဖို့ ဆရာ့ကို လာခေါ်တာပါ"

"ဟေ … ဟုတ်လား"

"လာ … လာ … သွားကြစို့"

ဦးဝင်းတင်သည် ရဲစခန်းသို့ လိုက်ပြီး မောင်စိုးကို အာမခံဖြင့် ပြန်ထုတ်လာရပါသည်။ နောက်ပိုင်းတွင် မောင်စိုးသည် မကြာမကြာ အမှုချိန်းသွားနေရပါသည်။ ဦးဝင်းတင်က မောင်စိုးအတွက် ရှေ့နေငှားနိုင်ဖို့ ပံ့ပိုးပေးရပါသည်။

×××

မောင်စိုးအမှုနှင့် ရင်ဆိုင်နေရချိန်အတွင်း သူနှင့် ပြဿနာတတ်ခဲ့သော ယာဉ်ပိုင်ရှင်ကြီး တွေ့ဆုံပြီးနောက် တောင်းပန်ဖို့ ကြိုးစားခဲ့ပါသည်။ တွေ့ဆုံခွင့်ရရှိခဲ့ပါသည်။ ယာဉ်ပိုင်ရှင်ကြီးနှင့်တွေ့တော့ ယာဉ်ပိုင်ရှင်ကြီးက သူ့အကြောင်းကို အားပါးတရ ပြောပြရာ နားထောင်၍ ကောင်းလှပါသည်။

"ကျွန်တော်က မြန်မာပြည်မှာ တည်ထောင်ဖွင့်လှစ်ထားတဲ့ (×××) ကုမ္ပဏီရဲ့တစ်ဦးတည်းကိုယ်စားလှယ်ပါ။ ရွှေရတုအခမ်းအနားတွေမှာ ကျွန်တော် ကုမ္ပဏီရဲ့ဂုဏ်က အမြဲပါပါတယ်။ နိုင်ငံ့ကျော်ခင်းသား၊ မင်းသမီးတွေနဲ့ဆိုတော့ သိပ်စည်တာပဲ"

ဦးဝင်းတင်က ယာဉ်ပိုင်ရှင်ကြီး ပြောသမျှကို နားထောင်နေရင်း စကားဖြတ်၍ ဝင်မေးလိုက်ပါသည်။

"ဆရာကြီး သစ္စာဂိတ်မှာ ဖြစ်ခဲ့တဲ့ဖြစ်စဉ်ကို ပြောပြပါဦး"

"ရပါတယ်" ဟုဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ယူလာသော ပစ္စည်းများကို ပထမ ထုတ်ပြပါသည်။ ထိုပစ္စည်းများမှာ ဓာတ်ပုံများ ဖြစ်ပါသည်။

"ဟာ ... လှလိုက်တဲ့ ဓာတ်ပုံတွေပါလား။ အများကြီးပါလား"

ယာဉ်ပိုင်ရှင်ကြီးသည် သူ၏ကားနှင့် ဂိတ်တံခါးကြီး ခိုက်မိ၍ ကွဲသွားပုံကို ရှုထောင့်အမျိုးမျိုးက အကွက်ကျကျ ရိုက်ကူးထားပါသည်။

"ကျွန်တော်က မကြာခဏ နိုင်ငံခြားသွားရပါတယ်။ အမေရိကားသွားတာ (၃)လကြာခဲ့တယ်။ ပြန်လာတာ မကြာသေးပါဘူး။ ဒါကြောင့်မို့ သစ္စာကားလမ်းကူး ဂိတ်ကို အသေးကနေ အကြီးကြီး ပြောင်းပြီး တပ်လိုက်တာ မသိလိုက်ဘူး။ ဂိတ်တံခါးပြန်ဖွင့်တော့မှပဲ ဂိတ်တံခါးအကြီးကြီး ဖြစ်နေပြီ။ ဂိတ်တံခါးနှင့် မလွတ်တော့မှန်းသိလို့ ကားပေါ်ကဆင်းပြီး တားပါသေးတယ်။ ဒါပေမဲ့ မရပါဘူး။ မရတဲ့အပြင် ကျွန်တော့်ကို မချေမငံပြောတယ်။ ဂိတ်တံခါးနှင့် ကားမှန်ခိုက်ပြီး ကွဲသွားတာ မှန်စတွေက ကျွန်တော့်မျက်နှာကို လာစဉ်လို့ သွေးတွေ ထွက်လာတယ်။ ကျွန်တော့်မှာ သွေးတိုးနှင့် ဆီးချိုရောဂါရှိပါတယ်" ဟု ပြောပါသည်။

ဦးဝင်းတင်က ယာဉ်ပိုင်ရှင်ကြီးပြောတာကို နားထောင်နေရာမှ လေအေးအေးလေးဖြင့် ပြန်ပြောပြပါသည်။

"ဆရာကြီးပြောတာ မှန်ပါတယ်။ ကျွန်တော့်တပည့်ရဲ့ ကိုယ်စား ကျွန်တော် အနူးအညွတ် တောင်းပန်ပါရစေ။ ခွင့်လွှတ်ပါ ဆရာကြီး"

"ဒီမှာ ဆရာသမား ...
ကျွန်တော့်ရဲ့ဝင်ငွေက ကားမှန်တစ်ချပ်ကွဲတာလောက် မပြောပါနဲ့၊ ကားတစ်စီးလုံး ပျက်စီးသွားရင်လည်း မမှုပါဘူး။ ဒါပေမဲ့ ဒီလူကိုတော့ ကျွန်တော် လုံးဝ မကျေနပ်ဘူးဗျာ"

"ဒီမှာ ဆရာသမား ကျွန်တော့်ရဲ့ဝင်ငွေက ကားမှန်တစ်ချပ်ကွဲတာလောက် မပြောပါနဲ့၊ ကားတစ်စီးလုံး ပျက်စီးသွားရင်လည်း မမှုပါဘူး။ ဒါပေမဲ့ ဒီလူကိုတော့ ကျွန်တော် လုံးဝ မကျေနပ်ဘူးဗျာ"

"ကျွန်တော့်တပည့်နဲ့ ဆရာကြီးအဆင့်ဟာ မိုးနဲ့မြေ မကကွာခြားလွန်းလှပါတယ်။ ကျွန်တော် တောင်းပန်တာကို ကျေနပ်ပါ"

"ဒီလူ ကျွန်တော့်ကို ပြန်တောင်းပြန်ဖို့ အခွင့်အရေး (၃) ကြိမ်ရခဲ့ပါတယ်။ သူ လုံးဝ မတောင်းပန်ခဲ့ပါဘူး။ အို --- ကျွန်တော် စကားကုန်ပြောမယ်။ ဒီလူနှင့် ဒီအလုပ် လုံးဝမတန်ဘူး။ သူ အလုပ်ပြုတ်သွားမှ [illegible]

www.burmeseclassic.com

www.burmeseclassic.com



မယ်''

ယာဉ်ပိုင်ရှင်ကြီးသည် မောင်စိုးအပေါ် သိပ်နာကြည်းသွားသောကြောင့် ဘယ်လိုမှ တောင်းပန်လို့မရ၍ လက်လျှော့လိုက်ရပါပြီ။ နောက်ဆုံးတော့ မောင်စိုးအတွက် အပြစ်ဒဏ်က 'ထောင်သုံးလ' ပါ။ အခုတော့ မောင်စိုး ထောင်ကျ၊ အလုပ်ပြုတ်သွားလို့ ယာဉ်ပိုင်ရှင်ကြီးကတော့ ကျေနပ်သွားပြီလို့ ထင်ပါတယ်။

**ရထားလာနေတဲ့အချိန် အချိန်မီ ဂိတ်မပိတ်လို့ ရထားရပ်သွားခဲ့ရင် ဖြေရှင်းချက်ပေးရမယ်၊**

## (၄)
## စည်းကမ်းလိုက်နာဖို့

တကယ်တော့ မီးရထားက ကားလမ်းကူးဂိတ်စောင့်များသည် တာဝန်ကြီးပါသည်။ ပေါ့ဆ၍မရပါ။ အဘယ်ကြောင့်ဆိုသော် ရထားလာနေတဲ့အချိန် အချိန်မီ ဂိတ်မပိတ်လို့ ရထားရပ်သွားခဲ့ရင် ဖြေရှင်းချက် ပေးရမယ်၊ နှစ်တိုးလစာလျှော့ချ အပြစ်ပေးခံရမယ်။ ကြီးလေးတဲ့ အပြစ်ဒဏ်ကို ခံရမယ်။ ဒါပေမဲ့ ကားလမ်းကူးခုံးကျော်၍ ပိတ်ထားသော ဂိတ်တံခါးကို ဝင်တိုက်ခြင်း၊ ရထားကို ဝင်တိုက်ခြင်းတို့မှာ ယာဉ်မောင်းများ၏ မဆင်မခြင် မောင်းနှင်မှုများကြောင့် ဖြစ်ပါတယ်။

ထို့အပြင် ဂိတ်စောင့်များသည် မိမိကို ကားမတိုက်အောင်လည်း သတိထားရပေမည်။ ပါရမီဘူတာနှင့် ရေကူးဘူတာကြားမှာရှိတဲ့ ဂန္ဓမာကားလမ်းကူးဂိတ်မှာ ရထားလာလို့ ဂိတ်ပိတ်နေတဲ့ ဂိတ်စောင့်ကို ကားတိုက်လို့ သေဆုံးသွားပါတယ်။ ယာဉ်မောင်းအနေဖြင့် ရထားလာလို့ ဂိတ်ပိတ်ထားရင် ရထားနှင့် လွတ်ကင်းမည့်နေရာမှာ ရပ်သင့်ပါတယ်။ ဂိတ်တံခါးပိတ်နေချိန်နှင့် ပြန်ဖွင့်နေချိန်မှာ ဂိတ်တံခါးနှင့် မိမိတို့၏ ကားများ မထိခိုက်မိစေရန် သတိပြုဖို့ လိုအပ်ပါသည်။

ဂိတ်စောင့်များအနေဖြင့် တာဝန်အရ ရထားလာလျှင် ဂိတ်တံခါးပိတ်တယ်။ ရထားဖြတ်သွားပြီးလျှင် ဂိတ်တံခါး ပြန်ဖွင့်တယ်ဆိုပေမယ့် ဂိတ်အနီးအနားပတ်ဝန်းကျင်မှာ ရပ်တန့်ထားတဲ့ ကားတွေရဲ့ အနေအထားကို ကြည့်ရပါမယ်။ ဂိတ်တံခါးနှင့် မလွတ်ဘူးထင်ရင် နောက်ပြန်ဆုတ်ပေးရန် ပြောပါ။ ကိုယ့်ကြောင့် ဖြစ်ဖြစ်၊ ယာဉ်မောင်းကြောင့် ဖြစ်ဖြစ် မတော်တဆမှု၊ ထိခိုက်မှုမဖြစ်တာ အကောင်းဆုံးပါ။ ပြဿနာ မဖြစ်တာ အကောင်းဆုံးပါ။

www.burmeseclassic.com

www.burmeseclassic.com





ဂိတ်စောင့်များသည် တစ်ရက်လျှင် အကြိမ်ပေါင်းများစွာ ဂိတ်တံခါးဖွင့်၊ ပိတ်လိုက် ပြုလုပ်နေရသူဖြစ်ပါသည်။ ထိုအချိန်တွင် မော်တော်ယာဉ်များက ခုံးကျော်ကို ဖြတ်ချင်ဇောနဲ့ မရပ်ဘဲ အတင်းကျော်တက်ဖြတ်မောင်းနေတာကြောင့် ဂိတ်စောင့်များအဖို့ စိတ်အနှောင့်အယှက် ဖြစ်မယ် ဆိုရင်လည်း ဖြစ်လောက်ပါတယ်။ ယာဉ်မောင်းအချို့က ရထား လာနေတာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ထားတာတွေကို အလေးမထားဘဲ ကိုယ့်မော်တော်ယာဉ် ကားလမ်းကူး ခုံးကျော်ကိုသူများကို မော်တော်ယာဉ်များထက် ဦးအောင် ဖြတ်ဖို့ပဲ အာရုံစိုက်ကြပါတယ်။

ယာဉ်မောင်းနေသောပုဂ္ဂိုလ်များအနေဖြင့် ကိုယ်ပိုင်ယာဉ်မောင်းသူ၊ အငှားမောင်းသူများ ရှိသလို အလွှာပေါင်းစုံ ပုဂ္ဂိုလ်များ ပါဝင်ကြပါသည်။ ဂိတ်စောင့်များ၏ အလုပ်ကို နားလည်မှုရှိသူများ ရှိသကဲ့သို့ နားလည်မှု မရှိသူများလည်း ပါဝင်ကြပါသည်။ ထို့အတူ ဆက်ဆံရေး ပြေပြစ်သူ ရှိသလို ကြမ်းတမ်းသော ယာဉ်မောင်းများလည်း ရှိနေပါသည်။ ဂိတ်စောင့်များလည်း ရှိနေပါသည်။ ဂိတ်စောင့်များသည် ယာဉ်မောင်းအချို့၏ ရန်ပြုခြင်း ခံရသူများ ရှိပါသည်။ အနည်းဆုံး ဆဲဆိုခြင်းတော့ ခံနေရစမြဲပါ။ မည်သို့ပင် ဖြစ်စေကာမူ ဂိတ်စောင့်များသည် မြန်မာ့မီးရထား ဝန်ထမ်းများဖြစ်သည့်အတွက် ပြည်သူများကို ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံရပေမည်။

ယာဉ်မောင်းတွေကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာ၊ မီးရထားဌာနက ဂိတ်စောင့်တွေကလည်း မီးရထား အထွေထွေနည်းဥပဒေ၊ နောက်ဆက်နည်းဥပဒေ၊ ညွှန်ကြားချက်တွေကို လိုက်နာပြီး နှစ်ဦးနှစ်ဖက် ဆက်ဆံရေးပြေပြစ်မည်ဆိုပါက မတော်တဆမှု၊ ထိခိုက်မှု မရှိကြဘဲ မိမိ၏ခရီးစဉ်၊ မိမိ၏လုပ်ငန်းခွင်၌ အဆင်ပြေ ချောမွေ့ကြလိမ့်မည်ဟု ယုံကြည်မိပါတော့သည်။

**"ကားလမ်းကူး ခုံးကျော်၌ ရထားနှင့်ကား တိုက်ခိုက်မိသည့် မတော်တဆမှု မဖြစ်ပွားစေရန် ရည်ရွယ်လျက်"**

**ရထားဝန်ထမ်းတစ်ဦး**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၁)

ဘဝ၏ငယ်နုစဉ် အစိတ်အပိုင်းအတော်များများကို နိုင်ငံဝန်ထမ်းဘဝဖြင့် ဖြတ်သန်းခဲ့ရဖူးပါ၏။ နှစ်ပေါင်းနှစ်ဆယ်ကျော် အစိတ်နီးပါး နိစ္စရူဝကြုံဆုံတွေ့မြင်၊ ရင်ဆိုင်ခဲ့ရသည့် ဘဝအတွေ့အကြုံများသည် အကြောင်းတိုက်ဆိုင်တိုင်း ပစ္စုပန်ကာလ ဘဝနယ်ပယ်အတွင်းသို့ မကြာခဏ လွှမ်းမိုးဝင်ရောက်လာလေ့ ရှိတတ်ပါ၏။ အထူးသဖြင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးအထူးထူးကို မြတ်မြတ်နိုးနိုး သိမှတ်ယုံကြည်ကာ အလေးအနက်ထား၍ ဆောက်တည်ကျင့်သုံးစပြုနေပြီဖြစ်သော ဘဝအကူးအပြောင်းကာလတွင် ငယ်နုစဉ်က ကြုံဆုံတွေ့မြင်ခဲ့ရသော ဖြစ်ရပ်ဖြစ်စဉ်များသည် အမှတ်ထင်ထင်၊ မိမိအား ဆုံးမသွန်သင်ပဲ့ပြင်ခဲ့သော၊ ရတနာသုံးပါးဆီသို့ ဦးတည်တွန်းပို့ခဲ့သော အကြောင်းတရားများပါတကားဟု တုံးတုံးချ ဘဝင်ကျ ချင်လာမိပါသည်။

သို့ပါ၍ လူတိုင်းသိခွင့်၊ ကြားခွင့်၊ ကြုံဆုံခွင့်နည်းပါးကာ သိချင်၊ ကြားချင်၊ စူးစမ်းချင်တတ်ကြသော ထိုနိုင်ငံဝန်ထမ်း ဘဝ၏ ထူးခြားဖြစ်စဉ်များ၊ အတွေ့အကြုံ အမြင်များကို စပ်မိစပ်ရာ စကားဝိုင်းအချို့၌



www.burmeseclassic.com

www.burmeseclassic.com



လက်ဆုံကျ ဖောက်သည်ချခဲ့ဖူးပါသည်။ လက်တို့ကာ အသိပေးခဲ့သည်များလည်းရှိပါသည်။ ငယ်ရွယ်ပျိုမျစ်သူများသို့လည်း ကိုယ်တွေ့ပုံပြင်များအဖြစ် တိုးတိုးဖြန့်ဝေခဲ့သည်များလည်း ရှိပါသည်။

ယခုမူ အကျိုးတစ်စုံတစ်ရာရှိစေနိုင်တန်ရာသော ထိုထိုဘဝအတွေ့အကြုံ၊ ဘဝအမောလေးတစ်ခုကို စာဖတ်သူလက်သို့ ဖြန့်ဝေလိုပါသည်။ တိုးတိုးသာကြည် ပြောပြချင်နေမိပါသည်။

(၂)

သူ့အမည်မှာ အောင်ဖေမြင့်။

အများသိကြသည်က 'ဘုရားကလေး'။ ကုန်းဘောင်ဆက် အနွယ်တော် မဟာဆီ မဟာသွေးမို့ 'ဘုရားကလေး' ဟု ဘွဲ့ထူးခံသည်ထင်လျှင် တကဲတက်စင်မှားကြပေတော့မည်။ တကယ်တမ်းက မြန်မာပြည် အထက်အောက် အညာအကြေ စုံဆန်သွားလာကာ နိုင်ငံခြားဈေးကွက်ဝင် ရှေးဟောင်းဘုရား ရုပ်ပွားတော်အဆူဆူကို အရွယ်အစား အကြီးအသေး အစုံအလင်၊ ဈေးနှုန်းတန်ဖိုး အမျိုးမျိုး၊

"ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ ကောင်းတာလုပ်ကြ၊ မကောင်းတာမလုပ်နဲ့"


လက်အောက် တပည့်တပန်းသောင်းခြောက်ထောင်ဖြင့် နည်းအသွယ်သွယ်သုံးကာ ခိုးထုတ်ရောင်းဝယ်ရာမှ မသူတော်ဂေါကတွင် မိုက်ဂုဏ်ခံထားသည့် အမည်သာ။

အဆိုပါ ဘုရားကလေးဘွဲ့ခံ အောင်ဖေမြင့်ကို ၁၉၇၉ ခုနှစ်၊ ဧပြီလက ဘယ်လင်းကျောက်ထုတ်အလုပ်စခန်း၌ အကျဉ်းသားဘဝဖြင့် တွေ့ကြုံဆက်ဆံခဲ့ရပါသည်။ သူက လူဆိုးစာရင်းဝင်အကျဉ်းသား။ မိမိက အကျဉ်းဦးစီးဌာန၊ တပ်ဖွဲ့ဝင်တပ်သားတစ်ဦးအဖြစ် နီးနီးကပ်ကပ်ဆက်ဆံခဲ့ရပါ၏။ သို့ရာတွင် အောင်ဖေမြင့်ကို မိမိတာဝန်ကျရာထောင်ကျအိပ်ဆောင်သို့ လက်ခံချိန်မှ ၎င်းအား ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရချိန်အထိ စကားတစ်ခွန်းမျှ ခွန်းတုံ့ခွန်းလှယ် မပြောခဲ့ရဖူးပါ။ ပြောခွင့်မရခဲ့သကဲ့သို့ အောင်ဖေမြင့် ကိုယ်တိုင်သည်ပင်လည်း မိမိကို ဂရုတစိုက်စကားမပြန်နိုင်အားရှာပါ။ သူ့ဘဝ၊ သူ့ဝဋ်ကြွေးကို အချိန်နှင့်အမျှ ကုစားပေးဆပ်ရင်း တစ်ခွန်းတည်းသော စကားကိုသာ နေ့မှည၊ ညမှနေ့ အသံဝင်သည်အထိ တစာစာ အော်ဟစ်မြည်ကြွေးနေရှာပါ

www.burmeseclassic.com

www.burmeseclassic.com





သည်။ ထောင်ပိုင်၊ ထောင်မှူး၊ ရဲဘော်၊ မည်သူမှန်း သူမသိပါ။ တန်းစီး၊ ဘုတ်ကိုင် စည်းကမ်းထိန်း၊ ဘာယာစသည့် အကျဉ်းသား၊ ဝန်ထမ်းများကိုလည်း သူမမြင်တော့ပါ။ ဂရုလည်းမစိုက်အားတော့ပါ။ စားချိန်၊ အိပ်ချိန်မှအပ တစ်ခါတရံ စားချိန်အိပ်ချိန်ပင် မရှိတော့လောက်အောင် သူအော်ဟစ်နေသည့် တစ်ခွန်းတည်းသော စကားကိုပင်၊ အားယူ၍ ကြိမ်ဖန်များစွာ ထပ်ခါထပ်ခါအော်ဟစ်နေရှာပါသည်။ တား၍မရ၊ ဆီး၍မနိုင်၊ ခြောက်၍မထူး၊ လှန့်၍မဖြုံ၊ သူ့အာရုံ သူ့အသိသည် သူအော်ဟစ်နေသော စကားစု၌သာ ဇောစိတ်ကျုလျက် တည်နေပါတော့သည်။ ထပ်ကာ ထပ်ကာ။ နေ့ပြီးည၊ ညပြီးနေ့၊ ရက်မှလတိုင် သူအော်ဟစ်နေခဲ့သော စကားတစ်ခွန်းကို နားဆင်ကြည့်ကြပါဘိ။

"ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။

မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။

ကောင်းတာလုပ်ကြ၊ မကောင်းတာမလုပ်နဲ့"

ဟုတ်ကဲ့၊ အမြင်မတော်၊ ဆင်တော်နဲ့ခလောက်ဟု ဆိုရမည်လား။ ဆံပင်နွယ်ခွေများ ဗရပွ ညစ်ထွေးရှုတ်ပွကာ မျက်လုံးပြူးပြူးနီနီကြီးနှင့် အသားအရေမည်းနက် ကြုံလှီနေသော လူတစ်ဦး။ အသက်ခန္ဓာယဲ့ယဲ့သာရှိတော့ပြီး ထိုခန္ဓာကို ထမ်းထားရသည့် ကြုံလှီသေးငယ်သော ခြေထောက်နှစ်ဖက်တွင် သံခြေကျင်းကြီးက တိုးလို့တွဲလောင်း။ ခန္ဓာကိုယ်နှင့် မလိုက်ဖက်လောက်အောင် ပွယောင်းနေကာ မူလပင်ကိုယ် အဖြူရောင်ပင် မရှိတော့သလောက် ညစ်ပေနေသည့် အဝတ်အစားများ။ ဒုစရိုက်လောကတွင် ဘုရင်မဟုတ်။ 'ဘုရားကလေး' ဟုပင် မတန်မရာ၊ ဝံ့ဝံ့စားစား ဘွဲ့ခံထားသူ ဘုရားခိုးဂိုဏ်းခေါင်းဆောင်၊ လူမိုက်ရာဇာကြီးဆိုခဲ့သည့် အဆိုပါ လူတစ်ဦး၏ပါးစပ်က ထိုမျှအဖိုးတန်လှ၊ မွန်မြတ်လှသော၊ လိုက်နာကျင့်သုံးဘွယ်၊ ကြည်ညိုပူဇော်ဘွယ်၊ ချီးမြှင့်ဘွယ်ကောင်းလှသောစကားစုကို အသံနက်ကြီးဖြင့် ထပ်ကာထပ်ကာ အော်ဟစ်နေသည်ဆိုပါက မြင်ရသူ၊ ကြားရသူ အပေါင်းက မည်သို့နားလည်စာနာလက်ခံရပါမည်နည်း။ မည်သို့ရှိစေ၊ ထိုစဉ်ကာလက ဘယ်လင်း ကျောက်ထုတ်စခန်းတွင် တာဝန်ထမ်းရွက်ခဲ့ကြဖူးသော အရာရှိ၊ ဝန်ထမ်းတိုင်း၊ ပြစ်ဒဏ်ကျခံခဲ့ရဖူးသော အကျဉ်းသား (ရဲဘက်ကြီး) တိုင်း အောင်ဖေမြင့်၏ ဤအော်သံကြီးကို နေ့နေ့ ညည မရပ်မနား၊ နားသောတဆင်ခဲ့ကြရသည်ကတော့ အမှန်ဖြစ်ခဲ့ဖူးပါသည်။

ထိုစဉ်ကာလက စခန်းတွင် ရှိခဲ့ဖူးသူများ မှတ်မိကြပါလိမ့်မည်။ မေ့လည်းမေ့လောက်

www.burmeseclassic.com

www.burmeseclassic.com



စကောင်းသည့် ဖြစ်ရပ်များ မဟုတ်၍လည်း မလွဲမသွေ မှတ်မိကြပါဦးမည်။ ဘုရားကလေး (ခေါ်) အောင်ဖေမြင့်၊ လူသားစားသည့် ဦးလာဘနှင့် လက်ဇော့ကျော် မြွေပွေးသိန်းမောင်ဆိုသည့် အမည်ပညတ်တို့ကို ကြားမိရုံမျှနှင့် အတိတ်ဖြစ်စဉ်ဖြစ်ရပ်တို့သည် မနေ့တစ်နေ့ကလိုပင် မျက်စိထဲ ရစ်ဝဲလာကြပါလိမ့်ဦးမည်။

ထိုခေတ်ထိုအခါက ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့သည့် လူသားစားသော ဦးလာဘ ကိုယ်တော်ကြီးအား လူသတ်မှုဖြင့် ပြစ်ဒဏ်ချ၍ အလုပ်စခန်းထုတ်လာသည့်တိုင် လူတိုင်း အကျဉ်းသားတိုင်းက အော်ဂလီဆန် ကြောက်ရွံ့မုန်းတီးကြ၍ ပြစ်ဒဏ်တိုက်ခန်းအတွင်းတွင်ပင် ထားရှိကာ မန္တလေးဗဟိုအကျဉ်းထောင်သို့ ပြန်လည်အပ်နှံပို့ပေးရသည့် ဖြစ်စဉ်နှင့် မအိပ်နိုင်၊ မစားနိုင်၊ သူ့ဘာဝဒသဿန တရားဖတ်စာကိုသာ တစာစာအော်ကာ ဘဝဝဋ်ကြွေးခံနေရသည့် ဘုရားကလေးအား မန္တလေး ဗဟိုအကျဉ်းထောင်မှ တစ်ဆင့် စိတ်ရောဂါအထူးကု ဆေးရုံကြီးသို့ လွှဲပြောင်းပေးအပ်ရသည့်အဖြစ်တို့မှာ အလုပ်စခန်းတွင် အချိန်ကြာကြာကြီး ဂယက်



ရိုက်လှုပ်ခတ်ခဲ့သေးသည် မဟုတ်ပါလား။

(၃)

**သူ့အမည်က အောင်ဖေမြင့်…**

ဘုရားကလေး လောင်းလျာ အောင်ဖေမြင့်ကို မန္တလေးမြို့၏ ကျောက်မျက်ရတနာလောက လူကုံထံ အသိုင်းအဝိုင်းထဲမှ ပေါက်ဖွားလာခဲ့ခြင်းပါ။ မန္တလေးမြို့နှင့် မိုးကုတ်မြို့ လူကုံထံ အသိုင်းအဝိုင်းတွင် လက်ချိုးရေတွက်ကြည့်ပါက ဆယ်ဂဏန်းပင်မရှိသည့် ဆွေကြီးမျိုးကြီး ရေခံမြေခံ၌ သူ့ဘဝအကျိုးပေးက ဖြစ်တည်ခွင့်ရစေခဲ့ပါ၏။ ရုပ်ရည်ဥပမိကလည်း ဖြူဖြူသန့်သန့်ခန့်ခန့် ထည်ထည် လူရည်သန့် စာရင်းဝင်ပါ။ မန္တလေးတက္ကသိုလ် ကျောင်းသားဘဝတွင်လည်း စာပေ၊ အားကစားနှင့် အနုပညာ ထူးချွန်၍ ငွေကိုထင်သလို သုံးဖြုန်းနိုင်၊ ကိုယ်ပိုင်ကားဖြင့် ကျောင်းတက်နိုင်သော အောင်ဖေမြင့်သည် ကြယ်စင်တစ်ပွင့်နှယ် လင်းလက်ခဲ့ဖူးပါသည်။ တက္ကသိုလ် ဂုဏ်ဆောင်တစ်ဦး အဖြစ်လည်း လျှမ်းလျှမ်းတောက်ခဲ့ပါသည်။

ရှင်ဘုရင်ပုဆိုး ပိုးချည်း၊

www.burmeseclassic.com

www.burmeseclassic.com



နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ဟုပင် ဆိုရမည်လား။ တက္ကသိုလ်ကျောင်းအပြီးတွင် အောင်ဖေမြင့်ကို ဂုဏ်ရည်တူ အမျိုးကောင်းသမီးတစ်ယောက်နှင့် နေရာချထားပေးခဲ့ရာ ထိုစဉ်က မင်္ဂလာပွဲသည် မန္တလေးမြို့တစ်ခွင် ခြိမ့်ခြိမ့်သဲ၊ ပွဲတော်ကြီးတမျှ စည်ကားလှပါဘိသတဲ့။ ထုံးစံအတိုင်း အောင်ဖေမြင့်ဘဝက ညက်ညက်ညောညော။ သားကလေးတစ်ဦး၊ သမီးကလေးတစ်ဦးပင် ပွားစီးခဲ့သည်။ မပူမပန် မကြောင့်မကြ။ သူတို့၏ ရွှေဘုံစံ ဘဝကလေးကို မြင်သူတိုင်း နှစ်လို အားကျစမြဲ။

သည်မှာပင် လောဘမုန်တိုင်းက အောင်ဖေမြင့်ဘဝကို လေပြေကလေးနှယ် အစပျိုးကာ တဖြည်းဖြည်း တိုးဝင်လာခဲ့သည်။ သူ့ကိုယ်သူပင် သတိမထားလိုက်မိ။ သူ့နယ်ပယ်သူ့အသိုင်းအဝိုင်းက ''ဘုရားကလေး'' ဟုဘွဲ့ထူးကြီးချိန်တွင် သူ့ကိုယ်သူ တစ်ကြိမ် ထိတ်လန့်တကြား ပြန်မြင်မိဖူးခဲ့သည်တဲ့။ သို့တစေ ခရီးကကျုံခဲ့ပြီ၊ နုတ်မရ၊ ပြင်မရ။ အသိခေါက်ခက် အဝင်နက်၍ မျက်စိမှိတ်ကာသာ ရှေ့ဆက်ခဲ့သည်။ အပယ်ရထား၏ လားရာကိုကား သူမသိ။

တစ်စတစ်စဖြင့် ပြည်တွင်းသာမက ပြည်ပသို့တိုင် မြန်မာ့ရှေးဟောင်းပစ္စည်းများနှင့် ပတ်သက်၍ အောင်ဖေမြင့်၏ အမည်သတင်းမွှေးလာသည်။

(၄)

ဝါသနာဆိုသည်က အခက်သား။ ဘဝဘဝက အထုံပါရမီကြောင့် ကိုယ်တိုင် မပြဌာန်းနိုင်မိမှာပင် အရိပ်တစ်ခုနှယ် ကိုယ့်ကို တွယ်နှောင်မိလေသော အမူအကျင့်၊ မလေ့စရိုက်ဟု ဆိုရလေမည်သာ။ ကောင်းသည်လည်းရှိ၊ ဆိုးသည်လည်းပါ။ အောင်ဖေမြင့်၏ ဝါသနာက ရှေးဟောင်းပစ္စည်းကလေးတွေ၊ ခေတ်ဟောင်းက အမွေခံဟုဆိုရာသည့် အရာဝတ္ထုကလေးတွေကို ထူးထူးလည်လည် နှစ်နှစ်ခြိုက်ခြိုက် မြတ်နိုးသည်။ ငယ်စဉ်ကလေးဘဝကပင် မြေဆေးတံဟောင်းကလေးများ၊ မြေအိုးမြေခွက်၊ စဥ့်အိုးစဥ့်ထည်ကလေးများကို တယုတယ ပိုက်ပိုက်ပွေ့ပွေ့ ကစားနေတတ်သည်။ ဝက်လက်နယ် ဟန်လင်းမြို့ဟောင်းနှင့် ကျောက်ဆည်၊ မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝနယ်တစ်ရိုးက ရှေးဟောင်း မြေထည်လက်ရာများကို အထက်တန်းကျောင်းသား ဘဝမှာပင် တခုတ်တရ စုမိဆောင်းမိ ရှိလာခဲ့သည်။ ရတနာစိန်ကျောက်ကို စတ်

www.burmeseclassic.com

www.burmeseclassic.com



တောက်တမ်း ကစားနိုင်သော သူ့ဝန်းကျင်၌ ရှေးဟောင်း ငွေဒင်္ဂါးတွေ၊ မြေထည်စဉ့်ထည်၊ ကြေးအိုးကြေးခွက်တွေဖြင့် အလုပ်ရှုပ်ကာ အာရုံကျနေတတ်သော သူ့မှာ အခြား ကမ္ဘာက ဂြိုဟ်သားတစ်ဦးနှယ်။ အသက်အရွယ်ရသည့်တိုင် ကလေးစိတ်မစင်သေး၍ အရုပ်ကလေးများဖြင့် ကစားနေသူဟုပင် ပြက်ရယ်ပြုကြ၊ ရယ်ပွဲဖွဲ့ကြသည်။ ရှိပါစေလေ။ လူတစ်ကိုယ် မှုတစ်မျိုး မဟုတ်ပေတကား။

မန္တလေးတက္ကသိုလ် တက်ခွင့်ရတော့ ဆရာကြီးဒေါက်တာသန်းထွန်း (သမိုင်းပါမောက္ခ) တို့၊ ဆရာကြီးဦးဆန်းထွန်း (မြန်မာစာကထိက) တို့ ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)တို့ အတန်းတွေလိုက်တက်ရင်းရှေးဟောင်း သုတေသနပညာနှင့် ရှေးဟောင်း ပစ္စည်းများ အစုအဆောင်းကိစ္စတွေမှာ ပိုမိုဝါသနာရင့်သန်ကြီးထွားလာခဲ့သည်။ သည်သို့ဖြင့် ရှေးဟောင်းဒင်္ဂါး အရောင်းအဝယ်နှင့် ရှေးဟောင်းပစ္စည်းများ အရောင်းအဝယ်လောကသို့ မရည်ရွယ်ဘဲ အမှတ်မထင်ဝင်လာမိခဲ့သည်။ အစရှိ အနှောင်နှောင်၊ တစ်စတစ်စဖြင့် ပြည်တွင်းသာမက ပြည်ပသို့တိုင် မြန်မာ့

> လမ်းကြောင်းအသီးသီးမှ ပြည်ပနိုင်ငံ အစုံစုံတို့သို့ ဘုရားဆင်းတုတော်မြတ်များအပါအဝင် ရှေးဟောင်း အဖိုးတန်ပစ္စည်း မှန်သမျှကို ခိုးယူရောင်းချခဲ့သည်

ရှေးဟောင်း ပစ္စည်းများနှင့် ပတ်သက်၍ အောင်ဖေမြင့်၏ အမည်သတင်းမွှေးလာသည်။ အဦးအစက ပြည်တွင်းဝယ် ပြည်ပသို့ရောင်း။ တစ်ပိုင်တစ်နိုင် လုပ်ငန်းလေးတစ်ခုအဖြစ်အသက်ဝင်လာခဲ့သော်ငြား ပြည်ပငွေရှင်ကြီးများ၏ ငွေလိမ္မာယ်ပြကွက်တွင် အောင်ဖေမြင့်၏ လုပ်ငန်းသည် ဂိုဏ်းတစ်ခုသဖွယ် အလျင်အမြန် ကြီး ထွားလာခဲ့ပြီ။ ငွေရင်းငွေနှီး ကြီးမားစွာ မြှုပ်နှံလည်ပတ်နိုင်ခြင်း၊ လုပ်ငန်းကို စေ့စေ့ငုငု ကျွမ်းဝင်နှံ့စပ်ခြင်း၊ မျက်နှာကြီးငယ် စိမ်းကျက်မရွေး ဆက်ဆံရာတွင် ရဲဝံ့ပြတ်သားခြင်း၊ လက်ရဲဇက်ရဲ နိုင်ခြင်း၊ အပေးအကမ်း ရက် ရောလွန်းခြင်း၊ အနေအထိုင် သိပ်သည်းသော်လည်း ဒုစရိုက်နယ်ပယ်တွင် လက်တံရှည်လွန်းခြင်း၊ အနှိပ်အကွပ်ရဲတင်းလွန်းခြင်း စသည့် ဂုဏ်ပုဒ်များစွာက သူ့အရင် မင်းမူခဲ့ကြသော လုပ်ငန်းနယ်ပယ်တူ ဒုစရိုက်ဝိဇ္ဇာများကို သူ့လက်အောက်သို့ ခဝင်ခိုလှုံလာစေကာ 'ဘုရားကလေး' ဆိုသော မတန်မရာ အမည်သညာကို ရရှိလာစေခဲ့သည်။ (အလားတူပင်အထက်မြန်မာပြည်တခွင် 'ဘုရားကြီး' [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖိန့်ဖိန့်တုန်ခဲ့ရသောမြအောင် အကြောင်း အပယ်ရထား ခေါင်းစဉ်ဖြင့် တင်ပြပါဦးမည်)

သူနောက်ဆုံး အသက် မွေးဝမ်းကျောင်းပြုရာ ပင်မ ဒုစရိုက်လုပ်ငန်းကား မြန်မာပြည် အထက်၊ အောက် အစုန်အဆန်မှ ရှေးဟောင်း ရုပ်ပွားတော်မြတ်များ အား ခိုးယူကာ ပြည်ပသို့ တရား မဝင် တင်ပို့ရောင်းဝယ်ခြင်း ဖြစ်လာ၏။ လွယ်လွယ် ဘုရား ခိုးဂိုဏ်းဟုသာ ဆိုကြပါစို့။

အောင်ဖေမြင့်နှင့် တပည့် တပန်းများ၏ အမိကစားကျက် နယ်ပယ်ကား ကြီးကျယ်လှ ဘိသည်။ ဗုဒ္ဓဘာသာမြန်မာလူ မျိုးများ မဆိုထားနှင့် ယုံကြည် ကိုးကွယ်ရာ ဘာသာမတူသော မျိုးနွယ်ခြားများပင်လျှင် မကြံ အပ်မှစည်ရာအဖြစ် စိတ်ကူးထည့် ရန်ပင် မဝံ့လေသော အလုပ်မို့ သူ့အဖို့ လုပ်ရကိုင်ရသည်မှာ လွယ်ကူလှသည်။ မြိုးမြိုးမြက်မြက် ရှိလှသည်။ မြန်မာ့ဝိညာဉ်၊ မြန်မာ့အသဲနှလုံးတည်ရာ ပုဂံ ရှေးဟောင်းဒေသ၊ အမရပူရ၊ အင်းဝ၊ ပင်းယ၊ စစ်ကိုင်း၊ မြင်းစိုင်း၊ တကောင်း၊ ဟန်လင်း စသည့် နယ်မြေအဝန်းအဝိုင်းကို စနစ်တကျ အကွက်ချကာ လုံခြုံ



BURMESE CLASSIC

ရေး စည်းကမ်းလျော့နည်းလေ သမျှ အပွကြံခဲ့ကြသည်မှာ ရုပ်ပွားဆင်းတုတော်အဆူဆူ၊ အမြောက်အများ။ ဒေသခံရွာနေ ပြည်ထိုင် သူခိုးဓားပြလူဗာလ တို့နှင့်အလွမ်းသင့်အောင်ပေါင်း၍ ကဲ့ထုတ်ကာ လမ်းကြောင်းအသီး သီးမှ ပြည်ပနိုင်ငံ အစုံစုံတို့သို့ ဘုရားဆင်းတုတော်မြတ်များ အပါအဝင် ရှေးဟောင်း အဖိုးတန် ပစ္စည်းမှန်သမျှကို ခိုးယူရောင်းချခဲ့ သည်မှာလည်း အနန္တ။ စနစ် တကျစီမံချက်များ ရေးဆွဲချမှတ် ကာ ထိုခေတ်ပါတီ၊ ကောင်စီနှင့် ပြည်သူ့ရဲတို့ ပူးပေါင်း၍ နှိမ်နင်း ခဲ့သည့်တိုင် (၁၉၇၀) ဝန်းကျင် က 'ဘုရားကလေး၏ဂိုဏ်း' ကို ပြိုကွဲအောင် မစွမ်းသာခဲ့။ ကျား ကြီးတော့ ခြေရာကြီး၊ သူခိုးကြီး တော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်ဆိုဘိသကဲ့သို့ မြန်မာနယ် စပ်တစ်လျှောက်ရှိနေသော အရှေ့ မြောက်၊ အရှေ့တောင်တစ်ကြော က သောင်းကျန်းသူအဖွဲ့အစည်း အသီးသီးနှင့်လည်း ပုလင်းတူ ဘူးစို့၊ ပလဲနံပသင့်ကာ သူ့လုပ် ငန်းများ ပို၍ပို၍ အရာကျယ်ခဲ့ ပါ၏။ ဘုရားရှင်၏ ရုပ်ထု ရုပ်ပွား တော်မြတ်များမှာလည်း ခေါင်း တော်ပြတ်၊ ကိုယ်တော်ပြတ်၊

www.burmeseclassic.com

www.burmeseclassic.com



လက်တော် မစုံ၊ ခြေတော် မစုံ မတင့်မတယ် မဖွယ်မရာသော မုဒြာများဖြင့် စိတ်မချမ်းမြေ့ဖွယ် နိုင်ငံတော်အပသို့ ဒေသစာရီ ကြွခဲ့ကြရပါ၏။ အာဏာပိုင် အဖွဲ့အစည်းများ၏ ဖိဖိစီးစီး နှိပ်ကွပ်အရေးယူခဲ့မှုကြောင့် **ဘုရားခိုးဂိုဏ်းများ** တစ်ခုပြီး တစ်ခု ပြိုကွဲကာ မသမာသူများ ထောင်နန်းစံခဲ့ကြရသော်လည်း ဘုရားကလေး အောင်ဖေမြင့်အား အဖျားမခတ်ခဲ့။ သူ၏ ပိရိသောအကြံဉာဏ်၊ ကလီကမာများလှသော ပရိယာယ်၊ ကြမ်းကြုတ်လှသော ဆုံးမနှိပ်ကွပ်မှုများ၊ ရက်ရောလှသော အထောက်အပံ့ အပေးအကမ်းများ၏ အကာအကွယ်ဖြင့် ဘုရားကလေး ပန်းပန်နိုင်ခဲ့ပါ၏။ လူလူချင်းအတူတူ သူ့ကိုယှဉ်နိုင်သူမရှိဟုပင် သွေးနထင်ရောက်ခဲ့ပါ၏။ မကောင်းမှုအကုသိုလ် ဒုစရိုက်စသည့် ဝေါဟာရများသည် အောင်ဖေမြင့်အတွက် ကြွယ်ဝပြည့်စုံဖို့နှင့် လုံခြုံဖို့အတွက် လက်နက်များပေတကား။



(၅)

သို့ရာတွင် ဘုရားကလေး၏ ချမ်းမြေ့လုံခြုံသောဘဝသည် ကာလကြာရှည်မခံခဲ့ပါ။ တရားကိုစောင့်သောသူအား တရားကပြန်လည်စောင့်ရှောက်သကဲ့သို့ တရားမစောင့်သူအားလည်း တရားက ဘဝမခြားစေဘဲ ဒဏ်ခတ်ဆုံးမခဲ့ပါသည်။ အောင်ဖေမြင့် (ခ) ဘုရားကလေး အတွက်သူစိုက်ခဲ့သော သစ်သီးကိုသူကိုယ်တိုင်ခူးဆွတ်ရိတ်သိမ်းချိန် ရောက်ခဲ့ပါပြီ။

တစ်ည.... ဘုရားကလေး အောင်ဖေမြင့်အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် သူ့ဘဝ၊ သူ့တစ်သက် ဒုစရိုက်သက်တမ်းအတွင်း နည်းအဖုံဖုံဖြင့်ခိုးခဲ့၊ လုခဲ့၊ ဓားပြတိုက်ခဲ့၍ ရောင်းဝယ်ဖောက်ကားကာ နိုင်ငံအပသို့ ခိုးထုတ်ခဲ့သော ဘုရားရှင်ရုပ်ပွားတော်အဆူဆူတို့သည် တင့်တယ်သပ္ပာယ်ကြည်ညိုဖွယ်သော သဏ္ဌာန်တော်ဖြင့် ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက်တစ်ဆူပြီးတစ်ဆူ ဖူးတွေ့ရ၏။ ရုပ်ရှင်အနေးပြကွက်တစ်ခုသဖွယ် ရုပ်ပွားတော်များကို ပီပီသသ ထင်ထင်ရှားရှားတစ်ဆူပြီး တစ်ဆူဖူးမဆုံးအောင် ဖူးနေရတော့သည်။ ထို့နောက် သူ့အသံ၊ ဘုရားကလေး အောင်ဖေမြင့်၏ အသံစစ်စစ်ဖြင့်လည်း "ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ ကောင်းတာကို လုပ်ကြ၊ မကောင်းတာမလုပ်နဲ့” ဟူသော အသံကို တိုးရာမှ ကျယ်၊ ကျယ်ရာမှ တိုး၊ နီးရာက ဝေး၊ ဝေးရာကနီး ပါးစပ်က အဆက်မပြတ် မရပ်တော့၊ မနားတော့။ အဆုံးမရှိသော ပွဲတင်သံကြီးပမာ လျှပ်ခတ်မြည်ဟီးနေတော့သည်။ ‘ဘုရားကလေး’ အိပ်ရာမှ လန့်နိုးလာခဲ့ပါ၏။ သို့ရာတွင် အိပ်မက်ထဲတွင် ဖူးခဲ့ရသော ဘုရားရှင် ရုပ်ပွားတော် အဆူဆူသည် ပကတိမျက်စိ၊ ပကတိအသိ၌လည်းကောင်း၊ အိပ်မက်ထဲတွင် ကြားခဲ့ရသော သူ့အသံသည် ပကတိသူ့နား၊ သူ့အာရုံတွင်လည်းကောင်း ရှင်းရှင်းကြီး မြင်နေ၊ ကြားနေရတော့၏။ ပို၍ထူးဆန်းသည်မှာ သူ့အသံအတိုင်း၊ သူကိုယ်တိုင် သူ့နှုတ်က တိုးတိုးရေရွတ်နေသည်မှာ ရပ်၍မရတော့။ ဘုရားရုပ်ပွားတော်များကို မျက်စိဖွင့်ထားလည်း မြင်နေ၊ ဖူးနေရ၏။ နားက ကြားနေရသော အသံမှာမူ ရပ်သည်မရှိတော့။ သူ့မှာ ပင်ကိုယ်အသိ၊ ပင်ကိုသတိ၊ ပင်ကိုဉာဏ်မရှိတော့ပါ။ သူ့အာရုံ အားလုံးကို

သူ့မှာ ပင်ကို အသိ၊ ပင်ကိုသတိ၊ ပင်ကိုဉာဏ် မရှိတော့ပါ။ သူ့အာရုံ အားလုံးကို သူနည်း အမျိုးမျိုး ခိုးဝှက်လုယက် ကာရောင်းဝယ်ခဲ့သော ဘုရားရှင်၏ ရုပ်ပွားတော် မြတ်များကသာ လွှမ်းမိုး ထားခဲ့လေပြီ။

BURMESE CLASSIC .com

သူနည်းအမျိုးမျိုး ခိုးဝှက်လုယက်ကာရောင်းဝယ်ခဲ့သော ဘုရားရှင်၏ ရုပ်ပွားတော်မြတ်များကသာ လွှမ်းမိုးထားခဲ့လေပြီ။

သူ၏မိသားစု၊ မိတ်ဆွေ၊ အသိုက်အဝန်းတစ်ခုလုံး တုန်လှုပ်သွားကြသည်။ ခြောက်ခြားသွားကြသည်။ စားမဝင် အိပ်မပျော်၊ စားဖို့မသိ၊ သောက်ဖို့ မသိ။ ပင်ကို အသိပျောက်ကာ ပါးစပ်မှ “ကောင်းတာလုပ်ရင် ကောင်းတာ ဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ ကောင်းတာလုပ်ကြ၊ မကောင်းတာမလုပ်နဲ့” ဟုသာ တတွတ်တွတ်ရေရွတ်နေသော သူ့ကိုစိတ်ရောဂါကု ဆရာဝန်အမျိုးမျိုးနှင့် ပြသကုသကြပါ၏။ လောကီအစီအရင်နည်း အစုံအလင်ဖြင့် စီရင်ပြုစုကြပါ၏။ မရပြီ။ ကြံရာမရသည့်အဆုံး မိသားစုကိုးကွယ်ရာ ဆရာတော်ဘုရားထံ ချုပ်နှောင်ထိန်းသိမ်း၍ ကြည်ညိုပူဇော်စေ၏။ ဆရာတော်အား ဖြစ်ကြောင်းကုန်စင်လျှောက်ထားကာ ဘုရားကလေး (ခေါ်) အောင်ဖေမြင့်အား ကယ်မပါမည့်အကြောင်း လျှောက်ထားတောင်းပန်ကြ၏။ ဆရာတော်ဘုရားက ခပ်မဆိတ်နေတော်မူကာ ‘အဋ္ဌာနမေဒ

www.burmeseclassic.com

www.burmeseclassic.com



ဂါထာတော်မြတ်ကိုသာ စာရွက်ဖြူ၌ ရေးစေလျက် သူ၏လည်တွင်ဆွဲထားသော ရွှေကြုပ်၌ထည့်ပေးကာဆွဲ၍ ပူဇော်စေ၏။ ခေတ္တမျှငြိမ်သက်သလိုရှိကာ အောင်ဖေမြင့်သည် ကျောင်းဝင်းအတွင်းမှ တစ်ခုသောအရပ်သို့ စူးစူးစိုက်စိုက်ဦးတည်ပြေးပြီး ထွက်ခွာသွားတော့၏။ အဘယ်အရပ်ဟု ထင်ပါသနည်း။ မန္တလေးမြို့ အမှတ် (...) ရဲတပ်ဖွဲ့စခန်းတည်း။ အသိသတိကင်းမဲ့နေသူ၏ ခန္ဓာကိုယ်ဖြင့် စခန်းမှူးရှေ့ စားပွဲတွင်ထိုင်ကာ သူ့ဘဝတစ်လျှောက် သူ့ဒုစရိုက်များ အားလုံးကို ခရားရေလွှတ်တတွတ်တွတ်ရွတ်ဆိုဝန်ခံ၍ အကုသိုလ်အညစ်အကြေးကို စတင်ဆေးကြောခဲ့တော့၏။ ထိုသို့ အပြစ်ဝန်ခံစကားဆုံးသည့် အချိန်မှစတင်၍ သူ့နှုတ်ဖျားမှ အခြားစကားကို မကြားရတော့။ ရဲအချုပ်မှ ထောင်၊ ထောင်မှ အလုပ်စခန်း၊ အလုပ်စခန်းမှ ထောင်၊ ထောင်မှ စိတ်ရောဂါဆေးရုံကြီး၊ နောက်ဆုံးသူကွယ်လွန်ချိန်အထိ အဆက်မပြတ် တိုးတိုးကျယ်ကျယ် နည်းအသွယ်သွယ်ဖြင့် သူ့နှုတ်က ရွတ်ဆိုခဲ့သည်ကား အောက်ပါ စကားစု တစ်စုတည်းသာလျှင်တည်း။

**"ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်၊ ကောင်းတာကို လုပ်ကြ၊ မကောင်းတာမလုပ်နဲ့"**

**(၆)**

ကြာတော့ကြာခဲ့ပါပြီ။ နှစ်နှစ်ဆယ်ကျော် ကာလကို ဖြတ်သန်းလာခဲ့သော အဆိုပါဖြစ်ရပ်ကလေးမှာ ပုံပြင်လည်းမဟုတ်။ ဒဏ္ဍာရီလည်းမမည်။ ပကတိဖြစ်ရပ်အမှန်ကလေးသာပင်။ မိမိမျက်မှောက်၌ ကြုံဆုံတွေ့မြင်ခဲ့ရသော အကျဉ်းထောင်ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်ပါ၏။ (၁၉၇၉) ခုနှစ်ခန့်က ဘယ်လင်း ကျောက်ထုတ်အလုပ်စခန်းတွင် တာဝန်ထမ်းခဲ့ဖူးသော အရာရှိ၊ ဝန်ထမ်းတိုင်း ပြစ်မှုကြွေးကို ချွေးဖြင့်ပေးဆပ်ခဲ့ကြရသော အကျဉ်းသားတိုင်း နံနက်၊ နေ့၊ ညအခါကာလမရွေး အသံနက်ကြီးဖြင့် မရပ်မနားအော်ဟစ်နေခဲ့သော ဘုရားကလေး (ခေါ်) အောင်ဖေမြင့်ကို မသိမရှိ၊ သတိရကြပါလိမ့်မည်။ သို့ရာတွင် သူ့ဘဝ၊ သူ့ဇာတ်လမ်း၊ သူအော်နေခဲ့သည့် သူသိမြင်ခဲ့သော သူ့စကား၊ သူ့တရား၏ အနက်အဓိပ္ပာယ်ကို သိသူရှားလှပါသည်။ ကံကြုံ၍သာ ကျွန်တော်သိခွင့်ရခဲ့ပါ၏။ သံဝေဂစိတ်ဖြင့် ကြောက်ရွံ့ခဲ့ရပါ၏။ စာနာစိတ်ဖြင့် သနားခဲ့ရပါ၏။ တာဝန်အရ ဘာမက မိမိတတ်နိုင်၊ စွမ်းနိုင်သ၍ ဖေးမပြုစု၊ ကူညီခွင့်ရခဲ့ပါ၏။ ထို့ထက်တမူကား သူအော်ဟစ်နေခဲ့သော ဓမ္မသတိပေးသံသည် ဘဝတစ်လျှောက်လုံး နားဝ၌ စောင့်ကြပ်ကာ မကောင်းတာ မလုပ်မိဖို့ စောင့်ရှောက်ခဲ့သည့်အတွက် ရင်နှင့်အမျှ ကျေးဇူးတင်ရပါ၏။

ယခုမူ...ကာလတစ်ခုလွန်မြောက်ခဲ့ပြီဖြစ်ရာ နောင်တစ်ဖန်ပူပန်ခြင်းကြီးစွာဖြင့် ဘဝကိုပေးဆပ်၍ ဓမ္မဒေသနာတစ်ခုကို မရပ်မနား အော်ဟစ်သတိပေးသွားခဲ့သူ ဘုရားကလေး (ခေါ်) အောင်ဖေမြင့်၏ ဘဝကို ဖောက်သည်ချလိုက်ပါသည်။ ဘဝအားသတိဖြင့်စောင့်ကြည့် ထိန်းသိမ်းနိုင်ကြပါစေဟု ဆန္ဒရည်လျက်သာ။ ။

('ဘုရားကလေး' အကြောင်းဟာ သိကောင်းတာမို့ ရေးစမ်းပါဟု အထပ်ထပ်တိုက်တွန်းခဲ့သူ ကိုဝင်းမောင်သို့ အမှတ်တရ)

**ဧယျမင်းသျှင်**

www.burmeseclassic.com